

www.burmeseclassic.com
တကယ့်ဖြစ်ရပ်
ရှုခင်း
မဂ္ဂဇင်း
2016
FEBRUARY
ဝိဇီကရုဏာအားတိုးဆေး
အင်အားပြည့်ဖို့ အမောလုံ အားမကုန်နိုင်တဲ့ဆေး။ (အလုပ်ကြမ်းသမားများ၊ အားကစားသမားများ၊ သိသိသာသာ အားတိုးသည်။)
စားကောင်းအိပ်ပျော်သည်။ ဆီးသွား၍ကောင်းသည်။ မျက်စိကြည်သည်။
အလုံး / အမှုန့် နှစ်မျိုးထုတ်သည်။
စပေး ဓေတနာမွန်ဆေးဝါးထုတ်လုပ်ရေး
www.burmeseclassic.com

www.burmeseclassic.com

## အယ်ဒီတာချုပ်၏ နှုတ်ခွန်းဆက်စကား

တကယ့်ဖြစ်ရပ်မှန်ခင်းမဂ္ဂဇင်းအား စတင်တည်ထောင်ထုတ်ဝေသူမှာ ကျွန်တော်ပင်ဖြစ်ပါသည်။ စတင်ထုတ်ဝေစဉ်က ယခုကဲ့သို့မဟုတ်။ အများပြည်သူတို့က စိတ်ပါဝင်စားစွာ စာပေ ကို လေ့လာဖတ်ရှုနေချိန်ဖြစ်သည်။ မြို့တိုင်း၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်းတွင် စာအုပ်အငှား ဆိုင်များရှိကြသည်။

အင်တာနက်အွန်လိုင်းကို စွဲမြဲစွာ အသုံးပြုမှု များလာသောအခါ မဂ္ဂဇင်းများသည် ရောင်းအားတဖြည်းဖြည်းကျဆင်းလာသည်။ စာပေလောကမှ အနားယူသွားသော မဂ္ဂဇင်း များလည်း အများအပြားရှိကြသည်။ ကုန်ကျစရိတ်ကို တစ်လုံးတစ်ခဲတည်း ပေးချေရသည့်တိုင် စာအုပ်အရောင်းမှ ပြန်လည်ရရှိငွေသည် မုန့်ဖိုးပေးသလို အချိန်ဆွဲလာကြသည်။ ထုတ်ဝေသူများ လုံးပါး ပါးလာကြရသည်။

စာရေးသူသည် အခြားသောစာပေလုပ်ငန်းတစ်ခုတွင် ပါဝင်လုပ်ကိုင်နေသူဖြစ်၍ မဂ္ဂဇင်းအရှုံးကို တစ်နေ့နေ့ ပြန်လည်ကောင်းမွန်လာမည်ဟူသည့် မျှော်လင့်ချက်ဖြင့် ဆက်လက်ထုတ်ဝေနေရခြင်းဖြစ်သည်။ မဂ္ဂဇင်းအရှုံးငွေကြောင့် အိမ်အသုံးစရိတ်ပင် ပြတ်တစ်လှည့်ဝတ်တစ်လှည့်လို ဖြစ်လာရသည်။

သို့သော် စာရေးသူတို့အနေဖြင့် စာပေစိတ်ဓာတ်ဖြင့် ဆက်လက်ထုတ်ဝေနေခြင်းဖြစ်သည်။ တစ်နေ့နေ့တွင် စာပေလုပ်ငန်း ပြန်လည်ဦးထောင်လာမည်ဟု ယုံကြည်မိ၍ဖြစ်သည်။ အွန်လိုင်းမှ Local News များ၏ လှည့်စားချက်ကို လူငယ်များ သိမြင်လာလျှင် အခြားနိုင်ငံများနည်းတူ စာပေကို စိတ်ဝင်စားလာကြတော့မည်ဟု ယုံကြည်၍ ဆက်လက်ထုတ်ဝေနေခြင်းဖြစ်သည်။

စာချစ်သူများက စာပေကို ချစ်မြတ်နိုး၍ စာပေသစ္စာဖြင့် ထုတ်ဝေနေသော မဂ္ဂဇင်းကို ရှင်သန်စေရန် အားပေးကြလိမ့်မည်ဟု ယုံကြည်ဆဲဖြစ်ပါသည်။

**အယ်ဒီတာချုပ်**

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာအောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်

# တကယ့်ဖြစ်ရပ် ရှုခင်း မဂ္ဂဇင်း

# 2016 February

အတွဲ(၁)၊ အမှတ်(၂၆)


အယ်ဒီတာချုပ် - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း)တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ထုတ်ဝေသူ
ဦးအောင်လွင်(၀၀၇၆၉)

ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁၊ ၃၄ လမ်း၊ ရန်ကုန်

ဒီဇိုင်းအပြင်အဆင်
Ⓜ Min Group

ကွန်ပျူတာစာစီ
နေမျိုးအောင်

ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)




မျက်နှာဖုံးရှင် - ယယ်ယယ်


ဖြန့်ချိရေး
ကန့်ကော်လွင်စာပေ၊ အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉၄၂၁၈


www.burmeseclassic.com

www.burmeseclassic.com



**ကဗျာ**

လှိုင်ခင်အုန်း(အမရပူရ)၊ စဉ့်ကူစိုးဝင်းထက်မောင်(သျှင်စာမွန်)၊
မင်းသွေးနွယ်(ဇီးကုန်း)၊ သရက်တန်းစိုးရွှေ(မြစ်ငယ်)၊
လမင်းသစ္စာ၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊
ထက်ကောင်းလတ်(မင်းဘူး)၊
မာန်အောင်မင်းနီ

**ကာတွန်း**

သူရိန်၊ စမ်းချောင်းစန်းကို၊ မုဒုံအိန်ဂျယ်၊ ဇွဲနေ၊ စိုးရဲထိုက်၊
အောင်တီနောင်(ကျောက်ဆည်)၊ ဟန်၊
အောင်ချမ်းမြေ့(မင်းဘူး)

**ဆောင်းပါး**


သရက်တန်းစိုးရွှေ(စိတ်ပညာ)
ကောင်းမှုက လက်တစ်ကမ်းမှာပါ ၁၁
ဇင်မင်းအေး (အင်္ဂလိပ်စာ)
ရှေ့နေ၏ အားလပ်ရက် ၂၃






www.burmeseclassic.com

www.burmeseclassic.com




တစ်မျက်နှာဝတ္ထု
အိမ့်(ရှုပဒေ)
ရှက်သင့်မှရှက်ပါ ၃၁

တစ်ခန်းရပ်ဟာသ
ရဲ့ဇတ္တ
တစ်ခန်းရပ်ဟာသများ ၃၆

အခန်းဆက်ဝတ္ထုရှည်
ထက်ထက်ဦးဝေ
အဖြူရောင်သစ်ခွတစ်ပွင့်၏သမိုင်း ၃၂

ရုပ်ရှင်မိတ်ဆက်
ဦးဝင်းမြိုင်(သရုပ်ဆောင်)
မြေသင်းရနံ့ ၉၉

ဘာသာပြန်
လှမိုး(ပညာရေး)
မောရစ်ကောလစ်နှင့် ၁၁၇
မြန်မာတော်ဝင်မင်းသမီး
လှျှမ်းထက်
သွေးစွန်းသော ကလဲ့စား ၁၂၄

သတင်း
နိုင်ငံတကာသတင်း

ဗေဒင်
ဝေဒသုတေသီတစ်ဦး


BURMESE CLASSIC





www.burmeseclassic.com

www.burmeseclassic.com

ရှာဖွေတွေ့ရှိ


| | |
|---|---|
| စမ်းချောင်းစန်းကို | ၅၈ |
| ဘီလူးရယ်သံ | |
| မောင်မောင်လွင်(ညောင်လေးပင်) | ၈၂ |
| မရွှေဥနှင့်ဟင်းကောင်ကြီး | |
| မောင်သာမန်(ဇီးကုန်း) | ၉၀ |
| ယမင်းကို ဘယ်လိုပြောရပါ့ | |
| ငွေ့အလွန် | ၁၀၇ |
| တိမ်လိုလေလိုလူ | |
| နှင်းစက်(လားရှိုး) | ၁၃၁ |
| နံ့ရုံတစ်ချပ်ခြား | |
| ရှင်လွန်းမယ် | ၁၄၁ |
| အိပ်တန်းတက်ငှက်တို့အပြန် | |
| ဆုမွန်ဦး(ဟသ်ာတ) | ၁၅၂ |
| အမုန်းမြို့ကာ | |
| ထွန်းကျော်လူ | ၁၆၁ |
| အကြောင်းရင်းမသိလို့ | |








www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာရှင်အမေ



သားသမီးတွေကိုချစ်တဲ့
အမေ့ရဲ့မေတ္တာထုထည် ကြီးမားမှုကို
ကမ္ဘာမြေကြီးကကြည့်ပြီး
လက်မြှောက်တယ်။
အမေ့မေတ္တာရဲ့ နက်ရှိုင်းမှုကို
ပင်လယ်နဲ့သမုဒ္ဒရာကကြည့်ပြီး
ဒူးထောက်တယ်။
အမေ့မေတ္တာရဲ့ ကျယ်ပြန့်မှုကို
ကောင်းကင်ကြီးကကြည့်ပြီး
ကြောက်နေတယ်။
တုမရတဲ့ အတုမဲ့ မေတ္တာရှင် အမေ
နှိုင်းမရတဲ့ အနှိုင်းမဲ့ မေတ္တာရှင် အမေ
အမေ အမေ အမေ
အမေ့ကိုလေ ထိခြင်းငါးပါးနဲ့
လက်ဆယ်ဖြာမိုး
ရှိခိုးကန်တော့လိုက်ပါတယ်
ရောက်လေရာဘဝမှာ
အမေ ကျန်းမာ ချမ်းသာပါစေ။ ။

လှိုင်ခင်အုန်း (အမရပူရ)




www.burmeseclassic.com

www.burmeseclassic.com



# တွင်းနက်ထဲက ကရှုတ်ခွေ

ငါသေခဲ့လျှင်.....
ငါ့အားခင်မင်၊ ကြင်နာနှမြော
သံယောဇဉ်ဖြာ၊ ဘယ်အရာသည်
မခွာတူယှဉ်၊ ယှဉ်နှင်ရာသို့
လိုက်ပါနိုင်အံ့။
ငါကွယ်လွန်သော်.....
ငါကတွယ်ရစ်၊ မြတ်နိုးချစ်သော
ရွှင်ကြည်နှစ်ခြိုက်၊ ကြိုက်သည့်ပစ္စည်း
ခရီးဆောင်ရာ၊ ယူနိုင်ပါအံ့။
သြော်.....
ဘယ်သူပဲဖြစ်ဖြစ်၊ ကျစ်လျစ်သယ်မ
အထည်ဝတ္ထု၊ တစ်ခုမပါ
လာစဉ်ဗလာ၊ ပြန်ဗလာဖြင့်
များစွာထွေထွေ၊ တွေ့မြင်နေ၍
သံဝေဂကျ၊ ရှုသိရလည်း
ကြုံဆဲလှစ်ဟ၊ ခဏသာတည့်
စိတ်မှာနှစ်စွဲ၊ တရားမဲ့၏
နောက်ကျိမည်းထ၊ ဝိသမစူး
ညစ်ညူးလိုက်၍၊ ဦးစိုက်မျှောကာ
တဏှာ၊ လော၊ ဒေါ၊ မောဟ၊ ကာမ
မိစ္ဆာဒိဋ္ဌိ၊ ကိလေသာရှုပ်
အဝိဇ္ဇာဖုံး၊ ဝိဇ္ဇာတုံးခေါင်
မဆုံးလောင်မြိုက်၊ ဆူပွက်ကျိုက်ကျိုက်
အမိုက်မလင်း ချာချာယှဉ်း
သံသရာဆင်းရဲဒုက္ခတွင်း။ ။



စဉ့်ကူစိုးဝင်းထက်မောင် (သျှင်စာမွန်)


www.burmeseclassic.com

www.burmeseclassic.com



## ကျေးရူးခံဖြည့်ဘက်

ခြောင့်ငုတ်တွေပတ်ဝိုင်း
ဆူးရှိန်းတွေသိပ်သည်း
ပိတ်ဆီးနေတဲ့ လမ်းခရီးကို
ငါတို့ မညည်းမညူ
အေးလူလူ ဖြတ်သန်းနိုင်ခဲ့တယ်။
ဒီခရီး ဒီလမ်းထက်
ငါတို့ရဲ့လိုအပ်ချက်တွေအပေါ်
ခရီးဆုံးအထိ ဖြည့်စွက်လို့
သက်သောင့်သက်သာ ကျော်ဖြတ်
ခြေရာတွေ ထပ်စေခဲ့
(ဒါဟာ.....တကယ်တော့)
ဖိနပ်ကလေးတစ်ရန်ရဲ့
ကျေးဇူးအခံကြောင့်ပဲပေါ့ ကွယ်တို့ရယ်။ ။



မင်းသွေးနွယ် (ဝီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ဓာတ်ကျရန်မလို

ဘဝကိုပိုင်ဆိုင်
အပြိုင်သာရှန်းထား
စိတ်ဓာတ်အားခိုင်ခိုင်နဲ့
ယိုင်နဲ့ဖို့မစဉ်းစား
ပန်းတိုင်သို့သွား။
နေ့သစ်များစစေ
စိတ်ဓာတ်တွေတင်းထား
အပျင်းအားအနိုင်ပိုင်းမယ်
ခိုင်းမယ်ကိုယ့်အား။
ဘဝဆိုတာ
ရှန်းကန်စရာ
ကျရှုံးပေါ့ အခါခါ
မှန်စွာသာကြိုးစား
ရှေ့နားမှာအောင်ပန်းများ
ဆီးကြိုနေသား။ ။




သရက်တန်းစိုးရွှေ (မြစ်ငယ်)

www.burmeseclassic.com

www.burmeseclassic.com



# လမ်းဖြောင့်အတိုင်း



မျက်ရည်လွယ်လို့လားမသိ
ကြေကွဲစရာတွေနဲ့
ခဏခဏ တိုးတယ်။
နွမ်းပါးလို့လားမသိ
အစော်ကားခံရတာတွေနဲ့
ခဏခဏကြုံတယ်။
အဆောင်အယောင် မရှိလို့လားမသိ
အထင်သေးအကြည့်တွေနဲ့
ခဏခဏတိုက်တယ်။
ခြေဉ်.....
တန်ဖိုးဆိုတာ ဘာလဲလို့
အသိကို ခဏခဏပြန်ညှိ
ကိုယ့်ရဲ့လျှောက်လမ်းလေး ရစ်သန်မှန်ဖို့
လမ်းဖြောင့်အတိုင်းလိုက်စို့။ ။

လမင်းသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



# ဘဝဆိုတာ



ဘဝဆိုတာ
ပန်းလှွာမခင်း၊ လေညင်းမသုန်
ရင်တုန်မောပန်း၊ ဆူးခင်းလမ်း။
ဘဝဆိုတာ
ကြည်သာနွဲ့ပျောင်း၊ စောင်းသံချိုမြ
ဂီတမဟုတ်၊ ဒုက္ခဖုံးလွှမ်း၊ မုန်တိုင်းကြမ်း။
ဘဝဆိုတာ
လှိုင်းပမာသို့၊ နိမ့်ကာမြင့်ကာ
ကြုံရပါအံ့၊ နိမ့်ရာဘဝ
တွေ့ကြုံရလည်း၊ ဝမ်းနည်းမရှိ
အားပြည့်မာန်ကြွ၊ ဖွဲလုံ့လနှင့်
ဘဝလောကခံ၊ ကြံ့ကြံ့ခံလော့။
မြင့်ရာဘဝ၊ ကြုံပြန်ရသော်
မော်ကြွားမရှိ၊ အသိတရား
လက်ကိုင်ထား၍
နင်လားလောကဓံ၊ ကြံ့ကြံ့ခံလျက်
ကံစီမံမှု၊ အန်တုသွေဖည်
ယုံကြည်တက်ကြွ ရန်းကန်ထ။
ဘဝဟူသည် တိုက်ပွဲပ။ ။

မောင်ထည်ဝါ (ပျော်ဘွယ်)


www.burmeseclassic.com

www.burmeseclassic.com



# အမှိုက်လူသား

ဘဝမှာ.....
လှုပ်ရှားရုန်းကန်မှုတွေနဲ့
ရင်ဆိုင်ကြရ။
ပညာ၊ ဓနု၊ အတတ်
ကိုယ်ခံချုပ်ဝတ်တန်ဆာ
တစ်ခုမှမပါရင်တော့
ဘဝမှာ
ရှုန်းရင်းလန်
ကန်ရင်းကျ
မလှုနိုင်။
ဘဝမှာ.....
ပညာ၊ ဓနု၊ အတတ်
ကိုယ်ခံချုပ်ဝတ်တန်ဆာ
ပါကြသူတွေ
ဘဝမှာ အားကောင်းပေမယ့်
စေတနာစိတ်ထား
မရိုးသားမဖြူစင်
ကောက်ကျစ်ညဥ့်ဆိုး
လွှမ်းခြုံမိုးက
တန်ဖိုးမထိုက်
လူ့အသိုက်မှာ
အမှိုက်လူသာ ဖြစ်ပေမည်။ ။



ထက်ကောင်းလတ် (မင်းဘူး)

www.burmeseclassic.com

www.burmeseclassic.com



# ဘေးမသန်းဘဲ အေးချမ်းစေချင်



မာန်အောင်မင်းနီ

လူတစ်ခု
ပူမှုရယ်တဲ့ ဆယ်ကုဋေ
ရှေးလူတွေစာဆိုစကား
မှာထားခဲ့ပေ။
အားလုံးနဲ့သက်ဆိုင်နေ
သူလည်းလေလောကီသား
အများနဲ့သက်ဆိုင်နေ
ကိုယ်လည်းလေ လောကီသား။
ကိုယ်ပူသလို သူပူကြ
သောကတွေပွား။
သူ့အပူ ကိုယ်မသိ
ကိုယ်မချိ သူမထင်
အတွင်းပူ ပြင်ကအေးတတ်တဲ့
ဓာတ်ဘူးအသွင်
အနည်းနှင့်အများလျှင်
အမြင်သာကွာခြား
ကိုယ့်အခြေ ကိုယ့်ဘဝနဲ့
လောကဓံ ကံတရားမှာ
ရှန်းကန်ကာ လူမှန်သမျှ
ပူရတကား။
အပူတွေငြိမ်းစေဖို့
မေတ္တာပို့ အမျှဝေ
ကိုယ်ချင်းစာ စေတနာတရားနဲ့
သနားသင့်ပေ။
ဤလောက ကမ္ဘာမြေ
ဝေနေယျာအများ
ကိုယ်စိတ်နှစ်ဖြာတို့
ရွှင်လန်းစွာ ကျန်းမာရေးမှာ
ဘေးဘယာ လာမသန်းဘဲ
အေးချမ်းစေသား။ ။

www.burmeseclassic.com

www.burmeseclassic.com



# Cartoon



www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com


Cartoon




www.burmeseclassic.com

www.burmeseclassic.com

## Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com





**စင်မှင်းအေး** (အင်္ဂလိပ်စာ)

# ရှေ့နေ၏အားလပ်ရက်

စစ်ကြိုခေတ်၊ နွေဦးရာသီ၊ တစ်ခုသော အင်္ဂါနေ့၏ သာယာကြည်လင်သောနံနက်ခင်းတွင် ကျွန်ုပ်သည် ဆောက်သ်ရှိုင်းယားရှိ အဲရိုးမောက်သ်မြို့လေးသို့ သံသယဖြစ်ဖွယ် လူသေမှုတစ်ခုကိုစစ်ဆေးရန် စေလွှတ်ခြင်းခံရ၏။ ၎င်းမြို့လေးသည် ကျဉ်းမြောင်းကွေ့ကောက်သောလမ်းများ၊ သစ်သားအဆောက်အဦဟောင်းများရှိသော ချစ်စဖွယ်မြို့လေးတစ်မြို့ဖြစ်သည်။ ကုန်းတွင်းပိုင်းမှ ဆယ်မိုင်နီးပါးကွာဝေးသော လှေငယ်တက်စင်းများ သွားလာနိုင်သည့် အဲရိုးချောင်း၏ ချောင်းဝတွင်တည်ရှိ၏။ ပင်လယ်မှနှစ်မိုင်ခန့်ကွာဝေးပြီး ရဲတိုက်ဟောင်းကြီးတစ်လုံးစီရှိသော အငူစွန်းနှစ်ခုကြားချောင်းဝတွင်တည်ရှိသည်။ ကျွန်ုပ်သည် ကြည်နူးနှစ်သက်ဖွယ်ကောင်းသောနေ့တွင် သာယာချမ်းမြေ့ဖွယ်ကောင်းသော နေရာသို့ စေလွှတ်ခံရ[illegible] စွာကျေနပ်မိ[illegible]

www.burmeseclassic.com



ကျွန်ုပ်သည် ယခင်က လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်သူ နယ်မြေခံရဲတပ်ဖွဲ့မှ အမှုလိုက်အရာရှိ ပီတာထံ ဦးစွာသွားရောက်တွေ့ဆုံခဲ့သည်။ မိနစ်အနည်းငယ်မျှ အလွမ်းသယ်ကြပြီးနောက် အလုပ်ကိစ္စဆီသို့ဦးတည်ခဲ့၏။

"ဒါ လန်ဒန်ကအမှုပဲ ဖရန့်ရဲ့၊ ဒါမှမဟုတ်ရင် ဌာန ချုပ်မှာ ရှိနေတဲ့ခင်ဗျားကို ကျွန်တော်တို့ ထပ်ပြီးဒုက္ခ မပေးသင့်ပါဘူး။ အနည်းဆုံးတော့ ဒီကိစ္စဟာ ကျွန်တော် တို့အတွက် လန်ဒန်ကနေလာပြီး ဖြစ်ပေးတယ်လို့ စဉ်း စားသင့်ပါတယ်"

"ပစ္စည်းကောင်းအများစုဟာ လန်ဒန်ကလာတယ် ကိုယ့်ဆရာ၊ ဒီတစ်ခါ ခင်ဗျားကို ဘာပို့ပေးလိုက်ပြန်ပြီ တုံး"

"ကက်ဒွဲလ်ဆိုတဲ့ ရှေ့နေတစ်ယောက်ပါ၊ ချောင်းဝ အနောက်ဘက်ကမ်း ရဲတိုက်နားက ချုံပုတ်လေးတစ်ခု ထဲမှာ သေနတ်ပစ်ခံထားရတယ်၊ တနင်္လာနေ့မနက်က ဧည့်သည်တစ်ယောက် အပျင်းပြေလမ်းလျှောက်ထွက် ရင်းတွေ့တာ၊ ဒါပေမဲ့ အဲဒါကို တစ်လလောက် ဘယ် သူမှမတွေ့ဘဲ ရှိနေတာ ဖြစ်ကောင်းဖြစ်နိုင်တယ်"

"စိတ်မကောင်းစရာပဲဗျာ"

"ဟုတ်တယ်၊ ကက်ဒွဲလ်က လန်ဒန်မှာနေပေမယ့် ဒီကိုမကြာမကြာ လာလည်တတ်တယ်၊ သူ့မှာ စက် အားကောင်းတဲ့ မော်တော်ဘုတ်တစ်စင်းရှိတယ်လေ၊ အားလပ်ရက်ဆိုရင် သူက 'အဲရီးအမ်းစ်'မှာ လာနေ တယ်၊ သူ့ရဲ့အဖော်နှစ်ယောက်က တနင်္ဂနွေနေ့မှာလိုက် လာပြီး အဲဒီညနေ ၆ နာရီ ၄၅ ရထားနဲ့ပြန်တယ်"

"၆နာရီ ၄၅"

ထို့နောက် မေးရိုးမေးစဉ်အတိုင်း.....

"သေမှုသေခင်းက ဘယ်အချိန်မှာဖြစ်တာလဲဗျ"

"ဆရာဝန်ကတော့ အဲဒီတနင်္ဂနွေနေ့ညနေ ၆ နာရီ ကနေ ၈ နာရီအတွင်းလို့ တွက်ပေမယ့် ဒါက မှန်းဆ ချက်ထက် နည်းနည်းပဲသာပါတယ်"

"ဒီတော့ ဟိုလူနှစ်ယောက်ပြန်မသွားခင်ဖြစ်ကောင်း ဖြစ်မှာပေါ့၊ ကက်ဒွဲလ်က ဘာနဲ့ပစ်သတ်ခံရတာလဲ"

"အော်တိုမက်တစ်ပစ္စတိုအသေးစားနဲ့ပဲ၊ ညာဘက် နားထင်ကို ပစ်ထားတာ၊ အရေပြားမှာ ယမ်းချေးကပ် နေတာကြောင့် မိမိကိုယ်ကို သတ်သေတာဖြစ်ဖို့နီးစပ် တယ်၊ သေနတ်က သူ့ဘေးနားမှာရှိနေပြီး လက်ဗွေက လည်း သူ့လက်ဗွေရာပဲရှိတယ်"

"ဒါထက် ဒီကိစ္စကို မိမိကိုယ်ကို သတ်သေတာလို့ ခင်ဗျားမထင်ဘူးမဟုတ်လား"

"ကျွန်တော်တို့စဉ်းစားသင့်တာ တစ်ခုတော့ရှိတယ်၊ ကံအားလျော်စွာပဲ ထူးခြားတာက မစ္စက်ဆွေးန်ဆိုတဲ့ အမျိုးသမီးတစ်ယောက်က သေသူရဲ့အနီးအနားက နံရံ တစ်ခု ကွယ်နေတဲ့နေရာမှာ ပုံကြမ်းခြစ်နေခဲ့တယ်ဗျ၊ ဆေးဘက်ဆိုင်ရာအထောက်အထားအရ ပစ်တဲ့အချိန် မှာ မစ္စက်ဆွေးန်က အဲဒီအနားမှာ ရှိကောင်းရှိနေခဲ့မယ် ဆိုတာနဲ့ သူ့ရဲ့မသင်္ကာစိတ်ကို တိုးပွားစေတဲ့ သူကြား ခဲ့ရတဲ့ အသံဆိုတာပဲ"

"အဲဒါ ဘာသံလဲဗျ"

သူက ကျွန်ုပ်အား လှောင်ပြုံး ပြုံးလိုက်၏။

"ခင်ဗျားဘာသာ အဲဒီအမျိုးသမီးနဲ့ တွေ့သင့်တယ် လို့ မတွေးတော့ဘူးလား"

သူပြောတာ မှန်ပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ် ဒါကိုလုပ်သင့်၏။ ဘာ့ကြောင့် ယခုမလုပ်ရသနည်း။ ကျွန်ုပ်အား အမျိုးသမီးနေထိုင်ရာကိုပြရန် ရဲသားတစ် ယောက် ထည့်ပေးလိုက်၏။ သူမသည် အသက်အရွယ် ကြီးရင့်ပုံရပြီး နှစ်လိုဖွယ် အားကိုးရလောက်သော လက္ခဏာရှိ၏။ သို့ရာတွင် အပိုသိုင်းဝိုင်းမှုမပါသော ပန်း ချီဆရာမတစ်ယောက်အဖြစ် အံ့သြစရာတွေ့ရသည်။

"ကျွန်မ အဲဒီနေ့လယ်က အလုပ်လုပ်နေတယ်၊ အနောက်ဘက်ကမ်းအငူစွန်းမှာ မြစ်ဝရဲ့ပုံကြမ်းခြစ်နေ တုန်း နံရံရဲ့အခြားတစ်ဖက်က ယောကျ်ားသံတွေကြား ခဲ့ရတယ်"

"ဘာပြောတယ်ဆိုတာ သဲသဲကွဲကွဲ ကြားရလား"

"ကျွန်မ မသိနိုင်သလို သူတို့လည်း ကျွန်မကို မမြင်နိုင်ဘူး၊ ကျွန်မ ပုံကြမ်းခြစ်တဲ့ဆီမှာပဲ အာရုံရောက် နေပြီး ဒီလူတွေကို နည်းနည်းပဲသတိထားမိတာ၊ ဒါပေ မဲ့ တစ်ခုခုကို ကြားလိုက်ရလို့ အလုပ်ကို ခဏရပ်ပြီး နားစွင့်ခဲ့တယ်"

"အဲဒါ ဘာဖြစ်မလဲ မစ္စက်ဆွေးန်"

သူမက တွေဝေသွားသလိုမျိုး လက်ဟန်ခြေဟန် ပြုလိုက်၏။

"ကျွန်မ သေသေချာချာ မပြောတတ်တဲ့အသံမျိုးပဲ၊ ဖုတ်ခနဲ လေကိုရိုက်ခါလိုက်တဲ့အသံမျိုးပဲ၊ ဒါပေမဲ့ နည်းနည်းကျယ်တယ်၊ ပြီးတော့ အင့်ခနဲ အာမေဍိတ်သံမျိုးပဲ"

"အင်း.....ဆက်ပါဦး"

"ဟင့်အင်း၊ တစ်ခုခုတော့မှားနေပြီဆိုပြီး မေးဖို့ သွားဦးမလို့ပဲ၊ ဒါပေမဲ့ ပုံမှန်စကားပြောသံတွေ ကြားနေရတာနဲ့ မသွားတော့ဘူး၊ ခဏကြာတော့ ကျွန်မ ကိုယ့်အလုပ်ကိုကိုယ်ဆက်လုပ်နေလိုက်တယ်"

"ခင်ဗျား ပစ်သံခတ်သံ မကြားရတာ သေချာလား"

"ဟင့်အင်း၊ ဒါဟာ ကျွန်မအတွက် ပဟေဠိဆန်နေတယ်၊ ကျွန်မ အဲဒီမှာရှိနေတုန်း ဘာသေနတ်သံမှ မကြားမိဘူး"

"ထူးခြားတဲ့အသံကို ခင်ဗျား ဘယ်အချိန်မှာ ကြားရတာလဲ"

"အတိအကျတော့ မပြောတတ်ဘူး၊ ၆ နာရီလောက်မှာပဲ"

သူမက ကျွန်ုပ်ကိုပြောပြသည်မှာ ထိုမျှလောက်သာဖြစ်၏။ သံသယဖြစ်ဖွယ်လူသတ်မှုတွင် သူမ၏ အထောက်အထားက အမှုလိုက်အရာရှိအတွက် ချင့်ချိန်စရာဖြစ်စေ၏။ သူမ ကြားရသည့်အသံသည် အလွန်အသုံးဝင်သောအတွေးကိုဖြစ်စေ၏။ အသံတိတ်ကိရိယာ သုံးခဲ့သည်လော၊ မသုံးခဲ့သည်လော။ ထိုအချက်ကိုစစ်ဆေးရန်အတွက် မစ္စက်ဆွေးနိအား အခင်းဖြစ်နေရာသို့ ခေါ်သွားခဲ့ပြီး သူမ ထိုင်ခဲ့သည့်နေရာတွင် ထိုင်စေ၏။ ထို့နောက် ကျွန်ုပ်က အသေးစားပစ္စတိုအား အသံတိတ်ကိရိယာတပ်၍ အလောင်းရှိခဲ့သောနေရာသို့ ပစ်ခတ်လိုက်၏။ သူမက အသံကို ချက်ချင်းပင်ကျက်မိလိုက်၏။

ကျွန်ုပ်၏စိတ်တွင် ဖြစ်ပေါ်လာသည့် ဥပဒေသကို သင်တို့သုံးသပ်ပြီးဖြစ်ပေလိမ့်မည်။ ကက်ဒွဲလ်အသတ်ခံရသည်မှာ အနည်းငယ်သံသယဖြစ်စရာ ဖြစ်နိုင်၏။ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် မစ္စက်ဆွေးနိက အသံများကြားရသည့်အတွက် လူနှစ်ဦး သူမနှင့်အတူ ထိုနေရာ၌ ရှိနေခဲ့၏။ ကက်ဒွဲလ်၏ အပေါင်းပါနှစ်ဦးမှာ ထိုနေ့ကို သူနှင့်အတူ ကုန်ဆုံးစေခဲ့ပြီးနောက် သူသေဆုံးမှုဖြစ်ပွားပြီးစအချိန်တွင် လန်ဒန်သို့ ထွက်ခွာသွားခဲ့၏။

စီးပွားရေးအဖွဲ့အစည်းနှင့် ၎င်း၏အပေါင်းအပါများအကြောင်း စုံစမ်းရန် စုံစမ်းထောက်လှမ်းမှု ဗဟိုဌာနသို့ ဖုန်းဆက်ခြင်းက ပိုမိုအသုံးကျသည်ဟူသော စိတ်ကူးကို ဖြစ်စေလေ၏။ ဖြေကြားချက်အား စောင့်ဆိုင်းနေခိုက်တွင် 'အဲရိုးအမ်းစ်'ဟိုတယ်သို့သွား၍ မန်နေဂျာနှင့် တွေ့ဆုံခဲ့၏။ သူသည်လည်း ကူညီတတ်သူတစ်ယောက်ဖြစ်၏။

"ဟုတ်ကဲ့ မစ္စတာကက်ဒွဲလ်ကို ကျွန်တော် အတော်လေး ရင်းရင်းနှီးနှီးသိပါတယ်၊ သူဒီမှာ မကြာမကြာ တည်းပါတယ်၊ သူက တနင်္ဂနွေပတ်မှာ ရောက်လာပြီး နှစ်ပတ်နေမယ်လို့ ပြောပါတယ်"

"သူ့ပါတနာ မစ္စတာဟားပါးနဲ့ မစ္စတာဆွမ်းမားဗီလ်ကို ခင်ဗျားသိသလား"

"စနေနေ့ညက သူတို့ ဒီမှာအိပ်သွားတယ်၊ အရင်က မမြင်ဖူးဘူး"

"သူတို့ဒီမှာရှိနေတုန်းက သူတို့ရဲ့လှုပ်ရှားမှုတွေ ကျွန်တော့်ကို ပြောပြပါလား"

မန်နေဂျာက စဉ်းစားလိုက်ပြီး.....

"ကျွန်တော်ပြောခဲ့သလို မစ္စတာဟားပါးနဲ့ မစ္စတာဆွမ်းမားဗီလ်တို့ စနေနေ့ညနေမှာ ရောက်လာတယ်၊ သူတို့က ရထားနဲ့လာပြီး ရထားနဲ့ပြန်ကြတယ်၊ ဘယ်နည်းနဲ့မဆို အဲဒီညက ဒီမှာညစာစားတယ်လို့ ကျွန်တော်ထင်တယ်၊ တနင်္ဂနွေနေ့မှာ သုံးယောက်စလုံး မနက်စာစားပြီး နေ့လယ်စာကို ထည့်ယူသွားကြတယ်၊ မစ္စတာကက်ဒွဲလ်ရဲ့ မော်တော်ဘုတ်နဲ့ ထွက်သွားတာပဲလို့ ကျွန်တော် သဘောပေါက်လိုက်တယ်"

"သူတို့ ဘယ်အချိန်မှာ ပြန်လာကြလဲဗျ"

"၅နာရီမထိုးခင်လေးမှာ လက်ဖက်ရည်သောက်ဖို့ ပြန်လာကြတယ်"

"ပြီးတော့ ဘယ်အချိန်ပြန်ထွက်သွားလဲ"

"လက်ဖက်ရည်သောက်ပြီးပြီးချင်းပဲ၊ မစ္စတာဟား

www.burmeseclassic.com

www.burmeseclassic.com

ပါးက ၆နာရီ၄၅ ရထားနဲ့ မပြန်ခင် မြို့ရဲ့တစ်နေရာရာကို သွားကြည့်ချင်တယ်လို့ ပြောပါတယ်''

''သူတို့ခရီးဆောင်အိတ်တွေကရော''

''မစ္စတာဟားပါးနဲ့ မစ္စတာဆွမ်းမားဗီလ်မှာ လက်ဆွဲအိတ်တစ်လုံးပဲ ပါလာပါတယ်၊ မနက်ပိုင်းတုန်းက သူတို့နဲ့အတူ ယူသွားခဲ့တယ်၊ သူတို့ အပျော်ခရီးက အပြန်နောက်ကျနေရင် တစ်ခါတည်းတန်းပြန်လို့ရ အောင်ဘူတာက ပစ္စည်းထားခန်းမှာ ထားခဲ့မယ်လို့ ပြောတယ်၊ မစ္စတာကက်ဒွဲလ်က ဘာခရီးဆောင်အိတ် မှ ယူမသွားတော့ ညနေမှာ ပြန်လာတည်းမယ်လို့ ကျွန်တော်ထင်လိုက်တယ်''

အမှုလိုက်အရာရှိ ပီတာအား သူပြောပြပြီးသည့်တိုင်အောင် ကျွန်ုပ်အား အသေးစိတ်ပြန်ပြောပြနိုင်သေးသော မန်နေဂျာ၏ ဉာဏ်စွမ်းရည်ကို ကျွန်ုပ် အံ့သြမိ၏။ သူ၏ထွက်ဆိုချက်တွင် သက်သေခံဖြစ်စရာ ဘာမှမရှိသော်လည်း အပေါင်းပါများ၏ ပြစ်ချက်အပေါ် အစမ်းသဘောယူဆချက်နှင့် အနည်းဆုံးတော့ ရှေ့နောက်မညီ မဖြစ်လှပေ။

✦✦✦

သူတို့ကို ချက်ချင်းမေးမြန်းရမည်ဟု ကျွန်ုပ် ဆုံးဖြတ်ခဲ့သော်လည်း အဲရီးမောက်သ်မြို့မှ မထွက်ခွာမီ ပီတာနှင့် အခြားဆွေးနွေးညှိနှိုင်းမှုတစ်ခုကို ပြုလုပ်ခဲ့၏။ ကျွန်ုပ်၏အစီရင်ခံချက်ကို ကြားသိရသောအခါ သူက ခေါင်းညိတ်လက်ခံ၏။

''ဟုတ်တယ်၊ ကျွန်တော်သိထားတဲ့အတိုင်းပါပဲ၊ အများစုကို ကျွန်တော် စစ်ဆေးခဲ့ပြီးပါပြီ၊ ဟားပါးနဲ့ ဆွမ်းမားဗီလ်က ရထားနဲ့ဆင်းလာတာ၊ စနေနေ့ညနေ ၆ နာရီခွဲမှာရောက်တယ်၊ ဟိုတယ်အစောင့်က သူတို့ကို ရထားကနေကြိုပြီး ခရီးဆောင်အိတ်တွေကို တွဲကနေ ယူလာခဲ့တယ်၊ သူတို့သုံးယောက်သား ဟိုတယ်ကို လမ်းလျှောက်လာခဲ့တာ''

''တနင်္ဂနွေနေ့မှာ သူတို့ မော်တော်ဘုတ်နဲ့ သွားခဲ့သလား''

''သွားတယ်ဗျ။ ၁၀ နာရီခွဲလောက် ဆန်တက်သွားပြီး ၄ နာရီခွဲလောက် ပြန်ရောက်တယ်၊ ပြီးတော့ ခင်ဗျားကို ဟိုတယ်မန်နေဂျာ ပြောခဲ့သလိုပဲ ဟိုတယ်မှာ လက်ဖက်ရည်သောက်ပြီး ၅ နာရီထိုးပြီးစမှာ ပြန်ထွက်သွားကြတယ်''

''သူတို့ အဲဒီညနေ ၆ နာရီ ၄၅ ရထားနဲ့ ပါသွား။ မသွားဆိုတာ ခင်ဗျား ခြေရာမခံမိဘူးလို့ ကျွန်တော်ယူဆတယ်''

သူက ကျွန်ုပ်ကို ရွှတ်နောက်နောက်ကြည့်လိုက်ပြီး.....

''ကိုယ့်လူရယ် ဘယ်နေလိမ့်မလဲ၊ ကျွန်တော် စားသောက်တွဲလက်ထောက်နဲ့တွေ့ပြီး သူညွှန်ခံလိုက်ရပါတယ်လို့ အသေအချာပြောတယ်''

''ခင်ဗျား ကျွန်တော့်ကိုအံ့အားသင့်အောင် အတော်လုပ်တာပဲဗျ။ ဒါပေမဲ့ ဟနေတာလေးတော့ ရှိတုန်းပဲ၊ ၅ နာရီနဲ့ ၆ နာရီခွဲကြားကာလမှာ သူတို့ဘာလုပ်နေကြသလဲ''

''အား.....ခင်ဗျားက ခင်ဗျားအလုပ်အားလုံး ကျွန်တော့်ကို ခိုင်းစားချင်တာပေါ့ ဟုတ်စ၊ အေးပါ၊ ကိုးဆယ့်ကိုးရာနှုန်း ပြီးနေပြီပဲဗျာ၊ ရာနှုန်းပြည့်ကတော့ ကိုယ့်ဘာသာကိုယ်လုပ်ပေတော့''

''ဒီတစ်ချက်ဆို တစ်ချက်ပါပဲဗျ''

ကျွန်ုပ်က ထောက်ပြ၏။

''ဒီလိုဆိုလည်း အရေးကြီးတဲ့လုပ်ငန်းကို ကိုယ်စားမလွှဲပါနဲ့ဗျာ''

ပီတာသည် လူတော်တစ်ယောက်ဖြစ်ပြီး အမှန်တကယ်တွင် အတော်ကြီး ခရီးရောက်နှင့်ပြီးဖြစ်သည်။ အသည်းအသန်အချိန်ပိုင်းကို နှစ်ဦးစလုံး မဖော်ထုတ်မီကတည်းက ပြီးစီးထားသည့်လက္ခဏာရှိပါသည်။ အပေါင်းပါများပြောသည့် အကြောင်းအရာကို နားထောင်ရပါလိမ့်မည်။ ကျွန်ုပ် မြို့သို့သွားပြီး နောက်တစ်နေ့နံနက်တွင် ၎င်းတို့၏ရုံးခန်း၌တွေ့ရန် ချိန်းဆိုလိုက်၏။

ကျွန်ုပ် ဟားပါးနှင့် ဦးစွာတွေ့ရ၏။ သူသည် ဒေါသထွက်ပါက ရုပ်ဆိုးမည့်လက္ခဏာရှိသည့် လူထွားကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်၏။ ကျွန်ုပ်က အလုပ်ကိစ္စကို ဦးစွာရှင်းပြလိုက်သည်။

“အိုး.....ဟုတ်ပါရဲ့၊ သနားစရာ ကက်ဒွဲလ်ရဲ့ အကြောင်းက ထိတ်လန့်စရာပါဗျာ၊ ခင်ဗျားတို့လူတွေ သဲလွန်စရှာတာ ပိုပြီးအလှမ်းဝေးနေတယ်ဗျ။ ကက်ဒွဲလ်ဟာ စော်ကားတိုက်ခိုက်ခံရတာမဟုတ်ဘူးဆိုတဲ့ ခင်ဗျားတွက်ကိန်း မှန်တယ် စုံထောက်ကြီး”

“ဒါဟာ ညစ်တွန်း တွန်းတာလို့ ကျွန်တော်တို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဖြစ်နိုင်ခြေကို သုံးသပ်ရတယ်ဆိုတာ ခင်ဗျား သဘောပေါက်ပါတယ်”

“အိုး.....ကျွန်တော် ကောင်းကောင်းသဘောပေါက်ပါတယ်၊ ခဏပဲဖြစ်ဖြစ် ဒါဟာ ခင်ဗျားရဲ့ ဝတ္တရားပါ၊ ကျွန်တော့်အလုပ်မဟုတ်ပါဘူး။ ခင်ဗျား ကျွန်တော့်ကို မေးခွန်းနည်းနည်းပါးပါး မေးချင်နေတာမဟုတ်လား”

“ခင်ဗျားတို့ အဲရီးမောက်သ်ကို သွားလည်တဲ့ အကြောင်း ပြောပြပါလား”

သူက လိုလိုလားလား ပြောပြမည့် အမူအရာပြလျက် ကုလားထိုင်တွင် မှီထိုင်လိုက်၏။

“အင်း.....ကျွန်တော်က ဓာတ်ပုံဝါသနာပါပြီး ရဲတိုက်ဟောင်းတွေကို ဓာတ်ပုံရိုက်လေ့ရှိတယ်ဗျ။ အိမ်မှာ ရိုက်ပြီးသား ပုံနှစ်ရာကျော်ရှိတယ်၊ ဒါပေမဲ့ တကယ်တမ်းမှာ ဒီအကြောင်းအရာကို ခင်ဗျား နားထောင်ချင်မှာမဟုတ်ပါဘူး”

“ခင်ဗျားပြောတာ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဝမ်းပန်းတသာ နားထောင်ရမှာပေါ့”

“အဲရီးရဲ့အထက် ဆယ်မိုင်လောက်က ကျွန်းတစ်ကျွန်းပေါ်မှာ ယိုယွင်းပျက်စီးနေတဲ့ အင်မတန် စိတ်ဝင်စားဖို့ကောင်းတဲ့ ရဲတိုက်တစ်လုံးရှိတယ်၊ ခင်ဗျား သိကောင်းသိပါလိမ့်မယ်၊ ကျွန်တော်က အဲဒီရဲတိုက်ရဲ့ပုံကို ကျွန်တော့်စုဆောင်းမှုထဲထည့်ဖို့ မကြာခဏ အလိုရှိပေမယ့် အခွင့်မကြုံခဲ့ဘူး။ ကက်ဒွဲလ်က ဒါကိုသိတယ်၊ ဒီတော့ သူက သူ့အားလပ်ရက် အပန်းဖြေသွားတဲ့အခါ ကျွန်တော်နဲ့ ဆွမ်မားဗီလ်ကို ခေါ်သွားပြီး သူ့ရဲ့မော်တော်ဘုတ်နဲ့ လိုက်ပို့ပေးမယ်လို့ပြောတယ်၊ ကျွန်တော်က ဓာတ်ပုံရိုက်၊ ဆွမ်မားဗီလ်က အပျော်ခရီးပေါ့”

“ခင်ဗျားတို့ အပျော်လှေလှော်ခရီး ထွက်ခဲ့တာလား”

“ဟုတ်ပါတယ်၊ ကျွန်တော်တို့တည်းတဲ့ အဲရီးအင်းစ်ဟိုတယ်မှာ ညစာစားအပြီး စနေနေ့ရထားနဲ့ ကျွန်တော်တို့ ဆင်းသွားခဲ့တယ်၊ တနင်္ဂနွေနေ့မှာ ဓာတ်ပုံရိုက်၊ လက်ဖက်ရည်သောက်ပြီး ညနေရထားနဲ့ ပြန်လာခဲ့ကြတယ်”

ထိုကိစ္စအားလုံးကို ကျွန်ုပ် သိထားပြီးဖြစ်သော်လည်း စိစစ်သုံးသပ်ဖို့ရာ အလွန်ယေဘုယျဆန်နေသည်။

“ဒီထက် အသေးစိတ်မေးဖို့ကို ကျွန်တော် စိတ်မကောင်းပါဘူး”

“ခင်ဗျားလိုချင်တဲ့ အသေးစိတ်အားလုံးကို ကျွန်တော် ပြောပြနိုင်ပါတယ်”

“ကောင်းပါပြီ၊ ခင်ဗျားတို့ခရီးစဉ်အကြောင်းပဲ ပြန်ဆက်ကြရအောင်၊ ခင်ဗျားတို့ရထားက စနေနေ့ညနေ ဘယ်အချိန်မှာ ရောက်သလဲ”

“၆နာရီခွဲမှာ ရောက်ပါတယ်”

“ညနေပိုင်းမှာ ခင်ဗျားတို့ ဘာလုပ်နေလဲ”

“အနောက်ဘက်အငူပေါ်က ရဲတိုက်ကိုသွားတယ်၊ ကက်ဒွဲလ်ကို တွေ့တယ်ဆိုတဲ့နေရာနားပေါ့၊ အဲဒီမှာက ဓာတ်ပုံရိုက်ဖို့ အလင်းရောင်လုံလုံလောက်လောက်ရှိသေးတယ်လေ”

“တနင်္ဂနွေနေ့ကျတော့ရော”

“အဲရီးမောက်သ်ကနေ ၁၀ နာရီခွဲမှာ ကျွန်တော်တို့ထွက်ပြီး ကျွန်းရှိတဲ့ဆီကို ဆန်တက်ခဲ့တယ်၊ ဆန်တက်ခဲ့ပြီးတော့.....”

“အဲဒီကို ခင်ဗျားတို့ ဘယ်အချိန်လောက်ရောက်သလဲ”

“၁၂ နာရီခွဲလောက်ရောက်တယ်”

အံ့သြစရာဖြစ်သည်။

“နှစ်နာရီကြာသလား”

ကျွန်ုပ်ကမေး၏။

“ဆယ်မိုင်ခရီးကို နှစ်နာရီကြာသလား။ ကျွန်တော် မှားနေတယ်လို့ထင်တယ်၊ ကျွန်တော့်အမှုလိုအရာရှိ

www.burmeseclassic.com

www.burmeseclassic.com

ဆီက သိရသလောက် ဒီလိုမြန်နှုန်းမြင့်စက်လှေတစ်စီးဟာ ဒီ့ထက်ပိုပြီး မမောင်းနိုင်တော့ဘူးလား''

ဟားပါးက သဘောတူသည့်အမူအရာပြ၏။

''ဒီနေရာမှာ ဆွေးနွေးစရာကိစ္စတွေ အများကြီး ဖြစ်လာတယ်၊ ကက်ဒွဲလ်က အပျော်ခရီးကိစ္စကို သံသယရှိတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီရေက အခန့်မသင့်ခဲ့ဘူး။ တနင်္ဂနွေနေ့မှာ နေ့လယ် ၁ နာရီဆို ရေစစ်တယ်၊ ဒါကြောင့် လမ်းကြောင်းနှစ်ခုစလုံးမှာ ကျွန်တော်တို့ရေဆန်ကို နှစ်ခါကြုံရတယ်၊ ဒီရေသာ ကျွန်တော်တို့ဘက်ကရှိခဲ့ရင် အချိန်ထက်ဝက်နဲ့ ကျွန်တော်တို့သွားလို့ရခဲ့မှာ''

''ကျွန်တော် သဘောပေါက်ပါတယ် လူကြီးမင်း။ ခင်ဗျားတို့ ကျွန်းကို ၁၂ နာရီခွဲမှာ ရောက်ခဲ့တယ်၊ ဘယ် အချိန် အဲရီးကို ပြန်ရောက်လာသလဲ''

''၄နာရီခွဲလောက်မှာပါ''

''ကျွန်တော် နားလည်ပြီ၊ အဲဒီနောက် လက်ဖက်ရည်သောက်ခဲ့တယ်ပေါ့''

''ဟုတ်ပါတယ်၊ အဲဒါလည်းအဆင်သင့်ရှိလေးပါပဲ''

''ပြီးတော့ မြို့ကို ၆ နာရီ ၄၅ မှာ ပြန်ခဲ့တယ်''

''မှန်ပါတယ်''

''ခင်ဗျားတို့ လက်ဖက်ရည်သောက်ချိန်နဲ့ ရထားချိန်ကြားမှာ အချိန်တစ်နာရီခွဲလောက် ကျန်သေးတယ်၊ အဲဒီအချိန်ကို ဘယ်လိုသုံးခဲ့သလဲ''

ထိုမေးခွန်းမေးစဉ်၌ သူ့တွင် အမူအရာ မည်သို့ပြောင်းသွားမည်ကို ကျွန်ုပ် စောင့်ကြည့်အကဲခတ်ခဲ့သည်။ သို့သော် မည်သည့်စိုးစိမ်းမှုမျှ မရခဲ့ပေ။ ယခင်ကကဲ့သို့ပင် မဆိုင်းမတွနှင့် ပြေပြေပြစ်ပြစ်ပင် ပြန်ဖြေခဲ့၏။

''မြို့တွင်းနဲ့ မြစ်ကမ်းဘေးတစ်လျှောက်မှာ အပျင်းပြေ လမ်းလျှောက်ရုံပါပဲ၊ အရှေ့ဘက်အငူကရဲတိုက်ကို ဓာတ်ပုံသွားရိုက်ဖို့ စိတ်ကူးရှိပေမယ့် အချိန်မရတော့ဘူး။ မြို့လေးရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ နေရာဟောင်းတစ်ခုဖြစ်ပေမယ့် ဟိုကရဲတိုက်ဆီ အမိအရ လိုက်နေရတာနဲ့ အလုပ်များပြီး မကြည့်ခဲ့ရဘူး''

''အားလုံးရှင်းပါတယ်''

ကျွန်ုပ်က အနည်းငယ် စိတ်ပျက်သွားကာ ပြောလိုက်၏။

''အခုလို စုံစမ်းစစ်ဆေးမှုကို ခင်ဗျားသဘောပေါက်နားလည်ပြီးတဲ့အတိုင်း တနင်္ဂနွေနေ့ ၅ နာရီကနေ ၆ နာရီအတွင်း မြို့ထဲကနေ ထွက်မသွားပါဘူးဆိုတာသက်သေပြနိုင်မလားလို့ ကျွန်တော်မေးချင်ပါတယ်''

သူက ကျွန်ုပ်ကို အကဲခတ်သလို ကြည့်လိုက်သည်။

''မနှစ်မြို့စရာမေးခွန်းပါပဲ စုံထောက်ကြီး၊ ကျွန်တော် သက်သေပြနိုင်ဖို့ မတွေးမိပါဘူး၊ တကယ်ဆို ဆွမ်းမားဗီလ် ကျွန်တော့်ကို ထောက်ခံပေးနိုင်ပေမယ့် သူကလည်း သံသယရှိနေတဲ့သူ တစ်ယောက်ပဲမဟုတ်လား''

''ကျွန်တော် သံသယအကြောင်း မပြောခဲ့ရပါလားဗျာ၊ ကျွန်တော့်မေးခွန်းက လုပ်ရိုးလုပ်စဉ် မေးခွန်းတွေပါ၊ အားလုံးဒီလိုပါပဲ၊ ခင်ဗျားရဲ့ထွက်ဆိုချက်ကို အထောက်အကူပေးနိုင်စရာ တစ်ခုခုများရှိမလား စဉ်းစားပါဦး''

''ရှိမလား ကျွန်တော်မသိဘူး၊ ကျွန်တော်နဲ့ ဆွမ်းမားဗီလ်က အဲရီးမောက်သ်မှာ သူစိမ်းတွေဗျ၊ သတိထားခံရလိမ့်မယ်မဟုတ်ဘူး၊ ဒါပေမဲ့ ကက်ဒွဲလ်က အဲဒီမှာ လူသိများလေတော့ကာ သူ ကျွန်တော်တို့နဲ့ရှိနေတာကို မြင်ကြမှာပဲ၊ အဲ.....ခဏလေးသည်းခံပါ၊ ကျွန်တော် တစ်ခုခုကို သတိရသလိုရှိတယ်''

''ကောင်းပါပြီ လူကြီးမင်း''

''ဒါက အသုံးတည့်၊ မတည့်တော့ ကျွန်တော် တကယ်မသိဘူးဗျာ၊ သူ့ဟာနဲ့သူတော့ တန်ဖိုးရှိမှာပါ၊ ကျွန်တော်တို့ ရထားမထွက်ခင်အထိ ကက်ဒွဲလ် အသက်ရှင်လျက်ရှိနေသေးတာကို ပြတဲ့ဓာတ်ပုံတစ်ပုံပါပဲ''

ကျွန်တော် ပြုံးလိုက်၏။

''အသုံးဝင်မှာ သေချာပါတယ်''

''ကျွန်တော်တို့ ရထားပေါ်မတက်ခင် ဆွမ်းမားဗီလ်နဲ့ ကက်ဒွဲလ်ကို ဘူတာအရှေ့မှာ ကျွန်တော်ရိုက်ပေးခဲ့တဲ့ပုံပါပဲ၊ ကံစွပ်တဲ့အချက်က ဘူတာရုံထဲက နာရီတစ်လုံး ဓာတ်ပုံထဲမှာပါနေတာပါ၊ ခင်ဗျား အဲဒီထဲက အချိန်

www.burmeseclassic.com


ကို တွေ့နိုင်တာပေါ့၊ ပုံပေါ်မှာ ဒါကို ကျွန်တော်သတိထားမိတယ်''

''ကျွန်တော် ကြည့်ပါရစေလား''

''ဝမ်းသာစရာပါပဲ၊ ဒီမှာပါဗျာ''

ထူးကဲကောင်းမွန်သော ပုံလေးတစ်ပုံဖြစ်၏။ ဆွမ်းမားဗီလ်နှင့် ကာက်ဒွဲလ်တို့ အတူရပ်လျက် ကင်မရာဆီသို့ ပြုံးကြည့်နေကြသည့်ပုံဖြစ်၏။ ပုံ၏လက်ဝဲဘက်ခြမ်းနောက်ခံမှာ ဘုတာရုံဖြစ်ပြီး နာရီကို ကျွန်ုပ် တွေ့ရ၏။ ၇ နာရီထိုးရန် နှစ်ဆယ့်ငါးမိနစ်အလိုသို့ ညွှန်ပြလျက်ရှိသည်။ ဘူတာရုံမှာ မြစ်ကမ်းနဖူးတွင်ရှိသည်ဖြစ်ရာ ဓာတ်ပုံ၏ လက်ယာဘက်နောက်ခံမှာ မြစ်၏မြင်ကွင်းဖြစ်၏။ အပျော်စီးလှေလေးတချို့ ကျောက်ချ၍သော်လည်းကောင်း၊ ကြိုးချည်၍သော်လည်းကောင်း ဆိုက်ကပ်ထားကြ၏။

✦✦✦

ယခုအခါ ဟားပါး၏ထွက်ဆိုချက်မှန်ကန်နေပြီး ဤဓာတ်ပုံကို တနင်္ဂနွေနေ့ညနေတွင် ရိုက်ကူးထားသည်မှာ အထင်အရှားဖြစ်၍ အပေါင်းပါများတွင် လုံးဝအပြစ်ကင်းစင်ကြောင်း ဖော်ပြနေ၏။ ကာက်ဒွဲလ်သည် သူတို့ရထားမထွက်မီ ဆယ်မိနစ်၌ သက်ရှိထင်ရှားရှိနေခဲ့ပြီး သူတို့နှစ်ဦးစလုံး ရထားဖြင့် ခရီးထွက်ခွာသွားကြောင်း ဖော်ပြနေပေမည်။

သို့သော် ဤနေရာတွင် ကွဲလွဲနေသော သက်သေပြချက်တစ်ခုရှိနေကြောင်း ကျွန်ုပ် ချက်ချင်းသိလိုက်၏။ ဟားပါးနှင့် ဆွမ်းမားဗီလ်တို့ အဲရိုးမောက်သ်သို့ စနေနေ့ညနေ ၆ နာရီခွဲတွင် ရောက်ရှိခဲ့သည်၊ ဤပုံသည် ထိုစဉ်က ရိုက်ကူးခဲ့သောပုံလောဟု အတွေးပွားစရာရှိ၏။ ထိုသို့ဆိုလျှင် အပေါင်းပါများ၌ အပြစ်ရှိသည်မှာ သေချာပေါက်ဖြစ်၏။ ဤပုံက ထုချေချက်တစ်ခုအား အတုအယောင်ပြုလုပ်ရန် ကြိုးပမ်းခဲ့ကြောင်း သက်သေပြပေလိမ့်မည်။

ကျွန်ုပ်ဌာနချုပ်သို့ ပြန်လာခဲ့ပြီး ထိုကိစ္စကို ပြန်ပြောင်းစဉ်းစားနေ၏။ စီးပွားရေးအဖွဲ့အစည်း၏ အရေး

**ဟားပါးနှင့်**
**ဆွမ်းမားဗီလ်တို့**
**ထုချေချက်တစ်ရပ်ကို**
**အဘယ့်ကြောင့်**
**အတုပြုလုပ်ခဲ့ကြပါသနည်း။**
**သူတို့၏ လုပ်ဆောင်ချက်အား**
**ရှင်းပြရန် ...**



www.burmeseclassic.com



ကိစ္စများကို အကြံပြုရလဒ်များနှင့်အတူ သတင်းရခဲ့၏။ အကြွင်းမဲ့သက်သေပြချက်မရသေးမီအချိန်တွင် အပေါင်းပါများနှင့် စရန်သတ်ထားသော အာမခံစာချုပ်တစ်ခုအတွက် သူတို့ငွေချေခဲ့ကြောင်းကို စိုးရိမ်ထိတ်လန့်နေသော ရုံးအုပ်တစ်ဦးထံမှ အမှတ်တမဲ့ဝန်ခံချက် ရရှိထား၏။ ဟားပါးနှင့် ဆွမ်းမားဗီလ်တို့က လူမာများဖြစ်၏။ ကြံစည်လုပ်ဆောင်ဆဲအလုပ်ကို သိသိသိပ်သိပ်ရှိကြ၏။ သို့ရာတွင် ကက်ဒွဲလ်က လူပျော့ဖြစ်၏။ ထို့ပြင် သိသိသာသာ စိတ်ဒုက္ခရောက်နေ၏။

အကြောင်းရင်းက ဤနေရာတွင် ကိန်းဝပ်နေကြောင်း ကျွန်ုပ် ရှင်းလင်းသွားသလိုရှိ၏။ အကယ်၍ အာမခံစာချုပ်သာ အလိမ်ခံခဲ့ရပါလျှင် ကက်ဒွဲလ်က သူတို့ကို လက်ရှောင်သွားမည်ကို ဟားပါးနှင့် ဆွမ်းမားဗီလ်တို့ စိုးရိမ်ကောင်းစိုးရိမ်နေကြပြီး ကက်ဒွဲလ်၏ စိတ်ဒုက္ခရောက်နေမှုက လုပ်ကြံဖန်တီးထားသော မိမိကိုယ်ကို သတ်သေမှုအတွက် အထောက်အပံ့ဖြစ်စေနိုင်ကြောင်းကိုလည်း သူတို့သဘောပေါက်ထားကြ၏။

ကျွန်ုပ်တွင် ထိုသို့ပြဿနာရှိနေ၏။ ဓာတ်ပုံသည် စနေနေ့ သို့တည်းမဟုတ် တနင်္ဂနွေနေ့တွင် ရိုက်ကူးခဲ့သလောဟူ၍ဖြစ်လေ၏။ ကျွန်ုပ်က ဤအရာကို သက်သေမပြနိုင်လျှင် အပေါင်းပါတို့၏ ထွက်ဆိုချက်ကို တရားရုံးက လက်ခံပေလိမ့်မည်။ အမှန်တရားကို ဖော်ထုတ်နိုင်မည့်နည်းလမ်း ကျွန်ုပ်ထံတွင် ရှိပါမည်လော။

ကျွန်ုပ် စိုးရိမ်နေသောကိစ္စအား နာရီပေါင်းများစွာ ဖြေရှင်းနိုင်ခဲ့ခြင်းမရှိသည်ကို ကျွန်ုပ် ဝန်ခံပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်လိုချင်နေသည့် အရာအားလုံးကို ရခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်သိလိုက်ရ၏။ ကျွန်ုပ်စိုက်ကြည့်နေသော ဓာတ်ပုံထဲ၌ပင် အဖြေက ရှိနေပါသည်။

ကျွန်ုပ်ဆိုခဲ့သလို သင်တို့လည်း ဓာတ်ပုံကို စိုက်ကြည့်လိုက်ပါ။ သင်ဘာကိုတွေ့ပါသနည်း။ လုံးဝဥဿုံ လွှမ်းမိုးသွားစေသည့် သက်သေပြချက်ဖြစ်ပါသည်။

သင်တို့ကို ကျွန်ုပ် ရှင်းပြပါမည်။ မကြာခင် ကျွန်ုပ်ကို နားလည်သွားပါလိမ့်မည်။

တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီမတိုင်မီ ရေစစ်ဟု ဟားပါးဆိုခဲ့၏။ ထို့ကြောင့် တနင်္ဂနွေနေ့ည ၇ နာရီဝန်းကျင်တွင် ရေပြည့်ဖြစ်ရပါမည်။

ထိုသို့ဆိုလျှင် စနေနေ့ညနေ ၆ နာရီဝန်းကျင်တွင် ရေပြည့်ဖြစ်ရပေမည်။ ဤသည်ကို မှတ်ထားပါ။ စနေနေ့တွင် ၆ နာရီဝန်းကျင်၊ တနင်္ဂနွေနေ့တွင် ၇ နာရီဝန်းကျင်ခန့်၌ ရေပြည့်ဖြစ်၏။

စနေနေ့ညနေ ၆ နာရီခွဲတွင် ရေပြည့်ပြီးဖြစ်၍ ဒီရေ ပြန်ဆုတ်နေပြီဖြစ်၏။ တနင်္ဂနွေနေ့ညနေ ၆ နာရီခွဲတွင် ရေပြည့်ချိန်မတိုင်မီဖြစ်၍ ဒီရေတိုးနေဆဲဖြစ်၏။

ဓာတ်ပုံသည် စနေနေ့တွင် ရိုက်ခဲ့သည်ဆိုလျှင် ရေစီးကြောင်းသည် ချောင်းအောက်သို့ စုန်၍စီးနေသည့်ပုံဖြစ်ရမည်။ တနင်္ဂနွေတွင် ချောင်းအထက်သို့ ဆန်၍စီးနေရမည်ဖြစ်၏။

သည်တော့ဘာဖြစ်သလဲဟု ကျွန်ုပ်အားမေးရန်ရှိ၏။ ချောင်းအတွင်းရှိလှေများ မည်သို့ရှိသည်ကိုကြည့်ပါ။

တစ်ချက်ကြည့်ရုံမျှဖြင့် လုံလောက်နေပြီဖြစ်ပါသည်။ လှေတိုင်းလှေတိုင်း ရေဆန်သို့ ဦးလှည့်ရ၏။ သို့ဖြစ်၍ ရေစီးကြောင်းသည် (ဒီရေဆင်းသည့်လားရာ) ချောင်းအောက်သို့ စုန်၍စီးနေသောကြောင့် ဓာတ်ပုံသည် စနေနေ့က ရိုက်ကူးထားသောပုံဖြစ်တော့၏။

လှေများသည် အခြားလားရာ (ဒီရေအတက်)သို့ ဦးလှည့်နေခဲ့ပါလျှင် ဓာတ်ပုံသည် တနင်္ဂနွေနေ့က ရိုက်ကူးထားသောပုံဖြစ်ပြီး အပေါင်းပါများတွင် အပြစ်မရှိကြောင်း သက်သေပြနိုင်ပေလိမ့်မည်။ သို့သော်.....

ဟားပါးနှင့် ဆွမ်းမားဗီလ်တို့ ထုချေချက်တစ်ရပ်ကို အဘယ့်ကြောင့် အတုပြုလုပ်ခဲ့ကြပါသနည်း။ သူတို့၏လုပ်ဆောင်ချက်အား ရှင်းပြရန် ရှုံးနိမ့်ခဲ့ခြင်းသည် ရုံးတော်မှချမှတ်မည့် ပြစ်ဒဏ်ဆီသို့ ဦးတည်နေပေတော့သည်။

**ဇင်မင်းအေး (အင်္ဂလိပ်စာ)**

Freeman Wills Crofts ၏ Solicitor's Holiday

**ကို ဘာသာပြန်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com





# အိမ်(ရွှေဖေ)
# ရှက်သင့်မှရှက်ပါ

"လာပါဟယ်၊ ဒီလက်ဘက်ရည်ဆိုင်ရှေ့က ဖြတ်သွားရအောင်"

"ဟင့်အင်း၊ ဒီဘက်လမ်းထဲက ပတ်သွားမယ်ဟာ"

"ဘာဖြစ်လို့လဲဟယ်"

"မသွားချင်လို့ပေါ့၊ ဆိုင်ရှေ့မှာ ယောကျ်ားတွေထိုင်နေတာ မတွေ့ဘူးလား၊ သူတို့မျက်လုံးတွေကို ကြောက်လို့"

"အမယ်လေး မရွှေသဲရယ်၊ ကြည့်ပစေပေါ့၊ ဒါမှ ရှင် လင်ရမှာ"

"ဟင်း....ရှက်စရာကြီး"

မသဲမာက မခင်ဖြူလက်ကိုဆွဲပြီး လမ်းထဲဝင်ပြေးသွားတော့သည်။ နီးလျက်နှင့်ဝေးဆိုသလို ဘတ်စ်ကားမှတ်တိုင်ကိုရောက်ရန် အချိန်ကုန်ခြေညောင်းခံရဦးမည့်အတွက် မခင်ဖြူ စိတ်ညစ်သွားတော့၏။ မသဲမာနှင့်လမ်းသွားလျှင် သည်အတိုင်းပင်။ မည်သည်ကို ရှက်မှန်းမသိတော့ပေ။ အထူးသဖြင့် ယောကျ်ားများနှင့် စကားပြောဆိုရမည်ကိုဝန်လေးတတ်၏။ အရှက်ကြီးသည်လားမသိပါ။

"မြန်မြန်လျှောက် သဲမာရေ၊ ဘတ်စ်ကားလာနေပြီ"

"မီပါတယ် ခင်ဖြူရယ်"

သူတို့နှစ်ဦး ကားမှတ်တိုင်ကို ရောက်သည်နှင့် ဘတ်စ်ကားက ခရီးသည် အတင်အချပြုနေရာ ခပ်သွက်သွက် လျှောက်လိုက်ကြ၏။ ပြီးနောက် ဘတ်စ်ကားပေါ်သို့ တက်လိုက်ကြပြီး နေရာလွတ်တွင် ဝင်ထိုင်လိုက်ကြသည်။ နှစ်ယောက်စာထိုင်ခုံလွတ်၍ အဆင်ပြေသွား၏။

ရှေ့မှတ်တိုင်တွင် ခရီးသည်အများအပြားတက်လာကြရာ ဘတ်စ်ကားပေါ်တွင်ပြည့်ကျပ်လာ၏။ ထို့နောက် မခင်ဖြူက အရင်ဆင်းသွားရာ မသဲမာဘေးတွင် အမျိုးသားတစ်ယောက် လာဝင်ထိုင်၏။

"ဟင်း..ဒုက္ခပါပဲနော်၊ ယောကျ်ားတစ်ယောက်နဲ့ တွဲထိုင်ရတာ၊ ငါ့အသိတွေများတွေ့လို့က အထင်မှားကြမှာပဲ၊ ထရပ်စီးပြန်ရင်လည်း လူတိုးခံရဦးမယ်"

မသဲမာက ဆက်ထိုင်နေပြီး ရပ်စီးသူများဆီသို့ မော့ကြည့်လိုက်ရာ အမျိုးသားတစ်ဦး၏မျက်လုံးနှင့် အကြည့်ချင်းဆုံသွားပြန်၏။

"ဒီလူကလည်း အကြည့်ရဲလိုက်တာနော်၊ စိုက်ကြည့်နေလိုက်တာများ မျက်လုံးကျွတ်ကျမတတ်ပဲ၊ ငါဆင်းရမယ့်မှတ်တိုင် မြန်မြန်ရောက်ပါတော့"

မသဲမာလည်း ရှက်ရှက်နှင့် ခေါင်းကို မှန်ပြတင်းဘက်သို့လှည့်ကာ စီးနင်းလိုက်ပါလာတော့သည်။ သူ့အတွေးထဲတွင် အမျိုးသား၏ အကြည့်များကြောင့် ရင်ခုန်လိုက်မိနေ၏။ ရှက်လိုက်သည်မှာလည်း မပြောပါနှင့်တော့။ သူမ တစ်သက်နှင့်တစ်ကိုယ်တွင် ထိုသို့အကြည့်မျိုး မခံစားရဖူးပါ။

"ဟင်း....ရင်ခုန်တယ်ဆိုတာ ဒါပဲလား၊ ချစ်ခြင်းအစ မျက်ဝန်းကလို့ ဆိုကြတယ်၊ ရှက်လိုက်တာနော်၊ သူ့မျက်နှာတောင် ပြန်မကြည့်ရဲတော့ဘူး"

သည်လိုနှင့် လိုက်ပါစီးနင်းလာကာ မသဲမာ၏ဘေးမှ အမျိုးသားက မှတ်တိုင်တစ်ခုတွင် အရင်ဆင်းသွား၏။ သူမကို စိုက်ကြည့်သူပါ အတူတူ လိုက်ဆင်းသွား၏။ ကားပေါ်တွင် လူရှင်းသွားပြီး ရပ်စီးသူ မရှိတော့ပေ။ သူမဘေးတွင် အမျိုးသမီးတစ်ဦး လာထိုင်မှ မျက်နှာကို ပြန်လှည့်လိုက်ပြီး သူမ၏ပိုက်ဆံအိတ်ကို သတိရသွား၏။ ပေါင်ပေါ်တင်ထားသော ပိုက်ဆံအိတ်ကို ကိုင်လိုက်ရာ

"ဟယ်....ငါ့အိတ်မှာ ဘာမှမရှိတော့ပါလား၊ အိတ်ခွံပဲရှိတော့တယ်၊ သွားပါပြီ၊ စောစောက ငါ့ဘေးမှာထိုင်တဲ့လူ နှိုက်ယူသွားတာပဲဖြစ်ရမယ်၊ ဟိုကောင်ပါ သူနဲ့တစ်ဖွဲ့တည်းဖြစ်မယ်၊ သွားပါပြီ၊ တစ်လစာအသုံးစရိတ်နဲ့ ဟန်းဖုန်း"

အိမ်(ရွှေဖေ)

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ယ ခင် လ မှ အ ဆက်

စတိုးဆိုင်လေး၏အဝင်ဝတွင် မိမိမုန်းတီးသော ညီညီနိုင်နှင့် ဆုံမိကြ၏။ မချိမချဉ်မျက်နှာထားနှင့် ပြိတ်တီတီအကြည့်များကို ကျောခိုင်းကာ ထဘီမ,၍ လျှောက်လာမိသည်။

"ဟင်း....ဒီလိုလုပ်လို့ မဖြစ်သေးပါဘူးလေ၊ သူနဲ့မိဝါအကြောင်း ငါတို့သိထားပြီဆိုပြီး ပိုဝမ်းသာသွားမှာပေါ့၊ မသိလိုက်မသိဘာသာပဲနေ တာကောင်းပါတယ်"

ဆိုင်ထဲတွင် အတူးမှာ ပစ္စည်းများကို စစ်ဆေးနေ၏။ ကူရောင်းရန် ခေါ်ထားသော မိန်းကလေးနှစ်ယောက်မှာ အတူး၏အဆက်အသွယ်နှင့် စိတ်ချရသည်ဆို၍ ခိုင်းထားမိ၏။

"ဟော.....မဖြူလာပြီ၊ ဒီနေ့စောတယ်နော်"

"အေးလေ၊ ရုံးပိတ်ရက်ဆိုတော့ မကြူတို့လင်မယား အားရက်ပေါ့၊ ဒီနေ့တော့ သူတို့စားချင်တာပဲ ချက်ခိုင်းထားလိုက်တယ်၊ ဒါနဲ့ ညီညီနိုင်က ဒီဆိုင်ကို ဘာလာလုပ်တာလဲဟင်"

"သူက မိသူရဲ့ အစ်ကိုဝမ်းကွဲပေါ့၊ မိသူဆီဝင်လာတာပါ"

နဖူးကြောမျှားပင် ရှုံ့သွားရလောက်အောင် ဒီကောင်နှင့်မပတ်သက်ချင်မှ ကြုံဖန်ပြီး လာပတ်သက်နေသေးသည်။ စောစောကတည်းက လေ့လာကြည့်ဖို့ကောင်း၏။ ဒီကောင်နှင့်ပတ်သက်သမျှ မမြင်ချင်ပေ။ မိဝါ၏သတင်းကို ရသွားမှဖြင့် ဒီလိုကောင်မျိုးက အရှက်ရှိမည်မဟုတ်ပါ။

"မိသူကို မမ ကြိုပြောထားမယ်နော်၊ ဆိုင်ကို လူရှုပ်လူပွေ ယောကျ်ားမျိုး ခေါ်မထားရဘူး၊ တချို့မိန်းကလေးတွေက ဆိုင်မှာ ယောကျ်ားလေးရှိနေရင် မိန်းမအသုံးအဆောင်ပစ္စည်းဆို ဝင်ဝယ်ရဲမှာမဟုတ်ဘူး၊ ညီညီနိုင်ဆိုတာက သူ့အကြောင်းကို မိန်းကလေးတိုင်းသိနေကြတော့ သူမြင်တာနဲ့ ဝင်ဝယ်ချင်မှာမဟုတ်ဘူးလေ၊ မမပြောတာသဘောပေါက်တယ်နော်"

"ဟုတ်ကဲ့၊ မိသူနားလည်ပါတယ်၊ ကိုညီ့ကို ဆိုင်ကိုမလာစေရပါဘူး ကတိပေးပါတယ်"

ထိုစကားကို ညီညီနိုင်အား ပြန်ပြောမှာကိုလည်း စိုးရိမ်မိ၏။ သို့သော် မတတ်နိုင်ပါ။ မကြိုက်၍အလုပ်ထွက်လည်း ကိစ္စပြတ်ပြီပေါ့။

"ကိုညီက အခုလိမ္မာသွားပါပြီ အစ်မရယ်၊ အခု ပွဲစားအလုပ် လုပ်နေပါပြီ၊ ရသမျှလည်း ကြီးတော်တို့ကို အပ်ပါတယ်"

ကြုံတုန်း စပ်စုမိပြန်သည်။

"ဒါနဲ့ ဟိုတလောက ဘယ်ကိုပျောက်သွားတာလဲ"

"သူ့ဘော်ဒါနဲ့ လိုက်သွားတာလေ၊ အဲဒီက ပြန်လာပြီးကတည်းက အလုပ်လုပ်ချင်စိတ်ဖြစ်လာတာပဲ၊ ဖားကန့်ဆိုလား၊ မြစ်ကြီးနားဘက်ဆိုလား သိပါဘူး"

မိဝါကိုယ်ဝန်အတွက် တမင်ရှောင်ပြေးခြင်းပဲဖြစ်ပေမည်။ လူမဆန်သည့် ယောကျ်ားတစ်ယောက်အတွက် ဝဋ်လည်မည်ပင်။ မိဝါဝဋ်ကြွေးများ မလည်ပါစေနှင့်ဟု ဆုတောင်းမပေးချင်ပါ။ ဝဋ်ဟူသည် အချိန်တန်လျှင် လည်ပါလိမ့်မည်။

"နှင့်အစ်ကိုက မိန်းမ မယူသေးဘူးလား"

"သူက မိန်းမကျမ်းကျေတဲ့ ယောကျ်ားတစ်ယောက်ပဲ အစ်မရ၊ မိန်းမတစ်ယောက်ကို အပိုင်ယူချင်မှာမဟုတ်ပါဘူး"

မိသူမှာ ဘွင်းဘွင်းကြီးပင် ပြောချလာ၍ မထီမဲ့မြင်အပြုံးဖြင့် ရယ်ပြုံးလိုက်မိတော့သည်။ သည်လိုတော့လည်း ကိုယ့်အမျိုးအကြောင်း ကိုယ်သိသားဟု တွေးမိပြန်၏။ သူ့တွင်လည်း နှမအပျိုတွေ ရှိနေသည်ပဲလေ။ ကိုယ်ချင်းစာစိတ်မျိုး ထားရှိသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြူ ဒီနေ့ ဈေးဝယ်ထွက်ရဦးမယ်နော်"

"ထမင်းစားပြီးမှပဲ သွားပါတော့မယ်လေ၊ မိသူဖြစ်ဖြစ်၊ စုပိုင်ဖြစ်ဖြစ် တစ်ယောက်တော့ အဖော်ခေါ်သွားမယ် အတူး"

ထို့နောက် အတူးနှင့်အတူ ဈေးဝယ်ရန်လိုအပ်သည့် ပစ္စည်းများစာရင်းကို ရေးမှတ်နေတော့သည်။ ဆိုင်တွင်အရောင်းသွက်သည့် ပစ္စည်းများစာရင်းကိုလည်း ထည့်ရသည်။ လိုအပ်သည့်ပစ္စည်းများကိုပါ ထည့်ဝယ်ရ၏။ ဖြူစတိုးလေးသည် လိုချင်သမျှ အကုန်ရရန် ဝယ်သူစိတ်တိုင်းကျ ဖြစ်စေရပါမည်။ အမြတ်ထက် ဝယ်သူကိုပဲ ဦးစားပေး၏။

"ဒီတစ်ပတ် ပိတ်စအုပ်လိုက်တင်ရကောင်းမလားမသိဘူး အတူး။ ကျောင်းချိန်ရာသီ ရောက်လာပြီလေ"

"ဟုတ်တယ် မဖြူ၊ အဖြူနဲ့ အစိမ်းကို များများနဲ့ စုံစုံလေးတင်ရင် ပိုကောင်းမယ်၊ မနေ့ကတောင် အမျိုးသမီးတစ်ယောက်က လာမေးသေးတယ်"

မိဖြူကိုလည်း မအေးမေက တိုက်တွန်းပါ၏။ သူက အကြွေးနှင့် ဝယ်မည့်သူဖြစ်၍ သူ့အတွက် အဆင်ပြေရန် ပြောရာသည်။

"ပိတ်ရောင်းရင် ကိုက်တံက အစ တိုင်းတတ်၊ ဖြတ်တတ်ရမှာနော်၊ မကျွမ်းကျင်ရင်တော့ ငါမွဲမှာ"

ကောင်မလေးများက ရယ်ကြ၏။

"ပိတ်ဖြတ်တာ၊ တိုင်းတာအတွက် မပူပါနဲ့ မဖြူရယ်၊ အတူးက သူငယ်ချင်းအထည်ဆိုင်မှာသွားကူတုန်းက ကျွမ်းပြီးသား၊ ပညာမှန်သမျှ လေ့လာထားတာပါ"

"ဒါဆိုရင် ပိုကောင်းတာပေါ့ကွယ်၊ တို့ဆိုင်မှာက ရယ်ဒီမိတ်ပစ္စည်းပဲရတော့ တချို့က ချုပ်ဝတ်တာမှ ပိုနိုင်ခံ့တယ်၊ ပိုကောင်းတယ် ထင်နေကြတာ၊ အဲဒီလူတွေအတွက်ပေါ့နော်"

"ကျောင်းစိမ်းဆိုရင် အုန်းနှစ်ပင်တို့၊ ဝက်ဝံတို့ပါတင်နော် အစ်မ၊ တချို့က အဲဒါတွေမှကြိုက်တာ"

စုပိုင်က မိဖြူအား အကြံပေးလာပြန်သည်။ သူတို့က လက်ရှိကျောင်းသူဘဝကို ပူပူနွေးနွေး ရောက်ရှိထားသည့်အတွက် သူတို့၏ ဆန္ဒလေးများကို တင်ပြကြသည်။ အဝတ်အထည်များမှာလည်း အမျိုးမျိုးပေါ်ကြ၏။ မိဖြူတို့ ငယ်စဉ်ကလို မာစရိုက်တို့၊ တက်ထရွန်တို့ မရှိတော့ပေ။ ဘွားမြသီမှာ ကျောင်းချိန်ရာသီဆိုလျှင် မြေးများကို လုည့်ပတ်၍ဝယ်ပေးတတ်လေသည်။ မိဖြူတို့မောင်နှမများမှာ ဘွားမြသီ ဝယ်ပေးသမျှသာ ဝတ်ကြရပြီး မည်သူမှ စောဒကမတက်ရဲရှာပေ။ အသစ်ဆိုလျှင် ဝမ်းသာအားရဖြင့် ဝတ်ခဲ့ကြရ၏။

နေ့လယ်တွင် မကြူကိုယ်တိုင် ထမင်းချိုင့်လာပို့လေသည်။ တစ်ယောက်ယောက်အား အိမ်ပြန်ယူခိုင်းရန် စိတ်ကူးနေစဉ် ချိုင့်ဆွဲပြီး ရောက်လာသည့်အတွက် အဆင်ပြေသွား၏။

"မဖြူ ကြိုက်မလားတော့ မသိဘူး၊ ကိုအောင်ကိုယ်တိုင်ချက်တဲ့ ဖက်ထုပ်ဟင်းရယ်၊ ချဉ်ပေါင်ရွက်ချဉ်ဟင်းနဲ့ ငါးပိ၊ တို့စရာ ပါတယ်"

ဖက်ထုပ်ဟင်းကို မိဖြူ ကြားဖူးသော်လည်း အိမ်တွင် တစ်ခါမျှ မချက်ခဲ့ဖူးချေ။

"ဘာနဲ့ထုပ်ချက်တာလဲ မမ"

အတူးက မကြူကိုမေးလိုက်သည်။

"ငါးဖယ်ငါးခြစ်ကို ရဲယိုရွက်နဲ့ ထုပ်ချက်တာလေ၊ ရဲယိုပင်တွေ့လို့ ကိုအောင်က စိတ်ကူးရပြီး ချက်ကျွေးတာ၊ ဖေဖေဆို ခေါင်းမဖော်အောင်ကို စားတော့တာပဲ၊ ရဲယိုရွက်က လူကြီးနဲ့တည့်တဲ့ ဓာတ်စာတစ်မျိုးပေါ့ကွာ"

"မခါးဘူးလားဟင်"

"လုံးဝမခါးဘူး၊ အဲ.....နည်းနည်းတော့ သက်တယ် မဖြူ၊ ရဲယိုရွက်က တို့မိန်းမတွေနဲ့လည်းတည့်တယ်၊ ခန္ဓာကိုယ်အတွက် အခါးဓာတ် စားပေးသင့်တယ်လေ"

နေ့လယ် ၁၂ နာရီထိုးနေ၍ ထမင်းချိုင့်ကိုဖွင့်ကာ ထမင်းစားကြတော့သည်။ မိမိနှင့် အတူးမှလွဲ၍ မိန်းကလေးနှစ်ယောက်မှာ သူတို့တွင်ပါလာသည့် ချိုင့်လေးများကို ထုတ်၍ စားကြ၏။ အတူးက ထမင်းချိုင့်ကို ပြင်ဆင်ပေးကာ နှစ်ဦးသား ခေါင်းမဖော်တမ်း စားကြလေပြီ။

"ဟုတ်သား၊ ကောင်းတယ်နော်၊ အတူး ကြိုက်ရဲ့လား"

"အမေက ချက်နေကျလေ

www.burmeseclassic.com

www.burmeseclassic.com




မမဖြူရဲ့ ဒီလိုတော့ ထုပ်မချက်ဘူး၊ အရွက်ကို ပါးပါးလှီးပြီး ငါးမြစ်ချင်းဆီပြန်မှာ အုပ်ချက်တာ၊ ဒီလိုချက်တာက ပိုအရသာရှိသလိုပဲနော်''

"တချို့က ငါးခူနဲ့ ထုပ်ချက်တာတဲ့၊ အစုံပေါ့ဟာ၊ ဒါပေမဲ့ မြိန်ရာဟင်းကောင်းပါပဲ''

"ဟဲ့.....ကောင်မလေးတွေ ဒီမှာလာစားကြလေ၊ ငါးပိနဲ့ တို့စရာရှိတယ်၊ လာစားကြ''

မိန်းကလေးနှစ်ယောက်မှာ ရှက်နေကြရာ၍ အတင်းပင်ခေါ်ကျွေးရသည်။ မိဖြူက အလုပ်ကို နှမပေါင်းလုပ်ကိုင်သလို စားသောက်ရာတွင်လည်း လက်ရည်တစ်ပြင်တည်း ရှိစေချင်၏။ အလုပ်ရှင်နှင့် အလုပ်သမားဆိုသည့် ခက်ထန်မာကျောသော တင်းမာမှုများ မထားရှိပေ။ အားလုံးကို ခင်ခင်မင်မင် ဖြစ်စေချင်သည်။

"သားကို သူ့အဖေနဲ့ ထားခဲ့ရတာလေ၊ အခုတောင် အပြင်ထွက်မုန့်သိနေပြီး မလိုက်ရလို့ ငိုကျန်ခဲ့ရှာတယ်''

မကြူမှာ
မကောင်းကြောင်း
ပြောလိုက်၊
ယူရန်
စဉ်းစားခိုင်းလိုက်နှင့်
မိန်းကလေးများမှာ
တစ်ယောက်
မျက်နှာ
တစ်ယောက်
ကြည့်ပြီး

"သနားပါတယ် မကြူရာ၊ ခေါ်ခဲ့ရောပေါ့''

"မဖြစ်ပါဘူးအေ၊ ဒီမှာက သူ့ထိန်းဖို့ ဘယ်သူကအားလို့လဲ''

"အစ်မကလည်း တစ်ယောက်တစ်လက် ထိန်းကြမှာပေါ့''

မိသူက ထမင်းစားနေရင်းမှ ဝင်ပြောလိုက်သည်။

"ညည်းတို့မသိပါဘူးအေ၊ ကလေးတစ်ယောက်မွေးရတဲ့ဒုက္ခက မမွေးခင်လည်း တာဝန်ကြီး၊ မွေးပြီးလည်း တာဝန်ကြီး၊ ငါ့ကိုကြည့်ပြီး ယောကျ်ားမယူကြနဲ့နော်၊ သိလား''

သူ့ဒုက္ခအား မိန်းကလေးများ သိစေရန် ပြောပြရာ၏။ ထိုစကားလေးကြောင့် မိဝါလေး၏မျက်နှာကို အပြေးလေးမြင်လိုက်မိပြန်သည်။ ကလေးတစ်ယောက်မွေးထုတ်ရန်အတွက် သူမည်မျှ ပင်ပန်းခက်ခဲခဲ့ရပါနည်း။ စာနာတွေးမိ၏။

"ဒါပေမဲ့ ဒါတွေဟာ သဘာဝဆိုတော့လည်း ယောကျ်ားမယူတာဟာ သဘာဝကို ဆန့်ကျင်တာနဲ့ အတူတူပဲလေ၊ ရေရှည်ကျတော့ မကောင်းဘူးပေါ့၊ စဉ်းစားပြီးယူကြပေါ့အေ''

မကြူမှာ မကောင်းကြောင်း ပြောလိုက်၊ ယူရန်စဉ်းစားခိုင်းလိုက်နှင့် မိန်းကလေးများမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။ သူတို့ပင်မဟုတ် မိဖြူလည်း ရယ်မိသည်။

"ရယ်မနေကြနဲ့၊ ယူမယ်ဆို စဉ်းစားကြ၊ လူကြီးတွေကို အသိ

www.burmeseclassic.com

ပေးဖွင့်ပြောပြီး ယူသင့်၊ မယူသင့် ဆုံးဖြတ်ခိုင်း။ အိုကေမှယူ"

"ဟင်....ဒါဆို မကြူကျတော့ ကိုအောင်ကောင်းမင်းအကြောင်း ဖေဖေ့ကို အသိမပေးဘဲနဲ့ ဘာလို့ လာတောင်းခိုင်းတာလဲ"

"ဟဲ့.....အဲဒါက ငါတို့ကချစ်သူတွေလေ၊ မိဘက မကောင်းဘူးလို့တားရင် မယူရမှာစိုးလို့ပေါ့၊ သိလား"

မျက်စောင်းကြီးကို ထိုးကာ ပြောချလိုက်၏။ သည်တော့လည်း အားလုံးမှာ အားရပါးရ ရယ်ကြလေတော့သည်။ ဈေးဝယ်သူရောက်လာ၍ တော်သေးသည်။ နို့မို့ဆို မည်မျှဆက်ရယ်ကြဦးမည်မသိပေ။

"မဖြူရေ ရွှေပြည်နန်းက--နော်"

"ဘူးစိမ်းကိုနော်"

"အေးပါ"

သူတို့မအား၍ မကြူကိုယ်တိုင် ထရောင်းပေးလေသည်။ မကြူ အပြောကောင်းမှုကြောင့် ရွှေပြည်နန်းအပြင် Spring Song မိတ်ကပ်ဘူးပါ ရောင်းလိုက်ရ၏။

+++

"ဟဲ့.....မဖြူ၊ တိုးတိုးကို နေ့လယ်က ကောင်မလေးတစ်ယောက်နဲ့တွေ့ခဲ့တယ်လို့ ကိုအောင်ပြောတယ်၊ သူ့ရည်းစားဖြစ်ဖို့များတယ်တဲ့"

ညစာထမင်းစားနေစဉ် ထမင်းစားခန်းထဲအထိ မကြူက လာပြောရှာသည်။

"သူလည်းအရွယ်ရောက်နေပြီပဲ မကြူရယ်၊ ချစ်သူရှိတော့ရော ဘာအရေးလဲ၊ တိုးတိုးက ယောကျ်ားလေးပဲဟာ"

"မဟုတ်ပါဘူးဟယ်၊ ကိုယ်က ပညာတွေသင်ပေးပြီး စားရခါနီးမှ သူများကောင်းဖို့ဖြစ်လာရင် တို့မိသားစုတွေပဲ ရင်ကျိုးရမှာပေါ့"

မကြူကတော့ တစ်နှစ်ကျော်လောက် မိဘကို လုပ်ကျွေးခဲ့ရှာသည်။ သူ့လိုပဲ ဖြစ်စေချင်ပုံရ၏။ ပြီးတော့ ကိုတိုးမှာ အင်ဂျင်နီယာ တစ်ဦးဖြစ်မည့်အတွက် နှမြောနေပုံမျိုးရသည်။

"မကြူရယ် သူတို့မှာလည်း ဦးနှောက်ရှိပါတယ်၊ မကြူမောင်က အင်ဂျင်နီယာ မဖြစ်သေးပါဘူးနော်၊ သိပ်စိုးရိမ်မနေနဲ့"

"စိုးရိမ်ရတယ်ပေါ့၊ တော်ကြာ အလုပ်မရဘဲ မိန်းမ ရလာရင် ညည်းပဲရှာကျွေးနေရလိမ့်မယ်၊ ကျုပ်တို့က အနေသာကြီးပါနော်၊ ညည်းအတွက် ပူပေးတာအေ့"

မကြူပူပန်ခြင်းအတွက် အပြစ်မပြောလိုတော့ပေ။ သူပြောတော့လည်း မှန်နေပြန်သည်။ မိဖြူမှာသာ မကြူအတွေး မမှန်ပါစေနှင့်ဟု သာ တိုးတိတ်စွာ ရင်မ ဆုတောင်းနေမိလေပြီ။

"ဝါဝါလေးဆီ တစ်ခေါက်လောက် သွားကြရအောင်ကွာ"

မိဖြူမှာ ထိုစကားကြောင့် မျက်လုံးများပင် ဝိုင်းခနဲဖြစ်သွားရ၏။ ယခုအချိန်လောက်မှ ဝါဝါ မီးဖွားပြီးသည်မှာ နှစ်လသာသာ ရှိပါလိမ့်ဦးမည်။ မိဝါနောက်သို့ လိုက်၍ မဖြစ်သေးပေ။ ညီမတစ်ယောက်အတွက် နောက်ကွယ်မှ စီစဉ်ပေးနေသည့် မိမိအဖြစ်ကို မကြူက မသိရှာပေ။

"မနေ့က ဖုန်းဆက်တယ် မကြူ၊ ဝါဝါက နွေကျောင်းပိတ်ရက်တုန်းက မြန်မာပြည်အနှံ့ ဘုရားစုံသွားဖူးသေးတယ်တဲ့၊ သူကြည့်ရတာ ပျော်နေပုံရပါတယ်လေ၊ ဒါကြောင့် အိမ်ကိုပြန်မလာတာတဲ့"

"အဲဒါကြောင့်ပြောတာပေါ့အေ့၊ အပျိုအရွယ်လေးနဲ့ သူများရပ်ရွာမှာ သူမို့နေနိုင်ရဲတယ်၊ တော်ကြာ အိမ်ထောင်ကျသွားရင် ဘယ့်နှယ့်လုပ်မလဲ၊ ဖအေကြီးတစ်ယောက်လုံး ရှိနေသေးတာ သူမစဉ်းစားတော့ဘူးတဲ့လား။ ဘယ်လိုစိတ်ကူးမျိုးနဲ့ သွားတာပါလိမ့်"

မကြူမှာ အဖြေထုတ်မရသည့် ပုစ္ဆာတစ်ပုဒ်အား ကြံဖန်စဉ်းစားနေသေးသည်။

"ဒီသီတင်းကျွတ် ကျောင်းပိတ်ရင် ပြန်လာမယ်တဲ့၊ မကြူကလေးမွေးတာ ယောကျ်ားလေးဆိုလို့ ဝမ်းသာနေရှာတာလေ၊ သူ့တူလေးကို တွေ့ချင်တယ်တဲ့"

"သူလာမှဆိုရင် ကလေးက လူပျိုဖြစ်တော့မယ်လို့ ပြောလိုက် မဖြူ၊ ဖုန်းတောင် ဒီဘက်က ခဏခဏ ဆက်မှာစိုးလို့ ဖုန်းနံပါတ်ကို မပေးဘူး၊ ဒီတော့ သူ့ဆက်မှကိုင်ရတာ ဘာလုပ်ရမှာလဲ"

ဖေဖေဝင်လာ၍ စကားပြောပြတ်သွားကြသည်။ ဖခင်မှာ သတင်း

www.burmeseclassic.com

www.burmeseclassic.com



များနားထောင်ပြီးမှ အိပ်တတ်၏။

"သမီးကြီးက ညီမလေးထမင်း စားပါစေကွယ်၊ ဟိုတစ်ယောက်က လည်း မြန်မြန်စား။ ပြီးရင် စောစော အိပ်၊ ပင်ပန်းနေတာ အနားယူဦး မှပေါ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

သည်တော့မှ မကြူမှာ သူ့ အခန်းသို့ ပြန်ကူးသွားတော့၏။ ခဏအကြာတွင် အိပ်ခန်းထဲမှ ကလေးငိုသံကြားရပြီး ဖေဖေ့အသံ ကြီးကိုပါ တစ်ဆက်တည်းကြားနေ ရသည်။

"ကလေးက ဘာကြောင့် ဒီ လောက်တောင် ငိုနေရတာလဲ၊ ဗိုက် များနာနေလို့လား၊ ဆေးလူးပေးဦး လေ၊ ကလေးကို သိပ်မငိုပါစေနဲ့"

မြေးကြောင့် မကြူတို့လင် မယားမှာ ဖေဖေ့အပြောနှင့် မလွတ် ပေ။ ကြာတော့ နားပူသည့်ဒဏ်ကို မခံနိုင်၍ သူတို့တိုက်ခန်းလေးသို့ ပြန်သွားကြလေတော့သည်။ ဖေဖေ နှင့် မိဖြူသာ ကလေးကို သတိရ ရင်းက လွမ်းတသသ ဖြစ်ကျန်ခဲ့ရ လေပြီ။

"ကလေးမရှိတော့လည်း ပျင်း စရာကြီးပါလားနော်၊ မြေးလေးက ခုချိန်မှာ ငိုလေမလား၊ ပိတ်ရက် လေးကိုတော့ လာလည်ဖို့ပြောပေး ပါ သမီးရယ်"

သည်တော့ဖုန်းဆက်ခေါ်ရပြန် ၏။ မအားသည့်ကြားမှ ထွက်လာရ သည့်အတွက် နှုတ်ခမ်းစူပြီး တဖျစ် တောက်တောက် ပြောလေတော့ သည်။

"ဖေဖေက မြေးကိုလွမ်းတယ် ဆိုလို့သာ လာရတယ်၊ သမီးတို့မှာ အိမ်အလုပ်တွေကို ဒီအတိုင်းပစ် ထားခဲ့ရတာ ဖေဖေ၊ နောင်ကို မလာနိုင်ရင်တော့ သမီးကို နား လည်ပေးပါ ဖေဖေရယ်"

မကြူက ဤသို့ စကားပလ္လင် ခံရင်း တဖြည်းဖြည်းနှင့် အလာကျဲ သွားလေပြီ။ ဖေဖေသည် မြေးကို သတိရသော်လည်း သမီး၏စကား ကြောင့် ဖြေသိမ့်နေရပုံမျိုး။ ဖေဖေ့ ကိုကြည့်၍ မိဖြူ သနားလာမိ သည်။

"အင်း ခုချိန်မှာ မိဝါရဲ့ကလေး ကို ဖေဖေတွေ့သွားရင် ချစ်ရှာမှာပဲ၊ ဒါပေမဲ့ မြေးအရင်းမှန်းသိလို့က ပြဿနာတွေ တက်ကုန်လိမ့်မယ်၊ မဖြစ်သေးပါဘူးလေ"

ဆန္ဒရှိသော်လည်း အကောင် အထည်ဖော်ခွင့်မရပြန်ပေ။ ဖြစ်နိုင် လျှင် မိဝါသမီးလေးကို အိမ်တွင် ခေါ်ထားချင်မိသည်။ မကြူ၏ အဖြစ်သည်းပုံကို မခံနိုင်သည်လည်း ပါ၏။ မိဘအိမ်ကို တစ်လတစ်ကြိမ် လောက်တော့ လာလည်သင့်ပါ၏။

"ဖေဖေမေးရင် နင်ကြည့်ပြော လိုက်ပါ မဖြူရယ်၊ ငါတို့လင်မယား က ပိတ်ရက်လေးပဲ အားရတာ၊ ကလေးကို ထိန်းတဲ့နေရာကို မနက် ၉ နာရီသွားပို့၊ ညနေ ၄ နာရီပြန် ခေါ်နဲ့ နားရတယ်ကို မရှိပါဘူးအေ"

လင်မယားနှစ်ယောက်စလုံးမှာ ဝန်ထမ်းများဖြစ်ကြ၍လည်း မိဖြူ စာနာပါသည်။ ကိုယ်ကလည်း သူ တို့ကို မကူညီနိုင်၍ မည်သို့မျှ မတတ်နိုင်တော့ပေ။ အိမ်နား[illegible]



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိန်းကျောင်းပေး၍ရသေးသည်။ ကလေးက ငယ်၍လည်း မိခင်နှင့်အတူရှိမှဖြစ်ပေမည်။

"မိဝါရော သူ့ကလေးငယ်လေးကို ဘယ်လိုထားနေမလဲ၊ ကလေးဆိုတာ မိခင်နို့ကိုစို့မှ ခင်တွယ်တတ်တာမျိုးပါလား။ နို့မတိုက်နဲ့လို့ ပြောမိတာ ငါမှားသွားပြီလား"

ထိုကလေးအတွက် တကယ့်ကို စိတ်မကောင်းဖြစ်မိ၏။ သူ့ခမျာ အပြင်သို့ ရောက်လာသော်လည်း ကြင်နာယုယမည့်သူမရှိ။ မိခင်မေတ္တာကို မရခဲ့ရှာပေ။ ထိုကလေး လောက်ကံဆိုးမည့်သူ ရှိလိမ့်မည်မဟုတ်ပါ။

"မိဝါ ဘယ်လိုနေထိုင်နေသလဲ၊ ငါတစ်ခေါက်လောက် သွားကြည့်မှဖြစ်မှာပါလေ"

သည်တော့ ဖခင်ကြီးနှင့်တိုင်ပင်မိ၏။

"ဖေဖေ သမီး မိဝါဆီလိုက်သွားချင်တယ်၊ သူ အဆင်မှပြေပါ့မလား။ ညက အိပ်မက်မကောင်းဘူး"

"အေး ‥ ဟုတ်မယ် သမီး။ ဖေဖေလည်း သမီးငယ်လေးကို အိပ်မက်,မက်တယ်။ သူ ဒုက္ခအကျပ်တည်းနဲ့တွေ့နေမလားပဲ၊ ဖေဖေ့ဆီကို ပြန်လာချင်တယ်လို့ ငိုယိုပြီးပြောနေတယ်ကွယ်"

မိဖြူ တွေးကြည့်မိ၏။ ဖေဖေ့အိပ်မက်သည် အမှန်တကယ်ပင် မိဝါ ဒုက္ခရောက်နေကြောင်း ဖခင်အား အသိပေးနေသည့် ဖြစ်ရပ်မျိုးပါ။ အိမ်သို့ပြန်လာချင်နေပါလိမ့်မည်။

"သမီး လိုက်သွားမယ်ဖေဖေ"

"ကိုယ့်ညီမလေး ဒုက္ခရောက်ရင်တော့ ပြန်သာခေါ်လာခဲ့ပါ သမီးရယ်၊ သူများရပ်ရွာမှာ ဖေဖေ စိတ်မချတော့ဘူး"

"ဟုတ်ကဲ့ပါ ဖေဖေ၊ အခြေအနေမကောင်းရင် ပြန်ခေါ်ခဲ့မှာပါ"


ဖေဖေ့ထံမှ ခွင့်ပြုချက်ရသည်နှင့် မိဝါဆီသို့ အပြေးလေးလာမိတော့လေပြီ။ စီးလာသည့် အမြန်ရထားကြီးမှာ နှေးနေသယောင် စိတ်ထဲထင်မှတ်မိ၏။ ဆိုင်ကိုတော့ အတူးနှင့်ပဲ စိတ်ချလက်ချ လွှဲထားခဲ့ရသည်။ အတူးမှာ ငွေကြေးက အစ ယုံကြည်စိတ်ချရသူပါ။ စာရင်းဇယားနှင့်တကွ စေ့စပ်သေချာစွာ အပ်သူတစ်ယောက်ပင်။ ထို့ကြောင့် ဆိုင်အတွက် နောက်ဆံမတင်းတော့ပေ။

✦✦✦

မိဖြူ ရောက်သွားသည့်အချိန်တွင် မိဝါမှာ မရှိရှာပေ။ သက်မာ မိခင်နှင့်အတူ လိုက်သွားသည်ဟု သိရ၏။ ညီမကို ဦးဆုံးတွေ့ချင်ပေမယ့် မိဖြူ၏ဆန္ဒ မပြည့်ခဲ့ရှာပါ။

"ပြန်လာတော့ ဖြူ့ညီမကို တွေ့ရပါ့မယ်ကွာ၊ သူက မေမေနဲ့ စိတ်ပြေလက်ပျောက်လိုက်သွားပါစေဆိုပြီး သက်မာခွင့်ပြုလိုက်တာပါ၊ မေမေ့မွေးလူနာရှိတဲ့ရွာလေးကို လိုက်သွားတာပါ ဖြူရာ၊ သုံးရက်လောက်ဆို ပြန်ရောက်လိမ့်မယ်"

"အဲဒီသုံးရက်ကို တို့စောင့်နေ



ရရင် အလုပ်တွေပစ်ထားပြီး သူ့ကိုတွေ့ချင်လို့ လာခဲ့ရတာ၊ တို့မှာ အချိန်မရဘူး သက်မာ"

သက်မာလည်း မည်သို့ဆောင်ရွက်ပေးရမည်မှန်း မသိတော့ပေ။ မိခင်သွားမည့်ရွာလေးအား မေးမထားမိသည်ကိုက မိမိအမှားတစ်ခုပင်။ အရင်ကလည်း မိခင်နှင့်အတူတူ အဖော်အဖြစ် လိုက်သွားတတ်၍ စိတ်ချလက်ချ မမေးဘဲထားသည်လည်းပါ၏။

"မိဝါအခြေအနေကောင်းရဲ့လား သက်မာ"

"အားလုံးကောင်းပါတယ်၊ ဒါပေမဲ့ ကလေးကိုတော့ သူ ချစ်ပုံမရဘူး ဖြူ။ ကလေးလေးက ချစ်စရာလေးပါဟယ်"

www.burmeseclassic.com

www.burmeseclassic.com


"သူ့ခံစားချက်ပေါ့ကွာ၊ ကလေးကို ဘယ်လိုဆက်လုပ်ရကောင်းမလဲ၊ တို့ကိုအကြံပေးပါဦး"

"အစက မေမေနဲ့တိုင်ပင်ပြီး မွေးစားမလို့ပဲကွာ၊ ဒါပေမဲ့ သက်မာက မကြာခင်မှာ လက်ထပ်တော့မှာ၊ ဒီကလေးနဲ့ဆိုရင် သက်မာအမျိုးသားက ခွင့်ပြုမှာမဟုတ်ဘူးလေ"

မိဖြူမှာ သက်ပြင်းမောကို မှုတ်ထုတ်လိုက်ရတော့သည်။ ကလေးအတွက် သက်မာတို့ တာဝန်မယူနိုင်ဟု သိရသည်နှင့် ကြရာမရ ဖြစ်ခဲ့ရပြန်သည်။ သူ့မျှော်လင့်ချက်များ သဲထဲရေသွန် ဖြစ်ခဲ့ရလေပြီ။

"မင်းရဲ့တူမလေးကို မကြည့်တော့ဘူးလားကွာ"

သက်မာပြောမှပင် ကလေးအားကြည့်ရန် သတိရသွားတော့၏။ သူ့အတွက် မိဝါကို တွေ့ချင်စောက ကြီးစိုးနေသည့်အတွက် ကလေးကို မြင်ချင်စိတ် ပျောက်ခဲ့ရ၏။

"ဆေးခန်းမှာထားတယ်လေ၊ အဲဒီမှာပဲ နို့ဘူးတိုက်ပြီး ထိန်းခိုင်းထားတယ်၊ ကိုယ်သွားခေါ်လာခဲ့မယ်နော်၊ ဒီမှာခဏလေးထိုင်စောင့်နေ"

သူ့ကိုပြောပြီး သက်မာ ထွက်သွား၏။ ဆေးခန်းသည် အိမ်နှင့်တွဲလျက် တစ်ခြံတည်းတွင်ရှိသည်။ ဆရာဝန်နှင့်နာ့စ်များ အချိန်ပြည့်ထိုင်ကြ၍ သက်မာမိခင်မှာ စိတ်ချစွာ ထားနိုင်ခဲ့ခြင်းပဲ ဖြစ်ပါလိမ့်မည်။ ခဏအကြာတွင် သက်မာသည် ကလေးငယ်တစ်ဦးကိုချီပြီး ရောက်လာတော့၏။

"ကဲ...မင်းရဲ့တူမလေးမျက်နှာကို သေသေချာချာ ကြည့်ပါဦး၊ ကလေးက သနားစရာလေးပါကွာ"

မိဖြူမှာ မရဲတရဲ လှမ်းကြည့်မိစဉ် မိမိစိတ်သည် ကလေးငယ်ကို မြင်လိုက်သည်နှင့် မည်သို့ဖြစ်သွားမှန်း မသိတော့ပေ။ ရင်မှာ စူးစူးနင့်နင့်လေး ခံစားသွားရ၏။

"ဟယ်.....မိဝါငယ်ငယ်က မျက်နှာလေးပဲကွာ"

"အေးလေ၊ မင်းက တို့ထက်ပိုသိမှာပေါ့၊ တကယ်တော့ မြေစာပင်ဖြစ်ရရှာတဲ့ ကလေးလေးတွေဟာ သိပ်သနားဖို့ကောင်းပါတယ်ကွာ၊ မိဘတွေရဲ့အမှားက သူတို့ဘဝမှာ အကျည်းတန်စေရတယ်"

သုံးလကျော်သာရှိသေးသော်လည်း ကလေးငယ်သည် ထွားသည်ဟု မြင်မိ၏။ လက်ကလေးကို စုပ်ပြီး သက်မာကိုယ်ပေါ်မှ မိမိထံ ရယ်ပြရှာသေးသည်။ မိဖြူရင်ထဲတွင် ထိထိခိုက်ခိုက် ခံစားသွားရခြင်းနှင့်အတူ ကလေးငယ်လေးကို ဖက်၍ မျက်ရည်ကျမိ၏။

"သနားစရာကွယ်၊ မင်းဘဝလေးကို ကြီးကြီး ဘယ်လိုဆက်လုပ်ရမှာလဲ ကလေးရယ်"

မိဖြူလက်ပေါ်မှာ ငြိမ်သက်စွာ ကြည့်နေရှာသည်။ သက်မာမှာ သောက်လက်စ နို့ဘူးလေးအား ကလေးငယ်ထံ တိုက်လိုက်စဉ် နို့ဘူးလေးကို မြဲမြဲစွာ ကိုင်ဆွဲလျက် အငမ်းမရသောက်စို့နေရှာ၏။

"တွေ့လား၊ နို့ဘူးဆိုတာ မိခင်နို့လောက် အာသာပြေမှာမဟုတ်ဘူးလေ၊ ဒါပေမဲ့ ဒီနို့ဘူးလေးကိုပဲ အဖော်ပြုနေရတာ၊ မနက်ပိုင်းဆိုရင် အားတိုးမှုန့်နဲ့ ထမင်းကို ရောပြီး ကျွေးနေရပြီ"

"ဟယ်.....ကလေးက ထမင်းကို စားနိုင်နေပြီလား"

**လောကကြီးမှာ လူတကာမလုပ်နိုင်တဲ့ အလုပ်မျိုး၊ အနစ်နာခံစိတ်၊ ကြင်နာစိတ်၊ မေတ္တာစိတ် ရှိတတ်ကြရင် ရက်စက်ခြင်း၊ မုန်းတီးခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတွေ မရှိတတ်ကြတော့ဘူးပေါ့နော်...**

www.burmeseclassic.com

www.burmeseclassic.com



"ဒီအပျိုကြီးတော့ ခက်တော့တာပါပဲ၊ ကလေးကို ထမင်းကျွေးလို့ဖြစ်မလား၊ ထမင်းပျော့ပျော့ကို အဝတ်ပါးနဲ့တိုက်ပြီး ကျွေးရတာပေါ့ဟဲ့"

သည်တော့မှ ထမင်းမပါဘဲ အားတိုးမှုန့်များကို နို့မှုန့်နှင့်ရောနယ်ကျွေးသည့် မကြျု၏ပျင်းပုံကို မိဖြူ သိသွားရတော့သည်။

"တစ်လတစ်လ ပေါင်ချိန်တိုးလာပြီ ဖြူ၊ ဖြူ့တူမက လူတွေတွေ့ရင် လက်မရွေးဘူး၊ ရယ်ပြီးလိုက်တာပဲ၊ သဘောကောင်းတယ်"

"ကလေးကိုသနားပြီး တို့ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ ဒါနဲ့ မိဝါကရော ကလေးအတွက်ဘာပြောသေးသလဲ"

သက်မာမှာ နို့ဘူးလေးအား ကိုင်တိုက်နေရင်းက စိတ်မကောင်းစွာ ပြောလာသည်။

"မွေးချင်တဲ့သူရှိရင် ပေးလိုက်ပါတဲ့ကွာ၊ မင်းညီမက ကိုယ့်သားသမီးတောင် ကြင်နာစိတ်လေး တစ်စက်မှမရှိပါလား၊ တချို့မိခင်တွေဆိုရင် သားသမီးကို မမြင်ရသေးတာတောင် မေတ္တာစိုအပြည့်အဝရှိတတ်ကြတယ်၊ တို့စိတ်မကောင်းဖြစ်မိတာက ကိုယ်ဝန်အရင့်အမာကြီးနဲ့တောင် ပျက်ကျအောင် အမျိုးမျိုးသူဖန်တီးတယ် ဖြူ၊ ဒီကလေးမလေးဟာ ကံကောင်းလို့ အသက်ရှင်လာတာပါကွာ၊ ကလေးမျက်နှာကို သူမြင်တွေ့ရင် ဘာပဲဖြစ်ဖြစ် မိခင်စိတ်ရှိလာလိမ့်မယ်လို့ သက်မာထင်ထားသမျှ ခုချိန်ထိ ကိုယ့်သားသမီးမျက်နှာကို တစ်ချက်လေးတောင် သူမကြည့်ခဲ့ဘူး"

မိဖြူမှာ ပင့်သက်မောကို ချလိုက်ရတော့၏။ သူ့ကို မိဝါ ပြောထားခဲ့ပြီးပြီပဲလေ။ ဒီကလေးမျက်နှာကိုမြင်လေ ဟိုကောင့်မျက်နှာကို သတိရမိလေ ဖြစ်မည်စိုးသည်တဲ့။ ထိုအကြောင်းကိုတော့ သက်မာကို ပြောမပြချင်တော့ပါ။

"ဒီတော့ ကလေးကို တစ်ခုခုလုပ်မှာစိုးပြီး သူ့ကိုပေးမပြတော့ဘူးကွာ၊ သူ့ကို စိတ်ချမ်းသာအောင်တော့ ပြောလိုက်မိတယ်"

"ဘယ်လိုပြောလိုက်သလဲ ဟင်"

သက်မာ၏အဖြေအား မိဖြူ သိချင်လာ၏။ ထို့ကြောင့်လည်း အလျင်အမြန်ပင် မေးချလိုက်ရတော့လေသည်။

"ကလေးကို မွေးစားသူတွေ လက်ထဲ ပေးလိုက်ပြီလို့၊ ဒီတော့မှ မင်းညီမက ရယ်ရယ်ပြုံးပြုံး ပြန်ဖြစ်လာတော့တယ်ကွာ"

"ဒါဆို ကလေးကိစ္စက သူ့အတွက် ရှင်းသွားပြီလို့ ဆိုရတော့မှာပေါ့ကွာ"

"ရန်ကုန်ကိုတော့ ဒီသီတင်းကျွတ်မှ အပြီးပြန်မယ်လို့ ပြောထားတယ်လေ၊ မင်းညီမက တစ်သားမွေး၊ တစ်သွေးလှတယ်လို့ ဆိုရမလား၊ စိတ်ချမ်းသာလို့ ဝပြီးလှလာပါတယ်၊ သူ့ဘဝ လှပေမယ့် ကလေးဘဝက မလှပဘူးပေါ့ကွာ"

သက်မာတို့သားအမိမှာ မိဖြူတို့ညီအစ်မကြောင့် စိတ်ညစ်နေရပြီလားမသိပါ။ သူတို့ကို ဤမျှဒုက္ခပေးရလျှင် တော်သင့်ပြီဟု မိဖြူ တွေးမိပြီး ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာပြတ်သားစွာ ချလိုက်မိတော့သည်။

"တို့ ဒီကလေးကိုခေါ်ပြီး ရန်ကုန်ကိုပြန်နှင့်မယ် သက်မာ၊ တို့လာသွားတယ်ဆိုတာ မိဝါ မသိပါစေနဲ့တော့"

"ဟင်....ဒါဆို ဒီကလေးကို မင်းဘယ်လိုမွေးမှာလဲ"

သက်မာ၏ အံ့သြနေရှာသော မျက်ဝန်းလေးများအား ပြန်လည်ပြုံးပြလိုက်မိသည်။

"ခရီးသွားရင်း ရထားပေါ်က ကောက်ရတယ်လို့ပြောပြီး ခပ်တည်တည်နဲ့ မွေးစားလိုက်မှာပေါ့ကွာ၊ ဒီကိစ္စအတွက် မပူနဲ့ သက်မာ၊ တို့မိသားစုကို ပိုင်ပါတယ်"

"မင်း ဖြစ်ပါ့မလားကွာ၊ ဒီကလေးတာဝန်ကို မင်းတစ်ယောက်တည်း ယူနိုင်ပါ့မလား။ ကလေးတစ်ယောက် ကြီးပြင်းဖို့ဆိုတာ မလွယ်ဘူး ဖြူ"

စိုးရိမ်စိတ်ဖြင့် ပြောရှာသည့် သူငယ်ချင်းအား စိတ်မပူစေရန် ပြောလိုက်ရတော့သည်။

"ဖြူဖြူမောင်ဆိုတာ ဘွားမြသီရဲ့ အရိုက်အရာကို ဆက်ခံရမယ့် မြေးတစ်ယောက်ပါ သက်မာရယ်၊ ကိုယ့်မိသားစုအတွက် ဆက်ပြီး အနစ်နာခံနိုင်ရမှာပဲပေါ့၊ တို့ဘဝမှာ ဘွဲ့တစ်ခုရရုံသာ ပညာရေးကို စွန့်လွှတ်ခဲ့ရသလို အချစ်တစ်ခုကိုလည်း စွန့်လွှတ်ခဲ့ရပြီးပါပြီ၊ ဒီလိုစွန့်လွှတ်

www.burmeseclassic.com

အနှစ်နာခံရဲ့တဲ့ သတ္တိရှိမှ ဒီကလေးတို့ ဘာကြောင့်မမွေးနိုင်ရမှာလဲ၊ သူ့ဘဝလေးကို တို့သနားတယ်၊ ကိုယ့်သွေးသားရင်းချာကို ပြန်မွေးစားတာတို့လုပ်ရပ်ဟာမှန်ကန်နေမှာပါကွာ”

သက်မာသည် မိဖြူထံ ဆွေးဆွေးမြည့်မြည့်လေးကြည့်ပြီးနောက် လိုက်လှဲစွာ ပြုံးပြလေတော့သည်။

“ဖြူမှာ အဲဒီစိတ်ဓာတ်မျိုးရှိတာကိုက သက်မာ လေးစားလို့မဆုံးပါဘူး။ လောကကြီးမှာ လူတကာမလုပ်နိုင်တဲ့အလုပ်မျိုး။ အနစ်နာခံစိတ်၊ ကြင်နာစိတ်၊ မေတ္တာစိတ် ရှိတတ်ကြရင် ရက်စက်ခြင်း၊ မုန်းတီးခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတွေ မရှိတတ်ကြတော့ဘူးပေါ့နော်၊ မင်းလုပ်ရပ်ကို နတ်လူသာဓုခေါ်ကြမှာပါကွာ၊ သက်မာလည်း ဆုတောင်းပေးပါတယ်၊ ဖြူဟာ စိတ်ထားဖြူစင်မြင့်မြတ်တဲ့ မိန်းကလေးဖြစ်လို့ ဖြူချစ်တဲ့သူနဲ့ လက်တွဲနိုင်ပါစေကွာ”

သက်မာ၏ဆုတောင်းလေးမှာ မည်သည့်အခါမျှ ပြည့်လာလိမ့်မည်မဟုတ်ပါ။ မိမိချစ်သူသည် ခုချိန်တွင် မိန်းကလေးတစ်ယောက်နှင့် ပျော်ရွှင်ကြည်နူးနေကြမည်မှာအမှန်ပင်။ မိဖြူဆိုသော မိန်းကလေးအား သတိတရရှိနေမည်မထင်တော့။ ရင်မှာအလိုလိုအားငယ်လာရပြန်၏။

“မနက်ဖြန် တို့ပြန်မယ် သက်မာ၊ ကလေးရဲ့ပစ္စည်းလေးတွေ လိုအပ်သမျှထည့်ပေးလိုက်နော်၊ အဝတ်အစားတွေ၊ သူ့အသုံးအဆောင်တွေကိုတော့ မရှိတဲ့ ကလေးတွေပဲ ပြန်လှူလိုက်ပါကွာ”

“စိတ်ချ ဖြူ၊ ဒီကလေးမလေး ဘဝမှာ ဖြစ်သင့်သူလက်ထဲ ရောက်သွားတာကိုက ဝမ်းသာလို့မဆုံးပါဘူး၊ သူ့ဘဝလေး ခုချိန်ကစပြီး ကံကောင်းသွားပြီပေါ့၊ ဟော့...ကလေး၊ တို့ကို ကြီးလာရင် မမေ့ရဘူးနော်၊ မင်းလေးရဲ့ဘဝမှာ ဟောဒီက ကြီးကြီးရယ်၊ ဒီက အန်တီကြီးရယ်ကို အမြဲတမ်း သတိတရရှိနေရမယ်နော်”

“ဟုတ်ကဲ့ပါရှင်လို့ ပြောလိုက်လေ သမီးလေး”

ကလေးငယ်လေးမှာ သူ့ကို မြူသည်အထင်နှင့် ပါးချိုင့်လေးခွက်ဝင်သည်အထိရယ်ပြရှာ၏။ ပါးဖောင်းဖောင်းလေးအား နမ်းရှိုက်ရင်းက ရင်ခွင်တွင်းထွေးဖက်ထားလိုက်မိလေပြီ။

“စိတ်ချပါ သမီးလေးရယ်၊ ကြီးကြီးဘဝမှာ သမီးလေးနဲ့အတူတူ ဘဝကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းကြမယ်နော်၊ တို့နှစ်ယောက် တစ်ဘဝဖြစ်စေရမယ်ကွယ်”

ထိုစကားလေးကိုတော့ ခေါင်းမော့၊ ရင်ကော့စွာ ပြောမိ၏။ သမီးလေးအတွက် မိဖြူ အသက်ဆက်လက်ရှင်သန်ရဦးမှာပါ။ သမီးလေးသည်သာ မိဖြူဘဝ၊ မိဖြူကမ္ဘာ၊ မိ ဖြူ၏နှလုံးသား ဖြစ်စေရမည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်လေပြီ။

+++

“သမီး ဒီကလေးက ဘယ်ကလဲကွဲ့”

အိမ်သို့ပြန်ရောက်ရောက်ချင်းပင် ဖခင်မှာ မေးလာတော့သည်။ မိဖြူသည် စိတ်ညစ်သည့်အမူအရာမျိုးဖြင့်.....

“မပြောချင်တော့ပါဘူး ဖေဖေရယ်၊ ရထားပေါ်မှာပေါ့ မိဖြူဘေးက အမျိုးသမီးက ကလေးခဏခေါ်ထားပါဆိုပြီး အိမ်သာကိုထွက်သွားတာ ပြန်ကိုမလာတော့ဘူး၊ ဒီတော့ ဒီကလေးက မိဖြူဆီမှာ သောင်တင်ကျန်နေရစ်ခဲ့ရပြီပေါ့၊ သမီးလည်း ဘာလုပ်ရမှန်း မသိတော့တာနဲ့ ကလေးရဲ့ပစ္စည်းတွေပါ သယ်လာပြီး အိမ်ကိုခေါ်လာတာပါ”

မိဖြူရှင်းပြမှ ဖေဖေလည်း သဘောပေါက်သွားတော့၏။ ကလေးငယ်အား စာနာစွာ ကြည့်နေသည့်အတွက် ဖခင်၏သဘောထားလေးအား သိချင်နေမိသည်။ ကလေးမှာ သွေးက စကားပြောသည်ထင့်။ ဖခင်ထံလက်ကမ်းကာ အတင်းပင် လိုက်ချင်ဟန်ပြနေရှာသည်။ ဤသည်ကို စိတ်မကောင်းဖြစ်စွာဖြင့် ဖခင်၏ သက်ပြင်းချသံအဆုံးတွင်

“ကိုယ်နဲ့[illegible]လာလို့ပဲ သမီးရယ်၊ ဘယ်[illegible]နိုင်ပါ့မလဲ၊ မွေးစားလိုက်ရုံပေါ့၊ ကလေးက ချစ်စရာလေး၊ ဖေဖေ့ဆီကို လိုက်မယ်တဲ့”

“ချီပါဦး ဖေဖေရာ၊ သူ့ကို တစ်လမ်းလုံး ချီလာရတာ၊ လက်ကိုညောင်းနေတာပဲ၊ သေးတွေပေါက်လို့ သမီးတစ်ကိုယ်လုံးလည်း နံစော်နေပြီ၊ ရေချိုးလိုက်ဦးမယ်”

ခရီးရောက်မဆိုက် မနားနိုင်

www.burmeseclassic.com

www.burmeseclassic.com

ပါ။ ရေချိုးပြီး ဆိုင်သို့သွားရဦးမည်။ ကလေးကို သူ့အဘိုးထံ အပ်ခဲ့ပြီး ရေကို ကမန်းကတန်း ချိုးရတော့၏။

"ဟာ...ဘယ်အိမ်က ကလေးလေးလဲ ဖေဖေ"

ကိုတိုးပြန်ရောက်လာ၏။ ကလေးကိုမြင်တော့ အံ့သြစွာမေးလာ၍ ဖေဖေက မိဖြူကိုယ်စား ရှင်းပြပေးရှာသည်။

"မင်းအစ်မ မဖြူပေါ့၊ ရထားပေါ်က ကလေးစွန့်ပစ်သွားလို့ သူ့လက်ထဲ သောင်တင်ကျန်ခဲ့တာလေ၊ အတော့လည်း ခံရမှာပေါ့ကွာ"

"ဟင်.....ဒါဆို ဒီကလေးကို ဖေဖေတို့က မွေးစားရတော့မယ်ပေါ့"

ကိုတိုးမှာ နှစ်မြို့ဟန်မပြပါ။ ကလေးအား မွေးစားခြင်းကို သဘောတူကြည်ဖြူပုံမရပေ။

"ဒါပေါ့သားရာ၊ သတ္တဝါဆိုတာ ကယ်တင်ကောင်းပါတယ်၊ ဖေဖေတို့နဲ့ထိုက်လို့ရတယ်ပဲ သဘောထားလိုက်ပါတော့၊ အင်း.....လူတွေ.....လူတွေ၊ ကိုယ့်သားသမီးကို မကျွေးနိုင်ဘဲ မွေးကြတယ်၊ မိဘစိတ် မရှိလိုက်ကြတာနော်၊ လူကောင်းတွေလက်ထဲ ရောက်လာလို့တော်သေးတာပေါ့"

"မိန်းကလေးနဲ့တူတယ်နော်"

"အေး...မိန်းကလေးကွ၊ ပါးချိုင့်လေးနဲ့ ချစ်စရာလေး"

သားအဖနှစ်ယောက်မှာ ကလေးငယ်အား နမ်းနေကြလေသည်။ အခန်းဝမှ ချောင်းကြည့်သည့် မိဖြူမှာ သည်တော့မှ စိတ်အေးနိုင်ပြီး ရင်ဘတ်လေးကိုဖိကာ စိတ်တုံးတုံးချနိုင်လေပြီ။

"ဒီကလေးကို ထိန်းကျောင်းဖို့ လူလိုတာပေါ့ သမီးရယ်၊ ကလေးက နို့စို့အရွယ်လေးပဲရှိသေးတာ၊ သနားစရာပါလား"

"နို့ဘူးတိုက်ပြီး မွေးရတော့မှာပေါ့ ဖေဖေရာ"

"အေးလေ၊ ဘယ်တတ်နိုင်ပါတော့မလဲ၊ ဒီလိုပဲ စီစဉ်ရတော့မှာပေါ့၊ ဒါနဲ့ ကလေးရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးဖို့ လူငှားလိုက်ပါလား။ ကလေးကို စိတ်ရှည်ရှည်နဲ့ ကြည့်နိုင်တဲ့ မိန်းကလေးမျိုးပေါ့"

"သမီးပဲ စီစဉ်လိုက်ပါ့မယ် ဖေဖေ၊ ခုချိန်မှာတော့ တစ်ယောက်တစ်လှည့် ဝိုင်းထိန်းကြတာပေါ့နော်၊ ကလေးကိုသိပ်ဖို့ ပုခက်လိုမယ်ထင်တယ် ဖေဖေ"

**ကံတရားကို**
**မိဖြူ ယုံကြည်၏။**
**ကလေးငယ်၏**
**ဘဝလေးအား**
**ကယ်တင်ခြင်းအတွက်**
**ကိုယ့်မေတ္တာ၊**
**စေတနာသည်**
**ရောင်ပြန်**
**ဟပ်တတ်ပါသည်။**
**ပြီးတော့**
**ကလေးငယ်လေးမှာ**
**...**



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်တာပေါ့ကွယ်၊ ဒီအရွယ်လေးတွေက ပုခက်နဲ့ အိပ်တတ်နေပြီ"

ဖခင်ထံမှ အကြံပေးလာသည့်အတွက် ရေရှည်ခံနိုင်ရန် သစ်သားပုခက်လေးပဲဝယ်မည်ဟု စဉ်းစားထား၏။

"မဖြူတော့ ကလေးနဲ့အပျိုဖြစ်တော့မှာပဲ၊ ပေါက်ပေါက်ရှာရှာဗျာ၊ ရထားပေါ်က,ကလေး ခေါ်လာရတယ်လို့၊ ဒါနဲ့ အဲဒီအမျိုးသမီးက မေ့သွားတာမျိုးလား"

"အဝတ်တွေပါ ထားခဲ့ပြီး ကိုယ်လွတ်ရုန်းသွားတာ၊ သူ့မှာ ဘယ်လိုပြဿနာမျိုးရှိလို့ ထားပစ်ခဲ့သလဲဆိုတာ မဖြူ မသိပေမယ့် အဲဒီအမျိုးသမီးဟာ လူရည်သန့်ထဲကပါပဲ၊ ကလေးကို မထားခဲ့ခင်က တစ်ယောက်တည်းငိုနေတာ မြင်ခဲ့တယ်လေ"

ယုတ္တိရှိစေရန် မုသားဆိုလိုက်ရ၏။

"ဒါဆို သူ့မှာ အကြောင်းတစ်ခုခု ရှိလိမ့်မယ်ထင်တယ်၊ ပွင့်ပွင့်လင်းလင်းပြောပြီး အကူအညီတောင်းပေါ့ဗျာ၊ ဒီလိုလုပ်သွားတာတော့ ဘယ်ကောင်းပါ့မလဲ၊ ကလေးအတွက် ရာဇဝင်တွင်ကျန်ခဲ့မှာပေါ့"

စာနာစိတ်လေးဖြင့် ဖြေတွေးတွေးလိုက်လေသည်။ မိဖြူအပြောကို ယုံကြည်သွားကြ၍ ကလေးငယ်အား အပိုင်မွေးစားရန် သဘောတူခဲ့ကြသည်။ ခုမှပင် ကလေးအတွက် စိတ်အေးခဲ့ရပေပြီ။ သူ့အတွက် လိုအပ်သမျှကို အကုန်လုပ်ပေးခဲ့၏။ မိမိ၏ကလေးမွေးစားသည့်သတင်းမှာ တစ်ရပ်ကွက်လုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။ လူသတင်းလူ ချင်းဆောင်သည့်သဘောမျိုးပင်။

"မဖြူရေ ကလေးလေး မွေးစားထားတယ်ဆိုလို့ လာကြည့်တာ၊ ဟယ်.....အချောလေးပဲနော်"

မအေးမေရောက်လာပြီး စပ်စု၏။ ကလေးကိုတွေ့ရသည့်နောက် သူလည်းမနေနိုင်ပါ။ အတင်းပင် လုချီ၍ ဝမ်းသာနေရှာသည်။

"ဟုတ်ပါရဲ့ဟယ်၊ ကလေးက လက်မစိမ်းဘူးနော်၊ အမယ်...ရယ်တယ်တော့"

သမီးလေး၏ ပါးအိအိဖောင်းဖောင်းလေးအား အတင်းပင်ဖက်နမ်းနေ၍ မိဖြူက တားဆီးလိုက်ရ၏။

"အရမ်းမနမ်းပါနဲ့ အစ်မအေးမေရယ်၊ ကလေးက နမ်းရင်မကြိုက်ဘူး၊ ငိုနေပါဦးမယ်"

"အမယ်လေးနော် တကယ့်အမေအစစ်ကျနေတာပဲ၊ အဖြစ်သည်းနေလိုက်တာ"

"သည်းရတယ် အစ်မရဲ့၊ ကလေးက ခုမှ လသားလေးပဲရှိသေးတာ၊ အသားတွေက နုနုလေး"

မအေးမေ၏ မျက်စောင်းကြီးမှာ ဒိုင်းခနဲကျရောက်လာတော့သည်။ သူမအား မကျေမနပ်အကြည့်တစ်ချက်ဖြင့်.....

"ဟင်း.....တော်ရုံပဲကောင်းတယ်နော်၊ ကြီးလာမှ ကိုယ်ပဲ ရင်ကွဲပက်လက်ဖြစ်ကျန်ခဲ့ရမှာ၊ မွေးစားသားသမီးဆိုတာ ဝမ်းနဲ့မလွယ်သားမမည်ဆိုတဲ့ စကားရှိထားသားပဲ၊ ကိုယ့်သွေးသားရင်းထက် ဘယ်သူပိုကောင်းနိုင်မလဲ"

ထိုစကားကိုတော့ မိဖြူ ကန့်ကွက်လိုက်သည်။

"ဒီလိုမပြောပါနဲ့ အစ်မရာ၊ တချို့မွေးစားသားသမီးတွေဟာ သားသမီးရင်းတွေထက်တောင်ပိုအားကိုးရတာလည်းရှိပါသေးတယ်"

မိဖြူမှာ ဘွားမြသီနှင့် ဖခင်ကြီးအား ခိုင်းနှိုင်း၍ ပြောပြမိ၏။ မိမိတို့ရပ်ကွက်ထဲတွင်လည်း ရှိပါသည်။ မွေးစားသား လူမောင်ဆိုသူမှာ မွေးစားမိဘများအား မိဘရင်းသဖွယ် လုပ်ကျွေးပြုစုနေသည်မှာ အိမ်ထောင်ပင် မပြုရှာပေ။ လူတိုင်း၏ လေးစားချစ်ခင်မှုကို ရရှာသူပင်။

"အေးလေ၊ ဒီလိုပဲ ထင်မှတ်ထားရင် ကိုယ်မွေးစားရတာ အားရှိတာပေါ့၊ စေတနာအကျိုးပေးလည်း ပါတာပဲလေ"

မအေးမေအပြောသည် မိဖြူအတွက် စိတ်ပျက်စရာပင် ဖြစ်ပါလိမ့်မည်။ သို့သော် ကံတရားကို မိဖြူ ယုံကြည်၏။ ကလေးငယ်၏ဘဝလေးအား ကယ်တင်ခြင်းအတွက် ကိုယ့်မေတ္တာ၊ စေတနာသည် ရောင်ပြန်ဟပ်တတ်ပါသည်။ ပြီးတော့ ကလေးငယ်လေးမှာ ကိုယ့်ညီမအရင်းခေါက်ခေါက်ကမွေးထားသည့် သွေးရင်းသားရင်းတစ်ယောက်ပါ။ တချို့ဆိုလျှင် သူတစ်ပါးသားသမီးကိုပင် မွေးစားကြသေးသည်။ မိဖြူက ဘာကြောင့် မမွေးရဲနိုင်ပါမည်နည်း။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com


"နင်ဘာတွေ လျှောက်လုပ်နေသလဲ မဖြူ၊ ဘယ်က ကလေးကို ခေါ်လာပြီး မွေးစားခဲ့တာလဲ"

တစ်ပတ်အတွင်းတွင် မကြူမှာ ထိုသတင်းအား မည်သို့ကြားခဲ့သည်မသိပေ။ တက္ကစီငှားလာပြီး မခေါ်ဘဲ ပေါက်ချလာ၏။

"ရထားပေါ်မှာထားခဲ့တဲ့ကလေးပါ မကြူ။ သနားလို့ခေါ်လာတာပါ"

"အမယ်လေးအေ မျိုးရိုးမသိ၊ ဘာမသိနဲ့ ဘယ်ကအုတ်ကြားမြက်ပေါက်၊ ကလေကဝက မွေးလာတဲ့ ကလေးမှန်းမသိ၊ ဘာမှန်းမသိနဲ့၊ မျိုးရိုးမသန့်ရင် ဘယ့်နှယ်လုပ်မလဲ"

ထိုစကားကြောင့် မိဖြူမှာ အနာပေါ် တုတ်ကျသွားသည့်နှယ် ဆတ်ဆတ်ခါအသည်းနာမိ၏။ သူက အကြောင်းမှန်ကို မသိ၍လည်း ပြောလာသည့်စကားအား မိဖြူ အနေနှင့် ရှင်းပြရခက်လှပါသည်။ တကယ်တမ်းသာ ထိုကလေးသည် မိဝါ၏သမီးမှန်း သူသိပါက မည်သို့ ပြောလာမည်မသိပေ။ ကိုတိုးလက်ချက်ပဲဖြစ်ပေမည်။

"သူ့အမေက ရိုးရိုးသားသား မိန်းကလေးတစ်ယောက်ပါ မကြူ ရာ၊ မိဖြူနဲ့ စကားတွေတောင်ပြောလာတာပါ၊ ရထားပေါ်ကဆင်းပြီး တစ်ခုခုသွားဝယ်နေတုန်းမှာ ရထားထွက်လို့ ကျန်ရစ်ခဲ့တာများလား မသိပါဘူး"

"မထင်ပါဘူးအေ၊ ညည်းလိုငနုံအကို ကလေးထားခဲ့ပြီး ဆင်းပြေးသွားတာပဲဖြစ်မှာပါ၊ မိမစစ်၊ ဖမစစ်ဖြစ်ဖို့များတယ်၊ ဒါကြောင့် ကလေးကိုမွေးပြီး မကျွေးနိုင်လို့ ပြေးသွားမှာပေါ့အေ"

မကြူသားနှင့် သမီးလေးမှာ ခြောက်လကျော်သာကွာ၏။ ဖခင်လက်ပေါ်မှ ကောင်းရာဇာလေးမှာ မိဖြူလက်ပေါ်မှ ညီမလေးအား လက်ကမ်းကာ ရယ်ပြနေရှာသေးသည်။ ဤသည်ကိုကြည့်၍ မိဖြူမှာ ကျေနပ်နေမိပြန်၏။ သွေးကစကားပြောသည်ဆိုခြင်းမှာ ဤကလေးနှစ်ဦး၏ ဆက်ဆံပုံကိုကြည့်၍ သိမိ၏။ သူ့သား၏ လုပ်ရပ်ကြောင့် မကြူမှာ ဒေါသဖြင့်.....

"ဟဲ့.....ကောင်းရာဇာ၊ အဲဒါနှင့်ညီမရင်း မဟုတ်ဘူးဟဲ့၊ ဝမ်းသာမနေနဲ့"

"မင်းကလည်းကွာ၊ ကလေးပဲ၊ ဘာသိမှာလဲ"

ယောကျ်ားဖြစ်သူကို မျက်စောင်းကြီးထိုးပြီး မာန်မဲလေတော့သည်။ အောင်ကောင်းမင်းလို သဘောထားပြည့်သူနှင့်ညား၍သာ တော်တော့သည်။ သို့မဟုတ်ပါက ရန်ပွဲဖြစ်မည်မှာ အမှန်ပင်။ အိမ်ထဲမှ ဖေဖေထွက်လာသည့်အတွက် မကြူမှာ တိုင်ပြော ပြောနေသေးသည်။

"ဖေဖေစဉ်းစားကြည့်လေ၊ သူ့လို အပျိုအရွယ်လေးနဲ့ ကလေးတစ်ယောက်ကို မွေးစားရလောက်အောင် သူ့မှာဘယ်လိုသတ္တိခွန်အားတွေနဲ့ ဆုံးဖြတ်လိုက်တာလဲဟင်၊ လူတွေက ရေရှည်မှာ သူ့ကိုဘယ်လိုထင်မြင်ချက်ပေးကြမလဲ၊ တောင်ထင်၊ မြောက်ထင်နဲ့ ကိုယ်သိက္ခာကျမှာကို သူမတွေးဘူး"

"ရထားပေါ်ကခေါ်လာတဲ့ ကလေးမှန်း တစ်ရပ်ကွက်လုံးက မြင်နေပြီပဲ မကြူ၊ ဘာတွေထပ်ပြီး ရှင်းပြစရာလိုသေးလို့လဲ၊ ရှင်းနေတာကို စိတ်ရှုပ်အောင် လာမလုပ်နဲ့တော့"

"နင်ပဲ ရှုပ်အောင်လုပ်လာတာ၊ ဒီကလေးကြောင့် တို့မောင်နှမတွေ အခု စိတ်ဝမ်းကွဲလာပြီ၊ အမွေပေးဖို့တော့ လုံးဝစိတ်ကူးမရှိဘူးနော်၊ ပေးချင်ရင် နင်ရမယ့်အမွေပဲ ခွဲပေးလိုက်"

လောဘတက်ပြီး ခုမှ မြေးကိုယ်စား ချစ်နေမည်ကိုလည်း မကြူမှာ စိုးရိမ်နေပုံရ၏။ ထို့ကြောင့် မဆီမဆိုင် လူကြားမကောင်းလောက်အောင် ပြောနေသေးသည်။

"မိဖြူ ဒီကလေးကို မွေးလိုက်ကတည်းကိုက မိဖြူရဲ့ ပိုင်ဆိုင်သမျှတွေဟာ သူ့ဖို့ချည်းပါပဲ၊ စိတ်ချပါ၊ မကြူတို့ ရမယ့်အထဲက ဖဲ့မပေးရပါဘူး"

"တော်ကြပါတော့ သမီးတို့ရာ၊ ဖေဖေတစ်ယောက်လုံး မသေသေးပါဘူး၊ လူကြားလို့ မကောင်းပါဘူးကွယ်"

ဖခင်၏ စိတ်ညစ်ခြင်းကြောင့် နှစ်ယောက်စလုံး တိတ်သွားကြတော့သည်။ အောင်ကောင်းမင်းလည်း ကလေးငယ်လေးကိုကြည့်၍ စိတ်မကောင်းဖြစ်သွားရလေပြီ။ သူ့ခမျာ လူကြီးများ၏ အဆင်မပြေမှုကို သိလိမ့်မည်မဟုတ်။ မိဘ၏စွန့်ပစ်ခြင်းကို ခံရသည့်အပြင် မွေးစားသူတွေလက်ထဲ ရောက်သည့်တိုင်

www.burmeseclassic.com



သဘောတူကြည်ဖြူခြင်းကို မခံရရှာပေ။ ဆိုးဝါးလှသည့် ကုသိုလ်ကံနှယ်။ သားသမီးချင်း ကိုယ်ချင်းစာတွေးမိ၏။

"မိဖြူလုပ်ရပ်က မှန်ကန်ပါတယ်ကွယ်၊ ဘာမှစိတ်မကောင်းဖြစ်မနေနဲ့၊ ညည်းအစ်မက ညီမအတွက် စိုးရိမ်စိတ်နဲ့ပြောတာပါ၊ ညည်းသမီးဆိုတော့လည်း တို့တွေ ဝိုင်းချစ်ရမှာပဲပေါ့"

ကလေးအတွက် နာမည်ပေးရန် ရှာဖွေနေဆဲတွင် အောင်ကောင်းမင်း၏နှုတ်မှ ဝိုင်းချစ်ဟုပြောလိုက်သည့် စကားလုံးလေးကြောင့် သဘောကျသွားရတော့သည်။

"ဒါနဲ့ ညည်းသမီးနာမည်က ဘယ်သူလဲ"

ကလေးမှာ လူတကာ၏ ဝိုင်းဝန်းချစ်ခင်မှုကို ခံရ၍ ဝိုင်းချစ်ဟူသည့် အမည်လေးအား နှစ်သက်မိ၏။

"ဝိုင်းချစ်လို့ ငယ်နာမည်ပေးလိုက်မယ် အစ်ကို၊ နာမည်ရင်းကိုတော့ ဖြည်းဖြည်းပေါ့"

နေ့သင့်နံသင့် တွက်ချက်ပြီးမှ နာမည်ပေးရန် စိတ်ကူးထားမိသည်။ နာမည်ကို တွေ့ကရာ ရမ်းပေး၍ မဖြစ်ပေ။ နာမည်ကြောင့် ကြီးပွားချမ်းသာသလို နေ့နံမသင့်သည့် နာမည်ကြောင့် လူကိုဒုက္ခပြန်ပေးတတ်၏။ ဝိုင်းချစ်လေးမှာ မိမိလက်ထဲရောက်လာတော့လည်း မိမိ၏ သမီးရင်းလေးပဲပေါ့။

"ဝိုင်းချစ်ရေ..ဟေး...ကလေးလေး"

အောင်ကောင်းမင်း၏ မြူသံကြောင့် မကြူမှာ နှုတ်ခမ်းကြီးကို အစွမ်းကုန် စူပုပ်ထားတော့သည်။ ဝိုင်းချစ်လေးကိုမြင်လေ ဒေါသဖြစ်လေနှင့် ဤသည်မှာ ညီညီနိုင်၏ သွေးကြောင့်များ မကြူမှာ ကြည့်မရဖြစ်နေခြင်းမျိုးလားဟု မိဖြူတွေးကြည့်မိသည်။

"ဖေဖေနော် သမီးရဲ့သားဟာ ဖေဖေ့ရဲ့ တစ်ဦးတည်းသောမြေးပဲ၊ ဖေဖေ့မှာ မြေးအရင်းကလွဲပြီး ဘယ်မြေးကိုမှ မြေးလို့မသတ်မှတ်ရဘူး"

အတ္တဆန်လွန်းသော မကြူကြောင့် ဝိုင်းချစ်လေးကို စာနာစွာ ထွေးဖက်ထားမိသည်။ စိတ်ထဲတွင် မကောင်းနိုင်တော့ပေ။ ဝိုင်းချစ်လေးမှာ ဖေဖေ့မြေးအရင်းဟုသာ ဖေဖေ သိလိုက်လျှင် မည်သို့ခံစားသွားရပါမည်နည်း။ လောကကြီးတွင် ဖွင့်ပြော၍မရနိုင်သော အမှန်တရားများ စွာရှိတတ်ကြပါလား။ မိဖြူမှာ မကြူ၏ ယောက်ယက်ခတ်ပုံအားကြည့်၍ စိတ်ပျက်နေရလေပြီ။

ဖေဖေသည် မည်သို့မျှမဆိုသော်လည်း မကြူရှေ့တွင် ဝိုင်းချစ်လေးအား ဥပေက္ခာပြုသလောက် မကြူကွယ်ရာတွင် လက်ပေါ်မှမချတော့ပေ။ ဤသည်မှာလည်း မြေးအရင်းဟူသည့် သွေးမှစကားပြောလာခြင်းကြောင့် မေတ္တာသက်ဝင်ချစ်ခင်နေခြင်းပေလား။

"သမီး မဖြူ၊ ကလေးက ကိုယ်နွေးနေပါလား၊ ဆေးခန်းသွားပြဦးလေ"

"မနေ့က ရေချိုးပေးလိုက်တာ အအေးပတ်သွားတယ်နဲ့တူတယ်၊ သမီးကိုယ်တိုင်မလုပ်နိုင်ရင် ကလေးကိစ္စကို ကောင်မလေးတွေနဲ့ လွှဲလို့ကို မဖြစ်ပါဘူး။ သူတို့ကလည်း သိပ်ပြီးလုပ်ချင်ကိုင်ချင်ကြတာ"

စတိုးဆိုင်လေးသို့ ခေါ်သွားမိ၍ မိသူနှင့် စပိုင်တို့မှာ ကလေးကို မြင်သည်နှင့် ငမ်းငမ်းတက် လုချီကြတော့သည်။ ပြီးတော့ ရေအတင်းချိုးပေးကြ၊ အလှဆီကရင်မ်လိမ်းပေးကြနှင့်။ မိဖြူမှာ ဆိုင်မှပစ္စည်းစာရင်းများတွက်နေ၍ သူတို့ကိုလှည့်မကြည့်နိုင်ပေ။ တစ်ခုခုဖြစ်လိမ့်မည်ဟုတော့ ထင်နေ၏။ ထင်သည့်အတိုင်းပင် ကလေး၏ကိုယ်မှာ နွေးလာလေပြီ။ သည်တော့ စိတ်ညစ်ရသူက မိဖြူပါ။ ကလေးအထူးကုဆေးခန်းသို့ ပြေးပြရ၊ ကလေးကို ပြုစုရနှင့် အလုပ်များရတော့သည်။

"အစ်မလည်း ဒီဝမ်းမနာကလေးကြောင့် ဒုက္ခပဲနော်၊ သူ့အတွက် အချိန်ပေးနေရတော့ ကိုယ့်စီးပွားရေး ထိခိုက်တာပေါ့၊ အတူးကို စိတ်မဆိုးနဲ့နော်၊ အတူးက အစ်မကို စာနာလို့ပြောတာပါ"

"ညီမတို့စေတနာကို မဖြူ သိပါတယ်ကွယ်၊ ဒီကလေးကို မဖြူဘက်က ဥပေက္ခာပြုမိရင် သူ့ဘဝလေး ဒုက္ခရောက်သွားမှာပေါ့၊ လူသားအချင်းချင်း စာနာစိတ်နဲ့ ကူညီစောင့်ရှောက်မိတာ မဖြူရဲ့လုပ်ရပ်ကို အမှားလို့ ဘယ်တော့မှမထင်ဘူး။ ဒါကြောင့် မဖြူကို နားလည်ကြပါကွယ်"

အတူးထံမှ စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com

**ဒီကလေးကို မွေးခွင့်ရဖို့အတွက်**
**ကိုယ့်မိသားစုနဲ့ ပတ်ဝန်းကျင်ကို ယုံကြည်အောင်**
**လုပ်ဆောင်ခဲ့ရတယ်၊ လိမ်ညာမှုသား ပြောခဲ့ရတယ်၊**
**နောက်ဆုံး ကိုယ့်ဘဝကိုတောင်**
**ပေးဆပ်ခဲ့ရတယ်လေ . . .**

သည့်အကြည့်ကို ရလိုက်၏။ အတူးသည် ထိုစကားဖြင့် မိမိကို တားဆီးနေခြင်းသည် အကြောင်းတစ်ခုခု ရှိရပေလိမ့်မည်။ ထိုအကြောင်းလေးအား မကြာခင်တွင် မိမိသိခဲ့ရသည်။

"ဒီတစ်သက် အစ်မ အိမ်ထောင်မပြုတော့ဘူးလားဟင်"

"ဒီကလေးရှိနေမှ ဘယ်ယောကျ်ားက တို့ကိုကြည်ဖြူမလဲ အတူးရယ်"

"ဒါပေမဲ့ ကိုတွတ်ကတော့ ပြောပါတယ်၊ မဖြူလုပ်ရပ်က မှန်ကန်တယ်တဲ့၊ သူက ဘာကိုကြည့်ပြီး လက်ခံလိုက်တာလဲ မသိဘူးနော်၊ တကယ်ဆို ကိုယ့်သူငယ်ချင်းပဲ၊ တားဆီးသင့်တာပေါ့"

ထိုစကားလေးကိုတော့ ကျေနပ်သွားမိ၏။ အတွတ်သည် မိဖြူစိတ်ဓာတ်ကိုအသိဆုံးသူတစ်ယောက်ပါ။ ကေဒ္ဒ မိဝါ၏ ရင်သွေးမှန်း သူသိထားခဲ့ပြီလား။ ဆရာဝန်လောင်းတစ်ယောက်ဖြစ်၍လည်း သူ့အပေါ် လိမ်ညာ၍မရမှန်း အလိုလိုသိနေမိပြန်သည်။ သူ့ထံမှ ဖွင့်မေးလာခဲ့သည်ရှိသော် မိဖြူမှာ မည်သို့ဖြေရမည်မသိတော့ပေ။

+++

မမျှော်လင့်သောတစ်နေ့တွင် မိဖြူထံ အတွတ်ရောက်လာလေပြီ။ အတွတ်ကိုမြင်သည်နှင့် မိဖြူမှာ ထိတ်လန့်တုန်လှုပ်သွားမိ၏။ အိမ်သို့ရောက်လာခဲ့သည့်အတွက်လည်း အံ့သြနေ၏။

"ညွှန့်သည်ကို အိမ်ပေါ်မခေါ်တော့ဘူးလား မိဖြူ"

ရောက်ရောက်ချင်း စကားနာထိုးတော့သည်။ ကလေးပုခက်လွှဲနေရင်းမှ အတွတ်ထံ မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"အတွတ်အတွက်ဆိုရင် မိဖြူအိမ်ဟာ အမြဲတမ်း တံခါးဖွင့်လျက်ပါပဲနော်၊ နင်က မိဖြူကို မေ့ထားသူပဲအတွတ်ရယ်"

"ဘယ်သူမှမရှိကြဘူးလား"

အိမ်ထဲသို့ အရိပ်အခြည်လှမ်းကြည့်ပြီး မေးလိုက်၏။ ပြီးမှအတွတ်ထိုင်နေသည့် ဆက်တီခုံနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး.....

"မေမေနဲ့ကိုတိုးက အပြင်ထွက်သွားတယ်လေ၊ ကိုတိုးချစ်သူအိမ်မှာ အလှူလုပ်လို့ သွားစားကြတယ်၊ နင်ရော ဒီနေ့ ကျောင်းမရှိဘူးလား"

"ခုပဲပြန်လာတာ၊ ဆိုင်မှာ အတူးတို့ပဲရှိနေလို့ နင်အိမ်မှာရှိမှာပဲဆိုပြီး ဒီကိုထွက်လာတာ၊ ဒါနဲ့ ဒီကလေးက....."

"မိဝါကလေးပေါ့ အတွတ်ရယ်"

အတွတ်စကားမှာ ရှေ့မဆက်ရပါဘဲနှင့် မိဖြူက ကြားဖြတ်ဝင်ပြောလိုက်သည်။ အတွတ်မှာမအံ့သြပါ။ သို့သော် သူ့မျက်ဝန်းများသည် မိမိထံ ကြင်နာမှုပါသော မျက်ဝန်းအစုံဖြင့် လှည့်ကြည့်ရှာ၏။

"မိဖြူလေ ဒီကလေးကို မွေးခွင့်ရဖို့အတွက် ကိုယ့်မိသားစုနဲ့ ပတ်ဝန်းကျင်ကို ယုံကြည်အောင် လုပ်ဆောင်ခဲ့ရတယ်၊ လိမ်ညာမှုသား ပြောခဲ့ရတယ်၊ နောက်ဆုံး ကိုယ့်ဘဝကိုတောင် ပေးဆပ်ခဲ့ရတယ်လေ၊ ဒီတော့ ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့စကားနဲ့ ပြစ်တင်စကားတွေကို ကျေကျေနပ်နပ်ကြီး ခံခဲ့ရတာပေါ့၊ လူတွေကို မိဖြူ ဘယ်လိုရှင်းပြရမလဲ အတွတ်ရယ်၊ ပြောပါဦး"

စာနာကြည့်လေးများဖြင့် သက်ပြင်းချသံလေးကိုပင် မိဖြူ ကြားလိုက်ရသည်။ သို့သော် အတွတ်မှာ နှုတ်ဆိတ်နေဆဲပင်။

"ဒီကလေးဟာ ကိုယ့်ညီမရဲ့ ကလေးပါဆိုတာ ရင်ထဲမှာအကြိမ်

www.burmeseclassic.com

www.burmeseclassic.com





ကြိမ် ပြောနေမိတယ်၊ မိဖြူ စိတ်မကောင်းဖြစ်မိတာက ဖေဖေနဲ့မကြူတို့ရဲ့ သဘောထားတွေကိုပါပဲ၊ အဖြစ်မှန်ကိုသာ သူတို့သိကြရင် ဒီကလေးအပေါ် ဘယ်လိုသဘောထားလာကြဦးမလဲ၊ အဆိုးမဖြစ်ရင် အကောင်းဖြစ်လာမှာပါ၊ တစ်ခုခုပါပဲလေ''

''ဒီအကြောင်းတွေကို ခုချိန်မှာ ဖွင့်ပြောမနေပါနဲ့တော့ မိဖြူ မွေးစားခွင့်ရနေပြီပဲ၊ ကျေနပ်တော့ပေါ့''

''ကျေနပ်ပါတယ်၊ ဒါပေမဲ့ မိဝါမေးရင် မိဖြူ ဘယ်လိုဖြေရဦးမလဲ မသိဘူးလေ၊ သူ့ကလေးကို မွေးစားထားတဲ့အကြောင်း မိဝါ လုံးဝမသိသေးဘူး အတွတ်''

အတွတ်ထံမှ နားမလည်သည့် မျက်ဝန်းများကို ရင်ဆိုင်လိုက်ရပြန်သည်။

''မိဝါဟာ ဒီကလေးကိုဘယ်လောက်ထိ စိတ်နာနေသလဲဆိုရင် ကလေးရဲ့မျက်နှာကိုတောင် တစ်ချက်မှမကြည့်ခဲ့ဘူးတဲ့၊ ဒီကလေးနဲ့ပတ်သက်ရင် ခပ်ကင်းကင်းနေခဲ့တယ်လေ၊ မိခင်စိတ်မရှိဘူးလို့ပဲ ဆိုရတော့မှာပေါ့''

''အတွတ်မရှင်းတာက သူ့ချစ်သူက ဘယ်ရောက်သွားလို့ တာဝန်မယူနိုင်တာလဲ၊ ဘယ်ကကောင်လဲ''

ထိုမေးခွန်းသည်လည်း ဖြေရခက်နေပြန်၏။ အမှန်ကိုပြော၍ မဖြစ်မှန်းသိ၍ မုသားပြောလိုက်မိသည်။

''သူ့အကောင်က ယုတ်မာပြီး ထွက်ပြေးသွားတာတဲ့၊ ဒီရပ်ကွက်ထဲက မဟုတ်ဘူးလေ၊ အစကတရားစွဲဖို့ စိတ်ကူးသေးတယ်၊ နောက်တော့ ဒီလိုကောင်မျိုးနဲ့ မပတ်သက်ချင်တော့တာနဲ့ ကင်းကင်းနေလိုက်တာသာ အကောင်းဆုံးဖြစ်မှာပါ၊ အတွတ်ရော ဘယ်လိုသဘောရသလဲဟင်''

''သူ့အကြောင်းကိုသိရင် တစ်သက်လုံးရှောင်တာသာ အကောင်းဆုံးပဲဖြစ်မှာပါ၊ ချစ်သူကောင်းတစ်ယောက်မှမဟုတ်ဘဲ၊ ဝမ်းနည်းဖို့မလိုဘူး''

အတွတ်၏သဘောထားလေးကို သိရသည့်နောက် မိဖြူမှာ ပြုံးလိုက်မိသည်။

''မိဝါဟာ စိတ်ခါတ်နိုင်မာတယ်လို့ ဆိုရမှာပဲလေ၊ မိဖြူစီစဉ်ပေးတဲ့အတိုင်း တစ်နယ်တစ်ကျေးမှာ ကလေးတစ်ယောက်ကို သတ္တိရှိရှိ သွားမွေးခဲ့ရှာတယ်၊ စိတ်ချရတဲ့အခြေအနေမျိုးရောက်မှ ဒီကို သူပြန်လာမှာပါ၊ မိဖြူကတော့ မိသားစုနဲ့ပတ်ဝန်းကျင်ကို ယုံကြည်အောင် အမျိုးမျိုး မုသားသုံးခဲ့ရတာပေါ့၊ ကိုယ်မညာချင်တဲ့စကားတွေကို ညာပြောခဲ့ရတယ်၊ မိဝါဘဝလေးကို အဖတ်ဆယ်ခဲ့ရတယ် အတွတ်ရယ်''

ရပ်သွားသော ပုခက်လေးအား ပြန်လွှဲလိုက်ရင်းက အတွတ်ထံလှမ်းကြည့်လိုက်၏။

''ဒီတော့ သူ့ကလေးကို မွေးစားထားတဲ့ ကိစ္စကိုလည်း မိဝါသိပါစေနဲ့တော့၊ ရထားပေါ်က ခေါ်

လာတဲ့ကလေးအဖြစ် သူသိထားရင် ဒီကလေးရဲ့ အနာဂတ်ဟာ လုပလာမှာပါ၊ ဒီကတိကိုတော့ မိဖြူကို ပေးပါ အတွတ်ရာ"

"ဘာကတိလဲ"

"မိဝါကလေးကို မွေးစားထားတဲ့အကြောင်းကိုပေါ့၊ သူမသိစေချင်ဘူး"

အတွတ်သည် ပုခက်ထဲမှ ပိုင်းချစ်လေးအား သွားကြည့်နေ၏။ ပြီးမှ.....

"ကလေးက မိဝါမျက်နှာပေါက်နဲ့ ခပ်ဆင်ဆင်နော်၊ သတ္တလောကမှာ မိဘနဲ့ သားသမီးတွေရဲ့ မမြင်နိုင်တဲ့ သံယောဇဉ်ကြိုးက ရင်ထဲမှာ ရှိနေပြီးသား မိဖြူ၊ သူတို့ရဲ့ အံ့သြစရာကောင်းတဲ့ ဆက်ဆံရေးကို မတွေ့ရဘူးလို့ နင်ပြောနိုင်မလား၊ အဲဒီအခါမှာ တားဆီးလို့လည်း မရဘူးနော်"

"မထင်ပါဘူး အတွတ်ရာ၊ ဟော...သမီးလေးနိုးလာပြီ၊ ဟင်...ရှူးရှူးတွေ ပေါက်ချထားပါလား"

ကလေးအား ပုခက်ထဲမှထုတ်ယူပြီး သေးစိုအဝတ်ကို လဲပေးလိုက်သည်။

"အတွတ် ခဏထိုင်ဦးနော်၊ ဧည့်သည်ကို ဘာမှဧည့်မခံရသေးပါလား။ ဦးဦး ထိုင်ပါဦးနော်လို့ပြောလိုက်လေ သမီးလေး"

ပိုင်းချစ်လေးမှာ မိဖြူလက်ထဲမှနေ၍ အတွတ်အား လိုက်ကြည့်နေရှာ၏။ အဝတ်လဲခြင်းပြီးဆုံးသည့်နောက် အတွတ်ထံသို့ ရောက်သွားလေပြီ။

"အေးသားနော်၊ ကလေးက သန္ဓေကောင်းတယ်"

"နင် ကလေးချီရင်း ခဏလေး စောင့်၊ ငါ ကော်ဖီသွားဖျော်လိုက်မယ်"

"ထိုင်စမ်းပါဟာ၊ ကလေးကြည့်ဖို့လာတာ၊ ကော်ဖီသောက်ဖို့လာတာမဟုတ်ဘူး။ နင့်ကို မေးစရာရှိနေသေးတယ်"

ဘာများလဲဆိုသည့်အကြည့်ဖြင့် စူးစမ်းလိုက်သည်။ အတွတ်လက်ပေါ်မှ ပိုင်းချစ်လေးမှာ မိဖြူကို ရယ်ပြနေရှာသည်။

"မနေ့က အမေ နင့်ဆီကို လာသေးတယ်မဟုတ်လား၊ ဘာလာလုပ်တာလဲ မိဖြူ"

သည့်တော့မှ အမှတ်ရသွား၏။

"ဩော် .....ဒါလား၊ ဒေါ်လုံးက ဒီလိုပဲ လာနေကျပဲဟာ၊ ဘာထူး ဆန်းလို့လဲ အတွတ်ရာ"

"မဟုတ်ပါဘူး၊ ငါသိချင်တာလေးရှိလို့ပါ၊ အမေက နင့်ဆီမှာ ဘာတွေအကူအညီတောင်းခဲ့သလဲ"

"အတူးကို လိမ္မာအောင် သင်ပေးဖို့၊ ငါ့ဆီမှာ အလုပ်လုပ်တာ သူစိတ်ချတယ်ဆိုတဲ့အကြောင်းတွေ လာပြောသွားတာပါ"

"တခြားရော"

"ဟင့်အင်း ဒါပဲပြောပြီး ကလေးကိုကြည့်ပြီး ပြန်သွားတာပဲလေ"

အတွတ်မှာ ခေါင်းလေးကို ခါယမ်းလိုက်၏။

"အမေ့မှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေတယ် မိဖြူ၊ နင့်ဆီမှာအကူအညီမတောင်းတာသေချာရင် ဟုတ်ပါပြီ၊ စောယုနွယ်ဆီမှာ တောင်းတာပဲဖြစ်ရမယ်"

"ဒေါ်လေးက ဘာတွေတောင်းလို့တုံး"

"ငါ့ရဲ့ပညာသင်စရိတ်ပေါ့၊ မိဘမှာမတတ်နိုင်မှန်း ငါသိပြီးသားပဲလေ၊ အခုဟာက တစ်စုံတစ်ယောက်က ငါ့ကျောင်းစရိတ်ကို ထောက်ပံ့နေသလိုပဲ၊ ငါစိုးရိမ်တာက ငါ့အတွက် ထောက်ပံ့စရိတ်တွေဟာ ငါ့ဘဝကို ပိုင်ဆိုင်ဖို့ ကြိုးစားနေတာများလား၊ အချစ်မပါတဲ့အိမ်ထောင်တစ်ခုကို ငါ မတည်ဆောက်ချင်ဘူး မိဖြူ၊ အထူးသဖြင့် စောယုနွယ်အပေါ် သူငယ်ချင်းတစ်ယောက်ထက်မပိုတဲ့ သံယောဇဉ်နဲ့ ထာဝရဆက်ဆံချင်တယ်"

ထိုစကားလေးသည် မိဖြူအတွက် ဝမ်းသာစရာဖြစ်ခဲ့ရလေပြီ။ မိမိသိချင်နေသည့် အတွတ်၏ဆန္ဒ၊ သူ့ရင်ထဲကအချစ်များကို သိလာခဲ့ပေမယ့်လည်း မပျော်နိုင်ချေ။

"ဒါဆို နင်က စောယုနွယ်ကို မချစ်ဘူးပေါ့"

"နှလုံးသားကမပါတဲ့အချစ်တစ်ခုကို ငါမမွေးဖွားချင်ဘူး မိဖြူ၊ တကယ်တမ်းဝန်ခံရရင် ငါ့မှာ ချစ်သူရှိနေပြီးသားပါ"

ချက်ချင်းပင် ဝမ်းနည်းရလောက်အောင် မျက်နှာပျက်သွားရ၏။ အတွတ်ထံတွင် ချစ်သူရှိနေသည့်နောက် မိမိဘာကြောင့် ဝမ်းမသာနိုင်ရပါသနည်း။ ဆေးကျောင်းတွင် ဆရာဝန်မချောချောလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေမည်ပင်။ ထိုအထဲမှ တစ်ယောက်ယောက်သည် အတွတ်၏ ချစ်သူအဖြစ် ကံကောင်းသူပါပဲလား။ အတွတ်ထံ မရှိပြုံးလေးဖြင့် ပြုံးပြမိ၏။

"သူ့ကို ဖွင့်မပြောရသေးပါဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ဖွင့်ပြောပြလိုက်မှာပါ"

ပင့်သက်မျှင်းမျှင်းလေးကိုချလိုက်မိသည်။

"နှင့်ချစ်သူဟာ ကံကောင်းတဲ့ မိန်းကလေးပဲ ဖြစ်မှာပါလေ၊ ချစ်သူဖြစ်သွားကြရင်တော့ ငါ့ဆီခေါ်လာပြဦးနော်"

"ခေါ်လာမှာပေါ့ မိဖြူရာ၊ ကဲ.. ငါပြန်တော့မယ်၊ သမီးလေးရေ... တာ့တာ"

ကလေးမှာ ဘာမှနားမလည်ပါ။ သူ့ထံမှ ပိုင်းချစ်လေးအား လွှဲပြောင်းယူပြီးနောက် အိမ်ပေါက်ဝသို့လိုက်ပို့ရင်း ရပ်ကြည့်ကျန်ရစ်ခဲ့ရသည်။

"အတွတ်ရယ် ငါ့ရင်ထဲကို ဝေဒနာတွေများစွာ ထားရစ်ခဲ့ပြန်ပြီလား။ နင်ပေးခဲ့တဲ့ဝေဒနာဟာ ရင်နဲ့အမျှ ခံစားနေရဦးမှာပါကွယ်၊ ဒါကြောင့်လည်း အတူးကပြောတာနေမှာ၊ ကလေးတစ်ယောက်နဲ့ငါ့ကို ဘယ်ချစ်သူက ကြည်ဖြူချင်ပါ့မလဲတဲ့၊ ဒုတိယအကြိမ် ငါ့နှလုံးသားတွေ ကွဲကြေလုမတတ် ခံစားနေရပါပြီလေ"

ပိုင်းချစ်လေး၏မျက်နှာအား ပါးနှင့်ထိကပ်ထားပြီးနောက် နွေးထွေးစွာ ထွေးပိုက်ချီပိုးထားမိ၏။ ဒီကလေးနှင့်သာ မိမိဘဝက အဆုံးသတ်ရတော့ပေမည်။

+++

"သမီး မဖြူရေ ပိုင်းချစ်လေးကို နွယ်နီမောင်လို့ နာမည်ပေးရအောင်ကွယ်၊ ဒီကလေးက စနေသမီးလေးဆို"

"ဟုတ်တယ် ဖေဖေ၊ သူ့အမေနဲ့ စကားစပ်မိပြီး ပြောပြသွားတာ၊ နေ့သိလို့ တော်သေးတာပေါ့"

ဒါတွေသည် မိဖြူ ဖန်တီးထားသည့် ဇာတ်ကွက်များပဲဖြစ်၍ နွယ်နီမောင်ဟု အမည်ပေးခြင်းအား မကန့်ကွက်ခဲ့ပါ။ ကန့်ကွက်သူကတော့ မကြူပင်ဖြစ်သည်။

"ဦးဝင်းမောင်ရဲ့ မျိုးဆက်တွေမှာ ကြူကြူမောင်၊ ဖြူဖြူမောင်၊ တိုးတိုးမောင်နဲ့ ဝါဝါမောင်အပြင် မျိုးဆက်သစ်ဆိုလို့ ကောင်းရာဇာတစ်ယောက်ပဲရှိတယ်နော်၊ ဘယ်သူ့ကိုမှ ဦးဝင်းမောင်ရဲ့ မျိုးဆက်သစ်ထဲ အဝင်မခံနိုင်ဘူး"

"ပိုင်းချစ်လေးဟာ အခုဆိုရင် ဖြူတို့မိသားစုစာရင်းဝင် ဖြစ်သွားပါပြီ၊ မကြူ သဘောတူတူ၊ မတူတူ ဖေဖေခွင့်ပြုဖို့ပဲ လိုအပ်ပါတယ်၊ ဖြူပြောချင်တာက မကြူ့ဘက်က သားသမီးချင်း ကိုယ်ချင်းစာပြီး ပိုင်းချစ်လေးကို စောင့်ရှောက်စေချင်ပါတယ်"

မကြူသည် မိဖြူထံ နှုတ်ခမ်းကို အစွမ်းကုန်မဲ့လိုက်ပြီး ပြတ်ပြတ်သားသားပင် ပြောချလိုက်သည်။

"ဒီမှာ ဖြူ၊ ဒီကလေးကိုမွေးစားတယ်ဆိုတာ ဖြူ့သဘောနဲ့ဖြူခေါ်လာတာနော်၊ ဘယ်သူ့သဘောတူညီချက်မှ ပါလာတာမဟုတ်ဘူး၊ ကြူတို့နဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ ဝါဝါလာရင်လည်း ကြူလိုပဲသဘောထားဦးမှာ၊ ဒီကလေးကို မွေးစားတယ်ခိုကတည်းက ဂြိုဟ်ဝင်တာပဲ၊ ဖေဖေလည်း အကောင်းကြီးကနေ နေထိုင်မကောင်းဖြစ်လာတယ်၊ ဝါဝါတောင် ပြန်မလာဘဲ နေတာကြည့်လေ၊ ကိုတိုးလည်း ဒီအိမ်ကထွက်သွားတော့မယ်"

"မဆိုင်လိုက်တာ မကြူရာ၊ ကိုတိုးက သူ့ချစ်သူနဲ့ လက်ထပ်ပြီး ထွက်သွားမယ့်ဟာကို၊ ဝါဝါလည်း မကြာခင်မှာ ပြန်လာတော့မှာပါ"

မိဝါပြန်မလာသည့်အကြောင်းရင်းကို မနေ့ကမှ သက်မှာ ဖုန်းဆက်လာ၏။ သက်မှာအမျိုးများရှိသည့် ပုဂံညောင်ဦးသို့ လိုက်လည်မည့်အတွက် နောက်ထပ် ရက်မည်မျှကြာမည်မှန်း ကြိုမပြောနိုင်ပေ။ သက်မှာပါလိုက်သွားသည့်အတွက် စိတ်မချနိုင်စရာအကြောင်းမရှိပေ။ မိဝါလေး နေချင်သလိုသာ နေပါစေတော့။ သူလေး စိတ်ချမ်းသာဖို့သာ အရေးကြီး၏။ သက်မှာအား မိဝါလေးပျော်သလောက်နေစေရန် လိုအပ်သမျှကို ပံ့ပိုးပေးခဲ့သည့် သူ့အဖြစ်ကို မကြူက မသိရှာပေ။

"ဒါပေမဲ့ ဒီကလေးရောက်လာမှ တို့မိသားစုတွေ ပြိုကွဲကုန်ကြပြီမဟုတ်လား၊ ဒီကလေးဟာ ဂြိုဟ်ဆိုးတစ်ကောင်ပဲ၊ စနေဂြိုဟ်မွေးတာ

www.burmeseclassic.com

www.burmeseclassic.com



က ပိုဆိုးတယ်၊ သူ့ကြောင့် တစ်ယောက်ပြီးတစ်ယောက် ဒုက္ခဖြစ်ရတာ''

ဖျာပေါ်တွင်လေးဘက်ထောက်သွားနေသည့် ပိုင်းချစ်လေးက ဘာမှမသိရှာပေ။ သူ့အား မကြည်ဖြူသူကိုပင် တခစ်ခစ်ရယ်ပြနေရှာသေးသည်။

''အကောင်းဆုံးကတော့ ဒီကလေးကို မွေးစားမယ့်သူရှိရင် ပေးလိုက်တာ အကောင်းဆုံးပဲ၊ ဒါမှမဟုတ်ရင် ငွေပေးပြီး တောမှာမွေးစားခိုင်းလိုက်ပါလား၊ ကြူပြောနေတာ ဖြူ့အတွက်နော်''

မကြူမှာ ညီမဖြစ်သူအားပြန်ချော့၏။ သူပြောသလို မည်သို့မျှ မဖြစ်နိုင်ပါ။ ကိုယ့်အမျိုးရင်းတစ်ယောက်အား သူစိမ်းလက်ထဲသို့ မိဖြူ မပေးအပ်နိုင်ပေ။ ပေးရဲသည့်သတ္တိလည်း မရှိချေ။

''နော် လိမ္မာပါတယ် ဖြူရာ၊ ဒီကလေးကို တခြားလူတွေဆီကို ပေးဖို့ မကြူ စီစဉ်လိုက်မယ်နော်၊ ငွေပေးပြီး မွေးခိုင်းတဲ့သဘောပါကွာ၊ သူ့ဆီ အချိန်မရွေးသွားနိုင်တယ်၊ ကြည့်နိုင်တယ်''

''ဟင့်အင်း၊ ဖြူ မလုပ်ပါရစေနဲ့၊ ပိုင်းချစ်လေးအပေါ် သံယောဇဉ်တွယ်နေပါပြီ မဖြူရယ်၊ သူလေးဟာ ဖြူ့သမီးလေးလို့ သဘောထားလိုက်မိပါပြီ၊ မသိနားမလည်တဲ့ ကလေးငယ်လေးအပေါ် မရက်စက်ချင်ပါနဲ့တော့''

''တောက်...နင် သိပ်ခက်ပါလား၊ နင့်အတွက်ငါပြောနေတာ၊ နားလည်မှုပေါ့''

ဖခင်သည် သမီးနှစ်ယောက်၏ မသင့်မြတ်မှုကြောင့် စိတ်ညစ်ပြီး အိပ်ခန်းထဲ ပြန်ဝင်သွားရှာသည်။ မကြူမှာ မတော်သည့်အပြင် ရက်စက်သည့်လုပ်ရပ်ဖြင့် အနိုင်ယူလို၏။ မိဖြူမှာ မှောက်နေသော ပိုင်းချစ်လေးအား ကောက်ယူချီကာ....

''ဖြူ့ကို နားလည်ခွင့်လွှတ်ပေးပါတော့ မကြူ၊ ဖြူ့ဘဝမှာ ဒီသမီးလေးနဲ့ပဲ အသက်ရှင်သန်ပါရစေတော့၊ ဖြူ အိမ်ထောင်ပြုဖို့လည်း စိတ်ကူးမရှိတော့ပါဘူး''

''တောက်.....ကိုယ့်ဘဝတက်လမ်းကို ကိုယ်ကိုယ်တိုင် ပိတ်ဆို့ထားတာပဲ၊ အေးလေ၊ ပြောမရလည်း နင့်သဘောပေါ့''

နောက်ဆုံးတော့ မကြူပင် လက်လျှော့သွားရလေပြီ။ သည်တော့ ညီမအပေါ် စကားမအောင်မြင်းမှာ ပိုင်းချစ်ကြောင့်ဟု ယူဆပြီး ကလေးအပေါ် အငြိုးတကြီးဖြင့် မုန်းတီးလာတော့သည်။ မိဖြူအလစ်တွင်.....

''ကဲ.....ငိုဦးဟယ်၊ ငိုဦး၊ နင်က သူများအိမ်ကိုလာပြီး ဗိုလ်ကကျနေသေး၊ ပါးစပ်ကို ပြနေတာပဲ၊ အမျိုးယုတ်မလေး''

ပြောလည်းပြော၊ ရိုက်လည်းရိုက်နှင့် လက်စွမ်းပြတော့၏။ ထိုအခါမျိုးတွင် မိဖြူမှာ ကိုယ့်ကိစ္စကို အသာထားကာ ပိုင်းချစ်ရှိရာသို့ ပြေးလာရတော့၏။

''ကလေးကို မရိုက်ပါနဲ့ မကြူရယ်၊ ကလေးက ဘာသိဦးမှာလဲ၊ သနားပါတယ်''

မိဖြူလက်ပေါ်မှ ငိုမဲ့မဲ့နှင့် ပိုင်းချစ်လေးမှာ မည်မျှအသားနာကျင်ခဲ့ပြီမသိပေ။ တစ်ခါတစ်ရံငိုရှာသည်။

''တိတ်ပါ ကလေးရယ်၊ နောက်ကို မင်းလေးအသားမနာအောင် ရှေ့ကနေ အကာအကွယ်ပေးသွားမှာပါကွယ်၊ တိတ်တော့နော်''

ပခုံးပေါ်တွင် ခေါင်းလေးကို တင်ပြီး ထွေးဖက်ထားမိ၏။ မိဖြူ၏ ပခုံးပေါ်မှ ပိုင်းချစ်လေးမှာ ငိုလျက်နှင့်ပင် အိပ်ပျော်သွားရှာ၍ ပုခက်လေးထဲသို့ ပြောင်းရွှေ့သိပ်လိုက်ရသည်။ ခြောက်လသားအရွယ် ကလေးငယ်လေး၏ပေါင်ရင်းတွင် မကြူ၏လက်ဖြင့် ရိုက်ထားသည့် ဒဏ်ရာမှာ ပျောက်ကွယ်မသွားပေ။ ထို့ကြောင့်လည်း နာကျင်လွန်း၍ ငိုနေခြင်းပဲဖြစ်ပေမည်။

''သနားစရာကလေးရယ် ..၊ တော်တော်နာရှာမှာပဲနော်''

အကျီလေးကို လှန်ကြည့်ပြီး မိဖြူမှာ မျက်ရည်ကျခဲ့ရ၏။ မကျေနပ်၍ ပြောလျှင်လည်း စကားများရုံသာရှိတော့မည်။ အတ္တကြီးသော မကြူအား မကျေမနပ်ဖြစ်မိသည်ကတော့ အမှန်ပါ။ သို့နှင့် ဖခင်ကြီးအား ပြောပြမိ၏။

''ဩော်...သမီးကြီး...သမီးကြီး၊ သူ့သားထက် ပိုင်းချစ်လေးကို ပိုခင်တွယ်သွားမှာစိုးရိမ်ပြီး မလုပ်ထိုက်တာကို လုပ်နေရှာတာပဲ၊ လောဘ၊ ဒေါသကြောင့် မောဟဆိုတဲ့ အမိုက်မှောင်ထဲကို ရောက်နေမှန်း မသိလေရှာသလား''

www.burmeseclassic.com

www.burmeseclassic.com



တရားအသိလေးဖြင့် ဆုံးမချင်သော်လည်း သမီးကြီးက မိမိအား အပြစ်တင်စကားမျိုး ပြောလာပေဦးမည်။ ဦးဝင်းမောင်မှာ ပိုင်းချစ်လေးအတွက် စိတ်မကောင်းဖြစ်မိပေမယ့် သမီးကြီး ငြိုငြင်မည်စိုး၍ မပြောချင်တော့ပေ။

"သည်းခံလိုက်ပါကွယ်၊ တစ်နေ့နေ့မှာ သည်းခံခြင်းတရားကို သူကိုယ်တိုင် နားလည်လာမှာပါ၊ အဲဒီအချိန်ကိုပဲ ဖေဖေတို့ စောင့်မျှော်ကြရအောင်လား"

"အဲဒီအချိန်ကို မရောက်ခင်မှာ ပိုင်းချစ်လေးကိုယ်မှာ ဒဏ်ရာဒဏ်ချက်တွေ ထပ်နေတော့မှာပေါ့ ဖေဖေရယ်"

ဖခင်ကြီး၏ သက်ပြင်းချသံသဲ့သဲ့ကို ကြားနေရ၏။ ထို့အတူ မိဖြူမှာလည်း သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ရလေပြီ။ သို့တိုင် ရင်ထဲမှာ ပေါ့မသွားခဲ့ပေ။

+++

"ဟင်.....သူက အိမ်ထောင်ကျသွားပြီလား"

စတိုးဆိုင်မှ ပိုင်းချစ်လေးနှင့်အတူ အိမ်သို့ပြန်အလာတွင် မိဖြူ၏အနီးသို့ ထိုးရပ်လာသည့် ကားပေါ်မှ စောယုနွယ်က နှုတ်ဆက်ရင်းဖြင့် မေးလာ၏။ ကားထဲတွင် အတွတ်ကိုမတွေ့ရပေ။ ဒရိုင်ဘာနှင့် သူမတို့နှစ်ဦးတည်းသာ ရှိနေကြသည်။

"ဩော်.....စောယုနွယ်ပါလား၊ ဆေးကျောင်းကပြန်လာတာလား၊ အတွတ်ရောမပါဘူးလား"

အတွတ်ဟု ငယ်နာမည်ကိုခေါ်လိုက်၍ စောယုနွယ်မှာ မျက်မှောင်လေးကိုကြုတ်ကာ စဉ်းစားနေပုံကြောင့် ထိုအမည်သည် သူမနှင့် စိမ်းမည်မှာ သေချာနေ၏။

"ဟန်ဝေထွဋ်ကိုပြောတာပါ စောယုနွယ်"

သည်တော့မှ ဖြူဖွေးညီညာသော သွားများကို အစွမ်းကုန်ပြုံးပြပြီး.....

"ထွဋ်ကကျန်ခဲ့တယ်လေ၊ ဒယ်ဒီ့ဆီမှာ စာသွားမေးပြီး ဒယ်ဒီ့ကားနဲ့ ပြန်လိုက်လာမှာပါ"

စောယုနွယ်၏ ကြွားဝါခြင်းမရှိသောစကားမှာ မိဖြူအတွက် အားငယ်စေရပြန်သည်။ သူမထံ နှုတ်ခမ်းကို ကွေးရုံသာပြုံးပြီးနောက် နှုတ်ဆက်စကားဆိုလိုက်မိ၏။

"တို့ကို ခွင့်ပြုပါဦး စောယုနွယ်"

"နေဦး ဖြူဖြူမောင်၊ အစောမရှင်းတာလေး မေးချင်သေးတယ်၊ ဒီကလေးက ဖြူဖြူမောင့်ရဲ့ကလေးလားဟင်"

ဒုတိယအကြိမ် မေးလာသည့် မေးခွန်းလေးအား ပြန်မဖြေ၍ မဖြစ်တော့ပေ။ စောယုနွယ်သည် မိမိ၏ အဖြေစကားလေးအား မျှော်လင့်တကြီး ကြားချင်နေပုံမျိုး တွေ့ရ၏။

"ဟုတ်ပါတယ်၊ တို့အိမ်ထောင်ကျသွားပါပြီ စောယုနွယ်"

ဝမ်းသာအယ်လဲမျက်နှာကြီးဖြင့် စိတ်ချမ်းသာသွားပုံမျိုး။ စောယုနွယ်မှာ ကားပေါ်မှ မိဖြူရှိရာသို့ ဆင်းလာ၏။

"ဟယ်.....မင်္ဂလာဆောင်တာဘာဖြစ်လို့ တို့ကိုမဖိတ်တာလဲ၊ ထွဋ်ကလည်း မပြောဘူးကွာ"

အတွတ်အား မျှော်လင့်နေဆဲဖြစ်ကြောင်း မိဖြူ သိလိုက်မိ၏။ စောယုနွယ်အပေါ်တွင်ထားသော အတွတ်၏သဘောထားလေးကို မိဖြူ သိခဲ့ပြီးသားပါ။ သို့ပေမယ့် စောယုနွယ်မှာ တကယ်ပဲ မသိ၍လား၊ မသိချင်ယောင်ဆောင်နေသလား ကာယကံရှင်မှပင် သိပါလိမ့်မည်။ ပြီးတော့လည်း အတွတ်ချစ်နေသည့် မိန်းကလေးမှာ စောယုနွယ်မဟုတ်ကြောင်း သိထားခဲ့သလို မိမိကလည်း အတွတ်၏ချစ်သူမှ မဟုတ်ဘဲလေ။ ပေါင်းဆုံခွင့်မရှိသည့် ချစ်ခြင်းတစ်ခုအား ခုကတည်းက ပြတ်သားလိုက်ခြင်းသည်သာ အကောင်းဆုံးပဲဖြစ်ပါလိမ့်မည်။

"ဒါနဲ့ ဖြူဖြူမောင့်အမျိုးသားက ဘာလုပ်လဲဟင်"

"အရောင်းအဝယ်သမားပါပဲ၊ ရန်ကုန်နဲ့နယ် ကူးချည်သန်းချည်ပေါ့"

"ကလေးက ချစ်စရာလေးနော်၊ ဘယ်လောက်ရသွားပြီလဲ"

"ခုနစ်လထဲမှာပါ"

ဖွံ့ဖွံ့ထွားထွားနှင့် ချစ်စရာ ပိုင်းချစ်လေးသည် မြင်သူတိုင်းချစ်ကြသည့် ပါရမီရှိသူလေးပါ။ ယခုလည်း စောယုနွယ်မှာ ပိုင်းချစ်လေးကိုချီရန် လက်ကမ်းပေးလာ၍ ဝမ်းသာအားရ လိုက်ပြန်သည်။ သေး

www.burmeseclassic.com


စိုမည်စိုး၍ ချီခွင့်မပြုခဲ့။

"အကူအညီလိုရင်ပြောပေါ့ ဖြူဖြူမောင်ရယ်၊ ထွင့်လည်းရှိနေတယ်၊ အစောလည်းရှိနေတာပဲ၊ ကလေးအတွက် ကုသိုလ်ဒါနလေး လုပ်မှာပါ"

"ကျေးဇူးတင်ပါတယ် စောယုနွယ်၊ သမီးက ကျန်းမာရေးကောင်းနေတော့ တော်ရုံတန်ရုံဖြစ်ရင် ဆေးခန်းတောင် သွားစရာမလိုပါဘူး။ ပြီးတော့ သူ့အဖေကလည်း ဆေးခန်းတို့၊ ဆေးရုံတို့ဆို ကြောက်တယ်"

ထိုစကားလေးကြောင့် စောယုနွယ်မှာ သဘောကျစွာရယ်တော့သည်။ ဆရာဝန်မရှေ့တွင် မိဖြူမှာ ဘာကြောင့်များ အပိုစကားများကို ပြောမိပါလိမ့်။

"တချို့က ရှေးရိုးအစွဲအလမ်းကြီးတတ်ကြတယ်လေ၊ တကယ်တော့ ဆေးရုံ ဆေးခန်းတို့ဆိုတာ လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်နေတဲ့ နေရာတွေပါပဲ၊ ဒါကို မင်းက ကိုယ့်အမျိုးသားကို ရှင်းပြပေးရမှာပေါ့"

"သူက တစ်ယူသန်ကြီး စောယုနွယ်"

နေပူပူတွင် ရပ်၍စကားပြောနေကြသည့်အတွက် မိဖြူမှာ စကားစကို ဖြတ်လိုက်ရတော့သည်။ မိမိထက် ကလေးက နေပူမိ၍မဖြစ်ပါ။

"စကားလည်းကောင်း၊ နေကလည်းပူနဲ့ နောက်တော့မှထပ်တွေ့ကြတာပေါ့နော်"

"ကောင်းပါပြီ ဖြူဖြူမောင် အစောလည်း သွားတော့မယ်"

နှုတ်ဆက်၍ ကားလေးပေါ်သို့ ပြန်တက်သွားလေတော့သည်။ မိဖြူမှာ ရပ်ကြည့်ကျန်ခဲ့ရင်း ကားလေး အတော်ဝေးဝေးသို့ရောက်မှပင် ထီးလေးကိုဖွင့်ဆောင်း၍ လျှောက်လာမိ၏။ အိမ်ထောင်ကျသွားပြီဟု မိမိ ပြောလိုက်စဉ်က ဝမ်းသာဝင်းလက်သွားသော မျက်နှာလေးမှာ မျက်စိထဲမှပင် မထွက်တော့ပေ။

"အတွတ်ရယ် နင်ဟာ စောယုနွယ်နဲ့ ချစ်သူဖြစ်သင့်တယ်၊ နင် ချစ်သူရွေးမှားသွားပြီဟာ"

လူတစ်ယောက်၏ဘဝကို ချုပ်ကိုင်နိုင်ပေမယ့် သူ၏နှလုံးသားအား ချုပ်ကိုင်၍မရနိုင်ပါ။ အထူးသဖြင့် အချစ်သည် အမိန့်ပေး၊ တားဆီးနိုင်သော အရာမျိုးမဟုတ်ပါ။ လူတစ်ယောက်၏ ချစ်ခြင်းအား မြှုဆွယ်၊ သိမ်းပိုက်၍ မရနိုင်ပေ။ နှလုံးသားမှ လက်ခံခြင်းအား မည်သူမျှ တားဆီးပိုင်ခွင့်မရှိချေ။

"အလို.....ဒီသားအမိ ဘယ်ကပြန်လာကြတာလဲ"

ကြီးကြီးမြနှင့် သူ့သမီးတို့အား ဆိုက်ကားတစ်စီးဖြင့် တွေ့လိုက်ရ၏။

"ဆိုင်ကလာကြတာပါ၊ ဒါနဲ့ ကြီးကြီးမြတို့ကရော ဘယ်ကပြန်လာတာလဲ"

"ညည်းညီမ မနက်ဖြန် ဘွဲ့ယူရမယ်လေ၊ သူပန်ဖို့ ခြံထဲမှာ ပန်းသွားဝယ်ပြီး ပြန်လာတာ၊ ကြည့်ပါဦး အဖြူရယ်၊ ဒီပန်းလေးငါးပွင့်ကို သုံးထောင်တောင်ပေးရတယ်"

ခင်လှလှ၏လက်ထဲတွင် ပလတ်စတစ်ဖြင့်ထုပ်ပိုးထားသော သစ်ခွပွင့်ကြီးငါးပွင့်ကို ကြည့်မိ၏။ ဆိုက်ကားမှာ ရပ်ပေးထားသည်။

"ဘွဲ့ယူပန်မှာပဲဟာ၊ ပေးရမှာပေါ့ ကြီးကြီးမြရယ်၊ တန်ပါတယ်၊ ကြီးကြီးမြအတွက်ရော ပန်းမပါဘူးလား"

"ကျုပ်တို့က အဘွားကြီးဖြစ်နေပါပြီအေ၊ အဖိုးတန်ပန်းမျိုး ပန်စရာမလိုတော့ပါဘူး။ စံပယ်ပန်းတွေ တစ်ရာဖိုးလောက်ပန်ရင်ဝေနေတာပဲ"

"ဘယ်တူပါ့မလဲကြီးကြီးမြရဲ့"

ကြီးကြီးမြမှာ အသက် ၆၀ ပြည့်နေပေပြီ။ အငယ်ဆုံးသမီး ခင်ခင်လှမှာ မိဖြူထက် နှစ်နှစ်ခန့်ငယ်၏။

"အဲဒါပဲကြည့်တော့ မဖြူရာ၊ အမေက သိပ်ကပ်စေးနဲတာပဲ၊ စံပယ်နဲ့သစ်ခွ ဂုဏ်ချင်းမှမတူတာ"

"ပိုက်ဆံကုန်တယ်အေ့၊ အခုတောင် ညည်းအတွက် နှစ်ပွဲစာ အထည်ချုပ်ရ၊ ပန်းဖိုး၊ မိတ်ကပ်ဖိုး၊ ဆံပင်ပြင်ခတွေ၊ အင်္ကျီချုပ်ခတွေ၊ ဖိနပ်နဲ့ ပစ္စည်းငှားခတွေ စုလိုက်ရင် သုံးသောင်းလောက်ရှိနေပြီ၊ ဒါတောင် ကားငှားခ မပါသေးဘူး၊ ပြော်.....ဓာတ်ပုံဖိုးရှိသေးတယ်"

"တော်ပါတော့ အမေရယ်၊ ဘွဲ့ယူတာက တစ်သက်မှာ တစ်ခါသာ ယူရတာပါ၊ ညည်းမနေပါနဲ့တော့၊ ဦးလေး ဆိုက်ကားတွက်တော့နော်"

သားအမိနှစ်ဦးမှာ ပွစိပွစိနှင့် မိဖြူကိုနှုတ်ဆက်၍သွားကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်..နေပူထဲမှာ ကလေးတော့ ဖျားပြီးနာစေးတော့မှာပဲနော်၊ အိမ်မြန်မြန်ပြန်မှပါပဲ၊ နို့မဟုတ်ရင် ဒီနေ့အဖို့ အိမ်ကိုပြန်ရတော့မှာ မဟုတ်ဘူး"

လမ်းတွင် အသိနှင့်တွေ့မည်ကိုပင် စိုးရိမ်နေရလေပြီ။ ထို့ကြောင့် ခပ်သုတ်သုတ် ပြန်လာခဲ့ရတော့၏။ အိမ်ပေါ်သို့အတက်တွင်

"မဖြူ ပိုင်းချစ်လေးကိုပေးလေ"

ကိုတိုးနှင့်အတူ သူ့ချစ်သူ မေမြတ်ဆွေကို တွေ့ရ၏။ ဖခင်ကြီးရှိနေပါလျက်နှင့် ကိုတိုးသည် သူ့ကောင်မလေးအား အလည်ခေါ်လာခြင်းမျိုးလား။ အခန်းဝတွင် စုပုံထားသည့် အဝတ်သေတ္တာအား တွေ့ရသည့်နောက် မိဖြူမှာ ချောက်ချားသွားရလေပြီ။ ကလေးကို မေမြတ်ဆွေထံပေးပြီး အံ့ဩသော မျက်ဝန်းလေးများဖြင့် အခန်းဝသို့ စူးစိုက်ကြည့်လိုက်မိ၏။

"မဖြူ ကျွန်တော်နဲ့ဆွေတို့ ဒီနေ့ပဲ တရားရုံးမှာ လက်ထပ်ခဲ့ကြပြီးပြီ၊ ဒါကြောင့် ဆွေ့ကို အိမ်ခေါ်လာတာ"

"ဘုရားရေ၊ ဒါဆို မေမြတ်ဆွေမိဘတွေက စိတ်ဆိုးကြမှာပေါ့၊ ကိုတိုးရာ နင် မျက်နှာပျက်အောင် ဘာတွေလျှောက်လုပ်နေတာလဲ၊ ငါတို့ကို တိုင်ပင်ပါတော့လားကွယ်"

မေမြတ်ဆွေဘက်ကို စာနာစိတ်ဖြင့် ပြောလိုက်မိသည်။ သို့သော် မေမြတ်ဆွေမှာ ကိုတိုး၏ လုပ်ရပ်ကို ရှင်းပြပေးလေသည်။



"ဒီလိုပါ မဖြူ၊ ဆွေ့အိမ်က ပိုက်ဆံရှိတဲ့ တစ်ခုလပ်တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်လာတာနဲ့ ကို့နောက်ကို လိုက်လာခဲ့တာပါ၊ ဆွေ့ဆန္ဒနဲ့ပါ မဖြူရာ၊ အိမ်ကိုလည်း လက်ထပ်ပြီးကြောင်း စာရေးထားခဲ့တယ်၊ ခုလောက်ဆို သိကြပြီးရောပေါ့"

ဖခင်ကြီးထံလှမ်းကြည့်ပြီး ပင့်သက်လေးကို ချလိုက်မိသည်။ လူဟူသည် အချစ်စိတ်ကြောင့် သတ္တိတွေ ရှိတတ်ကြ၏။ ခွန်အားသစ်များဖြင့် အနာဂတ်ကို ကျော်ဖြတ်ရင်ဆိုင်ရဲတတ်ကြသူများပင်။ မေမြတ်ဆွေလို သတ္တိများ မိမိထံတွင် မရှိခဲ့ပေ။ ထိုသတ္တိများ ရှိရန်အတွက်လည်း မိမိတွင် ချစ်သူမှ မရှိခဲ့ဘဲလေ။ အားကျစိတ်လေးတော့ ဖြစ်ပေါ်မိ၏။

"ဖေဖေ့ဆန္ဒကရောဟင်"

ဖခင်ကြီးသည် သားကိုတစ်လှည့်၊ ချွေးမကိုတစ်လှည့်ကြည့်ကာ.....

"သူတို့က သူတို့ရဲ့ ကိုယ်ပိုင်ဦးနှောက်နဲ့ ဆုံးဖြတ်ခဲ့ကြပြီးပြီပဲ၊ ဖေဖေတို့က မိန်းကလေးရှင်ဘက်ကို ကျေနပ်အောင် လုပ်ပေးရတော့မှာပေါ့ကွယ်"

ထိုစကားသည် မိမိ၏တာဝန်ဖြစ်ကြောင်း ဖခင်ကြီးမှ အသိပေးပြောကြားလိုက်သလိုပင်။ မိသားစုအရေးသည် ငြိမ်သက်နေရာမှ ပြန်လည်လှုပ်ရှားလာပြန်၏။ ရေပြင်ထဲ ခဲတစ်လုံး ပစ်ချလိုက်သည့်နှယ် မိမိရင်ကို ဂယက်ရိုက်ခတ်လာခဲ့သည်ကတော့ အမှန်ပါ။

"ဒါဆိုလည်း မကြူးနဲ့တိုင်ပင်ပြီး စီစဉ်ကြရတာပေါ့နော်"

အသစ်စက်စက် ဇနီးမောင်နှံနှစ်ဦးမှာ မိမိစကားကြောင့် ကျေနပ်သည့် အပြုံးကိုယ်စီဖြင့် ဝမ်းသာရွှင်မြူးသွားကြလေပြီ။ မိမိမှာသာ ဟင်းခနဲ သက်ပြင်းမောကို ချလိုက်မိတော့သည်။

ရွှေလသောက်စပ်ပါရှိန်

ဝေလေးဟာဂျူပြင့် ...

ထက်ထက်ဦးမိ

www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းသူ/ကျောင်းသားများအတွက် ယတြာအဆောင် ကျောက်မြတ်စေတီရပြီ

✻ ဉာဏ်ရည်ထက်မြက်ပြီး ကျက်ဉာဏ်၊ မှတ်ဉာဏ် ပိုကောင်းလာစေဖို့ ✻ စာကျက်လျှင် အိပ်ငိုက်ခြင်း/ခေါင်းမူးခေါင်းကိုက်ခြင်းမဖြစ်ဘဲ အာရုံစူးစိုက်မှု ပိုကောင်းလာဖို့ ✻ စိတ်မငြေ၊ အပေါင်းအသင်းမမှားဘဲ ပညာကိုသာ ကြိုးစားသင်ယူစေဖို့ ✻ ဆရာ၊ မိဘတို့၏ပြောစကား နားထောင်လာစေဖို့ ✻ လိမ္မာကျိုးနွံ ယဉ်ကျေးလာဖို့ ✻ ကျန်းမာရေးကောင်းမွန်ပြီး သေးရှည်ထင်းစေဖို့ ✻ ခြေဆိုသမျှစာမေးပွဲများကို ထူးချွန်စွာအောင်မြင်စေဖို့။ တရင်ပြည့်နှယ်မှ ရေဝေဘူရသေ ဦးပညာသိန္ဓိ၏ ဂုဏ်ရည်ပညာဖြင့်စီရင်ထားသော ယတြာအဆောင် ကျောက်မြတ်စေတီငယ်များကို စာကြည့်စားပွဲနှင့် အနီးဝန်းကျင်အမြင့်မှာ ထင်ထား ပူဇော်ပါမြင် အကျိုးထူးစေသည်။ **ဆရာကြီးဦးအောင်မြင့်** (ဥပဒေသွဲ)၊ [လက္ခဏာဗေဒင်ပညာသုတေသီ]၊ အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ၀၉ ၃၀၁၇၈၀၀၅၅၊ ၀၉ ၇၃၀၀၅၉၂၂၄၊ ၀၉ ၅၈၆၂၈၄၃၊ ၀၉ ၅၁၇၇၆၂၂။ ၀၉ ၂၅၂၃၀၆၆၇၅၅၊ ၀၉ ၂၆၀၄၄၄၈၀၀၊ ၀၉ ၇၉၅၆၀၇၄၈၅။ [တနိုင်းသတ်သာ အသူ(၄၅)သား၊ ဦးရာလူရစည်။]

✻ ယုံကြည်အားကိုးမှုသာလာခဲ့ပါ ✻

## အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၅၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ ဆရာကြီးဆရာလှ အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား ဆရာဦးရဲဝင်း

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊

ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းလည်နေရာ**

၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊

အမှတ် (၄၃) ဝေဟာသီကားစီး၍ဗွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ၊

ဖုန်း - ၀၉ ၇၃၀၀၀၂၅၁၊ ၀၉ ၂၅၄၄၉၃၁၀၉

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်၊)

အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



[illegible]
[အရာတစ်ခုရှိနေပေသည်။ ထိုအရာသည်]
ချစ်ခြင်း၊ မုန်းခြင်း၊ အောင်မြင်ခြင်း၊ ကျရှုံးခြင်းနှင့်တကွ ငြိမ်းချမ်းပျော်ရွှင်မှုတို့ကပါ ဖန်တီးနိုင်ပေသည်။ ထိုမျှအရေးပါသော အရာသည် ရတနာတမျှ အဖိုးတန်၍ ဘဝတစ်ခုကိုကောင်းစွာဖန်တီးနိုင်သော အရာသာလျှင် ဖြစ်နေပေသည်။ ထိုအရာသည် ယခုဆိုသောကာလပင်ဖြစ်သည်။

# သရက်တန်းစိုးရွှေ (စိတ်ပညာ)

# ကောင်းမှုက လက်တစ်ကမ်းမှာပါ



www.burmeseclassic.com

မသုံးမဖြစ်သုံးရသည်မှာ စကားဖြစ်သလိုပင် အာဟာရအတွက် အားထားရဆုံးအရာမှာ အစားပင်ဖြစ်နေပေသည်။ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်ဟု ဆိုစမှတ်ပြုကြစတမ်းဆိုပါက အပြောမတတ်သော စကားကြောင့် နစ်နာမှုတို့မှာ ပိုမိုပင်များပြားနေပေမည်။ အသိနှင့်သတိတို့ မိတ်ဆွေဖွဲ့ပါမှ စကားတို့က ယဉ်ကျေးတတ်ကြပေသည်။ ထို့အတူပင် အသိနှင့်သတိတို့ မိတ်ဆွေမဖွဲ့သမျှ နှုတ်မှထွက်သောစကားသည် ရိုင်းစိုင်းမှုများဖြင့် အရုပ်ဆိုးသွားတတ်မြဲပင်ဖြစ်ပေသည်။

လူဟူသည် အပူနှင့်တော့ မကင်းတတ်ပါချေ။ သို့တစေ လူနှင့်လူချင်း ပြောဆိုဆက်ဆံခြင်းတွင်မတော့ ယဉ်ကျေးချိုသာသောစကားကိုသာလျှင် အလိုရှိတတ်ကြပေသည်။ တစ်နည်းအားဖြင့် လူသားဟူသည်မှာ ပစ္စုပ္ပန်ပေါ်တွင် ရင်ဆိုင်ဖြတ်သန်း ရုန်းကန်နေကြရသည့် ဘဝခရီးသွားများပင်ဖြစ်ပေသည်။ ထိုခရီး၊ ထိုလမ်းတွင် အတူတူသွားကြရသည့် ခရီးသွားဖော်အချင်းချင်း ယဉ်ကျေးချိုသာစွာ ဆက်ဆံခြင်းဖြင့် အမြတ်ယူကြရပေမည်။ နွေဟုဆိုပါက နေ၏အလင်းနှင့်အပူကို ကိုယ်စားပြုသကဲ့သို့ပင် လူယဉ်ကျေးဟုဆိုသမျှ အပြောအဆို၊ အပြုအမူ ယဉ်ကျေးခြင်းများက ကိုယ်စားပြုမြဲပင်ဖြစ်ပေသည်။

တစ်ရက်၏သဘာဝသည် နာရီ၊ မိနစ်၊ စက္ကန့်များကို ကျော်နင်းလာခြင်း၏ ရလဒ်ပင်ဖြစ်ပေသည်။ ထို့အတူပင် တစ်ဘဝဟူသည်မှာလည်း ပစ္စုပ္ပန်လေးများကို ဖြတ်သန်းကျော်နင်းသွားခြင်းလုပ်ရပ်တို့ပင်ဖြစ်ပေသည်။ ဘဝတစ်ခုကို သုံးသပ်၍ အရှုံးအမြတ်တွက်ကြေးဆိုပါက ယာယီတိုင်းတာသည့် စံပေတံတော့ ရှိကြရပေမည်။ သို့အတွက် တွေးကြည့်သမျှ ပစ္စုပ္ပန်ကာလတိုင်း၊ ကာလတိုင်း စိတ်ချမ်းသာဖို့က အဓိကကျနေတတ်ပေသည်။

အသိတို့ရင်းရသည့် ဘဝနေထိုင်နည်းတွင် စကားကြားခံ မှန်ကန်နိုင်ရေးနှင့် လောကကိုအလှဆင်ရန် စိတ်ဓာတ်မှန်ကန်နေဖို့ အရေးကြီးလှပေသည်။ စိတ်ဓာတ်မှန်ထား အကြောင်းများကောင်း အလှပေါင်းစုရေးအတွက် အရာရာတိုင်း အလေးထားပြုရမည့်အရာမှာ သည်းခံခြင်းသာလျှင်ဖြစ်ပေသည်။ သည်းခံခြင်းနှင့်အတူ ဘဝဟူသောအရာကို တိုးတက်အောင်ပြုရေးအတွက် မှန်ကန်သောသဘောထားတို့ကိုလည်း လက်ကိုင်ပြုကြရပေမည်။

မေတ္တာတရားသည် ပေးသူရော၊ ယူသူရော နှစ်ဦးစလုံးကို ငြိမ်းအေးချမ်းမြေ့စေတတ်ပေသည်။ မေတ္တာကို အခြေခံသမျှဘဝသည် လှလာတတ်ပေသည်။ ထို့အတူပင် လောကငြိမ်းချမ်းရေးအတွက်လည်း အကောင်းဆုံးတရားဆေးတစ်ခွက်ပင်ဖြစ်ပေသည်။

ပန်းသည် ကိုယ်တိုင်မွှေးပျံ့သည့်အတွက် ခူးဆွတ်သူ၏လက်ကိုပါ မွှေးရနံ့စွဲထင်စေတတ်ပေသည်။ ထို့အတူပင် စိတ်ထဲမှ နှစ်နှစ်ကာကာဖြင့် မေတ္တာပို့သသော အလုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေဟု ရွတ်ဆိုမှုပြုကြည့်ပါက မိမိ၏စိတ်တွင် အရင်ဦးစွာ ငြိမ်းချမ်းမှုအရသာကို ခံစားကြရပေသည်။

အတ္တထက် ပရကို အလေးသာချိန်တွင် လေးနက်ရင့်ကျက်မှုကို စတင်ပေါက်ဖွားသည်ဟုပင် ဆိုထားတတ်ပေသည်။ အပြောအဆို၊ အလုပ်အကိုင်နှင့်တကွ ဆက်ဆံရေးမှန်သမျှတို့တွင် အတ္တကိုပယ် ပရလွယ်ရင်း လက်ငင်းဆောင်ရွက်ပါက လက်တွေ့ကာလသည် စိတ်ချမ်းသာခြင်းဟူသော သင်္ကေတကို ပြဆိုညွှန်းနေပေလိမ့်မည်။

စိတ်ဆင်းရဲခြင်းဒုက္ခမှာ ဘဝသစ္စာဖြစ်၍ မလွှဲမရှောင်သာဘူးဆိုသည့်တိုင်အောင် စိတ်ညစ်ညူးခြင်းကတော့ သင်နှစ်သက်လို့ ရွေးချယ်မှပါဆိုသည့်စကားအတိုင်း စိတ်ညစ်မှုသည် မိမိလက်ခံမှသာ ရရှိသည့်အရာပင် ဖြစ်နေတတ်ပေသည်။ မပြုအပ်သောအမှုကို မပြုခြင်းသည် ပြုအပ်သော ကောင်းမှုကို ပြုလုပ်ပြီးခြင်းမည်တတ်ပေသည်။ မည်မျှပင် သောကတွေ့နေပါစေ အကောင်းဆုံးကိုမျှော်လင့်ခြင်းဖြင့် ဖြေဖျောက်နိုင်ပါပေသည်။

ကံကောင်းဖို့အရေးအတွက် စိတ်ကောင်းလေးမွေးဖို့က ပထမလိုအပ်ချက်ပင်ဖြစ်ပေသည်။ ကောင်းသည့်စကားကိုဆိုပါ၊ သင့်မိခင်ရဲ့ဂုဏ်ကို မြင့်စေပါလိမ့်

www.burmeseclassic.com

www.burmeseclassic.com



ည်။ ကောင်းတဲ့အကျင့်ရှိပါစေ၊ သင့်ဖခင်ရဲ့ဂုဏ်ကို မြှင့် စေပါလိမ့်မည်ဟုပင် ဆိုထားတတ်ပေသည်။

မွေးခြင်းရှိသကဲ့သို့ ဆန့်ကျင်ဘက် သေခြင်းလည်း ရှိ၍ အသွားရှိသလိုပင် အပြန်ဟူသောအရာ ရှိနေတတ်ပေသည်။ အသွားအပြန်၊ အလျားအနံတို့ ရှိမြဲရှိနေသော သာဓကများအကြားတွင် ကိုယ်စိတ်ကောင်းထားသမျှ သူ့ထံမှ အဆိုးပဲ့တင်လာခဲ့ပါမူ တွေးယူဖွယ်အကြောင်း စကားကောင်းတို့ ရှိနေပေသည်။ ထိုအရာသည်ကား ကိုယ့်မေတ္တာ သူ့ဆီတကယ်မရောက်သေးလို့ သူ့မေတ္တာ ကိုယ့်ဆီပြန်မလာသေးတာပါဟူသော စကားသာလျှင် ဖြစ်ပေသည်။

စိတ်ဓာတ်အထက်တန်းကျပါက လူလည်းအထက်တန်းကျနိုင်ပါပေသည်။ အလေ့ထဲမှအကျင့်၊ အသင့်ဆိုတာကို ခေါင်းပေါ်တင်ရင်း ကောင်းမြတ်ခြင်းတို့ကို ပြုလုပ်နိုင်ပေသည်။ လူမှုရေးဆိုသောအရာသည် လူတွေရှိနေသမျှ လုပ်ရမည့်တာဝန်တစ်ရပ်မို့ စိတ်ကောင်းတို့ဖြင့် ပြုလုပ်သင့်လှပါပေသည်။ ဘဝနှင့်လက်တွေ့ ထပ်တူကျရေးအတွက် ထားရမည့်သဘောထားတစ်ရပ်မှာ ကိုယ်တွေးတာကောင်းကင်၊ ကိုယ့်လုပ်ရပ်က မြေကြီးတော့မဖြစ်ဖို့ လိုအပ်လှပါပေသည်ဟူသော သဘောထားပင် ဖြစ်ပေသည်။

ဒုက္ခနှင့်တွေ့သမျှ မကြောက်ရ။ ရင်ဆိုင်မှုနှင့် စကြရမည်ဖြစ်ပေသည်။ လောကကို အလှဆင်ရေးအတွက် မြတ်စွာဘုရား ဟောကြားထားသော တရားများ ရှိနေပေသည်။ ထိုတရားမှာ ဤလောကတွင် အခွင့်အရေးကောင်းကို လက်မလွှတ်ကြပါစေနှင့်။ လက်လွှတ်သွားပါက တွေးတွေးပြီး နောင်တရတတ်ပေသည်။

အခွင့်အရေးကောင်းဆိုတာ အဝေးကြီးမှာမဟုတ်။ မိမိ၏လက်တစ်ကမ်းမှာ ရှိနေပါသည်။ ပစ္စုပ္ပန်အချိန်အတွင်း လက်တွေ့ကောင်းမှုပြုလုပ်ကာ လောကကို အလှဆင်ကြပါစို့။ ကောင်းမှုက ကိုယ့်လက်တစ်ကမ်းတွင်ပင် ရှိနေတာမို့ ယခုလက်တွေ့လုပ်လိုက်ကြပါစို့ဟုပင် တိုက်တွန်းလိုက်ချင်ပါတော့သည်။

**သရက်တန်းစိုးမွေ့ (စိတ်ပညာ)**

---


# ခရသင်း၊ သမင်ဖြူ

**ခရသင်း၊ သမင်ဖြူ၊ မျေ၊ ငဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက်နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကို ကုသပေးပါသည်။**

**ခရသင်း၊ သမင်ဖြူ ဆားဆေး၊ လိမ်းဆေး၊ နေ့လစဲနံ့ ဖိုက်ချပ်လိမ်းဆေး၊ အဆီကျသောက်ဆေး၊ သွေးသန့်ဆေး၊ ယားနာလိမ်းဆေးများကို နယ်မှ မှာယူနိုင်ပါသည်။**

**ဆက်သွယ်ရန်လိပ်စာ**

**ခရသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်**

**– တိုက်(၁) အခန်း(၁၁၁)၊ ၄–လွှာ၊ စက်ရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၁–၂၀၀၄၉၁၊ ၀၉–၅၀၄၁၂၃၈။**


www.burmeseclassic.com

www.burmeseclassic.com



"လူသည် လူကျင့်ဝတ်ကို ထိန်းသိမ်း၍ တရား ဥပဒေစည်းဘောင်ကို မကျော်လျှင် တရားဥပဒေနှင့် မသက်ဆိုင်"

"လူကျင့်ဝတ်ကို မထိန်းသိမ်းဘဲ လူနှင့်တူအောင် မနေလျှင် တရားဥပဒေနှင့် သက်ဆိုင်ရလိမ့်မည်။"

(မှုသတ်ကျမ်း)

# ဝမ်းချောင်းဝန်းကို ဘီလူးရယ်သံ

www.burmeseclassic.com

www.burmeseclassic.com



"ကျိမ်း....."

အင်းစိန်ထောင် မိန်းတံခါးမကြီးနှစ်ချပ် ပွင့်သွားသည့်အသံသည် အသည်းငယ်သူများအဖို့ တုန်လှုပ်ဖွယ်ရာအတိပင်။ ပြစ်မှုကြွေးများ ပေးဆပ်ရမည့်သူများအတွက်လည်း ကြောက်မက်ဖွယ်ပင်။

"ချွင်.....ချွင်"

"ချွင်.....ချွင်"

သံခြေကျင်းသံ တချွင်ချွင်ဖြင့် ထောင်ဘူးဝမှတစ်ဆင့် မိန်းလမ်းမကြီးတစ်လျှောက် ဖြည်းညင်းစွာ လျှောက်လာသော အကျဉ်းသားတစ်ဦးကို မွန်းတည့်နေရောင်၏ အလင်းများဖြင့် တွေ့မြင်နေရသည်။

ဘေးတစ်ဖက်တစ်ချက်မှ ခြံရံလိုက်ပါလာသော အကျဉ်းထောင်ဝန်ထမ်းနှစ်ဦးအလယ်မှ ဖြည်းညင်းစွာ လျှောက်လှမ်းနေသော အကျဉ်းသားတစ်ဦး၏ မျက်နှာပြင်ထက်ဝယ် တုန်လှုပ်ခြင်းအတိ ပေါ်လွင်နေသည်။

လျှောက်လှမ်းနေကြရာမှ အကျဉ်းထောင်၏ တစ်ခုသော သေဒဏ်ကျအကျဉ်းသားများထားရှိရာ ကြိုးတိုက်အခန်းငယ်တစ်ခုရှေ့တွင် ရပ်လိုက်ကြသည်။

"ဂလောက်....."

"ဂျောက်....."

"ကျွီ....."

ပိတ်ထားသော သံတိုင်တံခါးမှသော့ဖွင့်သံ၊ တံခါးပွင့်သွားသံများ ပြိုင်တူထွက်ပေါ်လာသည်။

"ကဲ.....အဲဒါ မင်းနေရမယ့် အခန်းပဲ"

အကျဉ်းထောင်အရာရှိ၏ပြောသံအဆုံး ပါလာသောအကျဉ်းသားအား ကြိုးတိုက်အခန်းထဲသို့ တွန်းသွင်းလိုက်ပြီး တံခါးအား ပြန်ပိတ်လိုက်ကြသည်။

"ဘုရားတရား မမေ့နဲ့ဟေ့"

ကြိုးတိုက်အခန်းထဲမှအကျဉ်းသားအား လှမ်းပြောလိုက်ရင်း အခန်းဝမှ ပြန်ထွက်သွားကြသည်။

မှောင်မည်းနေသော ကြိုးတိုက်ခန်းထဲဝယ် စိတ်အားငယ်စွာ ရောက်ရှိနေသော အကျဉ်းသား၏မျက်ဝန်းများသည် ဂနာမငြိမ်၊ ကြောက်ရွံ့မှုများ လွှမ်းမိုးလျက် ရှိနေသည်။

ကုန်လွန်ခဲ့သော ကာလများဆီဝယ် အပျော်ရက်များ၊ ပီတိများစွာဖြင့် လူ့ဘဝ၏ လောကစည်းစိမ်ကို သူအပြည့်အဝ ခံစား၊ စံစားခဲ့ရသည်။ ယခုအခါတွင်တော့ သူမနေချင်သော၊ မရောက်ချင်သော နေရာသစ်ဆီသို့ မဖိတ်ခေါ်ဘဲ ရောက်ရှိခဲ့ပေသည်။

တကယ်တော့ ဘယ်သူမပြု မိမိမှုဆိုသကဲ့သို့ မိမိပြုသောကံ မိမိပြန်ခံရသည်မှာ ဆန်းသည်တော့ မဟုတ်ပေ။

ကြိုးတိုက်ခန်း၏ ထောင့်ကျဉ်းလေးတွင် သူ အားပျော့စွာ ထိုင်ချလိုက်သည်။ မျက်ဝန်းအစုံကိုမှိတ်၍ လွန်လေပြီးသော အတိတ်ဆီသို့ သူ၏စိတ်အလျဉ်သည် လျင်မြန်စွာ ပြေးလွှားသွားတော့သည်။

+++

"အောက်အီးအီးအွတ်"

အရှေ့ဆီမှ ရောင်နီပျို့လာခြင်းနှင့်အတူ လင်းကြက်တို့၏ တွန်ကျူးသံကြောင့် ပြုံးချိုတစ်ယောက် ဖျတ်ခနဲ နိုးလာသည်။

ညက ရွာတောင်ပိုင်းမှ ကာလသားများ အပျော်ချက်စားသော ကြက်သားဟင်းနှင့်အတူပါဝင်သော ချက်အရက်များကြောင့် ခေါင်းမထူနိုင်အောင်ဖြစ်၍ အိမ်သို့ဘယ်လိုရောက်လို့ရောက်မှန်း မသိခဲ့ပေ။

အိပ်ရာထရန် ခေါင်းထူလိုက်ပေမယ့် ညကသောက်ခဲ့သော သူရာရည်များ၏အစွမ်းက မပြယ်သေး။

သို့ပေမယ့် လယ်ထဲဆင်းဖို့ တာဝန်က ရှိနေသေးသည်မို့ အားယူထရင်း ရေကပြင်ဆီသို့ ထွက်လာခဲ့သည်။

ဇနီးသည် မမြခင်ကတော့ အစောကတည်းက နိုးနေဟန်တူသည်။ ကိုပြုံးချို လယ်ထဲမဆင်းခင် စားသောက်ရန် နောက်ဖေးမီးဖို

www.burmeseclassic.com

www.burmeseclassic.com

ချောင်ဝယ် ခွေးတလုံးလုံးနှင့် ချက်ပြုတ်နေသည်ကို တွေ့ရသည်။

"ကိုပြုံးချို တော် လယ်ထဲသွားရဦးမယ်မဟုတ်လား၊ ဒီမှာ တော်စားဖို့ ထမင်းကြမ်းနဲ့ ငါးခြောက်ဖုတ်၊ အိမ်ရှေ့မှာ ရေနွေးအိုးတည်ပြီးသားရှိတယ်၊ တစ်ခါတည်းစားသွား"

ဖနီးသည်၏ ဆီမန်း မန်းသလို ရေရွတ်ပြောဆိုသံများ နားထောင်ရင်း မျက်နှာကမန်းကတန်းသစ်ကာ အသင့်ပြင်ထားသော ထမင်းကြမ်းနှင့် ငါးခြောက်ဖုတ်ကို ရေနည်းနည်းဆမ်းပြီး ပလုတ်ပလောင်းစားပစ်လိုက်သည်။

"ဖြည်းဖြည်းစားတော်ရေ၊ နင်လည်းသွားဦးမယ်"

ပြုံးချို၏စားနေပုံကို လှမ်းကြည့်နေသော ဖနီးသည်၏အသံကြောင့် ထမင်းကို လက်စသတ်ပြီး.....

"အေးပါကွာ၊ ခုလည်းပြီးပါပြီ၊ လယ်ထဲကို စောစောဆင်းရဦးမယ်ကွ၊ မနေ့က မိုးလေးအတော်ရွာလို့ လယ်ထဲ ရေအတော်ရမှာ၊ နွားတွေလည်း အေးအေးဆေးဆေးခိုင်းလို့ရတာပေါ့၊ တဲ.....မြခင်ရေ သွားပြီ"

ပြောပြောဆိုဆိုဖြင့် လယ်ထဲသို့ထွက်ခွာသွားသော ခင်ပွန်းသည်၏ကျောပြင်ကိုကြည့်ရင်း မမြခင်တစ်ယောက် မသိမသာ သက်ပြင်းရှိုက်လိုက်မိသည်။

ကိုပြုံးချိုတစ်ယောက် အိမ်မှုဝတ္တရားများ ကျေပွန်သလောက် သူငယ်ချင်းအပေါင်းအသင်းများအပေါ်



**လူတကာ**
**မျက်ရည်ပေါက်**
**ကြီးငယ်ကျလေ**
**ပြုံးချို ပျော်လေ၊**
**ရယ်မောလေဖြစ်သည်။**
**မမြခင်လည်း**
**လင်တော်မောင်ကို**
**မနိုင်သည့်**
**အတူတူ**
**ဖြစ်ချင်ရာဖြစ်ဆိုပြီး**
**...**

ဆက်ဆံပုံက တစ်မျိုးဖြစ်ကြောင်း မမြခင် မကြာခဏ တွေ့မြင်ရသဖြင့် ထိုကဲ့သို့ သက်ပြင်းရှိုက်မိခြင်းဖြစ်သည်။

သူငယ်ချင်း၊ မိတ်ဆွေများအပေါ် မထင်ရင်မထင်သလို လက်ပါတတ်၊ ရိုက်တတ်နှက်တတ်သော သူ့စိတ်ဓာတ်ကြောင့် မမြခင် မျက်နှာပျက်ရပေါင်းများလှပြီ။

တစ်ခါကလည်း ဝိုင်းဖွဲ့ပြီး အိမ်မှာစားကြသောက်ကြ၊ ရယ်ကြမောကြနှင့် ပြောနေရင်းက ဘယ်လိုကဘယ်လို သူ့လက်ကပါသွားသည်မသိ။ တစ်ဖက်ကလူကို ပုလင်းနှင့်ခေါင်းရိုက်ခွဲလိုက်သဖြင့် ရုံးရောက်ဂါတ်ရောက်နှင့် အတော်

www.burmeseclassic.com



ရှင်းလိုက်ရသည်။ ငွေလည်းအတော်ကုန်သွားသည်။

နောက်တစ်ခုက ကိုပြုံးချို၏ ရုပ်ရည်ဖြစ်သည်။ မျက်နှာက နာမည်နှင့်မလိုက်ဖက်။ နာမည်ကပြုံးချို၊ မျက်နှာက ဘီလူးမျက်နှာ။ လေးထောင့်စပ်စပ်၊ အသားမည်းမည်းနှင့် ကျောက်ပေါက်မာများကပါသေး။ ရယ်လိုက်ရင် ဘီလူးတစ်ကောင်ရယ်သည့်အတိုင်း။ ကွမ်းဝါးထားသော သွားရဲရဲနီများနှင့် မြင်ရသူအပေါင်း ပြန်လည်ပြေးချင်လောက်အောင် ကြောက်စရာကောင်းလှသည်။

သည်ကြားထဲ စိတ်ဓာတ်ကလည်း အမြဲအသာစီးယူရမှ ကျေနပ်သောစိတ်ဓာတ်ပင်။

လူတကာ မျက်ရည်ပေါက်ကြီးငယ်ကျလေ ပြုံးချို ပျော်လေ၊ ရယ်မောလေဖြစ်သည်။ မမြခင်လည်း လင်တော်မောင်ကို မနိုင်သည့်အတူတူ ဖြစ်ချင်ရာဖြစ်ဆိုပြီး လွှတ်ထားလိုက်သည်။

ဒါပေမဲ့ မိသားစုနှင့် ပတ်သက်ရင်တော့ အတော့်ကိုကောင်းသည်။ မမြခင်အပေါ် လိုလေသေးမရှိ လင့်ဝတ္တရားကျေပွန်စွာ လုပ်ပေးရှာသည်။ သားသမီးနှစ်ယောက်အပေါ်တွင်လည်း ချစ်လိုက်တာ တုန်နေသည်။

သည်နေ့လည်း အိမ်အတွက် မနေ့ကတည်းက လုပ်ကိုင်ပေးထားသော ထင်းခွဲ၊ ရေခပ်၊ လျှော်ဖွပ်တာတာအစ လုပ်ကိုင်ပေးပြီးသောကြောင့် လယ်ထဲသို့ စောစောဆင်းသွားခြင်းဖြစ်သည်။

"မြခင်ရေ ဟေး.....မြခင်"

အိမ်ရှေ့ဆီမှ အသံကျယ်ကျယ်နှင့် သူ့နာမည်ခေါ်သံကြားသဖြင့် မမြခင် ကမန်းကတန်း အိမ်ပေါက်ဝသို့ ပြေးထွက်ကြည့်လိုက်သည်။

"ဩော်.....ဒေါ်ပုမပါလား၊ ဆို.....ဘာကိစ္စ"

"ကိစ္စကတော့ အတော်အရေးကြီးတယ်"

"ဘာအရေးကြီးလို့လဲတော့်၊ တော့်ယောက်ျားကြီး နောက်မိန်းမယူသွားလို့လား"

မမြခင်စကားကြောင့် ဒေါ်ပုမ မျက်နှာကြီးရှုံ့မဲ့သွားသည်။

"အမယ်လေး.....အိမ်ကယောက်ျား နောက်တစ်ယောက်ယူလို့ကတော့ ယူသွားစမ်းပါစေ၊ ပုမတို့က လိုက်ခေါ်လိမ့်မယ်မထင်နဲ့၊ ပစ်ထားလိုက်မယ် သိလား၊ အခုလာတာက ငါ လုပ်ငန်းတစ်ခုလုပ်ချင်လို့ နင့်ဆီက ငွေနည်းနည်းလှည့်မလို့လာတာ"

ဒေါ်ပုမစကားအဆုံး မမြခင်တစ်ယောက် မျက်စောင်းထိုးလိုက်ရင်း

"အဒေါ်ကတော့ လုပ်ပြီ၊ ဟိုတလောကပဲ ကုန်ဝယ်ဖို့ဆိုပြီး ကျုပ်ဆီက ငါးသောင်းလာလှည့်သွားသေးတယ်မဟုတ်လား"

"ဟဲ့...အဲဒါက ဟိုကိစ္စ၊ အခုက နောက်ကိစ္စတစ်ခု"

"ကိစ္စတွေကလည်း တစ်ခုပြီးတစ်ခုပါလား အဒေါ်ရဲ့၊ မပြီးနိုင်ဘူးလား"

"မပြီးနိုင်ဘူးဟေ့၊ အခုကိစ္စ ကပိုအရေးကြီးလို့၊ အရောင်းအဝယ်လေးတစ်ခု စပ်တူလုပ်မလို့၊ အဲဒါ ငွေလိုလို့ နင့်ဆီလာတာ"

စကားပြောရင်း မောသွားဟန်ဖြင့် မမြခင်ရှေ့တွင် ချထားသောရေနွေးအိုးထဲမှ ရေနွေးတစ်ခွက်ငှဲ့၍ မော့သောက်လိုက်သည်။

မမြခင်က အိမ်၏ဝင်ငွေ တစ်ဖက်တစ်လမ်းမှရအောင် ငွေပိုငွေလျှံလေးများကို အတိုးယူ၍ချေးသည်။

တစ်ဖက်က ချေးသည့်လူကိုလည်း ပွင့်ပွင့်လင်းလင်းပြောပြီးပေးသည်။ ဒါပေမဲ့ လူ့သဘာဝအရ အချို့သောသူများသည် ယူတော့ ပြုံးပြုံး၊ တောင်းတော့မုန်းဆိုသောစကားကဲ့သို့ ငွေပြန်ပေးကာနီးတွင် ဟိုနေ့ရွှေ့၊ ဒီနေ့ရွှေ့နှင့် ရှောင်တတ်ကြသည်။

ထိုအခါ ပြုံးချိုနှင့် တွေ့တော့သည်။ ပထမ ကောင်းကောင်းမွန်မွန်ပြောကြည့်သည်။ မရရင်တော့ ထုံးစံအတိုင်း လက်ပါတော့သည်။

နောက်ဆက်တွဲအကျိုးဆက်က ရုံးရောက်၊ ဂါတ်ရောက်ပေါ့။

မမြခင် သက်ပြင်းတစ်ချက်ထပ်မံချရင်း ဒေါ်ပုမလိုသောငွေများ ထုတ်ပေးရင်း.....

"အတိုးတော့ မှန်မှန်ပေးနော် အဒေါ်၊ ကျွန်မတို့လည်း ဒါလေးကရတဲ့ငွေနဲ့ အိမ်စရိတ် တစ်ဖက်တစ်လမ်းက ဖြည့်နေရတာ"

"အေးပါအေ ငါသိပါတယ်၊ ကဲ.....ငါပြန်မယ် မြခင်"

www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆိုနှင့် ထပြန်သွားသော ဒေါ်ပုမကို မမြခင် တစ်ချက်စိုက်ကြည့်ရင်း ခေါင်းယမ်းလိုက်မိသည်။

+++

ခြစ်ခြစ်တောက်ပူသော နေရောင်အောက်တွင် ပြုံးချိုတစ်ယောက် နွားနှစ်ကောင်နှင့် လုပ်ငန်းခွင်ဝင်နေရာမှ ကောင်းကင်ကိုမော့ကြည့်လိုက်တော့ နေမွန်းတည့်နေချေပြီ။

"အင်း...နေတောင်မွန်းတည့်နေပြီပဲ၊ ခဏနားရင်း ထမင်းလေးဘာလေး စားဦးမှပါပဲ"

နွားနှစ်ကောင်အား လယ်ထဲတွင် ထွန်တုံးဖြုတ်ပြီး ခပ်လှမ်းလှမ်းဆီမှ ညောင်မုတ်ဆိတ်ပင်ကြီးအောက်သို့ လျှောက်လာခဲ့သည်။

"ဟူး.....ပူလိုက်အိုက်လိုက်တာ တကယ်ပါပဲ၊ ဒီညောင်ပင်အောက်ရောက်မှပဲ အေးသွားတော့တယ်၊ မြခင် ဘာဟင်းတွေ ထည့်ပေးလိုက်ပါလိမ့်"

တစ်ယောက်တည်းရေရွတ်ရင်း အိမ်မှပါလာသော ထမင်းထုပ်လေးအား ဖြေကာ ထမင်းစားရန် ပြင်ဆင်လိုက်သည်။

"မြခင်တို့ကတော့ လုပ်ပြီ၊ ထုံးစံအတိုင်း ငါးခြောက်ဖုတ်နဲ့ ကန်စွန်းရွက်ကြော်ပါပဲလား၊ ဘာဟင်းဖြစ်ဖြစ် ငါလည်းဗိုက်ဆာနေတာနဲ့ အတော်ပါပဲ၊ ဗိုက်ဝဖို့ အရေးကြီးတယ်"

အရိပ်အာဝါသကောင်းလှသော ညောင်မုတ်ဆိတ်ပင်ကြီးအောက်တွင် ထမင်းထိုင်စားနေသော ပြုံးချိုတစ်ယောက် လေလေးတဖြူးဖြူးနှင့် အတော်ဇိမ်ကျနေသည်။



"ဒေါက်.....ဂလောက်"

နောက်ကျောဘက်ဆီမှ တစ်စုံတစ်ခု သူ့ကျောကုန်းအား လာမှန်ပြီး အောက်သို့ကျသွားသံကိုကြားလိုက်ရသည်။

ပြုံးချို လှည့်ကြည့်လိုက်သည်။ ကွင်းကျင်တွင် မည်သူ့မျှမတွေ့ရ။ ဘေးဘီဝဲယာနှင့် အပေါ်သို့ မော့ကြည့်ရာတွင်လည်း ဘာမှမတွေ့ရသဖြင့် သူ့စိတ်ထဲက ဇဝေဇဝါဖြစ်ကာ ဝေ့ဝိုက်၍ သစ်ပင်ပေါ်မှ သစ်ကိုင်းသေးသေးလေးများ၊ ညောင်သီးလေးများ ပြုတ်ကျတာနေမှာဟု ယူဆပြီး ထမင်းကို ဆက်စားလိုက်သည်။

"ဒေါက်.....ဒေါက်"

"ဂလောက်.....ဂလောက်"

ဒီတစ်ခါတော့ ကျောကုန်းကို ခပ်ပြင်းပြင်းလေး နှစ်ချက်လာမှန်သဖြင့် ပြုံးချို နောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

သူနှင့်ခပ်လှမ်းလှမ်း ညောင်မုတ်ဆိတ်ပင်ကြီး၏တစ်ဖက် ခပ်မှောင်မှောင်နေရာတွင် အသက် ၉ နှစ်နှင့် ၁၀ နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် မျက်နှာငယ်လေးနှင့် သူ့ထံကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ဟာ...ကလေးနှစ်ယောက်ပါလား၊ ငါစောစောက လိုက်ကြည့်တုန်းက မတွေ့မိပါဘူး၊ အခုမှ ဘယ် ကရောက်လာပါလိမ့်"

စိတ်ထဲမှ တွေးလိုက်ရင်း ကလေးများဆီသို့ လှမ်းကြည့်လိုက်သည်။ ကလေးများက မျက်နှာငယ်လေးများဖြင့် လက်များဖြန့်၍ သူ့ဆီမှ ထမင်းဟင်းများ စားချင်သည့်ပုံစံဖြင့် ကြည့်နေသည်ကို တွေ့ရ၏။

"စားချင်လို့လား"

ပြုံးချိုက စားလက်စ ထမင်းထုပ်လေးအား မြှောက်ပြရင်း လှမ်းမေးသည်။ ကလေးနှစ်ယောက် တစ်ပြိုင်နက်တည်း ခေါင်းလေးများ ညိတ်ပြကြသည်။ သူ့မှာလည်း သားသမီးများရှိသဖြင့် ကိုယ်ချင်းစာစိတ်ဖြင့် ကိုယ်ချင်းစာစိတ်ဖြင့် ကျန်ရှိနေသော ထမင်းဟင်းများအားလှမ်း

www.burmeseclassic.com

www.burmeseclassic.com



ပေးရင်း လာယူရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။ ကလေးများက ခေါင်းခါပြီး နဂိုနေရာမှာပဲထိုင်နေကြသည်။

"အင်း...ငါ့ကို ကြောက်လို့နဲ့တူတယ်"

စိတ်ထဲမှ တွေးလိုက်မိသည်။

"ဗိုက်ဆာနေကြရောပေါ့။ ငါပဲသွားကျွေးလိုက်တာ ကောင်းပါတယ်"

ပြုံးချို ထသွားပြီး ကလေးနှစ်ယောက်နှင့် မလှမ်းမကမ်းတွင် ထမင်းနှင့်ဟင်းများချပေးပြီး ပြန်လှည့်လာကာ သူနဂိုထမင်းစားရာနေရာတွင် ထိုင်ချပြီး လှမ်းကြည့်လိုက်သည်။

ကလေးနှစ်ယောက် သူချပေးထားသော ထမင်းနှင့်ဟင်းများကို မြိန်ရေရှက်ရေ စားနေကြသည်ကို တွေ့ရသည်။

ခဏနေတော့ ထမင်းစားနေကြသော ကလေးများဆီမှ ခဲလုံးသေးလေးဖြင့် လှမ်းပေါက်သည်ကို တွေ့ရသဖြင့် ကြည့်လိုက်ရာ သူတို့ထိုင်နေသော နောက်ဘက်မြေကွက်လပ်လေးကို လက်ညှိုးထိုးပြနေကြသည်။

ပြုံးချို နားမလည်စွာ ငေးကြည့်ရင်း အဓိပ္ပာယ်ရှာမရဖြစ်နေသည်။

"ဘာတွေထိုးပြနေကြတာလဲမသိဘူး အေးလေ ကလေးဆိုတော့လည်း လုပ်ချင်ရာလုပ်မှာပေါ့"

ထိုသို့တွေးကာ မျက်စိမှိတ်၍ ခဏလှဲနေမိသည်။

"ဒေါက်.....ဒေါက်"

ကျောက်ခဲလေးများဖြင့် ထပ်ပေါက်သံကြောင့် ပြုံးချို စိတ်တိုသွားပြီး ကလေးများကို ကြိမ်းမောင်းလိုက်မည်ဟု စဉ်းစားရင်း လှည့်ကြည့်လိုက်တော့ စောစောက ကလေးများ မတွေ့ရတော့ဘဲ စားပြီးသား ထမင်းထုပ်လေးသာ ပြောင်သလင်းခါစွာဖြင့် တွေ့ရသည်။

"ကလေးတွေ ဘယ်ရောက်သွားပါလိမ့်၊ ဒီပတ်လည်မှာလည်း လယ်ကွင်းပြင်ပဲရှိတာ၊ ချက်ချင်းတော့ ပြန်မသွားနိုင်ပါဘူး"

ပြောပြောဆိုဆိုဖြင့် ထကာ ညောင်မုတ်ဆိတ်ပင်ကို တစ်ပတ်လည်အောင် ရှာမိသည်။

မောမောနှင့်ထိုင်ချရင်း ခုနက ကလေးများ လက်ညှိုးထိုးပြသည့် မြေကွက်လပ်လေးနေရာကို ကြည့်မိကာ.....

"အင်း.....ကလေးတွေ လက်ညှိုးထိုးပြတာ ဒီမြေကွက်လပ်ပဲ၊ ဘာလဲတော့မသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ၊ တူးကြည့်ရင် အဖြေတစ်ခုတော့ သိရမှာပဲ"

တွေးကာ ညောင်မုတ်ဆိတ်ပင်ကိုမှီထောင်ထားသော ပေါက်တူးအား လှမ်းယူ၍ တဖြည်းဖြည်းချင်း တူးဆွနေသည်။ မြေအနက် နှစ်တောင်ခန့် တူးမိချိန်တွင် ပေါက်တူးနှင့် မာကျောသောတစ်စုံတစ်ခု ထိခိုက်မိသံ ကြားလိုက်ရသည်။

"ဒုတ်.....ဂလောက်"

တူးနေရာမှ ခဏရပ်ပြီး မြေစာခဲများအား လက်နှင့်ယက်ထုတ်လိုက်သည်။ ထို့နောက် ပေါက်တူးနှင့်ထိမိသောနေရာအားဝိုက်၍ ဖြည်းဖြည်းချင်း မြေကြီးများကို ယက်လိုက်ရာ မြေမှုန်ကြားမှ မြေအိုးငယ်တစ်လုံးကို မြင်လိုက်ရသည်။

"ဟာ.....မြေအိုးတစ်လုံးပါလား"

အံ့ဩစွာ ဆက်လက်တူးဖော်လိုက်ရာ မြေအိုးတစ်လုံးလုံးကို တူးဖော်မိချိန်တွင် လက်နှစ်ဖက်ဖြင့် မြေအိုးအောက်ခြေမှမ၍ အပေါ်သို့ အသာဆွဲတင်လိုက်သည်။

"တော်တော်လေးသားဟ"

မြက်ခင်းပြင်ပေါ်သို့ မြေအိုးကို အသာချပြီး နှုတ်ခမ်းမှ ထွက်ကျနေသော ချွေးများကို ပုဆိုးဖြင့်အသာသုတ်လိုက်သည်။

"အထဲမှာ ဘာတွေပါလဲတော့မသိဘူး"

တီးတိုးရေရွတ်လိုက်ရင်း မြေအိုးအဖုံးအား အသာဖွင့်လိုက်သည်။

"ဟာ.....ရွှေလက်ကောက်တွေ၊ ရွှေဆွဲကြိုးတွေပါလား"

ထိတ်လန့်တကြားဖြစ်သွားပြီး အိုးအဖုံးအား ကမန်းကတန်းပြန်ပိတ်လိုက်သည်။

"မဖြစ်ဘူး။ ဒီနေရာမှာ ကြာကြာနေလို့မဖြစ်ဘူး။ အိမ်မြန်မြန်ပြန်မှ၊ တော်ကြာ တခြားလူတွေတွေ့သွားရင် မလွယ်ဘူး"

ပြောရင်း ပါလာသော ပုဆိုးစုတ်တစ်ထည်အား ဖြန့်ခင်းပြီး မြေအိုးကို ပုဆိုးပေါ်တင်ကာ ထုပ်ပိုးလိုက်ပြီး လက်နှစ်ဖက်ဖြင့်ပွေ့၍ ညောင်မုတ်ဆိတ်ပင်အောက်မှထွက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး လွှတ်ထားသော နွားနှစ်ကောင်အား နဖားကြိုးများထိုးပြီး လက်တစ်ဖက်က မြေအိုးကိုင်ထားရင်း တစ်ဖက်က နွားနှစ်ကောင်ကိုဆွဲ၍ ရွာဘက်သို့လှည့်ကာ ပြန်လာခဲ့တော့သည်။

"မြခင်.....ဟေ့.....မြခင်၊ ဒီမိန်းမ ဘယ်သွားနေလဲမသိဘူး"

အိမ်ရှေ့ခြံဝအရောက် ဖနီးသည်အား လှမ်းခေါ်ရင်း ခြံပိုင်းထဲသို့ ဝင်လာခဲ့သည်။ ချည်တိုင်တွင် နွားများအား ချည်ထားခဲ့ပြီး အိမ်အပေါ်ထပ်သို့ လှေကားမှ ခပ်သွက်သွက် ပြေးတက်သွားလေသည်။

အပေါ်ထပ် ဘုရားခန်းတွင် ဖနီးသည် မမြခင်တစ်ယောက် ဘုရားရှိခိုးနေသည်ကို တွေ့ရသည်။

ဖနီးသည်အနီးသို့ အသာတိုးသွားပြီး ထိုင်ချလိုက်သည်။

"ကိုပြုံးချို တော်ဘာဖြစ်နေတာလဲ၊ အိမ်ရှေ့က အသံပြုကြီးနဲ့ ခေါ်နေတာ၊ ကျုပ်ဖြင့် ဘုရားကိုတောင် ဖြောင့်အောင် မရှိခိုးရဘူး။ တကတည်းမှပဲ"

မမြခင်က ဘုရားရှိခိုးပြီး၍ နောက်သို့လှည့်ရင်း ပြောလိုက်သည်။

"မင်းကလည်း အရေးကြီးလို့ပေါ့ကွ၊ ဒါနဲ့ ကလေးတွေရော၊ မမြင်ပါလား မြခင်ရ"

"မမြင်ဆို မနက်ကတည်းက သူတို့ကြီးတော်ကြီးဆီ သွားလည်ကြလေရဲ့၊ ဒါကြောင့် ကျုပ်တစ်ယောက်တည်း အေးအေးဆေးဆေး ဘုရားရှိခိုးနေတာပေါ့"

**ဒေါ်ပုမတစ်ယောက် မျက်စိရှေ့မှမြင်ကွင်းကြောင့် အသက်ရှုများမတတ်ဖြစ်သွားကာ လူကလည်း ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီးရပ်နေပြီး မျက်လုံးများပြူးထွက်မတတ် ...**

စကားအဆုံး ပြုံးချို ခေါင်းတညိတ်ညိတ်ဖြင့် မမြခင်အားလှမ်းကြည့်ရင်း.....

"ကောင်းတာပေါ့ မိန်းမရာ၊ အခုလည်း မင်းကို သတင်းကောင်းတစ်ခုပြောမလို့ကွ၊ လာ.....ဒီနားထိုင်"

ပြုံးချိုစကားကြောင့် စိတ်ဝင်စားသွားပြီး မမြခင် ပြုံးချိုအနားသို့တိုးကာ.....

"ကဲ.....ပြော၊ ဘာကောင်းသတင်းလဲ၊ တော် ထီပေါက်လို့လား"

"ဟာ...မိန်းမရ ထီပေါက်တာထက် ပိုလို့ပေါ့ကွ၊ ဟဲ.....ဟဲ"

ခင်ပွန်းသည်၏ ပြုံးဖြဲဖြဲနှင့် အိုက်တင်ခံနေသောမျက်နှာကို စိတ်မရှည်သလိုဖြစ်ပြီး.....

"လင်မယားချင်း အိုက်တင်ခံနေလိုက်တာ၊ ပြောစရာရှိ မြန်မြန်ပြောစမ်းပါ"

ပြုံးချိုတစ်ယောက် မမြခင်နားရွက်နားကပ်ပြီး တိုးတိုးလေးပြောလိုက်သည်။

"ငါ လယ်တောဆင်းရင်း လယ်ထဲက မြေအိုးတစ်လုံးရလာတယ်၊ အဲဒီထဲမှာ ဘာတွေပါတယ် ထင်သလဲ၊ ရွှေတွေကွ ရွှေတွေ၊ ရွှေလက်ကောက်တွေ၊ ရွှေဆွဲကြိုးတွေ၊ ဒီမှာတွေ့လား"

တိုးတိုးလေးပြောရင်း ရင်ခွင်ထဲမှ မြေအိုးအဖုံးကို လှစ်ပြလိုက်ရာ.....

"ဟာ...ရွှေ..ရွှေတွေပါလား"

ဝမ်းသာအံ့သြသော အသံကြီးဖြင့် အသံကျယ်သွားသဖြင့်.....

"ဘယ်လိုဖြစ်တာလဲ၊ တိုးတိုးပါဆို၊ နင်လုပ်တာနဲ့ လူတွေသိကုန်တော့မှာပဲ"

ကျိတ်၍မာန်လိုက်ကာ ပြုံးချိ ရွှေများအား ကြမ်းပြင်ပေါ် သွန်ချလိုက်သည်။

ဝင်းလက်သောအရောင်များဖြင့် တလက်လက်တောက်ပနေသော ရွှေတုံးများ၊ ရွှေထည်ပစ္စည်းများကြောင့် လင်မယားနှစ်ဦး ပတ်ဝန်းကျင်ကို ခဏမျှ မေ့နေမိသည်။

"ဟဲ့....မြခင် ဘယ်သွားနေတာတုံး"

အသံကျယ်ကျယ်နှင့် ဖြုန်းခနဲ အိမ်ပေါ်သို့တက်လာသော ဒေါ်ပုမတစ်ယောက် မျက်စိရှေ့မှမြင်ကွင်း

www.burmeseclassic.com




ကြောင့် အသက်ရှူမှားမတတ်ဖြစ်သွားကာ လူကလည်း ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီးရပ်နေပြီး မျက်လုံးများပြူးထွက်မတတ် ရှေ့တူရူမှ ရွှေထည်ပစ္စည်းများကို ငေးစိုက်ကြည့်နေသည်။

"ဟာ.....ဒေါ်ပုမကြီး"

ပြုံးချို နောက်လှည့်ကြည့်ရင်း ထ ကမန်းကတန်း ရွှေများကို မြေအိုးထဲသို့ ထည့်လိုက်သည်။

မပြခင်တစ်ယောက်လည်း ဘာပြောရမှန်းမသိ။ ထိုင်ရမလို၊ ထရမလိုနှင့် အယောင်ယောင်အမှားမှားဖြစ်နေသည်။

"ဒါ.....ရွှေ.....ရွှေတွေနော်၊ အများ.....အများကြီးပဲ၊ နင်တို့ ဘယ်ကရတာလဲ"

အထစ်ထစ်အငေါ့ငေါ့ဖြင့် ဒေါ်ပုမနှုတ်ဖျားမှ စကားသံများ ထွက်လာသည်။

"ဘာမှမဟုတ်ပါဘူးဗျာ၊ ကလေးတွေဆော့တဲ့ပစ္စည်းတွေပါ"

ပြုံးချိုက စကားလမ်းကြောင်းကို လွှဲလိုက်သည်။

"ကဲ.....ဒေါ်ပုမ၊ ခင်များလာရင်းကိစ္စပြော"

ဒေါ်ပုမ တော်တော်နှင့် စကားမစနိုင်ဘဲ ခဏနေမှ ပြုံးချိုတို့ နှစ်ယောက်ဘက်သို့ကြည့်ရင်း.....

"အေး ငါလာတုန်းကတော့ မြခင်ကို အတိုးပေးမလို့လာတာပဲ၊ အခုတော့ ပေးစရာမလိုတော့ဘူး ဒါ့အပြင် ဒီကိစ္စကို ငါသိသွားပြီဆိုတော့ ငါ့ကိုလည်း မမေ့နဲ့ဦးနော်၊ ကြားလား"

ပိုင်စိုးပိုင်နင်းလေသံဖြင့် ခပ်မာမာပြောလိုက်သော ဒေါ်ပုမအသံကြောင့် ပြုံးချို ဒေါသထောင်းခနဲ ထွက်သွားသည်။ မြခင်က လက်မောင်းကို အသာဆွဲထားရင်း မျက်ရိပ်မျက်ကဲဖြင့် တိတ်တိတ်နေဆိုသော အမူအရာပြသဖြင့် ပြန်ထိုင်လိုက်ကာ.....

"ဒီမှာ ဒေါ်ပုမ၊ ဒီပစ္စည်းတွေက ကျုပ်တို့နဲ့ထိုက်လို့ရတဲ့ဟာတွေ၊ ခင်များနဲ့ ဘာဆိုင်လို့တုံး။ နောက်ပြီး ကျုပ်တို့အိမ်ပေါ် ပိုင်စိုးပိုင်နင်း တက်လာပြီး ဘာတွေလာပြောနေတာလဲ"

ပြုံးချိုစကားကြောင့် ဒေါ်ပုမ ခဏတွေဝေသွားပြီး.....

"ဘာတွေလာပြောနေလဲ ဟုတ်လား၊ အမှန်တွေပြောနေတာလေ၊ ငါခပ်ရှင်းရှင်းပဲပြောမယ်၊ ဒါတွေနဲ့ပတ်သက်လို့ ငါ့ကိုလည်း နည်းနည်းပါးပါးပေးဖို့ပြောနေတာ၊ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ဒီကိစ္စကို ငါတစ်ရွာလုံးလျှောက်ပြောပစ်မယ်၊ ပြီးရင် ရွာလူကြီးတွေပြောပြီး နင်တို့ရတဲ့ပစ္စည်းတွေသိမ်းခိုင်းမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါ ရှေးဟောင်းပစ္စည်းတွေဆိုတာ ငါသိတယ်၊ အဲဒီလိုမှ မဟုတ်ရင် စောစောကပြောတဲ့အတိုင်း ငါ့အတွက် ကြည့်လုပ် ပေး။ ကဲ...ငါပြန်မယ်၊ မနက်ကျမှ ငါတစ်ခေါက်ပြန်လာခဲ့မယ်၊ မနက်ကျမှ ဘာမှမထူးရင်တော့ ငါ့အဆိုးမဆိုနဲ့"

စကားကို အမျှင်မပြတ်ပြော ပြီး တိခနဲဖြတ်ကာ အိမ်ပေါ်မှ လှည့်ဆင်းသွားသည်။

"တောက်"

ခပ်ပြင်းပြင်း တောက်ခေါက်သံတစ်ချက် နှုတ်ဖျားမှ ခုန်ထွက်သွားသည်။

"ဒါ ဒီမိန်းမကြီး သက်သက်ယုတ်မာတာ၊ ငါတို့ကုသိုလ်နဲ့ငါတို့ရလာတဲ့ပစ္စည်းတွေကို သူ့ပါခွဲပေးရမယ်ဆိုတော့ မဟုတ်သေးဘူး"

"အင်းလေ သူ့ဟာလည်း မဟုတ်ဘဲနဲ့ အိမ်ပေါ်တက်ပြီး စော်ကားသွားတာ စိတ်တိုဖို့သိပ်ကောင်းတယ်"

ပြုံးချိုတို့နှစ်ယောက် ဒေါ်ပုမကို ဒေါသထွက်နေကြသည်။

"ကဲပါ ဒီအကြောင်း နောက်မှပြောကြတာပေါ့၊ တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


စလုံး ထမင်းလည်းမစားရသေးဘူး၊ ကလေးတွေလည်း ပြန်လာရင်ဗိုက်ဆာနေမယ်၊ စားဖို့သောက်ဖို့ ထလုပ်ဦး မြခင်ရေ၊ နောင်ခါလာနောင်ခါချေးပေါ့"

ဖနီးသည်အားပြောရင်း မြေအိုးကိုပိုက်ကာ အိပ်ခန်းထဲသို့ ပြုံးချို ဝင်သွားသည်။

ညစာကို မိသားစုအားလုံး ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့စားသောက်ကြသည်။ စားသောက်ပြီးချိန်တွင် ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ထုက ကြီးစိုးလျက်ရှိသည်။

"ကလေးတွေ စောစောအိပ်ရာဝင်ကြနော်၊ မနက်လည်း ရှာဦးကျောင်းသွားကြရဦးမယ်မဟုတ်လား၊ ကဲ.....ကိုပြုံးချိုလည်း စောစောအိပ်"

ဖနီးသည်၏ ပြောဆိုသံကြောင့် သားနဲ့သမီး အိပ်ရာထဲဝင်သွားစဉ် ပြုံးချိုတစ်ယောက် အိမ်ခန်းထောင့်နံရံတွင် နဖူးပေါ်လက်တင်၍ စဉ်းစားခန်းဝင်နေမိသည်။

"ဟဲ့.....မြခင်၊ မင်းလည်း မအိပ်သေးဘူးလား၊ လာလေ"

"အိပ်ပါမယ်တော့်၊ ကျုပ် ဒီမှာ သိမ်းစရာဆည်းစရာလေးတွေရှိလို့၊ ပြီးရင်လာခဲ့မယ်"

"အေး....အေး၊ ဒါဆို ငါဝင်အိပ်နှင့်တော့မယ်"

ပြောပြောဆိုဆိုဖြင့် ပြုံးချို အိပ်ရာထဲ ဝင်ခဲ့လေသည်။

✦✦✦

ည၏အမှောင်ထုသည် သိပ်သည်းလျက်ရှိသည်။ ပတ်ဝန်းကျင်တစ်ဝိုက် ခွေးဟောင်သံများကို ဟိုတစ်စ၊ ဒီတစ်စ မကြာခဏကြားနေရသည်။

အပူဒဏ်သက်သာစေရန် အိပ်ရာနံဘေး ဖွင့်ထားသောပြတင်းပေါက်မှ ဝင်လာသော လေလေးများကြောင့် ကိုပြုံးချိုတစ်ယောက် မျက်တောင်များစင်းကာ အိပ်ချင်စိတ် လွှမ်းကဲလာပြီး မေ့ခနဲအိပ်ပျော်သွားခဲ့သည်။

"ဦးလေး...ဦးလေး၊ ထပါဦး"

လက်မောင်းကိုကိုင်ပြီး လှုပ်နှိုးလိုက်သံကြောင့် အိပ်မောကျနေရာမှ ဆတ်ခနဲလန့်နိုးသွားသည်။

"ဟာ.....မင်း.....မင်းတို့ ဘယ်သူတွေလဲ"

အလန့်တကြားအော်လိုက်ပြီး ကိုယ်လုံးအား ထရံဘက် တိုးကပ်လိုက်သည်။

"ဦးလေး ကျွန်တော်တို့လေ၊ သေချာကြည့်ပါဦး၊ ဟိုညောင်မုတ်ဆိတ်ပင်ကြီးအောက်က မောင်နှမလေ၊ ဦးလေးပဲ ထမင်းကျွေးခဲ့တာလေ"

သူ့အိပ်ရာနံဘေးတွင် ရောက်ရှိနေသော ကလေးနှစ်ယောက်အနက်မှ ယောကျ်ားလေးဖြစ်သူက လှမ်းပြောလိုက်သည်။

သည်တော့မှ ပြုံးချို သေသေချာချာ ကြည့်မိသည်။

"ဩော်..မင်းတို့နှစ်ယောက်ကိုး၊ နေပါဦး၊ ငါကျွေးတဲ့ထမင်းစားပြီး မင်းတို့ ဘယ်ထွက်သွားကြတာလဲ"

ကလေးများက ပြိုင်တူရယ်မောလိုက်ပြီး.....

"ဘယ်မှမသွားပါဘူး ဦးလေးရ၊ ကျွန်တော်တို့နှစ်ယောက် အဲဒီညောင်မုတ်ဆိတ်ပင်မှာပဲရှိပါတယ်"

"မရှိပါဘူးကွာ၊ ငါလိုက်ရှာပြီးပြီ"

"ဦးလေး ဘယ်တွေ့မလဲ၊ ကျွန်တော်တို့က ပုန်းနေကြတာကိုး၊ ဟဲ.....ဟဲ"

ပြောရင်း နှစ်ယောက်သားရယ်နေကြပြန်သည်။

"နေပါဦး၊ မင်းတို့ ဒီကို ညအချိန်မတော်ကြီး ဘာလာလုပ်ကြတာလဲ၊ မင်းတို့ကွာ မှောင်ကြီးမည်းကြီးထဲမှာ မကြောက်ဘူးလား"

"မကြောက်ပါဘူး ဦးလေးရဲ့၊ ကျွန်တော်တို့ကိုသာ တခြားသူတွေက ပြန်ကြောက်ရမှာ"

ပြုံးချို သူတို့စကားကြောင့် ခေါင်းရှုပ်သွားသည်။

"မင်းတို့စကားကလည်း အဆန်းပါလား၊ ကဲ.....ပြောပါဦး၊ ဒီကို ဘာကိစ္စနဲ့ လာကြတာလဲ၊ ကိစ္စရှိရင်လည်း မြန်မြန်ပြောကြဟေ့၊ ငါအိပ်ချင်နေပြီကွ"

သန်းဝေရင်း ပြုံးချိုက ကလေးများအား ပြောလိုက်သည်။

"ဒီလို ဦးလေးရ၊ ညောင်မုတ်ဆိတ်ပင်အောက်ကရွှေတွေ ဦးလေးရသွားတယ်မဟုတ်လား၊ အဲဒီရွှေတွေကို သုံးပုံ ပုံပြီး တစ်ပုံကို ဦးလေး လိုရာသုံး၊ တစ်ပုံကို ဘုရားတည်၊ ကျောင်းဆောက်ပြီး သာသနာ့ကိစ္စတွေမှာသုံးပါ၊ ကျန်တစ်ပုံကို

ကျွန်တော်တို့မောင်နှမနှစ်ယောက်အတွက် အမျှဝေ၊ ကုသိုလ်ကောင်းမှုလုပ်ပေးဖို့ လာပြောတာ"

"ဟေ....ဒါ....ဒါဆို မင်းတို့က....."

လက်ညှိုးတထိုးထိုးဖြင့် ပြုံးချိုတစ်ယောက် မျက်လုံးပြူးနေ၏။

"ဟုတ်တယ်၊ ကျွန်တော်တို့က လူတွေမဟုတ်ဘူး။ မမြင်ရတဲ့ ပရလောက,ကသူတွေပါ၊ တကယ်တော့ ညောင်မှတ်ဆိတ်ပင်အောက်က မြေအိုးလေးကို စိတ်စွဲပြီးစောင့်နေရတဲ့ ပရလောကသားတွေပါ"

ပြုံးချိုတစ်ကိုယ်လုံး ဖောချွေးတွေပြန်လာပြီး လက်ဖျားခြေဖျားများ အေးစက်နေသည်။

"တစ်ခုတော့ရှိတယ် ဦးလေး၊ ကျွန်တော်တို့ပြောသလို မလုပ်ခဲ့ရင် ဦးလေးတို့မိသားစု ပျက်စီးလိမ့်မယ်၊ ဦးလေးလည်း ဘေးဒုက္ခ အကြီးအကျယ်ရောက်လိမ့်မယ်ဆိုတာ ပြောပါရစေ၊ ကဲ.....ကျွန်တော်တို့ ပြန်တော့မယ်၊ မှာတာတွေ မမေ့နဲ့နော်၊ သွားပြီ"



စကားဆုံးတော့ နှစ်ယောက်စလုံး ပြုံးချိုရှေ့မှ ဖျတ်ခနဲပျောက်ကွယ်သွားကြသည်။

"ဟေ့....ကလေးတွေ နေဦးလေ၊ နေကြပါဦးကွ"

အော်ဟစ်နေသော ပြုံးချိုနံဘေးသို့ ဇနီးသည် ရောက်လာပြီး ပခုံးကို လှုပ်နှိုးလိုက်သည်။

"ဟင်.....မြခင်၊ မင်း ဘယ်တုန်းက ရောက်နေတာလဲ၊ ကလေးနှစ်ယောက်ကော"

"ကိုပြုံးချို ဘယ်က ကလေးနှစ်ယောက်လဲတော့၊ သားနဲ့သမီးက အိမ်ရှေ့ခန်းမှာ အိပ်နေကြတယ်လေ"

"သူတို့ကိုပြောတာမဟုတ်ဘူးကွ၊ ဟို...ဟို ညောင်မှတ်ဆိတ်ပင်အောက်က ကလေးနှစ်ယောက်ကို ပြောတာ၊ ခုနကတင် ငါ နဲ့ စကားပြောနေသေးတာ"

"ဘာတွေပြောနေတာလဲ ကိုပြုံးချို၊ ကျုပ်ဝင်လာတော့ ရှင်တစ်ယောက်တည်း အိပ်ရာထဲမှာ ဂူးဂူးဝါးဝါးနဲ့ အော်နေလို့ နှိုးလိုက်တာ"

"ဟေ.....ဟုတ်လား၊ ဒါဆို ငါ စောစောက မြင်ခဲ့တာတွေက တကယ်မဟုတ်ဘူးပေါ့၊ တော်ပါသေးရဲ့ကွာ"

"ရှင်ကလည်း စောစောဝင်အိပ်ပြီး ကယောင်ကတမ်းနဲ့ အိပ်မက်တွေမက်ပြီး မြင်ချင်ရာတွေမြင်နေမှာပေါ့၊ တော်တော့တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေပါလား။ အင်္ကျီလဲလိုက်ဦး၊ အအေးပတ်နေဦးမယ်"

မမြခင်က ခင်ပွန်းသည်၏ ကိုယ်ပေါ်မှ ချွေးများရွှဲနစ်နေသော အင်္ကျီအားချွတ်ပေးရင်း ပြောလိုက်သည်။

"မြခင် ခဏနေဦး၊ ငါပြောစရာရှိတယ်"

"တော် ဘာပြောမလို့လဲ"

"ငါခုနက အိပ်နေတုန်း အိပ်မက်လိုလို၊ တကယ်လိုဖြစ်သွားတဲ့ကိစ္စ ပြောမလို့ကွ၊ အခု ငါယူလာတဲ့ ရွှေအိုးကိစ္စကွ၊ အဲဒီရွှေအိုးကို စောင့်တဲ့ အစောင့်ကလေးနှစ်ယောက် ငါ့ဆီရောက်လာပြီး ရွှေတွေကို သုံးပုံ ပုံပြီး တစ်ပုံကို သူတို့ကို အမျှဝေ၊ ကုသိုလ်ကောင်းမှုလုပ်ပေးဖို့ ပြောသွားတယ်၊ ကျန်တဲ့နှစ်ပုံမှာ ဘုရားကို တစ်ပုံလှူပြီး ကျန်တဲ့တစ်ပုံကို ငါ့ကို လိုရာသုံးတဲ့၊ အဲ သူတို့ပြောတဲ့အတိုင်းမလုပ်ရင် ငါတို့မိသားစု အကြီးအကျယ် ဒုက္ခရောက်မယ်တဲ့"

ပြုံးချိုစကားကြောင့် မမြခင် ထိတ်လန့်တုန်လှုပ်သွားသည်။

"ဒါဆို ရှင် စောစောက အိပ်မက်ထဲမှာ တွေ့ခဲ့တဲ့ဟာတွေက လူတွေမဟုတ်ဘဲ ပရလောကသားတွေပေါ့နော်"

"အေးလေ၊ ဒါကြောင့် အဲဒီကိစ္စ မင်းနဲ့တိုင်ပင်ပြီး ဘာဆက်လုပ်ရမလဲပြောတာပေါ့၊ ငါတော့ သိပ်အယုံအကြည်မရှိဘူး"

"ဟုတ်တယ်၊ အခုဟာက

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နဲ့ထိုက်လို့ရတဲ့ဟာတွေညစ္စာ၊ သူတို့နဲ့ ဘာဆိုင်တော့လို့လဲ၊ ရှင်လည်း သိပ်ကြောက်မနေနဲ့၊ ကိုယ်လုပ်စရာရှိတာသာလုပ်ပေါ့"

"အေးပါ၊ ငါလည်း မင်းနဲ့စိတ်ကူးတူတယ်၊ မကြောက်ပါဘူးကွာ"

"ကဲ...ညဉ့်လည်းအတော်နက်နေပြီ ကိုပြုံးချို၊ အိပ်ကြရအောင်၊ ရှင်လည်း အိပ်ရင်းနဲ့ ဟိုယောင် ဒီယောင် မလုပ်နဲ့ဦး"

"အေးပါကွာ၊ ကဲ....ကဲ အိပ်ကြစို့"

လင်မယားနှစ်ယောက် အိပ်ရာဝင်သွားချိန်တွင် သန်းခေါင်ကြက် တွန်နေချေပြီ။

+++

"ဟော့.....မနိုးကြသေးဘူးလား၊ မြခင်....ပြုံးချို၊ ထကြတော့လေ၊ မိုးလင်းနေပြီ"

ခြံဝဆီမှ ကျယ်ကျယ်လောင်လောင် အော်နေသောအသံကြောင့် အိမ်သားများ နိုးကုန်ကြသည်။

"နိုးပါပြီဗျ၊ ဘယ်လိုဖြစ်နေတာလဲ၊ မနက်စောစောစီးစီး"

အိမ်အောက်သို့ လှေကားမှ ဆင်းလာရင်း ပြုံးချို လှမ်းပြောလိုက်သည်။

"ဘာကိစ္စလဲ၊ ဆိုစမ်းပါဦး"

ဘေးမှကပ်ပါလာသော ဇနီးသည် မမြခင်၏ လှမ်းမေးသော စကားကြောင့်.....

"ဟဲ့ .....ဘာကိစ္စရမှာလဲ၊ မနေ့က နင်တို့နဲ့ငါနဲ့ပြောထားတဲ့ ကိစ္စလေ၊ ဟို.....ဟို ရွှေတွေကိစ္စလေ၊ အဲဒါပြောမလို့"

"ရွှေတွေ ဘာဖြစ်လဲဗျ၊ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"ဘာဆိုင်ရမှာလဲဟဲ့၊ နင်တို့ ညောင်ပင်အောက်က ရလာတဲ့ ပစ္စည်းက ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့၊ တော်ကြာ ခိုးရာပါပစ္စည်းတွေဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ငါက နင်တို့ကို ကူညီမလို့ပြောတာ"

"မကူညီပါနဲ့၊ မလိုပါဘူး၊ ခင်ဗျားက ဘာမှလည်းမဆိုင်ဘဲနဲ့"

"နင်တို့ ဒီလိုပြောလို့မရဘူး၊ အဲဒီရွှေတွေကိစ္စ ငါတစ်ယောက်တည်းပဲသိတာ၊ ငါ ရွာထဲလျှောက်ပြောလိုက်ရင် နင်တို့ဟာတွေ ရပ်ကွက်လူကြီးတွေ လာသိမ်းပြီး အာဏာပိုင်အဖွဲ့အစည်းကို အပ်လိုက်ရင် နင်တို့ရထားတာတွေ အကုန်ပါသွားမှာ သိရဲ့လား၊ ငါက အဲဒါကိုပြောတာ၊ ဟင်း....."

ဒေါ်ပုမ၏ မဲ့ကာရွဲ့ကာဖြင့် တိုးတိုး တိုးတိုးဖြင့် ခြိမ်းခြောက်သံစွက်၍ ခပ်သွက်သွက်လေး ပြောလိုက်သံကြောင့် ပြုံးချိုတို့နှစ်ယောက် စိုးရိမ်သွားကြသည်။

လူကဲခတ်မည့်သော ဒေါ်ပုမ တစ်ယောက် မျက်လုံးတစ်ချက်ဝေ့ကြည့်ရင်း သူဆင်ထားသော အကွက်ထဲ ဝင်တော့မည်ကို သိလိုက်သည်။

"အေးလေ၊ ဒါကြောင့် မြွေမသေ တုတ်မကျိုးဖြစ်အောင် တို့အားလုံး အဆင်ပြေအောင် နင်တို့ရလာတဲ့ ရွှေတွေကို ရောင်းချပြီး ငါ့ကိုလည်း တစ်ပုံပေးပေါ့၊ ငါကလည်း နှုတ်လုံပါတယ်၊ စိတ်ချ"

ပြုံးချို စဉ်းစားလိုက်သည်။ ပြီးနောက် မမြခင်ဘက် တစ်ချက်ကြည့်လိုက်ကာ.....

"အင်း.....ခုလိုဆိုတော့လည်း ဒေါ်ပုမပြောတဲ့အတိုင်း စီစဉ်ပေးရမှာပေါ့လေ"

မျက်လုံးများ ဝင်းလက်ကာ လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကိုဖိရင်း ပြုံးဖြဲဖြဲကြီးဖြစ်သွားသည်။

"ဒါဆို ဒီလိုလုပ်ဗျာ၊ ကျုပ်တို့လင်မယား မနက်ဖြန်ကျရင် မြို့တက်ပြီး ဒီပစ္စည်းတွေကိုထုခွဲရောင်းချခဲ့မယ်၊ ပြီးရင် ခင်ဗျားကို ကြည့်ပေးမယ်၊ ဟုတ်ပြီလား"

"ကြည့်ပေးလို့မရဘူး၊ တစ်ပုံပေးမှရမှာနော်"

လောဘဇောတက်နေသော ဒေါ်ပုမ၏ အဆီပြန်သော မျက်နှာကြီးကိုကြည့်၍ ပြုံးချို အတော်အမြင်ကတ်နေသည်။

"ဒေါ်ပုမ ကျွန်မရဲ့အတိုးတွေပေးဖို့လည်း သတိရဦးလေ"

"အမယ်လေးတော် အဲဒီရွှေတွေရောင်းလို့ ပိုက်ဆံတွေရရင် နင့်ဆီကယူထားတဲ့ငွေတွေ အရင်းရော၊ အတိုးရော အကုန်ပြန်ဆပ်မယ် သိလား၊ တကတည်းမှပဲ အရေးထဲမှာ သူကတစ်မျှောင့်"

ပါးစပ်မှ ဆီမန်း မန်းသလို လုပ်ရင်း ဒေါ်ပုမ ပြန်သွားသည်။

"ဟူး.....မောလိုက်တာ၊ မနက်စောစောစီးစီးကွာ"

အိမ်ရှေ့ကွပ်ပျစ်ပေါ် ခြေပစ်

လက်ပစ် ထိုင်ချလိုက်ရင်း ပြုံးချို ရေရွတ်လိုက်သည်။

"မိန်းမရေ.....လာပါဦး။ ထိုင်စမ်းပါဦးကွ"

နံဘေးသို့ဝင်ထိုင်ရင်း မမြခင်က မေးလိုက်သည်။

"ဘာပြောမလို့တုန်းတော့"

"ဒီလိုကွ မြခင်ရဲ့ မနက်ဖြန်ကျရင် မင်းနဲ့ငါနဲ့ နှစ်ယောက်တည်း မြို့ပေါ်ကိုသွားပြီး ဒီပစ္စည်းတွေ ရောင်းတဲ့အခါ ဟိုမိန်းမကြီး မသိအောင် သွားမှရမယ်၊ အဲဒီတော့ တို့ စောစောအိမ်ကထွက်မှရမယ်"

"ဟုတ်တယ် ကိုပြုံးချို၊ ဟိုမလောဘကြီးက သိသွားတဲ့အချိန်ကစပြီး ကျုပ်တို့အိမ်ကို ချောင်းပေါက်မတတ် အိမ်ရှေ့ကတစ်မျိုး၊ အိမ်နောက်ဖေးကတစ်မျိုးနဲ့ လာပြီး ကြည့်နေတာတော့၊ ကျုပ်တော့ စိတ်ညစ်ပါတယ်"

"ဒီမှာ မြခင်၊ မင်းဘာမှစိတ်ညစ်စရာမလိုဘူး၊ ငါပြောတဲ့အတိုင်းသာလုပ်၊ ဒီပစ္စည်းတွေ ရောင်းချပြီးရင်လည်း တို့မိသားစုတွေ တစ်ခါတည်း ခြေရာဖျောက်ပြီး ဒီကအပြီး ပြောင်းပြေးကြမယ်၊ ဒါမှ မျက်ခြည်ပြတ်မှာ၊ နို့မို့ဆို ဟိုဟာမကြီး လျှောက်ပြောတာနဲ့ တစ်ရွာလုံးသိပြီး ငါတို့အတွက် အန္တရာယ်ရှိနိုင်တယ်"

"ဟုတ်တယ်တော့၊ ကျုပ်လည်း ဒီကနေ တစ်နေရာကို ခြေရာဖျောက်ပြောင်းကြရင် ကောင်းမယ်လို့ထင်တယ်"

"ထင်တယ်လုပ်မနေနဲ့၊ ဒီလိုဆို မနက်ဖြန် မင်းနဲ့ငါ အိမ်ကစောစောထွက်ပြီး မြို့ပေါ်သွားမယ်၊ ပစ္စည်းတွေပါ တစ်ပါတည်းယူပြီး ထုခွဲရောင်းချကြမယ်၊ ကလေးနှစ်ယောက်ကိုတော့ သူတို့ဘကြီးဘုန်းကြီးဆီ ခဏအပ်ထားခဲ့မယ်၊ ကဲ..ငါတို့လည်း စားဖို့သောက်ဖို့ လုပ်ကြဦးမှ၊ ကလေးတွေလည်းခေါ်လိုက် မြခင်ရေ၊ ငါလည်း ရေမိုးချိုးပြီး ထမင်းစားမယ်ဟေ့"

ပြုံးချို ပြောလက်စ စကားအဆုံး မှာစရာရှိတာမှာပြီး ရေချိုးရန် အိမ်နောက်ဖေးရှိ ရေကပြင်ဘက် ထွက်လာခဲ့သည်။

+++

"ဟဲ့.....ဒကာကြီးပြုံးချိုတို့မိသားစုပါလား။ ဘယ်ကလှည့်လာကြတာတုန်း"

ဆရာတော် ဦးသောဘိတ၏ ကျောင်းဝမှ လှမ်းပြောသံကြောင့် ပြုံးချိုတို့မိသားစု ဆရာတော်ရှိရာသို့ သွားပြီး ဦးချ၍ထိုင်လိုက်ကြသည်။

"ကဲ.....ပြောပါဦး၊ ဘာကိစ္စလဲ ဒကာကြီးရဲ့"

"ဒီလိုပါဘုရား။ တပည့်တော်နဲ့ ဒကာမကြီး ဒေါ်မြခင်တို့ မနက်ဖြန် မြို့ပေါ်မှာ လုပ်ငန်းကိစ္စလေးတွေ ဆောင်ရွက်စရာရှိလို့ ဒီကသားနဲ့သမီးကို ဘုန်းဘုန်းဆီမှာ ခဏတာ နေထိုင်တည်းခိုခွင့်ပေးဖို့ လာလျှောက်တာပါ ဘုရား"

"ဩော်.....ဒကာကြီးရယ်၊ ဒီကိစ္စများ ပြောစရာမလိုပါဘူး၊ တို့တွေက သားချင်းတွေပဲဥစ္စာ၊ ဦးဇင်းလည်း သာသနာ့ဘောင် ဝင်သွားခဲ့ပေမယ့် ဆွမ်းကွမ်းကိစ္စတွေကျတော့ မင်းတို့တွေရဲ့ လှူဒါန်းမှုတွေကြောင့် ဘုန်းကြီးကျောင်းအတွက် အတော်အဆင်ပြေနေတော့ ဘာပဲဖြစ်ဖြစ် ကလေးနှစ်ယောက်ကို ကျောင်းမှာခဏထားမယ့်ကိစ္စ ဘုန်းကြီးအတွက် ဘာမှကိစ္စမရှိပါဘူး၊ ထားခဲ့.....ထားခဲ့"

ဆရာတော်မိန့်မှာချက်ကြောင့် လင်မယားနှစ်ယောက် ကလေးများအတွက် စိတ်ချသွားသည်။

"တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦးဘုရား"

"အေး..အေး ပြန်ကြ ပြန်ကြ၊ ဟဲ့ ကလေးတွေ မင်းတို့မိဘတွေ ကို ကျောင်းဝအထိ ပြန်လိုက်ပို့လိုက်ကြ"

"တင်ပါ့ဘုရား"

သားနှင့်သမီး ဆရာတော်အား ဦးချကန်တော့ပြီး မိဘနှစ်ပါးအား ကျောင်းပေါက်ဝအလွန်အထိ လိုက်ပို့ကြသည်။ ကျောင်းဝအလွန်ရောက်၍.....

"ကဲ.....သားနဲ့သမီးလည်း ဘုန်းဘုန်းဆီပြန်သွားတော့၊ အဖေတို့လည်း လုပ်စရာတွေရှိသေးလို့ ပြန်လိုက်ဦးမယ်"

နှုတ်ဆက်ပြီး ပြုံးချိုတို့နှစ်ယောက် ကျောခိုင်းရုံရှိသေး.....

"ဟေ့.....နေဦး၊ ဘယ်သွားမလို့လဲ"

နောက်ဘက်ဆီမှ အသံသြသြကြီးနှစ်သံ ကြားလိုက်ရသဖြင့် လှမ်း

www.burmeseclassic.com

www.burmeseclassic.com

နေသော ခြေလှမ်းများ တန့်သွားပြီး နောက်သို့လှည့်ကြည့်လိုက်မိသည်။

ကလေးနှစ်ဦးသည် မျက်ထောက်နီကြီးများဖြင့် သူတို့နှစ်ဦးအား စူးစူးရဲရဲ ကြည့်နေကြသည်ကို တွေ့လိုက်ရသည်။

"နင်တို့နှစ်ယောက် ငါတို့ပေးထားတဲ့ ရွှေတွေကို ဘာသာ၊ သာသနာအတွက် အကျိုးရှိရာရှိကြောင်း မလုပ်ဘဲ ကိုယ်ကျိုးသုံးဖို့ လုပ်နေကြတာကို။ အေး....ငါတို့ပြောထားတဲ့အတိုင်း နင်တို့က ငါတို့စကားနားမထောင်တော့ ဘေးတွေ့တော့မယ်၊ နင်တို့မိသားစု အကြီးအကျယ် ဘေးတွေ့တော့မယ်ဟေ့"

ကလေးများက လက်ညှိုးထိုးပြီး ပြုံးချိုတို့အား အသံသြသြကြီးများဖြင့် ပြောနေသဖြင့် ပြုံးချိုနှင့်မြခင် ထိတ်လန့်သွားသည်။

"ဟဲ့.....သား.....သမီး။ ဘာတွေပြောနေကြတာလဲ၊ ဟဲ့....ပြောလေ"

မမြခင်က နှစ်ယောက်စလုံး၏ပခုံးများအား လှုပ်ကိုင်မေးလိုက်ချိန်တွင် ကလေးနှစ်ယောက်စလုံး မြေပေါ်သို့ ခွေလဲကျသွားကြသည်။

"လုပ်ပါဦး.....ကိုပြုံးချို၊ ဘာဖြစ်တာလဲမသိဘူး"

ဇနီးသည်၏အော်သံကြောင့် ပြုံးချို သတိပြန်ဝင်လာပြီး.....

"မြခင် နင်အငယ်မပွေ့၊ ငါအကြီးကောင်ပွေ့ပြီး ဆရာတော်ဆီခေါ်သွားကြရအောင်"

ကမန်းကတန်း ပွေ့ချီကြပြီး ဆရာတော်ကျောင်းပေါ်သို့ ခေါ်သွားကြသည်။

"ဘာဖြစ်လာကြတာတုံး။ ပြန်သွားကြပြီအောက်မေ့နေတာ၊ ဒကာလေးနဲ့ ဒကာမလေးကကော ဘာဖြစ်ကြလို့လဲ"

ဆရာတော်ရှေ့ ကြမ်းပြင်ပေါ်သို့ ကလေးများအား အသာချထားရင်း.....

"တပည့်တော်တို့ကို ကျောင်းထိပ်လိုက်ပို့ရင်း မေ့လဲသွားကြတာဘုရား"

"အေး...အေး။ ကလေးတွေကလည်း ငယ်သေးတာကို။ ကဲ....ကဲ ငါ့ဘုရားစင်ပေါ်က သောက်တော်ရေခွက် ယူခဲ့စမ်းပါ"

ကိုပြုံးချို ကမန်းကတန်းထယူ၍ ဆရာတော်အား ဆက်ကပ်လိုက်သည်။

"အနှောင့်အယှက် ဘေးရန်များရှိရင်လည်း ကလေးတွေကို မနှောင့်ယှက်ကြနဲ့၊ သွားကြ...သွားကြ"

သောက်တော်ရေခွက်ထဲမှရေများကို လက်ဖြင့်ထည့်၍ ကလေးနှစ်ယောက်ကိုယ်ပေါ် သပ်ချပြီး လက်ကျန်ရေများကို သတိရလာပြီဖြစ်သော ကလေးများအား အနည်းငယ်စီတိုက်လိုက်ရာ ကလေးနှစ်ယောက်လုံး ကောင်းစွာသတိရပြီး ထထိုင်နေကြတော့သည်။

"ဒကာကြီးတို့လည်း ပြန်ကြတော့၊ သူတို့လည်း စိတ်ချရပါပြီ၊ ပြန်ကြ.....ပြန်ကြ၊ အချိန်လင့်နေဦးမယ်၊ ခရီးသွားရင်တော့ ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာသမားတွေကို မမေ့ကြနဲ့၊ သတိဝီရိယနဲ့လည်း သွားကြ"

"တင်ပါ့ဘုရား၊ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦးဘုရား"

"အေး.....အေး၊ သွားလမ်းသာလို့ လာလမ်းဖြောင့်ကြပါစေကွယ်"

ဘုန်းကြီးကျောင်းမှအပြန်လမ်းတွင် မမြခင်စိတ်ထဲ လေးနေမိ၍...

"ကိုပြုံးချို ကျွန်မစိတ်ထဲ တစ်မျိုးကြီးပဲ၊ မနက်ဖြန်မသွားရင် မရဘူးလား၊ နောက်ရက်မှ သွားရောင်းကြရင် ကောင်းမလားလို့"

မမြခင်စကားကြောင့် ပြုံးချိုက လက်ကာပြပြီး.....

"ဟာ.....မင်းကလည်း အခုကိစ္စက မြန်လေကောင်းလေပဲကွ၊ ဟိုဟာမကြီးရန်ကလည်းရှိသေးတယ်မဟုတ်လား၊ တို့ဘက်က ခပ်သွက်သွက်လုပ်နိုင်မှ တော်ကာကျမှာ"

ပြန်ရှင်းပြသော လင်တော်မောင်စကားကြောင့် စဉ်းစားရင်း...

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ ကျွန်မတို့ပစ္စည်းတွေ မြန်မြန်ရောင်းမှလည်း စိတ်အေးရမှာ"

"ကဲ.....ငါတို့ အိမ်ကိုမြန်မြန်ပြန်မှ၊ သိမ်းထားတဲ့ပစ္စည်းတွေကို ပြန်စစ်ကြည့်ရဦးမယ်၊ အိမ်မှာ လူမရှိရင် စိတ်မချရဘူး၊ လာ...မြခင်"

အိမ်ရောက်ရောက်ချင်း ဘုရားစင်နောက်တွင် ဝှက်ထားသော ရွှေထည်ပစ္စည်းများ ရှိမရှိ စစ်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အားလုံး နေရာတွင်ရှိပြီဆိုမှ စိတ်အေးလက်အေးထိုင်ချပြီး.....

"ဟူး.....တော်ပါသေးရဲ့၊ ပစ္စည်းတွေ ရှိနေသေးလို့၊ မြခင်ရေ ဒီည စောစောအိပ်ကြမယ်၊ မနက်အရုဏ်မတက်ခင် အိမ်ကထွက်ကြမယ်၊ မြို့ပေါ်ကို စောစောရောက်တော့ကောင်းတာပေါ့၊ ရွာကလူတွေ မနိုးခင်သွားတာကောင်းတယ်၊ လူတွေနိုးလာရင် တောင်မေးမြောက်မေးနဲ့ ဖယားရှုပ်တယ်၊ မင်းလည်း ခရီးသွားဖို့ လိုတာလေးတွေ ထည့်စရာရှိတာ ထည့်ထား"

"အေးပါတော်၊ ကျုပ်ပစ္စည်းတွေက ဘာမှထည့်စရာမရှိပါဘူး၊ အဝတ်အစားတစ်စုံဆိုရပါပြီ၊ ဒါမှ သွားရလာရတာ ပိုကောင်းမှာပေါ့၊ ရှင်လည်း တစ်စုံလောက်ဆိုရတယ်၊ မြန်မြန်သွား၊ မြန်မြန်ပြန်တာပေါ့ ရှင်"

ညစာ စားသောက်ပြီးချိန်မှာတော့ ည ၇ နာရီခန့်ရှိနေချေပြီ။ မမြခင်တစ်ယောက်ကတော့ ရေကပြင်တွင် စားပြီးသား အိုးခွက်ပန်းကန်များ ဆေးကြောနေကာ ပြုံးချိုကတော့ ဆေးပေါ့လိပ်ဖွာရင်း အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ကာ ရေနွေးကြမ်းသောက်နေသည်။

"ရှပ်.....ရှပ်"

"ကလောက်....ကလောက်"

ခြံဝဆီမှ လူနှစ်ယောက် လျှောက်လာသံနှင့် ခတ်ထားသော သော့ခလောက်လှုပ်သံ ကြားရသဖြင့် အသာခေါင်းထောင်ကြည့်လိုက်သည်။

မှောင်နေသော ပတ်ဝန်းကျင်တစ်ဝိုက် သစ်ရွက်တို့လေတိုးသံကြောင့် လှုပ်ခတ်နေခြင်းမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်နေသည်။

"ဖျပ်.....ဖျပ်"

သူ့တူရှသို့ လျှောက်လာသံကြောင့် မှောင်ထဲသို့ သေချာစူးစိုက်ကြည့်လိုက်သည်။

"ဟာ...လူနှစ်ယောက်ပါလား၊ နေဦး၊ ကလေးနှစ်ယောက်ပဲ၊ သားနဲ့သမီးများလားမသိဘူး"

သူ့အတွေးများမဆုံးခင် လက်တစ်ကမ်းအကွာသို့ ရောက်လာသောသူနှစ်ယောက်အား တွေ့လိုက်ရသောအခါ.....

"မင်းတို့ ဟိုညောင်မုတ်ဆိတ်ပင်အောက်က မောင်နှမ မဟုတ်လား"

"ဟုတ်တယ် ဦးလေး၊ ကျွန်တော်တို့ နောက်ဆုံးအကြိမ် လာသတိပေးတာပါ၊ ရထားတဲ့ရွှေတွေကို အကုန်မသုံးပစ်ဖို့နဲ့ ကုသိုလ်ကောင်းမှုတွေလုပ်ဖို့ လာပြောတာပါ၊ ကျွန်တော်တို့ကိုလည်း အမျှအတန်းဝေပေးဖို့ပါ"

"ဟာ.....အဲဒီကိစ္စတွေက ငါနဲ့မဆိုင်ဘူးလေ၊ မင်းတို့နှစ်ယောက်ကို ငါထမင်းကျွေးခဲ့ပြီးပြီလေ၊ ပြီးရောပေါ့"

"ဟုတ်ကဲ့၊ အဲဒီထမင်းကျွေးခဲ့တဲ့ကျေးဇူးကြောင့် ဦးလေးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်တော်တို့ စောင့်ရှောက်ထားတဲ့ အဖိုးတန်ရတနာတွေနဲ့ ပြန်တုံ့ပြန်တာပေါ့၊ ပေးလိုက်တဲ့ ရတနာပစ္စည်းတွေဟာ ကုသိုလ်ကောင်းမှုလုပ်ဖို့၊ သာသနာအကျိုးအတွက် လှူဖို့တန်းဖို့ ပါပါတယ်၊ ဒါတွေမလုပ်ခဲ့ဘူးဆိုရင်တော့ ကျွန်တော်တို့ အရင်ကတည်းက ပြောထားခဲ့သလို ဦးလေးတို့မိသားစု ဘေးဆိုးကြီး ကျရောက်လိမ့်မယ်ဆိုတာ နောက်ဆုံးအကြိမ် သတိလာပေးတာပါ၊ သတိသာထားပေတော့ ဦးလေးရေ"

ပြောပြောဆိုဆိုဖြင့် မျက်စိအောက်မှ ဖျတ်ခနဲပျောက်သွားသော ညောင်ပင်စောင့်မောင်နှမ၏ ပြောခဲ့သောစကားများကြောင့် ပြုံးချို ထိတ်လန့်တုန်လှုပ်နေသည်။ ရင်တွေလည်း တလှုပ်လှုပ်ခုန်လာသည်။

"ဟူ.....ဘာပဲဖြစ်ဖြစ်ကွာ၊ ယောက်ျားပဲ၊ ဖြစ်လာတဲ့ပြဿနာတွေ ရင်ဆိုင်ပစ်မယ်၊ ငါ့ကုသိုလ်နဲ့ ငါရတာကို သူတို့က ဟိုဟာလုပ်ပါ၊ ဒီဟာလုပ်ပါ လာပြောနေတယ်၊ မလုပ်ဘူးကွာ.....မလုပ်ဘူး"

အိမ်ရှေ့ဆီမှ ခင်ပွန်းသည်၏ ခပ်ကျယ်ကျယ်အော်လိုက်သော အသံကြောင့် မမြခင် အိမ်ရှေ့သို့ ပြေးထွက်လာသည်။

"ကိုပြုံးချို တစ်ယောက်တည်း ဘာဖြစ်နေတာလဲ၊ ဘာတွေအော်နေတာလဲ၊ ဘေးမှာ အိမ်နီးနားချင်းတွေရှိသေးတယ်လေ၊ တိုးတိုးလုပ်တာမဟုတ်ဘူး"

မမြခင်စကားအဆုံးတွင် ပြုံး ချို ပြန်ပြောလိုက်သည်။

"ဟိုညောင်ပင်အောက်က မောင်နှမလေ၊ ငါ့ကိုလာရောလုပ်

www.burmeseclassic.com

နေလို့ ပြန်အော်လိုက်တာကွ"

"တော်ကလည်းရှင် အရေး စိုက်လို့၊ ကိုယ်လုပ်စရာရှိတာလုပ် စမ်းပါ၊ သူတို့က နာနာဘာဝတွေ၊ ကျုပ်တို့လူတွေထက်နိမ့်ပါတယ်၊ ဆရာတော်ပေးလိုက်တဲ့ အဆောင် လက်ဖွဲ့ကြိုးလည်း ရှင့်မှာရှိတယ် မဟုတ်လား။ မပူပါနဲ့၊ သူတို့ဘာမှ မလုပ်နိုင်ပါဘူး"

"အေး ဟုတ်သားပဲ၊ ဘုရား စင်ပေါ်မှာ ငါတင်ထားတယ်၊ သွား တော့ ယူသွားမယ်၊ နောက်ပြီး ငါနဲ့ အတူ မင်းလည်းလိုက်မှာဆိုတော့ တိုင်ပင်ဖော်တိုင်ပင်ဖက်ရတာပေါ့"

"ဒါပေမဲ့ ရှင့်ကို ဆရာတော် က မှာလိုက်တယ်နော်၊ အဲဒီလက် ဖွဲ့ကြိုးဝတ်ပြီးရင် အရက်သေစာ မသောက်ရဘူးလို့ သေချာမှာထား တာ၊ သိလား"

"အေးပါ မိန်းမရာ၊ ငါသိပါ တယ်၊ တို့လည်း စောစောအိပ်ရာ ဝင်ကြမှ၊ မနက်စောစောထရဦးမယ် မဟုတ်

လင်မယားနှစ်ယောက် အိပ်ရာ ဝင်ချိန်မှာတော့ ညအမှောင်က အတော်အားကောင်းနေချေပြီ။

+++

"ကိုပြုံးချို၊ ထတော့လေ၊ ထ.....ထ"

ဇနီးသည်အသံကြောင့် ပြုံးချို ကမန်းကတန်းထလိုက်သည်။ ရေ ကပြင်၌ မျက်နှာသစ်ကိုယ်လက်သန့် စင်ပြီး ခေါင်းရင်းထရံတွင် ချိတ်ထား

သော လွယ်အိတ်ကိုယူလိုက်သည်။

"အဝတ်အစား တစ်စုံပဲထည့် နော်၊ သွားရလာရတာ ပေါ့ပေါ့ပါး ပါးဖြစ်တာပေါ့"

"အေးပါ၊ ငါက ခါးဝတ်ခါး စားနဲ့တောင် သွားချင်တာ၊ မြို့ပေါ် ဆိုတော့ မကောင်းတတ်လို့ အပို ထည့်ရတာ"

စကားပြောရင်း မမြခင်အလစ် တွင် အခန်းထောင့်၌ ထောင်ထား သော တောအရက်ပုလင်းလေးအား ကမန်းကတန်း လွယ်အိတ်ထဲ ကောက်ထည့်လိုက်သည်။

ထို့နောက် ဘုရားစင်နောက် တွင် ဝှက်ထားသော ရွှေထည်များ ထည့်ထားသည့် မြေအိုးငယ်အား လှမ်းယူပြီး လွယ်အိတ်အလယ်တွင် ထည့်ကာ အပေါ်မှ လုံချည် အဟောင်းတစ်ထည် အုပ်ထား လိုက်သည်။

"အင်း.....လိုရမည်ရ ငါကိုင် နေကျ ဓားကြီးတောင်တော့ ယူ သွားမှ"

အခန်းထောင့်နံရံတွင် ချိတ်ဆွဲ ထားသော သူကိုင်နေကျ ဓားအိမ် ဖြင့် ဓားကြီးတောင်ဓားအား လှမ်း ယူပြီး ကြိုးအား တစောင်းလွယ် လိုက်သည်။

"သွားကြမယ်ဟေ့၊ ရောင်နီ မလာခင် အိမ်ကထွက်မှကွ"

အိမ်တံခါး၊ ပြတင်းပေါက်များပိတ်ပြီး နှစ်ယောက်သား အမှောင်ကိုအား ကိုး၍ ခပ်သုတ်သုတ်ထွက်ခဲ့ကြ သည်။ တောတန်းများအား ဖြတ် သွားရသည်မို့ ပဒဝန်းကျင်တစ်



www.burmeseclassic.com

www.burmeseclassic.com



...တ် အေးစိမ့်တက်လာသည်။ နံနက် ဝေလီဝေလင်းအချိန်မို့လည်း အအေးကဲလျက်ရှိသည်။ ရှေ့မှသွားနေသော မြခင်အား လှမ်းကြည့်ရင်း ပြုံးချို လက်ကို လွယ်အိတ်ထဲ အသာနှိုက်ပြီး အရက်ပုလင်းဆွဲထုတ်ကာ အဖုံးဖွင့်၍ ကမန်းကတန်း မော့သောက်လိုက်သည်။

"ဟူး.....အခုမှပဲ အချမ်းပြေသွားတော့တယ်၊ မြခင်တောင်ရှေ့ကိုအတော်ရောက်သွားပြီ၊ အမီလိုက်မှပဲ"

ခပ်သွက်သွက်လေးလှမ်းပြီး နောက်မှအပြေးလိုက်မိသည်။ ထိုစဉ် တောတောင်တစ်ခုလုံး တော်လဲသံကဲ့သို့ အသံကြီးများ ရုတ်တရက် မြည်ဟည်းလာပြီး ခဏအကြာ ချက်ချင်းငြိမ်သက်သွားသည်။

ရှေ့မှသွားနေသော မြခင် တုံ့ခနဲရပ်ပြီး ပြုံးချိုရှိရာသို့ လှမ်းကြည့်လိုက်သည်။ ခပ်သုတ်သုတ်လာနေသော ခင်ပွန်းသည်အား ရပ်စောင့်ကာ.....

"မြန်မြန်လာပါတော့၊ စောစောက ဘာသံကြီးလဲမသိဘူး။ ဆူညံသွားတာပဲ၊ ရှင်ကလည်း အတူတူသွားတာ ဘာလို့နောက်ချန်နေတာလဲ"

"မဟုတ်ပါဘူးကွာ၊ ငါတို့ပစ္စည်းတွေကို စိတ်မချလို့ အိတ်ကို ခဏခဏ စမ်းကြည့်နေရလို့ပါကွာ"

"ကိုပြုံးချို ဟိုရှေ့က သစ်ပင်အုပ်ကလေးက ညောင်မှတ်ဆိတ်ကြီးရှိတဲ့နေရာမဟုတ်လား၊ အဲဒီရောက်မှ ခဏနားကြရအောင်"

"အေးပါကွာ၊ လာ....သွက်သွက်လျှောက်ကြရအောင်"

ညောင်မှတ်ဆိတ်ပင်အောက်အရောက် နှစ်ယောက်သား ခြေပစ်လက်ပစ် ညောင်ပင်အရိပ်တွင်ထိုင်ချလိုက်ကြသည်။

"တော်တော်မောသွားကြပြီလား။ ဖြည်းဖြည်းပေါ့။ ဟဲ...ဟဲ....ဟဲ"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် နှစ်ယောက်လုံး လန့်၍အသံလာရာသို့ လှမ်းကြည့်လိုက်သည်။

"ဟာ.....ဒေါ်ပုမတို့ပါလား"

ဟုတ်ပါသည်။ ဒေါ်ပုမ၊ သူ့ယောက်ျား ထွန်းခင်နှင့် သားတော်မောင် ဖိုးတုတ်တို့ကို တွေ့လိုက်ရသည်။

"အေး.....ငါတို့ပဲ၊ မင်းတို့ ဒီလိုလုပ်မှာသိလို့ ဒီသစ်ပင်အောက်မှာ ကြိုစောင့်နေတာ၊ ငါတို့လည်း လိုက်မယ်"

ပြုံးချို ဆတ်ခနဲထရပ်လိုက်ရင်း လက်ကလည်း ငုတ်ကြီးတောင်ဓားအရိုးအား ဆုပ်ကိုင်လိုက်သည်။ လွယ်ထားသော လွယ်အိတ်အား မြခင်ကို လှမ်းပေးလိုက်သည်။

"မင်း ရွှေတွေကို ကာကွယ်ထား"

ပြောရင်း သူ့နောက်ကျောသို့ ပို့လိုက်သည်။

ဖိုးတုတ်လက်ထဲမှ လက်ခနဲဖြစ်သွားသော အရာတစ်ခုကိုတွေ့လိုက်ရသည်။ သေချာကြည့်လိုက်ရာ ဓားမြှောင်တစ်ချောင်းဖြစ်နေသည်။

ထိုစဉ် ပတ်ဝန်းကျင်တစ်ဝိုက် မိုးမရွာ၊ လေမတိုက်ဘဲနှင့် ညောင်ပင်ပေါ်မှ ညောင်ရွက်များ လှုပ်ယမ်းယိမ်းထိုးလျက်ရှိပြီး ဟားတိုက်ရယ်မောသံကြီးများ ဟိုမှဒီမှ ထွက်ပေါ်လာခဲ့သည်။

"ဟ.....ဘာသံတွေလဲ၊ ပြုံးချို မင်းတို့မသွားရင် ပစ္စည်းတွေ ငါတို့ကို မြန်မြန်ပေးကွာ"

"ဘာလို့ပေးရမှာလဲ၊ ကျုပ်တို့နှစ်ယောက်ပဲသွားမှာ၊ ခင်ဗျားတို့ပြန်ဗျာ"

"မပြန်ဘူးကွာ၊ ကဲ...ပေးမလား။ မပေးဘူးလား။ ဖိုးတုတ်ရေ"

ဒေါ်ပုမက သူ၏သားတော်မောင်အား မျက်စပစ်လိုက်သည်။

ထွန်းခင်က လက်ထဲတွင်ကိုင်ထားသောတုတ်ဖြင့် ပြုံးချိုအား ရုတ်တရက် ရိုက်ချလိုက်သည်။ ရိပ်ခနဲ ဖြတ်ဝင်လာသော တုတ်ချက်အား ရှောင်လိုက်စဉ် ပခုံးအား ရိုက်မိသွားသဖြင့် နောက်သို့ဖင်ထိုင်လဲကျသွားသည်။

"အမယ်လေး.....ကိုပြုံးချို"

အလန့်တကြားဖြင့်လဲကျနေသော ပြုံးချိုအား ပြေးပွေ့လိုက်သော မြခင်အနားသို့ ဖိုးတုတ်ပြေးလာကာ လက်ထဲမှ ရွှေထည့်ထားသော လွယ်အိတ်အား အတင်းဆွဲလုလိုက်သည်။

"မပေးဘူး.....မပေးဘူး"

ကျစ်ကျစ်ပါအောင်လွယ်အိတ်ကိုဆုပ်ကိုင်ရင်း ရင်ခွင်ထဲပိုက်ထား

www.burmeseclassic.com

www.burmeseclassic.com





သောမမြခင်အား ဖိုးတုတ် မမျှော်လင့်ဘဲ လှုပ်ရှားမှုတစ်ခုလုပ်လိုက်လေသည်။ လက်ထဲတွင်ရှိနေသော ဓားမြှောင်ဖြင့် မမြခင်၏ရင်ဝအား တအားထိုးစိုက်လိုက်ရာ.....

"အား.....သေပါပြီ"

စူးစူးရှရှအော်လိုက်သော မမြခင်အသံကြောင့် လဲကျနေသော ပြုံးချို လှည့်ကြည့်လိုက်ရာ မမြခင်တစ်ယောက် ဓားတန်းလန်းဖြင့် ပက်လက်လန်ကျသွားသည်ကိုတွေ့လိုက်သည်။

"မြခင်..မြခင်၊ ဟာ....တော်တော်ရက်စက်တဲ့ကောင်၊ သေပြီသာမှတ်"

လဲနေရာမှ တစ်ဟုန်ထိုးထပြီး ဓားအိမ်ချွတ်ထားသော ငှက်ကြီးတောင်ဓားဖြင့် ဖိုးတုတ်နောက်မှနေ၍ လည်ကုပ်အား ပိုင်းချလိုက်သည်။

"အား....."

အသံနက်ကြီးဖြင့်အော်ရင်း ဖိုးတုတ် လဲကျသွားသည်။

"သား...သားလေး သေပါပြီတော့်"

ကမူးရှူးထိုး ပြေးဝင်လာသော ဒေါ်ပုမအရှေ့မှ အလိုက်သင့် ဓားရှည်ဖြင့် ဆောင့်ထိုးလိုက်သည်။

"စွပ်....."

"အွတ်....."

"အီး....."

ဓားဝင်သွားသော အော်သံ၊ ညည်းညူသံများ တစ်ပြိုင်နက်ထွက်ပေါ်လာပြီး ဒေါ်ပုမတစ်ယောက် အရုပ်ကြိုးပြတ် လဲကျသွားသည်။

ကိုထွန်းမောင် ရုတ်တရက်ဖြစ်ပေါ်သွားသော မြင်ကွင်းများကြောင့် ကြောင်ကြည့်နေရာမှ သတိဝင်လာပြီး ပြုံးချိုအား တုတ်ဖြင့်ပြေးရိုက်လိုက်သည်။

သို့သော်လည်း အလောတကြီး ပြေးလာသော ထွန်းမောင် ကံဆိုးသွားသည်။ ခလုတ်တိုက်ပြီး ပြုံးချိုရှေ့သို့ ဟပ်ထိုးကြီး လဲကျလာရာ အသင့်စောင့်နေသော ပြုံးချို၊ ဘီလူးစီးသကဲ့သို့ ဖြစ်နေသော ပြုံးချိုက လက်ထဲမှဓားဖြင့် ဖက်ပိုးအား အပိုင်ခုတ်ချလိုက်တော့သည်။

"အား....."

ထွန်းမောင်၏အော်သံကြီး တောတန်းတစ်ပိုက် ပျံ့ထွက်သွားပြီး တစ်ဆက်တည်း ညောင်ပင်ပေါ်မှ ရယ်မောသံကြီးများ အဆက်မပြတ်ထွက်ပေါ်လာခဲ့သည်။

"ဟော့.....ပြုံးချို၊ မောင်ပြုံးချို လက်ထဲကဓားချလိုက်ပါ"

မျက်ဝန်းဆီသို့ ဝင်းခနဲလက်သွားသော အလင်းရောင်များနှင့်အတူ ခေါ်သံများကြားရသဖြင့် ပြုံးချို မော့ကြည့်လိုက်ရာ သူ့ဆီသို့ ပြေးလွှားလာနေကြသော ရွာလူကြီး၊ ရွာသားများနှင့် ဆရာတော်အပါအဝင် သူ၏သားနှင့်သမီးတို့ကိုတွေ့လိုက်ရသည်။

အလင်းစက်လေးများ ပတ်ဝန်းကျင်တစ်ပိုက် ဟိုတစ်စ၊ ဒီတစ်စဖြင့် တိုးထွက်လာနေသည်။ အရုဏ်ဦး၏ အနိဋ္ဌာရုံမြင်ကွင်းများကတော့ အရုပ်ဆိုးအကျည်းတန်ခဲ့ချေပြီ။

✦✦✦

မြိုင်သာကျေးရွာ၏ အုပ်ချုပ်ရေးမှူးနေအိမ်တွင်ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ မြို့ပေါ်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလည်း ရောက်ရှိနေကြသည်။

ပြုံးချိုတစ်ယောက် လက်ထိတ်တန်းလန်းဖြင့် ရဲတပ်ဖွဲ့ဝင်များရှေ့တွင် မတ်တတ်ရပ်လျက်ရှိသည်။ သားနှင့်သမီးကတော့ မျက်ရည်များ စိုစွတ်စွာဖြင့် ဖခင်ဖြစ်သူအားကြည့်နေကြသည်။

"အဟမ်း....."

လည်ချောင်းရှင်းသော ချောင်းဟန့်သံနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူး၏အသံ ထွက်ပေါ်လာသည်။

"အခုဖြစ်ခဲ့တဲ့ ကိစ္စတွေ၊ ဖြစ်

www.burmeseclassic.com


စဉ်တွေနဲ့ပတ်သက်လို့ အခြေအနေ အရပ်ရပ်ကို အားလုံးလည်း မြင်ခဲ့ကြတဲ့အတိုင်း သေတဲ့လူတွေလည်း သေ၊ အဖမ်းခံရတဲ့သူလည်း အဖမ်းခံရနဲ့ ဘယ်သူ့ဘယ်သူမှ အကျိုး မရှိတဲ့လုပ်ရပ်တွေရဲ့ တရားခံအစစ်ဟာ လောဘက အခြေခံပေါက်ဖွားခဲ့တာပါပဲ''

အားလုံး ငြိမ်၍နားထောင်နေကြသည်။

''တကယ်တော့ မောင်ပြုံးချိုတစ်ယောက် ညောင်ပင်အောက်က တူးဖော်ရရှိခဲ့တဲ့ ရွှေထည်ပစ္စည်းတွေဟာ ရှေးဟောင်းရတနာပစ္စည်းတွေပါပဲ၊ ဒီပစ္စည်းတွေကိုလည်း နိုင်ငံတော်ရဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနကို

**သတ္တဝါတွေ အားလုံးဟာ ကံ၊ကံရဲ့အကျိုးကို ခံကြရတာပါပဲ၊ ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုး ပေးမှာပဲ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ ကံ အကျိုးပေးမှာပဲ ...**

ဆက်သွယ်အကြောင်းကြားရင် ရသင့်ရထိုက်တဲ့ ပိုင်ဆိုင်မှုတွေကို တူးဖော်ရရှိခဲ့တဲ့သူအတွက် မနစ်နာရအောင် ဆောင်ရွက်ပေးမှာပါ၊ မောင်ပြုံးချိုဟာ ရရှိလာတဲ့ ပစ္စည်းတွေအပေါ်မှာ လောဘတက်ပြီး ဆင်ခြင်သုံးသပ်နိုင်စွမ်းမရှိတော့တဲ့အပြင် သေဆုံးသူ ဒေါ်ပုမတို့ရဲ့ မတော်လောဘတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ရာဇဝတ်မှုတွေ ဖြစ်ပေါ်ခဲ့ရတော့တာပါပဲ''

ကျေးရွာအုပ်ချုပ်ရေးမှူးစကားအဆုံး ရဲတပ်ဖွဲ့ဝင်များက အုပ်ချုပ်ရေးမှူးအား လှမ်းပြောလိုက်သည်။

''ကဲ.....ကျွန်တော်တို့လည်း တရားခံနဲ့ အမှုနဲ့ပတ်သက်တဲ့ပစ္စည်းတွေကို သိမ်းဆည်းပြီး မြို့ပေါ်သာရဲစခန်းပြန်ရမှာမို့ ခွင့်ပြုကြပါဦး''

ဆရာတော်နှင့် သားသမီးနှစ်ယောက် ပြုံးချိုရှေ့သို့ လာရပ်ပြီးနောက် ကလေးနှစ်ယောက်မှာ ဖခင်ဖြစ်သူ ပြုံးချိုအား ထိုင်ကန်တော့ရင်း ငိုနေကြသည်။

''အင်း..တကယ်တော့ ဒါဟာ ဘယ်သူမပြု မိမိမှုပဲပေါ့၊ သတ္တဝါတွေအားလုံးဟာ ကံ၊ ကံရဲ့အကျိုးကို ခံကြရတာပါပဲ၊ ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးပေးမှာပဲ၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ကံ အကျိုးပေးမှာပဲ၊ ကဲ...ကဲ ဒကာလေးပြုံးချို၊ ကလေးတွေအတွက်တော့ စိတ်မပူနဲ့၊ ဘုန်းကြီးစောင့်ရှောက်ထားမယ်၊ ဟုတ်ပြီလား။ မင်းလည်း ရောက်တဲ့နေရာမှာ ဘုရား တရား မမေ့နဲ့၊ ကြားလား၊ ကဲ သွားပေဦးတော့ ဒကာလေး ပြုံးချိုရေ''

ဆရာတော်၏ ဆို့နင့်စွာ မိန့်ကြားလိုက်သော စကားအဆုံး ပြုံးချိုတစ်ယောက် မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေတော့သည်။

+++

လူသုံးဦးအား ရက်စက်စွာ သတ်ဖြတ်မိခဲ့သော ပြုံးချိုတစ်ယောက် တရားဥပဒေ၏ ဆုံးဖြတ်စီရင်ခြင်းကို တရားမျှတစွာ ခံစားရပေတော့မည်။

သေစားသေစေဆိုသော ကြိုးမိန့်ပြစ်ဒဏ်နှင့်အတူ အယူခံအဆင့်ဆင့် ရှုံးနိမ့်ခဲ့မှုများကြောင့် မနက်ဖြန်နံနက် အရုဏ်တက်ချိန်သည် ပြုံးချို၏ လူ့ဘဝနောက်ဆုံးအချိန်ဖြစ်မည်ကို တုန်လှုပ်နေမိသည်။

ဘီလူးတစ်ကောင်ကဲ့သို့ တခြားသူများအား ရက်နက်သတ်ဖြတ်ခဲ့မိတိုင်း အားရပါးရ ရယ်မောတတ်သော ပြုံးချို။ ယခုတော့ဖြင့် တရားဥပဒေ၏ ထိန်းချုပ်ထားမှုအောက်တွင် ရယ်သံတိတ်၍ သေဆုံးမည့်အချိန်ကို ကြောက်ရွံ့စွာ စောင့်စားနေရပေတော့မည်။

''သူမိုက်သည် မိမိပြုသောမကောင်းမှု အကျိုး မပေးသေးသမျှ ကာလပတ်လုံး မကောင်းမှုကို နှစ်သက် ဝမ်းမြောက်စွာ ပျားသကာကဲ့သို့ မှတ်ထင်၏။ သူ၏မကောင်းမှု အကျိုးပေးသောအခါ ထိုသူမိုက်သည် ဆင်းရဲဒုက္ခသို့ ရောက် လေ၏။''

(ဓမ္မပဒ)

စမ်းချောင်းခင်နှင်းကို

www.burmeseclassic.com

www.burmeseclassic.com



# ရဲဝကျ
# တစ်ခန်းရပ်ဟာသများ

## မြန်မာဇာတ်ကားကြည့်ရသလို

ညည့်ခန်းတွင် လင်မယားနှစ်ယောက်စကားပြောနေစဉ် စာကျက်နေသော သားဖြစ်သူက ကြားဖြတ်ဝင်ပြောလိုက်သည်။

**သား။** ။ ဖေဖေနဲ့မေမေ စကားပြောတာကလည်း မြန်မာဇာတ်ကားကြည့်ရသလိုပဲနော်။

**မိခင်။** ။ ဘယ်လိုကြောင့်လဲ သားရဲ့။

**သား။** ။ ဖေဖေစကားပြောတာက ရုပ်ရှင်မင်းသားမင်းသမီးတွေလို မပွင့်တပွင့်နဲ့ နားကိုမလည်ဘူး။

**ဖခင်။** ။ ပြောပါဦးသားရဲ့၊ မင်းမေမေကျတော့ကောကွာ။

**သား။** ။ မေမေ့အသံကျတော့ ဇာတ်ကားနောက်ခံတီးလုံးအတိုင်း အကျယ်ကြီးပဲ၊ ဖေဖေပြောတဲ့စကား ဘာမှမကြားရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com


# အရင်သွားနှင့်ပါ



ရပ်ကွက်တရားပွဲစတင်ရန်တရားဟောဆရာတော် မှာ ပလ္လင်ပေါ်သို့ရောက်နေသော်လည်း ပရိသတ်ကမစုံ သေးသဖြင့် အခမ်းအနားမှူးက မိုက်ဖြင့်အော်နေသည်။

**အခမ်းအနားမှူး။** ။ ကျွန်တော်တို့ တရားပွဲစတင်တော့မှာဖြစ်တဲ့အတွက် ပရိသတ်များ ကျွန်တော်တို့နဲ့အတူ နိဗ္ဗာန်ကို သွားနိုင်ဖို့အတွက် တရားတော်နာကြွရောက်ကြပါရန် နှိုးဆော်အပ်ပါတယ်ခင်ဗျား။

ပရိသတ်များက နေရာမယူကြသေးဘဲ လှုပ်ရှနေကြသဖြင့် အခမ်းအနားမှူးက ထပ်၍အော်လိုက်သည်။

**အခမ်းအနားမှူး။** ။ ကျွန်တော်တို့နဲ့အတူ နိဗ္ဗာန်ကို သွားနိုင်ဖို့အတွက် နိဗ္ဗာန်ရောက်ကြောင်းတရား.....

အခမ်းအနားမှူး စကားမဆုံးခင် တရားဟောမည့် ဆရာတော် ပြောလိုက်ပုံကတော့.....

**ဆရာတော်။** ။ ကျုပ်ကတော့ တရားဟောတာ သိပ်မကြာသေးတော့ နိဗ္ဗာန်ကို ရောက်ဖို့ သိပ်မသေချာဘူး။ လိုက်ချင်တဲ့ဒါယကာ၊ ဒါယိကာမတွေကတော့ နိဗ္ဗာန်ကိုသေချာတဲ့ ဒကာကြီးနဲ့ အရင်လိုက်သွားကြကွဲ့။

www.burmeseclassic.com

www.burmeseclassic.com

# ခေါ်ခဲ့ပါ

လူကြီးတစ်ယောက် လက်ကိုင်ဖုန်းပြင်ဆိုင်သို့ ရောက်လာသည်။

**ဆိုင်ရှင်။** ဖုန်းဘာဖြစ်လို့ပါလဲခင်ဗျာ။

**လူကြီး။** မသိပါဘူး ညီလေးရယ်၊ ဖုန်းဆက်လို့မရလို့ လာပြတာပါကွယ်။

**ဆိုင်ရှင်။** ဟုတ်ကဲ့ပါ ဦးလေး၊ ဒါနဲ့ ဦးလေး ဘာဆော့ဝဲလ်တွေသုံးသလဲ။

လူကြီးက အိမ်တွင် သူ့ဖုန်းကို အမြဲဆော့တတ်သည့် (၇)နှစ်အရွယ် သားငယ်ကို သတိရပြီး.....

**လူကြီး။** ဦးမသိဘူးကွ၊ ဦးသားပဲသိတာ။

**ဆိုင်ရှင်။** Game တို့၊ Viber တို့၊ Internet တို့ သုံးပါသလားခင်ဗျာ။

**လူကြီး။** ဒါလည်း ဦးမသိဘူးကွ၊ ဦးသားပဲသိတာ။

**ဆိုင်ရှင်။** ဒါဆိုလည်း ဦးသားကိုသာ ခေါ်ခဲ့ပေးပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com


## ဥပဒေစကားနေ့တိုင်းကြားက



ကဗျာဆရာတစ်ယောက် နှုတ်မှရွတ်လိုက်၊ စာရွက်ပေါ်ချရေးလိုက်ရှိနေစဉ်

**ကဗျာဆရာ** လှပငယ်သဘော ချစ်တင်းနှော၍ ကိုယ်ရောစိတ်ပါ.....

**ဇနီး** ဒီမယ်ရှင့် အသံတိတ်ရေးလို့ မရဘူးလား၊ ကလေးတွေရှေ့မှာ ဘာတွေရွတ်နေတာလဲ။

**ကဗျာဆရာ** အရင်ကတည်းက ဒီလိုပဲ ရေးတာပါကွာ၊ ကလေးပဲ သုံးယောက်ရနေပြီ၊ အခုမှ ဘာဖြစ်ရပြန်တာလဲကွ။

**ဇနီး** ကဲ....ပြီးရော ဆက်ရေးပါရှင် အချစ်ကဗျာဆရာကြီးရဲ့။

**ကဗျာဆရာ** အင်း.....ဇနီးမယား၊ သမီးသားကို၊ ထားချင့်စေရာ.....

ကဗျာဆရာစကားမဆုံးခင် သားနှင့်သမီးစကားကြောင့် စာဆက်မရေးနိုင်တော့ပေ။

**သားနဲ့သမီး** ဖေဖေ ဇနီးဆို ဇနီး၊ မယားဆို မယားရေးလေ၊ ဇနီးမယားဆိုတော့ နှစ်ယောက်ဖြစ်နေတယ်၊ ဥပဒေနဲ့မညီဘူးနော်၊ ပြန်ပြင်ပေးပါ၊ ဒါပဲ။

**ရဲဝဏ္ဏ**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မောင်မောင်လွင်
(ညောင်လေးပင်)

# မရွှေဥတောင် နှင့် ဟင်းကောင်ကြီး

ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

လင့်စီးရသည်မှာ
မုဆိုးအတွက်
အပင်ပန်းဆုံးဖြစ်သည်။
ခြင်ကိုက်၊
ဖြုတ်ကိုက်
မရိုက်ရ။
တစ်ခါတစ်ရံ
မှက်ကြီးများကိုက်သည်ကိုပင်
ငြိမ်ခံရသည်။
စကားမပြောရ။
ကိုယ်ကိုမလှုပ်ရဲ။
ချောင်းဆိုးလျှင်...

□

ညနေ ၅ နာရီအချိန်။

ဒေသခံမုဆိုး ကိုတွတ်နီက ဝှင်းထိုးထားသော လင့်ပေါ်သို့ ကျွန်တော်နှင့် ကိုမြင့်ကြည်ကို တင်ပေးပြီး တဲဆီသို့ပြန်သွားသည်။ လင့်စီးသည့်နေရာမှာ မရွှေဥတောင်ရှိ ဂမ္ဘီချောင်း၌ဖြစ်သည်။

ဂမ္ဘီချောင်းမှာ ရိုးမထဲမှ စီးလာသည့် တောင်ကျချောင်းဖြစ်သည်။ မိုးအခါ အရှိန်ပြင်းပြင်းနှင့် ချောင်းရေထိုးဆင်းလာသော်လည်း ယခုအခါ နွေအချိန်ဖြစ်၍ ရေများခန်းခြောက်ကာ အေးဆေးငြိမ်သက်နေသည်။

လင့်ကို ချောင်း၏တောင်ဘက်ကမ်းပါးရှိ ပျဉ်းမပင်ကြီးပေါ်၌ မျောချောင်းများဖြင့် အကျအနထိုးထားသည်။ ကျယ်ဝန်း၍ သက်သောင့်သက်သာ လင့်စီးနိုင်သည်။ ကျားရဲသောဒေသမို့ (၁၄)တောင်အမြင့်တွင် ထိုးထားရာ စိတ်ချရသည့်လင့်ဟု ဆိုရမည်။

မရွှေဥတောင်၊ နတ်တွင်းတောင်နှင့် မြွေဟောက်တောင်တို့မှာ ဖိုခုံလောက်ဆိုင်ရှိသဖြင့် တောင်သုံးလုံးဟုလည်းခေါ်သည်။ လင့်ပေါ်မှ အနောက်ဘက်ဆီသို့ကြည့်လျှင် ဝင်လုဆဲဆဲ ရဲရဲနီသော နေလုံးကြီးကို မြင်ရ၏။ တိမ်ရောင်စုံများ နောက်ခံထားလျက် နတ်တွင်းတောင်မကြီးမှ မြောက်ဘက် မြွေဟောက်တောင်ဆီသို့ ထိုးထွက်နေသော ကျောက်ဆွယ်ကြီးမှာ ဆေးရေးသည့် ပန်းချီကားသဖွယ် လှပနေသည်။

ဤဒေသတစ်ဝိုက် တောတောင်ထူထပ်၍ လျှိုကြီးများ၊ စိမ့်တောကြီးများရှိသည်။ အဖိုးတန်သစ်ဝါးမျိုးစုံနှင့် ဂမုန်းသစ်ခွ၊ ဆေးဖက်ဝင်အပင်များ တွေ့နိုင်သည်။ အစာရေစာပေါခြင်း၊ အခိုအကပ်ကောင်းပြီး လူသူဝေးသဖြင့် သားကောင်ကြီးငယ်များ၊ ငှက်မျိုးစုံနှင့် အဆိပ်ရှိမြွေများရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com




အန္တရာယ်ရှိသော်လည်း တော တောင်အလုပ်ဖြင့် မိရိုးဖလာ လုပ်ကိုင်ကြသော ဒေသခံတို့၏ တဲစုလေးများကို ဟိုတစ်စု၊ ဒီတစ်စု တွေ့နိုင်သည်။ သားကောင်ပေါခြင်းကြောင့် မုဆိုးကြိုက်နေရာဖြစ်၏။ သို့သော် ကျားသစ်၊ ကျားစသော ဟင်းကောင်ကြီးများရှိ၍ မုဆိုးအဖို့ ပိုသတိထားရသည်။

လင့်နှင့်မနီးမဝေး တစ်ဖက်ကမ်း၌ရှိသော ကြီးမားသောကုက္ကိုပင်အိုကြီးတစ်ပင်မှာ အကိုင်းအခက်များဖြင့်ဝေဆာလျက်ရှိသည်။ အပင်ထက်ဆီမှ လေတိုက်တိုင်း ကုက္ကိုသီးမှည့်များ တဖြုတ်ဖြုတ်ကြွေကျနေ၏။ ကုက္ကိုပင်ကြီးအောက် သားကောင်ကြီးငယ်မျိုးစုံ၏ လတ်လတ်ဆတ်ဆတ်ခြေရာများ ထပ်နေသည်ကိုကြည့်ပြီး နှစ်ခြိုက်စွာလာစားနေသည်ကို သိနိုင်သည်။

သားကောင်တို့၏သဘာဝမှာ စားပင်တိုင်းမစား၊ ကြိုက်နှစ်သက်သောစားပင်မှ လာစားကြသည်။ ကျွန်တော့်အနေနှင့် စားပင်ဝင်မည့် သားကောင်ကြီးများအား မီးထိုးပြီး အပိုင်ပစ်ရန် အပင်ပန်းခံ လင့်စီးနေခြင်းဖြစ်သည်။

ကျွန်တော်ကိုင်သောသေနတ်မှာ အမေရိကန်နိုင်ငံလုပ် ၃၀ ဒဿမ ၀၆ Spring Field အမဲကြီးပစ်ရိုင်ဖယ်ဖြစ်၍ ယမ်းအားပြင်းထန်သည်။ ကိုက် ၃၀၀ အတွင်း ထိရောက်မှုရှိသည်။ တစ်တောင့်ချင်း ကျည်ထိုးပြီး စိတ်ကြိုက်ပစ်နိုင်သဖြင့် မုဆိုးအတွက် အားကိုးလောက်သော လက်နက်ဟု ဆိုရမည်။

ကိုမြင့်ကြည်အတွက် လိုလိုမည်မည် ၁၂ဗို နှစ်လုံးပူး (Double Barrel) သေနတ်တစ်လက်ယူခဲ့သည်။ သားကောင်ကြီးပစ်ဖို့ မထိရောက်သော်လည်း သားကောင်လတ်နှင့် သားကောင်ငယ်များကို လျှပ်တစ်ပြက် ပစ်ခတ်ရာ၌ မလွဲတမ်းပစ်နိုင်သည်။ ဘယ်ညာပြောင်းကြောင့် သားကောင်ကို ထပ်ဆင့်ပစ်နိုင်သည့်အတွက် ကမ္ဘာပေါ်တွင် ယနေ့အထိ မုဆိုးကြိုက် ထင်ရှားသော လက်နက်ကောင်းတစ်လက်ဖြစ်သည်။

လင့်ပေါ်အရောက်တွင် ကျွန်တော့်သေနတ်ကို မောင်းတစ်ဝက်ကျည်ထိုးလျက် ရှေ့နှင့်ဘေး ဘယ်ညာကို ဂရုတစိုက် သတိထားကြည့်သည်။ ထိုအချိန်တွင် အဖော်လိုက်ခဲ့သော ကိုမြင့်ကြည်မှာ ခရီးပန်းလာ၍ နှစ်လုံးပူးသေနတ်ဘေးချပြီး ကျောပိုးအိတ်ခေါင်းခုကာ လှဲနေသည်။

နေဝင်မိုးချုပ်သည်နှင့် အနောက်ဘက်မိုးသားကောင်းကင်၌ ဆန်းစသုံးရက်လကွေးကွေးလေးကို မြင်ရသည်။

"ဝေါင်း....."

"ဝေါင်း....."

မလှမ်းမကမ်းလျှိုထဲမှ အိပ်တန်းမှထဟောက်လိုက်သော ဂျီ(ချေ)ဖိုတစ်ကောင်၏ ဟောက်သံနှင့်အတူ အခြားတောင်ကြောဆီမှ ဆတ်တစ်သံ၊ တောခွေးအူသံ၊ ကျားဟိန်းသံများ ကြားရသည်။ သား

www.burmeseclassic.com

www.burmeseclassic.com

ကောင်မြူးသည့်အချိန်။

ဤအချိန်တွင် သားကောင်ငယ်များသာ စားပင်ဝင်တတ်ပြီး သားကောင်ကြီးများအဖို့ စားပင်ဝင်ရန် စောသေးသည်။ သို့သော် မုဆိုးဖြစ်၍ သတိထားလျက် ကျွန်တော့်ဘယ်ဘက်ဘေးတွင် သုံးတောင့်ထိုးဓာတ်မီးကို အသင့်ချထားလိုက်၏။

လင့်စီးရသည်မှာမုဆိုးအတွက် အပင်ပန်းဆုံးဖြစ်သည်။ ခြင်ကိုက်၊ ဖြုတ်ကိုက် မရိုက်ရ။ တစ်ခါတစ်ရံ မှက်ကြီးများကိုက်သည်ကိုပင် ငြိမ်ခံရသည်။ စကားမပြောရ။ ကိုယ်ကိုမလှုပ်ရဲ။ ချောင်းဆိုးလျှင် ပိုဆိုးသည်။ အပေါ့သွားချင်လျှင် တစ်ဖက်ပိတ်ဝါးဆစ်ဘူးကို အသင့်ကြိုတင်ခုတ်ယူလာမှ တန်ကာကျသည်။ ဝါးဘူးမပါခဲ့သော် အရေးထဲကျမှ ဆီးသွားချင်လျှင် ခက်တော့သည်။ အခင်းကြီးသွားလို၍ လင့်ပေါ်မှ အချိန်မတော်ဆင်းက ကျားဆွဲခံရမှာ သေချာသည်။

မုဆိုးအလုပ်မှာ ဝါသနာကို အရင်းခံလျက် အသက်တစ်ဝက်ပေးပြီး လုပ်ရသည့်အလုပ်မို့ ပေါ့ဆ၍မရ။ မုဆိုးစည်းကမ်းကို အတိအကျ လိုက်နာဖို့လို၏။

ညဦးနက်ပိုင်းသို့ ရောက်လာသည်။ တောမှာ ပို၍တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လင်းလက်နေသော ကြယ်များကို မြင်ရသည်။ တစ်ခါတစ်ရံ ပုဖင်းရင်ကွဲသံကိုကြားရ၏။ ကိုမြင့်ကြည်မှာ အိပ်မောကျလျက်ရှိပါသည်။

"ဂစ်....."



"ဂစ်....."

ကျွန်တော့်ခေါင်းအထက် ပျဉ်းမပင်ကြီး၏ ကိုင်းဖျားဆီမှ လင်ကောင်ပိုးခေါ် ငှက်သူတော်၏ ကြောက်မက်ဖွယ်အော်သံကြားရ၏။ ဤငှက်မျိုးမှာ အစိမ်းသရဲ၊ တစ္ဆေများလာလျှင် မောင်းနှင်ပစ်တတ်ကြောင်း မှတ်သားဖူးသည်။

ဤတွင် တဲ၌ ကိုတွတ်နီပြောပြသော မရွှေဥအကြောင်း သတိရလိုက်သည်။ ဤတောင်တွင် သစ်ဝါးလုပ်ရင်း နေသွားသည့် ကိုဖိုးမောင်မိသားစုရှိခဲ့ကြောင်း၊ ၎င်းတို့၏သမီး မရွှေဥမှာ ကျားဆွဲခံရကြောင်း၊ မရွှေဥသေပြီးနောက် တောတောင်ထဲ လုပ်ကိုင်သူများ မကြာခဏ ထူးထူးခြားခြား အမွှေးနံ့များရခြင်း၊ ငိုနေသော မိန်းကလေးတစ်ဦးကို တွေ့ခြင်းများရှိကြောင်း၊ မရွှေဥ မကျွတ်မလွတ်သေးဘူးဟု မိမိထင်ကြောင်း ကျွန်တော်တို့အား ပြောပြခဲ့သည်။

ယခင်က ကျားရဲတောင်ကို မရွှေဥသေပြီးနောက်ပိုင်း ဒေသခံလူများက မရွှေဥတောင်ဟု ခေါ်ခဲ့ကြောင်းပါ သိရသည်။ ကျွန်တော်တစ်ဦးတည်း လင့်စီးရသော်လည်း အတွေ့အကြုံများပြီဖြစ်သဖြင့် မကြောက်ပါ။ သို့သော် လင့်စီးနေခိုက် မရွှေဥအကြောင်း ခေါင်းထဲဝင်နေ၍ အတွေးစအား မနည်းဖျောက်ရသည်။

ကျွန်တော် သတိထားနေသော်လည်း တစ်နေ့လုံး လျှောက်ခဲ့ရသည့် ခရီးလမ်း ကြမ်းတမ်းသဖြင့် ခရီးပန်းမှုကြောင့် ပျဉ်းမပင်ကြီး၏ ပင်စည်ကိုမှီရင်း မှေးခနဲ အိပ်ပျော်သွားတော့သည်။

+++

ညင်းသွဲ့သွဲ့တိုက်ခတ်လာသော လေနုအေးနှင့်အတူ မွှေးရနံ့ကို ကျွန်

www.burmeseclassic.com

**ညောင်ပင်ကြီးအောက်တွင် နုနယ်လှပသော မိန်းကလေးတစ်ဦး မျက်နှာကို လက်ဝါးအုပ်လျက် ငိုနေသည်။ ကျွန်တော် အံ့အားသင့်ကာ ကြည့်မိသည်။ အဖြူရောင်အဝတ်ပေါ်၌ စွန်းထင်းနေသော သွေးကွက်များကြောင့် မကောင်းဆိုးဝါးများ ခြောက်လှန့်နေပြီလားဟု . . .**

တော်ရသည်။ ရန်နှင့်အတူ.....

"မောင်ကြီး မောင်ကြီးရေ.."

သာယာချိုလွင်သော အသံ မဟုတ်။ အားထည့်ပြီး ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်သည့် မိန်းကလေးတစ်ဦး၏ ဆို့နင့်ကြေကွဲနေသောအသံ။

တောကြီးမျက်မည်းထဲ ဘယ်ကမိန်းကလေး ရောက်နေပါလိမ့်။ မဖြစ်နိုင်ဘူး။ ကျွန်တော် ထိတ်လန့်တုန်လှုပ်စွာဖြင့် ဟိုဟိုသည်သည် လှည့်ရှာမိသည်။

"ဒီမှာလေ မောင်ကြီးရဲ့ ရွှေဥ ဒီမှာ၊ ဟီး.....ဟီး.....ဟီး"

"ဟာ.....ဒုက္ခပဲ"

ကျွန်တော့်လင့်နှင့် မနီးမဝေး ညောင်ပင်ကြီးအောက်တွင် နုနယ်လှပသော မိန်းကလေးတစ်ဦး မျက်နှာကို လက်ဝါးအုပ်လျက် ငိုနေသည်။ ကျွန်တော် အံ့အားသင့်ကာ ကြည့်မိသည်။ အဖြူရောင်အဝတ်ပေါ်၌ စွန်းထင်းနေသော သွေးကွက်များကြောင့် မကောင်းဆိုးဝါးများ ခြောက်လှန့်နေပြီလားဟု ကြောက်စိတ်ဝင်လာသည်။

"ဟိုမှာ....ရွှေဥကိုကိုက်တဲ့ အကောင်၊ ပစ်သတ်လိုက်၊ မောင်ကြီး ပစ်လိုက်လေ"

ရှိုက်သံနှင့်အတူ ဒေါသစွက်၍ ပြောလိုက်သော မိန်းကလေးက တစ်နေရာဆီသို့ လက်ညှိုးထိုးပြသည်။ ကျွန်တော်ကြည့်လိုက်ရာ ချောင်းတစ်ဖက် ကုက္ကိုပင်ကြီးနှင့် မနီးမဝေး ကိုင်းတောအစပ်တွင် ကြီးမားသော ဟင်းကောင် (ကျားကြီး)ကို တွေ့ရတော့သည်။

တောစပ်တွင်ရပ်လျက် သားကောင်တို့၏ အငွေ့အသက်ကို အနံ့ခံနေသော သတ္တဝါကြီးနှင့် သည်းထန်စွာငိုနေသော မိန်းကလေးအား တစ်လှည့်တစ်ပြန် မှင်တက်မိပြီး ကြည့်နေစဉ် ရုတ်တရက် လန့်နိုးသွားသည်။

ပတ်ဝန်းကျင်မှာ အမှောင်ထုဖုံးလွှမ်းလျက် တိတ်ဆိတ်ငြိမ်သက်နေ၏။ ကျွန်တော့်ကိုယ်တွင် ချွေးစေးများပြန်ကာ သေနတ်ကို တင်းတင်းရင်းရင်း ဆုပ်ထားမိသည်။

ဤအချိန်.....

ကျွန်တော့်နားထဲ တစ်စုံတစ်ရာသောအသံကို ကြားရ၏။

"ဖြောက်...ဖြောက်..ဖြောက်"

"ဂျွပ်.....ဂျွပ်.....ဂျွပ်"

လမ်းလျှောက်သံ၊ အစာစားနေသံကြောင့် စားပင်ကြီးအောက် သားကောင်ကြီးတစ်ကောင်ရောက်နေသည်မှာ သေချာပြီ။ ငြိမ်လိုက်၊ သွားလိုက်၊ ကောက်လိုက်၊ စားလိုက်လုပ်နေသော သားကောင်ကြီးဆီမှ အစာစားရင်း "ဘူး"ဆိုသော နှာမှုတ်သံကြားရသည့်အတွက် ပြောင်၊ စိုင် (သို့မဟုတ်) ဆတ်ဖြစ်မည်။

ကျွန်တော် အမဲပစ်ရိုင်ဖယ် မောင်း(Bolt)ကို အသံမကြားအောင် ကျိတ်တင်သည်။ လုံခြုံမှုခလုတ် (Safety Cap)ကိုဖွင့်ပြီးပြီ။ သုံးတောင့်ထိုးဓာတ်မီးကိုင်၍ ပစ်ရန်အသင့်လုပ်ချိန်၌.....

"ဝေါင်း....."

"ဝုန်း.....ဗုန်း"

"ဂျွတ်....."

"ပဲ.....ဟဲ.....ဟဲ"

"ဖြောင်း.....ဖြောင်း"

ဟင်းကောင်(ကျားကြီး)၏ ဟိန်းသံနှင့်အတူ သားကောင်အပေါ် ခုန်အုပ်သံ၊ ကိုက်ခဲသံနှင့် [illegible] အော်ဟစ်သံများ ကုတ္တိပင်ကြီး

www.burmeseclassic.com



အောက် ဆူညံနေသည်။

သားကောင်နှင့် သတ္တဝါမှဆိုး တွေ့နေပြီဖြစ်၍ ကျွန်တော်ပစ်ဖို့မလို။ အမှောင်ထဲမှာပင် အခြေအနေကို စောင့်ဆိုင်းအကဲခတ်ရာ အတန်ကြာလျှင် ဟင်းကောင်(ကျားကြီး)၏ မာန်ဖီသံကလွဲပြီး လှုပ်ရှားရုန်းကန်သံမကြားရတော့ပေ။

တောမှာ ပြန်လည်တိတ်ဆိတ်သွား၏။ သားကောင်သေလောက်ပြီ။ ဟင်းကောင်(ကျားကြီး) သတ်ပုတ်နေခိုက် ကိုမြင့်ကြည် နိုးလာသည်။ ကျွန်တော့်ဘယ်ဘက်ဘေး အသာထိုင်၍ လက်ကုတ်အချက်ပြသည်။ သူနိုးလာပြီဖြစ်သဖြင့် ကျွန်တော်စိတ်အေးသွားသည်။ အတွေ့အကြုံရှိသူမို့ တော်ပါသေးသည်။

အကယ်၍ သူမနိုးဘဲ ကျွန်တော် သားကောင်ပစ်ရန်အလုပ် ကိုမြင့်ကြည် လှုပ်လှုပ်ရှားရှားလုပ်ခဲ့သော် တစ်ညလုံးခြင်ကိုက်ခံကာ ပင်ပင်ပန်းပန်းစောင့်ခဲ့သမျှ မပစ်ရဘဲအခွင့်အရေးဆုံးရှုံးနိုင်သည်။ သားကောင်ကြီးတစ်ကောင်ကို ပစ်ရဖို့မလွယ်။

ဘယ်ဘက်လက်မှဓာတ်မီးကို ညာလက်တွင်ကိုင်ထားသော အမဲပစ်ရိုင်ဖယ်နှင့် အသံမကြားအောင် ပူးကိုင်ပြီး သေနတ်အား မ,ယူသည်။ ဒင်ကို ညာပခုံးတွင်ထောက်၍ ပြောင်းကို ကြယ်ရောင်နှင့်လှမ်းမြင်ရသော ကုက္ကိုပင်မည်းမည်းကြီးအခြေကို တန်းချိန်လိုက်ချိန်၍ မီးခလုတ်ဖွင့်လိုက်တော့သည်။

မီးရောင်တွင် စားပင်အောက်မှာ ခြောက်စထောင်ချိုကြီးဖြင့် ဆတ်ဖို(ဆတ်ဖား)ကြီးမှာ ကျွန်တော့်ဘက် လည်လိမ်လျက် အသက်ပျောက်နေ၏။ ဆတ်ဖိုကြီး၏ ကျောကုန်းနောက်ဘက်ကကုပ်ကို မလွှတ်တမ်းခဲထားသော ဟင်းကောင်(ကျားကြီး)မှာ နီဝါဝါလီမွှော်ရောင်အခံတွင် အနက်စင်းများဖြင့် လှပခံ့ညားသလောက် ကြောက်မက်ဖွယ်ရာကောင်းသည့် သတ္တဝါကြီးဖြစ်သည်။

"ဂရား....."

ဘယ်တစောင်းအနေအထားဖြင့် မီးကိုမြင်

www.burmeseclassic.com



သည်နှင့် ပါးစပ်ကိုဖြဲလျက် ဝမ်းခေါင်းသံဖြင့် မာန်ဖီလိုက်သည်။ ပါးစပ်တွင် ဆတ်သွေးများ ရဲရဲနီနေသည်။

ကျွန်တော့်စိတ်ကို အတည်ငြိမ်ဆုံးထိန်းပြီး ဟင်းကောင်(ကျားကြီး)၏ နားနောက်ဘက် လက်လေးသစ်နေရာသို့ ပစ်မှတ်ထားလျက်ချိန်သည်။ ရှေ့ချိန်သီး၊ နောက်ချိန်ပေါက် (V-Shape) ရှေ့ပစ်မှတ် တစ်ထပ်တည်းရှိစဉ် မောင်းကို ညင်သာစွာ ဖြုတ်လိုက်သည်။

"ဒိုင်း....."

"ဝေါင်း....."

"ဗုန်း.....ဗုန်း"

ညဉ့်ယံကိုဖောက်၍ထွက်လာသည့် အမဲကြီးပစ်ရိုင်ဖယ်၏ ပြင်းထန်သော ယမ်းအားပေါက်ကွဲသံ၊ ဟင်းကောင်(ကျားကြီး)၏ နာနာကျင်ကျင် အော်၍လန့်ခုန်သံ၊ မြေပေါ်သို့ ပြုတ်ကျသွားသံကို မီးရောင်တွင် ကြားနေရ၊ မြင်နေရသည်။

"ဖြောင်း.....ဖြောင်း"

သေနတ်မှုဆိုးဖိုးဖိုး ကျည်ထုတ်၊ ကျည်ထိုးကို အမြန်လုပ်၍ ဒုတိယအကြိမ် လိုအပ်လျှင် "ပွဲသိမ်း"ပစ်ရန်သို့သော်.....

ကျည်ဖူးက ဟင်းကောင်(ကျားကြီး)၏ လည်ပင်းရိုးမဏ္ဍိုင်ဆက်ကို ဖြတ်ဖောက်ထွက်ရာ အရိုးများ ကျိုးသွားလျက် ပြန်အကျတွင် ငြိမ်ပြီးသေက်ပျောက်နေပေပြီ။ ဆတ်ဖို(ဆတ်ထီး)ကြီးက အပိုဆုအနေနှင့် ရလိုက်သည်။

**ပစ်၍ရခဲ့သော**
**ဟင်းကောင်**
**(ကျား)ကြီးမှာ**
**မရှေ့ကိုကိုက်သော**
**ကျား ဟုတ်၊ မဟုတ်၊**
**ကျွန်တော်မသိ။**
**မုဆိုးတစ်ယောက်အနေနှင့်**
**ကြုံတောင့်ကြုံခဲ**
**တိုက်ဆိုင်လွန်းသော**
**အဖြစ်မို့**
**...**

+++

"ဟင်းကောင်ကြီးက ကြီးလိုက်တာကွာ၊ ကိုးတောင်နီးပါးရှိမယ်မောင်ရေ့၊ တို့တော့ ဟန်ကျတာပဲ၊ တစ်ချက်တည်းနဲ့ နှစ်ကောင်ရတာကို မနက်ကျမှ ကိုကျော်တို့တွေ့ရင် ကြွားရဦးမယ်ဟေ့"

ကျွန်တော်တို့နှင့်အတူ ပါလာပြီး ညနေက လင့်စီးရန် တစ်ဆိုင်းထွက်သွားသော သာယာဝတီသားသူငယ်ချင်း ကိုကျော်ကျော် (သေနတ်ပစ်လက်ရွေးစင်)ကို ပြောခြင်းဖြစ်သည်။

"အေးဗျာ၊ ကံကောင်းချင်တော့လည်း ဒီလိုပဲပေါ့၊ ကျွန်တော် ဟင်းကောင်ကြီးရဲ့ဟိန်းသံလည်း ကြားရော ကိုမြင့်လန့်ပြီးလှုပ်လှုပ်ရှားရှားလုပ်မလားလို့ စိုးရိမ်သေးတာ၊ ဒီလိုအခွင့်အရေးမျိုးက ရဖို့မလွယ်ဘူး"

"ဟဲ...ဟဲ...ဟဲ၊ သူငယ်ချင်းကလည်း စိတ်မပူပါနဲ့ကွာ၊ တွဲလာတာကြာပါပြီ၊ ကိုယ်သိပါတယ်၊ ဒီကောင်ကြီးမလှုပ်ရှားခင်ကတည်းက ကိုယ်နိုးနေတာပါ"

ကျွန်တော် သေနတ်မောင်း (Bolt)ကို မောင်းတစ်ဝက်ကျည်ထိုးအနေအထားသို့ ပြန်လျှော့သည်။ မီးခလုတ်ကိုပိတ်၍ ဟင်းကောင်(ကျား)ကြီးမပစ်မီ အိပ်မက်လိုလိုတွေ့ရသည့် မိန်းကလေးအကြောင်း ကိုမြင့်ကြည်အား ပြောပြလိုက်သည်။

"အဲဒါပဲ ကိုမြင့်၊ ကျွန်တော်လည်း တောပစ်လာတာကြာပြီ၊ တစ်ခါမှ မကြုံဖူးဘူး"

"အင်း မင်းပြောသလိုဆိုတော့ အဖြစ်အပျက်က ခပ်ဆန်းဆန်းပဲ၊ တိုက်ဆိုင်တာကလည်း အံ့သြဖို့ကောင်းတယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး ကိုမြင့်"

ကျွန်တော်က ကိုမြင့်ကြည်ကို မေးသည်။

"မနေ့က တဲမှာ မရွှေဥကျား ဆွဲခံရတာတွေ၊ မရွှေဥတောင်ဖြစ်လာတဲ့အကြောင်းကို ကိုတွတ်နီ ပြောပြတာ မင်းစိတ်ထဲ စွဲလမ်းသွားလို့များလား မောင်မောင်ရာ"

"အေးဗျာ၊ ကျွန်တော်လည်း မပြောတတ်တော့ဘူး"

ကျွန်တော် သေနတ်ကို ညာဘက်ဘေးတွင်ချထားပြီး ကျောပိုးအိတ်ထဲမှပါလာသည့် ဘီစကွတ်ကို ထုတ်၍ နှစ်ဦးသား အဆာပြေစားသည်။ ရေဘူးဖြင့်ထည့်လာသော ရေနွေးကြမ်း(အခါးရည်)ခါးခါးကို သောက်ကြ၏။

မကြာမီ တောကြက်ဖတွန်သံများနှင့်အတူ အရှေ့ဘက်ဆီမှ ရောင်နီဦးကို မြင်ရတော့သည်။ မိုးစင်စင်လင်းချိန်၌ လင့်ပေါ်မှ ကျွန်တော်နှင့် ကိုမြင့်ကြည် ဆင်းခဲ့သည်။

ဟင်းကောင်(ကျားကြီး)နှင့် ဆတ်ဖိုကြီးလဲနေသည့် ကုက္ကိုပင်ကြီးအောက် ချောင်းထဲသို့ လက်တံသဖွယ် ဖြာကျလျက်ရှိသော အမြစ်ကိုင်းကြီးပေါ်၌ထိုင်ကာ ညကတွေ့ခဲ့ရသည့် မိန်းကလေးကို ကျွန်တော့်စိတ်ထဲ ပြန်လည်မြင်ယောင်မိ၏။

ပစ်၍ရခဲ့သော ဟင်းကောင်(ကျား)ကြီးမှာ မရွှေဥကိုကိုက်သော ကျား ဟုတ်၊ မဟုတ်၊ ကျွန်တော် မသိ။ မုဆိုးတစ်ယောက်အနေနှင့် ကြုံတောင့်ကြုံခဲ တိုက်ဆိုင်လွန်းသောအဖြစ်မို့ အိပ်မက်ထဲက မိန်းကလေးကို စွဲစွဲလမ်းလမ်းဖြင့် တစ်ဦးတည်း အတွေးသံသရာထဲဝယ် နစ်မျောနေမိပါတော့သည်။

**၂၀၀၈ ခုနှစ်၊ တိုက်ကြီးမြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ထုတ် ချိုးဖြူရသာစုံမဂ္ဂဇင်း။ အမှတ်(၅)တွင် ဖော်ပြပြီးသော စာမူဖြစ်ပါသည်။**

**မောင်မောင်လွင် (ညောင်လေးပင်)**

BURMESE CLASSIC


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

# ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၈၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရင်ကျိုက်ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



# မောင်သာမန် (စီးကုန်း)

## ယမင်းကိုဘယ်လိုပြောရပ့်

ရွာအရှေ့ဖျား၌ရှိသော ထန်းပင်တစ်အုပ်သည် ကျော်နိုင်တို့ ဘိုးဘွားလက်ထက် ပိုင်ဆိုင်ခဲ့သော ထန်းတောဖြစ်ပါ၏။ ထန်းပင်တစ်အုပ်ဆိုသော်လည်း များများစားစား ရှိလှသည်မဟုတ်။ ရှိလှ အပင်နှစ်ဆယ်ကျော်ခန့်သာ ရှိပါလိမ့်မည်။ ကျော်နိုင်၏ ဖခင်ဖြစ်သူ ဆုံးပါးသွားသည်မှာ ကြာလှပြီဖြစ်သော်လည်း ထန်းရည်ရရှိမှုကို ကျော်နိုင်ကပင် တာဝန်ယူခဲ့ရ၏။ ထန်းရည်လှိုင်လှိုင် ထွက်၍ ထန်းလျက်ချက်လုပ်ရောင်းချရာတွင် မိခင်ဒေါ်ထားမြင့်နှင့် ညီမဖြစ်သူ ယမင်းတို့က အမိက [illegible] ချက်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com


မိုးအနှောင်း ဆောင်းဦးကာလ ထန်းနို့ထွက်ချိန်တွင် ရွာထဲမှ ထန်းရည်ကြိုက်နှစ်သက်သူများ ကျော်နိုင်တို့၏ ထန်းတောသို့ လာရောက်သောက်စားကြလေ့ရှိပါ၏။ ထိုသို့သောက်စားသူများထဲတွင် သော်ကနှင့် သူ၏သူငယ်ချင်းများသည် နေ့စဉ်မပြတ်ပင်။ အမှန်စင်စစ် သော်ကသည် ကျော်နိုင်နှင့် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်၏။ သူတို့နှစ်ဦးသည် ခင်မင်ကြ၏။ သော်ကသည် ချမ်းသာသော တောင်သူ ဦးဘိုးမောင်နှင့် ဒေါ်မယ်မှုံတို့မှ မွေးဖွားသော တစ်ဦးတည်းသောသားဖြစ်သည်။ တစ်ဦးတည်းသောသားဖြစ်ခြင်းကြောင့် မိဘနှစ်ပါးက သူ့အား အလိုလိုက်၏။ သော်ကသည် အလွန်ဆိုးဝါးသောသူ မဟုတ်သော်လည်း သူသည် ထန်းရည်ကို ကြိုက်နှစ်သက်သောသူဖြစ်၏။ အရက်ကိုတော့မူ အပေါင်းအသင်းကောင်းမှ တစ်ခါတစ်ရံသာသောက်၏။ အမြဲမသောက်ပေ။

ကျော်နိုင်သည် သော်ကကို ခင်မင်ခြင်းကြောင့် အကောင်းဆုံး၊ အသန့်ဆုံး ထန်းရည်ကို ရွေးချယ်ချန်လှပ်၍ သောက်စေ၏။ သော်ကသည်လည်း ထန်းတောသို့လာတိုင်း ကျော်နိုင်အတွက် စားစရာတစ်ခုခု ပါစမြဲဖြစ်၏။ သို့သော် သော်ကတွင် အကျင့်တစ်ခုရှိ၏။ ထိုအကျင့်ကား ဆန့်ကျင်ဘက် မိန်းမပျိုလေးများကို စိတ်ဝင်စားတတ်ခြင်းပင်ဖြစ်၏။ သူသည် ကြုံခဲ့လေသမျှ မိန်းမပျိုလေးများနှင့်ပတ်သက်၍ ကျော်နိုင်အား ပွင့်လင်းစွာ ဖွင့်ပြောတတ်၏။ သူပြောသမျှကို ကျန်သည့်အပေါင်းအသင်းများက ဟားတိုက်ပြောင်လှောင်ကြသော်လည်း ကျော်နိုင်ကမူ ပြုံး၍သာ နေလေ့ရှိ၏။ ကျော်နိုင်သည် သော်က၏ အကျင့်စရိုက်ကို မကြိုက်ပါ။ သို့သော် မည်သို့မျှ ဝင်မပြောပါ။ သော်ကပြောသမျှ ကျော်နိုင် နားထောင်၍သာနေပေ၏။ ကျော်နိုင်ကား မိန်းမပျိုလေးများကို စိတ်ဝင်စားတတ်သူမဟုတ်ပေ။ ကျော်နိုင်၏စိတ်သဘောကား အချိန်တန်ပါက မိန်းကလေးတစ်ဦးကိုသာ အိမ်ထောင်ပြုရမည်ဖြစ်၍ မိန်းမကိစ္စကို ရှေ့တန်းမတင်ခြင်းပင်ဖြစ်သည်။ လုပ်ကိုင်မြဲဖြစ်သော ထန်းပင်တက်၊ ထန်းလျက်ချက်ခြင်း၌သာ အာရုံစိုက်လေ့ရှိ၏။

သော်ကနှင့်ကျော်နိုင် စရိုက်ကွဲပြားခြားနားသော်လည်း သူငယ်ချင်းသံယောဇဉ်ဖြင့် ခင်မင်စွာ ဆက်ဆံကြမြဲဖြစ်၏။ ဆောင်းဦးကာလ ကျော်လွန်ခဲ့ခြင်းကြောင့် ကျော်နိုင်သည် မိခင်ကိုတိုင်ပင်၍ ထန်းလျက်ချက်ခြင်းကို လုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိ၏။ ထိုသို့လုပ်ဆောင်ရာတွင် ကျော်နိုင်တို့မိသားစုသာ ချက်ကြသည်ကြောင့် ထန်းလျက်တဲတွင် ထန်းလျက်ရာသီ ကုန်ဆုံးသည့်တိုင် ထန်းလျက်တဲတွင် နေလေ့ရှိ၏။ ထန်းလျက်တဲတွင် မိခင်ဒေါ်ထားမြင့်၊ ညီမငယ်ဖြစ်သူ ယမင်းနှင့် အရီးလေး ဒေါ်သန်းမြင့်တို့ ရောက်ရှိနေကြပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ဖာထေး၍နေကြ၏။ ကျော်နိုင်သည် ထန်းလျက်ချက်ရန် အသုံးပြုမည့် ထန်းလျက်ဖိုကို ပြုပြင်နေ၏။ ထိုအချိန်တွင် သော်ကနှင့် အပေါင်းအသင်းများ ရောက်ရှိလာ၏။ သူတို့သည် တဲအရှေ့ ထန်းပင်အောက်တွင် ဝိုင်းထိုင်လိုက်ကြပြီး ကျော်နိုင်ကို လှမ်း၍.....

"ကျော်နိုင် သူငယ်ချင်း၊ မင်းဘာလုပ်နေတာလဲကွ၊ ငါတို့ကို ထန်းရည်နှစ်မြူလောက် ချပေးပါဦးကွာ၊ နောက်ပြီး ထန်းရည်နဲ့မြည်းဖို့ အမြည်းလေးဘာလေးရှိရင် လုပ်ပေးပါဦးကွာ"

ကျော်နိုင်သည် မီးဖိုပြုပြင်နေရာမှ ထွက်လာပြီး.....

"မင်းတို့ကံကောင်းတယ် .. သော်က၊ ညက ငါ လယ်ကြွက်သုံးကောင်ရထားတာ၊ မင်းတို့အတွက် ဆီနိုင်နိုင်နဲ့ ကြော်ထားတယ်ကွ"

သော်ကနှင့် အပေါင်းအသင်းများက လက်ခုပ်လက်ဝါးတီးလျက် "ဒါမှ ငါတို့ကျော်နိုင်ကွ"ဟု ချီးကျူးထောမနာပြုကြ၏။ ကျော်နိုင်သည် ထန်းရည်အပြည့်ပါသော မြူအိုးနှစ်လုံး ချပေးလိုက်ပြီး တဲအတွင်းသို့ အသံပြုလိုက်၏။

"ညီမလေးရေ ကြွက်ကြော်တွေ ယူခဲ့ပါဦးဟေ့"

ယမင်းသည် ကြွက်ကြော် ထည့်ထားသော ပန်းကန်ကိုကိုင်လျက် သော်ကတို့အဖွဲ့ထံ မလာဘဲ တဲပေါက်ဝ၌ ရပ်နေ၏။ အစ်ကိုဖြစ်သူ ကျော်နိုင်က အလိုက်သိစွာသွား ယူ၍ သော်ကတို့ဝိုင်းထဲသို့ ချပေး

www.burmeseclassic.com



ဏ်။ ယမင်းကိုမြင်တွေ့ရသော သော်တာသည် အံ့သြသွားကာ.....

"ကျော်နိုင် မင်းညီမလေးကို ဘာဖြစ်လို့ ထန်းတဲခေါ်လာရတာလဲကွ၊ ထန်းတဲ၊ ထန်းရည်ဆိုင်ဆိုတာက ထန်းရည်မူးသမားတွေနဲ့ကွာ"

ကျော်နိုင်က ပြုံးလိုက်ပြီး.....

"မင်းမသိလို့ပြောတာ ဖြစ်ပါလိမ့်မယ်၊ နောက်ရက်တွေမှာ ခင်မင်သူတွေကလွဲပြီး ဘယ်သူ့ကိုမှ ထန်းရည်မရောင်းတော့ဘူးကွ၊ ထန်းလျက်ချက်ရာသီရောက်နေပြီဆိုတော့ ထန်းလျက်ချက်တော့မယ်လေကွာ၊ တဲထဲမှာ ငါ့အမေနဲ့အဒေါ်လည်း ရှိပါတယ်"

"ဟ.....ဒါဆို တို့တစ်တွေအတွက် ထန်းရည်အမြဲမရနိုင်ဘူးပေါ့"

"ငါပြောပြီးပါပကောလားကွာ၊ မင်းတို့အတွက်တော့ ရမှာပေါ့၊ အရင်တုန်းကလိုတော့ ဖောဖောသီသီ မရတာတစ်ခုပါပဲ၊ ထန်းလျက်ချက်တဲ့လုပ်ငန်းက ငါတို့မိသားစုအတွက် တစ်မိုးတွင်းစာမို့လို့ပါကွာ"

သော်က စိတ်ပျက်သွား၏။ သို့ဖြင့် တဲဆီသို့ လှမ်းကြည့်လိုက်စဉ် အမှတ်မထင် လှမ်းကြည့်နေသော ယမင်း၏မျက်ဝန်းများနှင့် ဆုံခဲ့ကြ၏။ အမှတ်မထင် မျက်လုံးချင်းဆုံ၍လားမသိ။ သော်ကရင်တွင်းတွင် ဒိတ်ခနဲဖြစ်သွားရသကဲ့သို့ ဆယ်ကျော်သက်မလေး ယမင်းသည်လည်း အမျိုးအမည်မသိသော ခံစားမှုတို့ဖြင့် လှိုက်ခုန်သွားရသည်။

မတွေ့မမြင်ရသည်မှာ ကြာခဲ့၍လားမသိ။ ယမင်းဟူသော အပျိုစင်မလေးသည် တစ်မူထူးခြားစွာ တစ်သွေးတစ်မွေး လှနေပါ၏။ သူမသည် တခြားသူများကဲ့သို့ အညာသူမဆန်လှ။ ဝါဂွမ်းကဲ့သို့ ဆွတ်ဆွတ်ဖြူသည်လည်းမဟုတ်။ အဝါရောင် ရွှေရည်သွေး၍ လှပလွန်းနေ၏။ သူမကို ကြည့်မိသော သော်က၏ရင်ထဲ၌မူ တစ်ခါမျှ မဖြစ်ဖူးသော ပြဿနာများဖြစ်၍ ကုလားဘုရား လှည့်နေ၏။ သော်က၏ရင်တွင်း၌ သူမနှင့်ပတ်သက်၍ ထူးထူးဆန်းဆန်း ဖြစ်ပေါ်နေသည်ကို အံ့သြနေမိသည်။

"ဘယ်မိန်းမလှတွေနဲ့တွေ့တွေ့ ဒီလိုအဖြစ်မျိုး မခံစားခဲ့ရပါဘူး။ အခုကျမှ ဒီကောင်မလေးနဲ့ပတ်သက်ပြီး ဘယ်လိုဖြစ်တာပါလိမ့်၊ ယမင်းရဲ့ အလှဟာ မမျှော်လင့်ဘဲ ငါ့ဘဝကို ပြောင်းလဲလိုက်ပြီလား"

သော်ကနှင့် ယမင်းတို့၏ ခံစားချက်အဖြစ်အပျက်များကို ကျော်နိုင်သာမက ကျန်သောသူများလည်း သတိမမူမိကြပါချေ။

ယမင်းဟူသော မိန်းမချောလေးသည်လည်း သူမအား စိုက်ကြည့်နေသော သော်က၏မျက်လုံးများ၏ အကြည့်ဒဏ်ကြောင့် ရင်ထဲတွင် ဖိုခနဲ၊ လှိုက်ခနဲဖြင့် တုန်ခါနေပါ၏။ သူမအနေဖြင့် တစ်ခါဖူးမျှ မကြုံဖူးသည့် အဖြစ်သနစ်ကြောင့် သူမ၏ရင်ကိုပင် အမှတ်မထင် ဖိမိရ၏။

သော်ကနှင့် ယမင်းတို့၏ ဖြစ်အင်ကို မည်သူမျှ သတိမပြုမိသည့် အချိန်၌ပင် သူနှင့်သူမတို့၏ ရင်ထဲ၊ နှလုံးသားထဲ၌ အချစ်ဟူသော သူ့ဂုဏ်တစ်ခုသည် စွဲဝင်ငြိတွယ်နေပြီဟု ဆိုရပေလိမ့်မည်။

သော်ကအနေဖြင့် မိန်းကလေးများနှင့်ပတ်သက်၍ ပျော်စေပြက်စေ သဘောထားခဲ့သော်လည်း ယခုတစ်ကြိမ်တွင်မူ ယမင်း၏ ဖြူစင်သော အလှတရားကြောင့် သူ၏နှလုံးသားတစ်စုံ ပျော်ဝင်သွားရ၏။ ထိုသို့ပျော်ဝင်ခြင်းနှင့်အတူ အချစ်ဆိုသည့်အရာအား ပေါ့ပေါ့တန်တန် သဘောထား၍မရမှန်း သူ့အနေဖြင့် သိလာရသည်။

ယမင်းသည် သော်က၏ နက်ရှိုင်းသော အကြည့်ရဲရဲများကြောင့် နှလုံးသားတွင် လှိုက်ဖိုနေရသကဲ့သို့ သော်ကသည်လည်း ယမင်းကို ရင်ခွင်ထဲတွင် ထာဝရထွေးပွေ့ချင်လောက်အောင်ပင် ချစ်မြတ်နိုးခဲ့ပြီဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းမေတ္တာသည် အရာရာ ပြောင်းလဲနိုင်စွမ်းရှိသည်ဟူသော စကားသည် မှန်ကန်ပါ၏။ ယမင်းကိုချစ်မိလေသော သော်ကသည် ယခုတလော တစ်မူထူး၍နေပါ၏။ သော်ကသည် တစ်စုံတစ်ရာသော ကိစ္စကိုမူတည်၍ ပြောင်းလဲသွားသည်မှာ သေချာလှပါ၏။ အပေါင်းအသင်းများနှင့် မျက်စိနောက်အောင် လမ်းမသွားသကဲ့သို့ အရက်သေစာကိုလည်း သောက်စားမှုမရှိတော့။ သို့သော် ယမင်းနှင့်ပတ်သက်၍ ထန်းတောထဲသို့ ရောက်လေ့ရှိ၏။ တစ်ချိန်ကကဲ့သို့ အပေါင်းအသင်း တစ်လှေကြီးဖြင့်မလာတော့။ အပေါင်းအဖော် တစ်ယောက်၊ နှစ်ယောက်လောက်ဖြင့်သာ လာတတ်၊ သွားတတ်၏။ အကြောင်းမသိသော ကျော်နိုင်က မှင်သေနေသော သော်ကအား.....

"ဘယ်လိုလဲ သော်က၊ အခုတလော ငါတို့ဘက်ကို အရောက်အပေါက် နည်းနေပါလားကွ"

သော်ကသည် ပြုံး၍နေ၏။ မည်သို့မျှ ပြန်မပြော။ သော်ကနှင့်အတူပါလာသော စိုးအောင်က

"အရောက်အပေါက်နည်းဆို ဒီကောင် အခုတလော ဘာစိတ်ကူးပေါက်နေလဲ မသိဘူးကွ၊ မိဘတွေရဲ့ လုပ်ငန်းတွေကို မဲလုပ်နေတယ်၊ အိမ်ကလုပ်ငန်းတွေ လုပ်တယ်ဆိုတာ သာမန်ကာလျှံကာ လုပ်တာမဟုတ်ဘူးနော်၊ အလုပ်နဲ့လက် မပြတ်အောင်လုပ်နေတာ၊ ငါတို့လည်း ဒီကောင့်ကို နားလည်ရခက်နေတာကွ၊ အတည်တကျယူတော့မယ့် မိန်းကလေးတစ်ယောက် သူ့ရင်ထဲမှာ ပေါ်လာပြီနဲ့တူတယ်နော်"

သော်ကသည် ပဲကြီးလှော်များကိုဝါးလျက်မှပင် ပြုံးရွှင်လျက် တည်ငြိမ်စွာ ပြောလာပါ၏။

"ဘယ်သူမဆို ပြောင်းလဲချိန်တန်ရင် ပြောင်းလဲရတာပဲကွ၊ အခုဟာက ငါစိတ်နဲ့ငါကိုယ် ပြောင်းသင့်တယ်ထင်လို့ ပြောင်းလဲလိုက်တယ်ပဲ ဆိုကြပါစို့"

သော်ကနှင့် ယမင်းတို့သည် ပွင့်လင်းသော ချစ်သူများ ဖြစ်လာကြသည့်တိုင် သူတို့နှစ်ဦး၏မေတ္တာဇာတ်လမ်းကို တစ်ရွာလုံးမပေါက်ကြားစေရန် လျှို့ဝှက်ထားပါ၏။ အထူးသဖြင့် ယမင်း၏အစ်ကိုကြီးကိုကျော်နိုင် မသိစေရန် လျှို့ဝှက်စွာနေရပါသည်။ ကျော်နိုင်နှင့် သော်က သူငယ်ချင်းဖြစ်သော်လည်း ကျော်နိုင့်အနေဖြင့် ညီမဖြစ်သူနှင့် သဘောတူရန်ကိုမူ မုဒိတာ မပွားနိုင်ပေ။ ကျော်နိုင်သည် သော်က၏ မြာပွေခြင်းကိုမကြိုက်။

ထို အကြောင်းကို သိသော သော်ကအဖို့ ယမင်းနှင့် ချစ်သူရည်းစားဖြစ်ခဲ့သော်လည်း ကျော်နိုင်မသိရှိစေရန် အထူးပင် ဆင်ခြင်နေရ၏။ ယမင်းသည်လည်း အစ်ကိုဖြစ်သူ သိပါက သူ့အဖို့မလွယ်သည်ကိုသိထားခြင်းကြောင့် သော်ကအား ဣန္ဒြေမပျက်နေရန် မှာထားရပါ၏။

"အစ်ကို့ကိုသနားလို့ အစ်ကို့မေတ္တာကို လက်ခံရပေမယ့် အစ်ကိုကြီးတို့ကို ယမင်း ကြောက်တယ်၊ အမေသိသွားရင် ဆူတာရိုက်တာပဲ ရှိပေမယ့် အစ်ကိုကြီးသာသိရင် သတ်မလားတောင်မသိပါဘူး အစ်ကိုရယ်"

သော်ကသည် ယမင်းကိုထွေးပွေ့လျက် နှစ်သိမ့်ခဲ့ပါသည်။

"ဩော်.....ယမင်းလေးရယ်၊ ကြောက်တတ်ရန်ကောကွယ်၊ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် ရည်းစားထားတာ သဘာဝပဲဟာ၊ လူပျိုအပျို ချစ်ကြကြိုက်ကြတာ ဆန်းတဲ့ကိစ္စမှ မဟုတ်ဘဲ၊ နောက်ပြီး အပျော်ချစ်ကြိုက်ကြတာမဟုတ်ဘူး၊ ဘဝကြင်ဖော်အဖြစ် ဘဝတစ်လျှောက်လုံး လက်တွဲဖို့ ရည်ရွယ်ထားတဲ့ အချစ်ပဲဟာ၊ ဘယ်သူ့ကိုမှ ကြောက်စရာမလိုပါဘူးကွယ်"

"ဘာဖြစ်ဖြစ်ပေါ့ အစ်ကို၊ အစ်ကိုကြီး မရိပ်မိအောင်တော့နေတာ အကောင်းဆုံးပါပဲနော်"

မည်သို့ပင်ဖြစ်စေ ယမင်းသည် သော်ကကို ချစ်၍သာ အဖြေပေးခဲ့သော်လည်း အမေနှင့်အစ်ကို သိသွားမည်ကို စိုးရိမ်နေမိသည်။ သို့စေကာမူ ယမင်းအဖို့ ချစ်သူနှင့် တိတ်တခိုးချိန်း၍ တွေ့ရခြင်းသည် သူမအတွက် ရင်သိမ့်တုန်ဇာတ်လမ်းလေးပမာ နှစ်သက်စွဲလမ်းနေမိ၏။

သော်ကနှင့်ယမင်းတို့ ချစ်သူ



www.burmeseclassic.com





နှစ်ဦး အနာဂတ်ရေ့ခရီး လျှောက်လှမ်းဖို့အတွက် အကောင်အထည်ဖော်ရန် ကြိုးစားကြပါ၏။ သည်နှစ်တစ်နှစ်လုံး အလုပ်ကို ကြိုးစားလုပ်ကိုင်၍ လာမည့်နွေဦးရာသီတွင် လူကြီးမိဘအစုံအလင်နှင့် နားဖောက်တောင်းရမ်းလက်ထပ်ရန် သော်ကသည် ဆုံးဖြတ်ထားပြီးဖြစ်၏။ သော်ကတစ်ယောက် မိုးမမြင်လေမမြင်အလုပ်ကို ကြိုးစားလျက်ရှိသည်ကိုလည်း ယမင်း သိရှိပြီးဖြစ်၏။ ထိုအချက်ဖြင့်ပင် သော်ကနှင့်ယမင်း အကြင်နာပိုလျက် ချစ်သူ့နယ်မြေမှ ကျော်လွန်ခဲ့ရလေတော့၏။ ယင်းကိစ္စနှင့်ပတ်သက်၍ ယမင်းအဖို့ ကြောက်ရွံ့ထိတ်လန့်သော်လည်း သော်ကအဖို့မူကား ချစ်သူနှစ်ဦး၏ ဘဝခရီးဖြောင့်ဖြူးမည့် ခိုင်မာသောမဏ္ဍိုင်တစ်ခုတည်ဆောက်ခြင်းဟု သဘောထားပုံရလေ၏။ သို့ဖြင့် သော်ကနှင့်ယမင်းတို့သည် ဆိတ်ကွယ်ရာနေရာများတွင် မကြာခဏချိန်းတွေ့ကြ၍ ချစ်တင်းနှီးနှောခြင်းဖြင့်.....

✦ ✦ ✦

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသည့်အတိုင်း အညာဒေသပင်ဖြစ်သော်လည်း မိုးမပြတ်ခဲ့။ ထို့ပြင် မုန်တိုင်းမိုး၏ အစိုးမရစွာ ရွာသွန်းမှုကြောင့် အနယ်နယ်အရပ်ရပ် ရေကြီးရေလျှံ ဖြစ်နေ၏။ တောင်ကုန်းတောင်တန်းတို့တွင် သစ်ပင်ကြီးငယ်များ မရှိတော့ခြင်းကြောင့်လည်း နုန်းမြေ၊ ရွှံ့မြေတို့သည်လည်း ချောင်းမြောင်းတို့တွင် ပါဝင်လျက် နောက်ကျိုနေကြ၏။

ကျော်နိုင်သည် မိုးတွင်းကာလတစ်လျှောက် ထန်းလုပ်ငန်းကို ရပ်နားထားရပြီး မိမိတို့၏ အိမ်ဆိုင်လေးအတွက် လိုအပ်သည့် ကုန်ခြောက်ပစ္စည်းများဝယ်ရန် မြို့ကို မနက်ကတည်းကပင် တက်သွားပြီဖြစ်၏။ ထိုအချိန်တွင် ကျော်နိုင်တို့၏အိမ်၌ ပြဿနာတက်နေ၏။

ယခုတလော ယမင်းသည် ဘာဖြစ်နေသည်မသိ။ ပျို့လိုက်အန်လိုက် ဖြစ်နေသည်။ အိမ်အပြင်ဘက်တွင် လေတိုက်ခတ်ခြင်းနှင့်အတူ မိုးတစိမ့်စိမ့်ဖြစ်နေ၏။ နေ့လယ် ထမင်းစားချိန်တွင် ထမင်းစားရန် ပြင်ဆင်နေစဉ် သူမသည် အစားအသောက်ကိုကြည့်၍ အန်ချင်စိတ်များ ဖြစ်နေ၏။ ထိုအခြင်းအရာကိုကြည့်၍ မိခင်ဖြစ်သူ ဒေါ်ထားမြင့်သည် သမီးဖြစ်သူအပေါ် မသင်္ကာဖြစ်လာရ၏။ သို့သော် ယမင်းမှာ မကြာမတင်ကမှ အပျိုဖြစ်လာခြင်းကြောင့် သမီးပျိုလေးအား မမေးရက်။ ထို့ကြောင့်.....

"ဟဲ့....ယမင်း၊ အခုတလော ဘယ်လိုဖြစ်နေတာလဲ၊ ထမင်းမစားဟင်းမစားနဲ့ အခုလို ပျို့နေအန်နေတာ အစာမကြေလို့လား၊ သန်ရှိနေလို့လားမသိဘူး၊ လောလောဆယ် ဘုရားစင်အောက်က စင်လေးပေါ်မှာ အမေစားနေကျ အစာကြေဆေးရှိတယ်၊ အဲဒါလေးစားလိုက်"

ယမင်းက အိမ်ကပြင်မှ လှမ်း၍ ပြောပါ၏။

"အမေပြောတာ နောက်ကျနေပြီ၊ အမေ့အစာကြေဆေးတွေ သမီးစားပြီးတာ ကြာလှပေါ့၊ ဒါပေမဲ့ မရပါဘူး အမေရယ်၊ ရင်ထဲမှာ တလှပ်လှပ်နဲ့ နေရထိုင်ရတာ ဘယ်လိုမှန်းမသိဘူး"

ယမင်း၏ ပြန်လည်ဖြေကြားသည့်စကားကြောင့် ဒေါ်ထားမြင့်တစ်ယောက် ရောက်တတ်ရာရာ စဉ်းစားလိုက်ပြီး ရင်ထိတ်သွားရ၏။ ဒေါ်ထားမြင့်သည် ယမင်းအား ငေးကြည့်လိုက်ပြီး ထင့်နေသောအကြောင်းအရာကိုမူတည်ပြီး သမီးဖြစ်သူအား လှမ်းမေးလိုက်ပါ၏။

"ယမင်း အမေမေးတာ မှန်မှန်ဖြေစမ်း၊ သမီး လစဉ်မှန်ရဲ့လား"

အိမ်နောက်ဖေး ကပြင်တွင်ထိုင်၍ ရင်ဖိလျက် အန်နေသော ယမင်းသည် မိခင်ဘက်လှည့်၍.....

"သမီးမလာတာ တစ်လကျော်လို့ နှစ်လထဲစွန်းနေပြီ"

သမီး၏ဖြေကြားမှုကြောင့် ဒေါ်ထားမြင့်မှာ လိပ်ပြာလွင့်မတတ် ဖြစ်သွားရ၏။ ချက်ချင်းပင် နေရာမှထလျက် ဒေါ်ထားမြင့်သည် ယမင်းထံသို့သွားပြီး စိတ်လောစွာဖြင့် မေးလိုက်လိုက်၏။

"ယမင်း သမီး အမေ့ကို

www.burmeseclassic.com

www.burmeseclassic.com

မကွယ်မဝှက်ပြောစမ်း၊ နင် ဘယ်သူနဲ့ ဘာဖြစ်ခဲ့သလဲ"

ယမင်းသည် မိခင်ဖြစ်သူ၏ တထိတ်တလန့်ပုံရိပ်ကို အံ့သြစွာ ငေးကြည့်လျက်

"အမေ သမီးကို ဘာတွေမေးနေတာလဲဟင်၊ သမီး ဘာမှနားမလည်ဘူး"

ဒေါ်ထားမြင့်သည် ယမင်းအား တုန်ယင်စွာ ငေးကြည့်နေမိ၏။ တုန်ယင်နေသော ဒေါ်ထားမြင့်၏စကားသံသည် ဘဝင်္ဂသို့တိုင် ပျံ့လွင့်ပေါက်ကွဲသည့်ပမာ။

"အမေ ငယ်ရာကကြီးလာတာပါ ယမင်းရယ်၊ ညည်းမှာ တစ်ခုခုဖြစ်နေပြီဟဲ့၊ သမီး အမေ့ကိုပြောစမ်းပါကွယ်၊ နင်ဘယ်သူနဲ့ ဘာဖြစ်ခဲ့သလဲ၊ အမေ့ကိုမှမပြောရင် ဘယ်သူ့ကို သွားပြောမှာလဲ"

မိခင်ဖြစ်သူ၏ စကားများကြောင့် ယမင်းမှာ တုန်လှုပ်ချောက်ချားသွားရ၏။ ယမင်းသည် ကျောက်ရုပ်ကဲ့သို့ မလှုပ်မရှား ရပ်နေရာမှ ငိုချလိုက်ပါ၏။

"သမီး.....သမီးမှာ ချစ်သူရှိတယ် အမေ၊ သမီးကို ခွင့်လွှတ်ပါအမေ၊ သမီးတို့မှာ အပြစ်ရှိပါတယ်"

"ဒါဆို သမီးချစ်သူဆိုတာ ဘယ်သူလဲ၊ ဘယ်ရွာကလဲ၊ မလိမ်မညာဘဲ အမေ့ကို ဖွင့်ပြောစမ်း"

"သမီးချစ်သူက အစ်ကိုသော်ကပါ အမေ၊ လာမယ့်နွေရာသီမှာ သူက လူကြီးစုံရာနဲ့ သမီးကို တင်တောင်းမယ်လို့ ပြောပါတယ်"

"ဝုန်း....."

မမျှော်လင့်သော အိမ်တံခါးဖွင့်သံနှင့်အတူ ဒေါသတကြီးဝင်လာသူကား ကျော်နိုင်ပင်ဖြစ်၏။

မိုးသည်းထန်သဖြင့် ကုန်ပစ္စည်းများကို ရွာသို့လတ်တလော မသယ်ယူနိုင်သဖြင့် မြို့ဆိုင်၌ပင် ခေတ္တအပ်နှံ၍ တစ်ယောက်တည်း ရွာသို့ပြန်ခဲ့ရ၏။ ညီမဖြစ်သူနှင့်အမေတို့နှစ်ဦး အချေအတင် စကားပြောရာမှ သိလိုက်ရပြီး ကျော်နိုင်တစ်ယောက် ဒေါသတကြီးဖြစ်နေ၏။

သော်ကသည်သူငယ်ချင်းစိတ်ဓာတ်မရှိ၊ မိမိ၏ညီမအား စော်ကားရလေခြင်းဟု ဒေါသတို့သည် ငယ်ထိပ်တက်လျက် မထိန်းနိုင်မသိမ်းနိုင် ဖြစ်နေရ၏။ ထို့ကြောင့်ပင် ကျော်နိုင်သည် ညီမအတွက် မခံမရပ်နိုင်ဖြစ်ကာ နံရံတွင်ထိုးထားသော ဓားမြှောင်အား ဆွဲယူလိုက်ပြီး အိမ်အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်သည်။

"ဟဲ့...သား၊ လူလေး မသွားနဲ့လေ၊ မသွားပါနဲ့လား သားရယ်၊ သူ့အပြစ်နဲ့သူ ဥပဒေအတိုင်း သွားပါလိမ့်မယ်၊ သားသွားခဲ့ရင် သားဒုက္ခရောက်မှာစိုးလို့ အမေတားမြစ်နေတာပါ၊ မသွားပါနဲ့ သားရယ်"



ကျော်နိုင်သည် ဒေါသမီးဝင်းဝင်းတောက်သည့် မျက်လုံးများဖြင့် မိခင်အား ကြည့်လိုက်ပါ၏။

"ဒီမှာ အမေ၊ အနိုင်ကျင့် စော်ကားခံရတဲ့သူက ကျွန်တော့်ညီမလေးပါ အမေ၊ အမေ့ရဲ့သမီးပါ၊ ကိုယ့်ညီမလေးအပေါ် ရက်စက်ယုတ်မာတဲ့သူကို ဘာမှမတုံ့ပြန်ဘဲ ထိုင်ကြည့်နေရမှာလား အမေရယ်၊ အစော်ကားခံရတဲ့ ညီမလေးအတွက် ကျွန်တော်သေရင် သေပါစေ၊ ဒီအတိုင်း ခေါင်းငုံ့မခံနိုင်ဘူး အမေ"

စိုးရိမ်သောကရောက်စွာ တားမြစ်နေသော ဒေါ်ထားမြင့်အားမှ ယမင်းသည်လည်း မျက်ရည်လည်ရွှဲဖြင့် အစ်ကိုဖြစ်သူအား.....

"မဟုတ်ဘူး အစ်ကိုကြီး၊ မဟုတ်ဘူး၊ ဒီကိစ္စက အစ်ကိုသော်က တရားခံမဟုတ်ပါဘူး၊ အစ်ကိုသော်ကနဲ့ ယမင်းက ချစ်သူတွေပါ၊ အစ်ကိုကြီး၊ အစ်ကိုသော်က ဘယ်လိုပဲပြောပြော ယမင်းကိုယ်၌က အလိုတူအလိုပါခဲ့လို့ ဒီပြဿနာဖြစ်ခဲ့တာပါ၊ အစ်ကိုသော်ကနဲ့ ယမင်း ညှိနှိုင်းဖြေရှင်းလိုက်ရင် ဒီကိစ္စ ပြေလည်သွားမှာပါ၊ မသွားပါနဲ့ အစ်ကိုကြီးရယ်၊ တစ်ခုခုဖြစ်ရင် အစ်ကိုကြီးဒုက္ခရောက်မှာစိုးလို့ပါ၊ ယမင်းတောင်းပန်ပါတယ်"

ယမင်းစကားပင်မဆုံး၊ ကျော်နိုင်၏လက်ဝါးသည် ယမင်း၏ပါးပြင်ပေါ်သို့ ပြင်းထန်စွာ ကျရောက်သွား၏။

"ဖြန်း....."

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး.....အမေ"

"နင်ငါ့ကို တားစရာမလိုဘူး ယမင်း၊ ရှက်ဖို့ကောင်းလိုက်တာ၊ သော်ကလိုကောင်မျိုးက ဘာမို့လို့ လဲ၊ ဒီကောင့်အကြောင်း အရူမချေး ခါး အကုန်သိတယ် ယမင်း၊ နင့်ကို အတည်ကြံနေတယ်လို့များ နင်ထင်နေသလား၊ ဒီကောင်က သူ့ အတွက်ဆိုရင် ဘနဖူးတောင် သိုက်တူးမယ့်ကောင်မျိုးဆိုတာ နင်သိဖို့ကောင်းတယ်၊ တောက်....."

ဒေါ်ထားမြင့်နှင့် ယမင်းတို့သည် ငိုသံပါဖြင့် ကျော်နိုင်အား မသွားရန် တားမြစ်သော်လည်း ကျော်နိုင်ကား ပြော၍မရနိုင်တော့။ ကျော်နိုင်သည် သော်ကရှိနိုင်မည့်နေရာကို သိထားသဖြင့် မိခင်နှင့် ညီမဖြစ်သူတို့၏ တားမြစ်ချက်ကို နားမထောင်တော့ဘဲ မိုးရွာနေစဉ် ဓွတ်ပင် ထွက်သွားလေတော့၏။

သားဖြစ်သူ ပြောမရဆိုမရ အိမ်မှထွက်ခွာသွားသည်ကြောင့် သားအမိနှစ်ဦး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရလေ၏။ ယမင်းသည် မမျှော်မှန်းနိုင်သည့် အစ်ကိုဖြစ်သူနှင့် ချစ်သူတို့၏ ပြဿနာအတွက် စိုးရိမ်ထိတ်လန့်စွာ ငိုကြွေးနေလေ၏။ ဒေါ်ထားမြင့်မှာ သားဖြစ်သူအတွက် စိုးရိမ်သောကရောက်သော်လည်း လူကြီးပီပီ ချင့်ချိန်တွေးတောလျက် ခမောက်ကိုဆောင်း၊ မိုးကာစကိုခြုံပြီး ကျေးရွာလူကြီးအိမ်သို့သွားရန် မိုးရွာထဲသို့ ထွက်လိုက်လေတော့၏။

✦ ✦ ✦

မိုးသည် ဖွဲနေရာမှ ပြန်၍သည်းလာ၏။ ရွာအစွန်တွင် တဲငယ်တစ်လုံးရှိ၏။ ထိုတဲငယ်ကား အရက်ပုန်းရောင်းချသော အရက်ဆိုင်ဆိုက မှန်ပါ၏။ ထိုတဲငယ်တွင်နေထိုင်သူ ငချွန်သည် အရက်ရောင်း၏။ မိုးအေးအေးတွင် ငချွန်၏အရက်ပုန်းဆိုင်ကား စည်ကားနေ၏။ ထိုဆိုင်တွင် သော်ကနှင့် သူ၏အပေါင်းအသင်းတချို့ ရောက်နေ၏။ သော်ကသည် ယမင်းနှင့်ပတ်သက်၍ ထန်းရည်နှင့် အရက်သေစာကို မသောက်သော်လည်း ယခုကဲ့သို့ မိုးအေးသည့်အခါတွင်မူ တစ်ခွက်တစ်ဖလား သောက်တတ်၏။ သို့သော် သော်ကသည် တစ်ခွက်သောက်ပြီးပါက ဆင့်၍ဆင့်၍ သောက်တတ်သည့် ဉာဉ်ဆိုးရှိ၏။

"ဟေ့...သော်က..သော်က၊ မင်းနဲ့ငါ စာရင်းရှင်းစရာရှိလို့၊ အခုထွက်ခဲ့စမ်းကွာ"

သော်ကတစ်ယောက်အပေါင်းအသင်းများနှင့် အရက်သောက်စားနေခိုက် တဲအရှေ့မှ ကျော်နိုင်၏ အသံကြောင့် တွေခနဲဖြစ်သွားရ၏။ ထို့နောက် သော်ကသည် တစ်ချက်ရယ်လိုက်ပြီးနောက် တဲပြင်ကိုကြည့်၍.....

"အမယ် ငါ့ယောက်ဖ ကျော်နိုင်ပါလား၊ ငါနဲ့ဘာစာရင်းရှင်းမလို့ပါလိမ့်"

သော်ကသည် ထိုင်နေရာမှထ ရန်ဟန်ပြင်လိုက်၏။ အပေါင်းအသင်းများက သော်ကကို တားမြစ်ကြ၏။

"ဟေ့ကောင် သော်က၊ မင်းထွက်မတွေ့နဲ့ကွာ၊ ကျော်နိုင့်ကိုကြည့်ရတာ သိပ်မဟန်လောက်ဘူးကွ၊ ကြည့်ရတာ မင်းနဲ့ ပြဿနာဖြစ်မယ့်ပုံပေါ်နေတယ်"

သူငယ်ချင်းအပေါင်းအသင်းများ၏ တားမြစ်မှုအပေါ် သော်က ဂရုမစိုက်ပါ။ သော်ကသည် မတ်တတ်ရပ်၍ ပုဆိုးကို ပြင်ဝတ်လိုက်ပြီး တဲအရှေ့သို့ ထွက်ခဲ့လေ၏။ သော်က၏နောက်၌ သော်ကအား စိတ်မချ၍ ထက်ကြပ်မကွာ လိုက်လာသူများမှာ သူ၏အပေါင်းအသင်းနှစ်ယောက်ဖြစ်၏။ သော်ကနှင့် ကျော်နိုင်တို့သည် တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြ၏။ ထိုအခိုက် တဲပိုင်ရှင် ငချွန် ထွက်ချလာပြီး.....

"ဟေ့ကောင်တွေ ငါ့တဲရှေ့မှာတော့ ပြဿနာမဖြစ်ကြပါနဲ့ကွာ၊ ကျေးရွာလူကြီးက ငါ့ကို အရက်ရောင်းလို့ ပြဿနာဖြစ်ရင် အရေးယူမယ်လို့ သတိပေးထားတယ်ကွ၊ ပြဿနာမဖြစ်ကြပါနဲ့ကွာ"

သော်ကမှ ငချွန်အား.....

"ဘာမှမဖြစ်ဘူး၊ ခင်ဗျားသွားဗျာ"

ငချွန်သည် တဲအတွင်းသို့ပြန်ဝင်သွားလေ၏။ ယင်းနောက် ကျော်နိုင်အား သော်ကမှ.....

"ဘာလဲ ကျော်နိုင်၊ မင်းနဲ့ငါ စာရင်းရှင်းဖို့ဆိုတာ ဘာကိစ္စလဲ၊ ငါ့ကောင်တွေ သောက်ထားတဲ့ ထန်းရည်ဖိုးတွေ ငါကိုယ်တိုင် မင်းကို ပြီးခဲ့တဲ့လက ရှင်းပြီးပြီပဲ၊ ဘာစာရင်းများ ရှင်းဖို့ကျန်သေးလို့လဲကွ"

www.burmeseclassic.com





ကျော်နိုင်သည် ဒေါသစိတ်ကို မျိုသိပ်လျက် သော်ကအနား တိုးကပ်သွားပြီး အသံကိုနှိမ့်လျက်.....

"မင်းကွာ ရက်စက်လိုက်တာ၊ ငါ့မျက်နှာမှမထောက်၊ ငါ့ညီမလေးကို မင်းကွာ.....မင်း"

ကျော်နိုင်ထံမှ ထွက်လာသော စကားကြောင့် သော်က ငိုင်ကျသွား၏။ မျက်နှာလည်းပျက်သွား၏။ သက်ပြင်းချလိုက်ပြီးနောက်.....

"ငါနဲ့ မင်းညီမကိစ္စ မင်းသိသွားပြီပေါ့၊ အခုမှတော့ မထူးတော့ပါဘူး၊ ငါနဲ့ယမင်းနဲ့ မေတ္တာမျှနေကြပြီ၊ လာမယ့်နွေကျရင် လူကြီးတွေနဲ့နားဖောက်ပြီး တင်တောင်းဖို့ ငါစီစဉ်ထားတယ်ကွ၊ အဲဒီအတွက် ဘာမှစိတ်မပူပါနဲ့ ယောက်ဖရာ၊ မင်းညီမကို ငါမပျက်မကွက်ယူမှာပါကွ၊ ဟား.....ဟား"

အကယ်တန္တု သော်က၏ စကားများသည် အမှန်အကန်ပင် ဖြစ်ပါ၏။ သို့သော် သော်ကသည် အရက်ကို မိုးအေးအေးဖြင့် နင်းကန်သောက်ထားသည်။ အရက်ကြောင့် အမှန်တရားသည် အပျက်သဘောဖြစ်ရ၏။ အရက်ကြောင့် ကျော်နိုင်အား နောက်ပြောင်ရန်စနေသည့်နှယ်ဟု ကျော်နိုင်ထင်မြင်လာ၏။ ထို့ကြောင့် သည်းခံစိတ်မထားနိုင်တော့ဘဲ သော်ကအား အော်ဟစ်လိုက်၏။

"သော်က....မင်းတော်တော်ယုတ်မာကောက်ကျစ်ပါလားကွ၊ မင်းကြောင့် ငါ့ညီမ မပေါ့မပါးဖြစ်နေပြီဆိုတာ မင်းမသိဘူးလား၊ ဒီကိစ္စ မင်းဘယ်လိုဖြေရှင်းပေးမလဲ၊ ဒီမှာ သော်က ငါတို့တွေက လူတွေကွ၊ အရှက်နဲ့သိက္ခာနဲ့ နေကြတာ၊ အခုချက်ချင်း လူကြီးစုံရာနဲ့ခေါ်ပြီး ဖြေရှင်းပေး၊ မင်းမဖြေရှင်းနိုင်ဘူးဆိုရင် ငါ့အဆိုးမဆိုနဲ့"

အရက်သေစာ သောက်စားထားသော သော်ကသည် အသိစိတ်များ ပျောက်ကွယ်ခဲ့ပြီဖြစ်၏။

"ငါပြောပြီးနေပြီပဲ ကျော်နိုင်၊ အခုချက်ချင်းဆိုတာ မဖြစ်နိုင်ပါဘူး၊ ဟေ့ကောင် ကျော်နိုင်၊ ငါကမဖြေရှင်းပေးတော့ရော မင်းက ဘာလုပ်ချင်လို့လဲ"

ညီမဖြစ်သူအတွက် သောကရောက်နေသော ကျော်နိုင်သည် သော်က၏ စိန်ခေါ်မှုကြောင့် မျက်လုံးများ ပြာဝေသွားရ၏။ သို့နှင့် ခါးကြားထဲ၌ပါလာသော ဓားမြှောင်ကိုဆွဲထုတ်၍ သော်ကအားထိုးရန် အားယူလိုက်စဉ် သော်ကအပေါင်းအသင်းနှစ်ယောက်က ကျော်နိုင်အား ဟန့်တားလိုက်ပြီး ဓားမြှောင်အား ဝင်လု၏။ ထိုစဉ် ကျော်နိုင်၏ ဓားမြှောင်သည် သူ၏လက်ထဲမှ လွတ်ကျသွားခဲ့၏။ ကျော်နိုင်နှင့်လူနှစ်ဦး လုံးထွေးနေစဉ် ကျော်နိုင် လွတ်ကျသွားသော ဓားမြှောင်အား သော်ကသည် ကောက်ယူလိုက်ပြီး ဆင်ခြင်မှုကင်းမဲ့စွာဖြင့် လူနှစ်ဦးနှင့် လုံးနေသော ကျော်နိုင်၏ဝမ်းဗိုက်အား ထိုးချလိုက်တော့၏။ ထိုစဉ် မိုးသည် သည်းလွန်းမက သည်းနေ၏။

ကျေးရွာလူကြီးများသည် အခင်းဖြစ်ရာသို့ အပြေးအလွှား ရောက်ရှိလာကြ၏။ သော်ကသည် ကျော်နိုင်အား ဓားဖြင့်ထိုးပြီးမှ အသိတရား ရလာသည်လားမပြောတတ်။ ဓားကိုင်၍ ကျောက်ရုပ်ပမာ ရပ်နေ၏။

ကျေးရွာလူကြီးများ၏နောက်မှ ကပ်ပါလာသော ဒေါ်ထားမြင့်မှာ သားဖြစ်သူ၏ ဖြစ်ရပ်ဆိုးကြောင့် ပဋ္ဌာမြေလူးသည့်ပမာ ဖြစ်ရတော့၏။ ထွက်ပြေးရန်ကြိုးစားသော လူနှစ်ဦးအားလည်း ရွာသားများကဖမ်းဆီးထားလိုက်၏။ လူသတ်မှုကျူးလွန်ပြီးမှ အသိတရားဝင်လာသော သော်ကမှာ ကျော်နိုင်၏နံဘေး၌ စိတ်ကစဉ့်ကလျားဖြစ်လျက်.....

"ယမင်းကို ဘယ်လိုပြော မလဲ"

ဟု တဖွဖွရေရွတ်လျက် စိ မကျန်းမာသူ တစ်ယော ပမာ အဆက်မပြတ်သောမိုး အတူ ငို ကြွေးနေတော့၏။

မောင်သာမန် (ဇီးကုန်

www.burmeseclassic.com

အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ဝုဝုအေးအောင်


TMR. 011758(1215)

## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com






ပရိသတ်ကြီးရေ ဇာတ်ကားသစ်နဲ့ မိတ်မဆက်ခင်ပေါ့နော်။ ဒီနေ့ ဗီဒီယိုလောကရဲ့ အခြေအနေလေးကို ပြောချင်ပါတယ်။ ခေတ်ကြီးတိုးတက်လာတာနဲ့အမျှ ရုပ်သံလွှင့်ဌာနတွေ၊ Channel လိုင်းတွေ အများကြီးပေါ်ပေါက်လာတယ်ဆိုတော့ ပရိသတ်ကြီးအနေနဲ့ ရုပ်ရှင်ဇာတ်လမ်းတွေကို အခွေငှားဆိုင်သွားစရာမလိုတော့ဘဲ အိမ်မှာရှိနေတဲ့ တီဗွီမှာတင် ကြည့်နေလို့ရကြပြီ။ မြန်မာ့ရုပ်သံ၊ မြဝတီတို့က Free Lines တွေ အများကြီးတိုးပြီး ထုတ်လွှင့်နေကြပြီ၊ ရှေးခေတ်ဖြူမည်းရုပ်ရှင်ကားကြီးတွေ၊ ဗီဒီယိုကားဟောင်း၊ ကားသစ်တွေကို အချိန်နဲ့တစ်ပြေးညီထုတ်လွှင့်နေကြပြီ။ ကိုယ်မကြည့်ရသေးတဲ့ကားဆိုရင် ကိုယ့်အတွက် ကားသစ်ပဲလေ။ ကိုရီးယားဇာတ်လမ်းတွဲ၊ တရုတ်ဇာတ်လမ်းတွဲ၊ အိန္ဒိယဇာတ်လမ်းတွဲ၊ ဖိလစ်ပိုင်ဇာတ်လမ်းတွဲတွေဟာလည်း ပရိသတ်ရဲ့ စိတ်နှလုံးတို့ [illegible] နိုင်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

MRTV-4 အနေနဲ့လည်း ခေတ်နဲ့အညီ ဇာတ်လမ်းတွဲတွေ အတော်များများ ရိုက်ကူးထုတ်လွှင့်တာကလည်း ပရိသတ်ကို ဆွဲဆောင်လာနိုင်ပြီ။ ဆိုလိုချင်တာက အဲဒီလို Entertainments အစီအစဉ်တွေကို Channels တွေက စဉ်ဆက်မပြတ် ထုတ်လွှင့်လာတာနဲ့အမျှ ဗီဒီယိုခွေငှားကြည့်တဲ့ ရာခိုင်နှုန်းက ကျကျလာပြီး အခွေငှားဆိုင်တွေ လျော့လာကြပြီ။ အဲဒီလို ငှားရမ်းကြည့်ရှုတဲ့နှုန်း ကျလာတယ်ဆိုပေမယ့် ဇာတ်လမ်းတစ်ပုဒ် ရိုက်ကူးတဲ့စရိတ်ကတော့ လျော့မသွားပါဘူး။ အဲဒီတော့ ကုန်ကျတဲ့ငွေကို ပြန်ရှာရခက်လာတယ်။ ဒါဆိုရင် ရုပ်ရှင်နဲ့ ဗီဒီ ယိုလောကကြီး လုံးလုံးလားလား ပျက်သုဉ်းသွားတော့မှာလားဆိုတော့လည်း လုံးလုံးလျားလျားကြီးတော့ ပျက်သုဉ်းမှာတော့ မဟုတ်ဘူးပေါ့။ မြန်မာပရိသတ်အနေနဲ့ ဘာပဲပြောပြော မြန်မာဇာတ်လမ်းလေးတွေကိုတော့ ကြည့်ချင်နေကြဦးမှာပဲလေ။

ထုတ်လုပ်သူတွေအနေနဲ့ ပရိသတ်ရဲ့ဆန္ဒကို ဖြည့်စွမ်းပေးတဲ့နေရာမှာ အရှုံးခံပြီး ထုတ်လုပ်မှာတော့မဟုတ်ဘူးပေါ့။ လောကကြီးမှာ ဂေဟာစနစ်ဆိုတာ ရှိစမြဲဆိုတော့ မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုလောကအတွက် ညီညွတ်အဆင်ပြေစေမယ့် အခွင့်အလမ်းလေး ပေါ်လာရတာပေါ့။ အဲဒါကတော့ ရုပ်ရှင်ကားကြီး ရိုက်တဲ့နေရာမှာ Film သုံးစရာ မလိုတော့ဘဲ DCP လို့ခေါ်တဲ့ Digital Cinema Package ထုတ်လွှင့်နိုင်တဲ့ HD Card နဲ့ ရိုက်ကူးတာကို ခွင့်ပြုလိုက်လို့ပါပဲ။ Negative,Positive ဖလင်တွေ ဝယ်စရာမလိုတော့တဲ့အတွက် ရုပ်ရှင်ကားကြီးတစ်ကားရဲ့ ကုန်ကျစရိတ်ဟာ အရင်တုန်းကပေါ်ခဲ့တဲ့ DVD ဇာတ်ကား ကုန်ကျစရိတ်လောက်ပဲဖြစ်သွားတယ်။

ခါတိုင်းလိုတော့ ဗီဒီယိုဇာတ်ကားတွေ လှိုင်လှိုင် မရိုက်နိုင်ကြတော့ဘူး။ နည်းနည်းနဲ့ ကျဲကျဲပိုင်းဆိုသလို အရင်းနည်း၊ အမြတ်နည်း တောခလေ့ဇာတ်လမ်းလေးတွေတော့ ရိုက်ဖြစ်ကြမှာပါ။ ရုပ်ရှင်ကားကြီးအနေနဲ့ ရိုက်ထားတဲ့အခွေတွေက ရုပ်ရှင်အဖြစ် ရုံတင်ပြီးတာနဲ့ ဗီဒီယိုအဖြစ် ထပ်ဖြန့်လို့ရသေးတာဆိုတော့ ရှုံးမယ်ဆိုရင်တောင် အရှုံးကြီး မရှုံးနိုင်တော့ဘူးပေါ့။ တစ်ခုပဲ ရင်လေးစရာကတော့ ရုပ်ရှင်ကားကြီးတွေရိုက်ထားပြီး ရုပ်ရှင်ရုံနည်းတော့ ရုံရက်ရဖို့ တန်းစီပြီးစောင့်ပေတော့ပဲ။



www.burmeseclassic.com




ကဲ.....ပရိသတ်ကြီးရေ ဇာတ်လမ်းမိတ်ဆက်တဲ့ လုပ်ငန်းလေး စလိုက်ကြရအောင်။ ဒီလအတွက် ဇာတ်လမ်းသစ်လေးက **"မြေသင်းနံ့"**တဲ့။ ဇာတ်လမ်းဇာတ်ညွှန်း နေခြည်အောင်သစ်၊ ဒါရိုက်တာ နေပိုင်၊ သရုပ်ဆောင်တွေက မြင့်မြတ်၊ ပိုးအိအိခန့်၊ ကောင်းဆက်ထူး၊ ရဲမွန်၊ ဦးဝင်းမြိုင်၊ ထူးမွန်နဲ့ သရုပ်ဆောင်များစွာ ပါဝင်ထားကြပြီး Novel Video က ထုတ်လုပ်ဖြန့်ချိပါလိမ့်မယ်။

ဒီဇာတ်လမ်းလေးမှာ နီတွတ်နဲ့ နွေးနွေးဆိုတဲ့ မောင်နှမနှစ်ယောက်က စရမှာပဲ။ နီတွတ်ဆိုတဲ့ ကောင်လေးကအကြီး၊ နွေးနွေးဆိုတဲ့ ကောင်မလေးက အငယ်။ နီတွတ်က စိတ်မကျန်းမာသူလို့ ပြောရမလားမသိဘူး။ သိတာတော့ အားလုံးသိတယ်၊ ကျောင်းထားဖို့ကျတော့ ဉာဏ်ရည်မမီဘူး။ ညီမဖြစ်တဲ့ နွေးနွေးက သူ့အစ်ကိုကို အရမ်းချစ်တော့ ကလေးတစ်ယောက်လို စောင့်ရှောက်နေရရှာတာ။ ဇာတ်လမ်းအစမှာတင် နီတွတ်နဲ့ နွေးနွေးတို့မောင်နှမရဲ့အမေ မုဆိုးမကြီးက ဆုံးနေပြီ။ မိခင်ရဲ့မြေပုံနားမှာ နွေးနွေးကထိုင်ပြီးငိုနေတယ်။ နီတွတ်က မတ်တတ်ရပ်ပြီး ငူငူလေးကြည့်နေတယ်။ အသုဘပို့သူတွေက နီတွတ်တို့မောင်နှမအတွက် စိတ်မကောင်းဖြစ်နေကြတယ်။ သေတယ်ဆိုတာ ဘာမှန်းမသိတဲ့ နီတွတ်။ ရက်လည်တဲ့နေ့မှ အိမ်နီးချင်းတွေ ပိုပြီးစိတ်မကောင်းဖြစ်ရတယ်။ "နီတွတ်ရဲ့မေကြီးက နီတွတ်တို့ဆီ ဘယ်တော့မှ ပြန်မလာတော့ဘူးလား။ မေကြီးက နီတွတ်ကို အရမ်းချစ်တာ၊ မေကြီးပြန်လာမယ်မဟုတ်လားဟင်"လို့ ဆို့ဆို့နင့်နင့်ပြောပြီးငိုတာ။ အားလုံး ရင်ထဲမှာဆို့ပြီး မျက်ရည်နဲ့မျက်ခွက်။

နီတွတ် ကြက်သေကောင်ပုပ်ကြီးဆွဲပြီး အိမ်ပြန်လာတယ်။ အိမ်နီးချင်းဒေါ်စန်းက ရွှံ့လွန်းလို့ပြောတော့ သစ်ပင်လေးတွေ မြေဩဇာရအောင်လုပ်မလို့တဲ့။ သူ့အဖေ မသေခင်ပြောသွားတာ၊ သစ်ပင်တွေ မြေဩဇာတ်ရဖို့လိုတယ်တဲ့။ မြေဩဇာကောင်းမှ အသီးအပွင့်

www.burmeseclassic.com



ကောင်းမှာတဲ့။ နီတွတ်က သူယူလာတဲ့ ကြက်ဥသေကောင်ပုပ်ကို မာလကာပင်ခြေရင်းမှာ တူးပြီးမြှုပ်လိုက်တယ်။ “ဒီမာလကာပင်က အသီးသီးရင် ကိုတွတ်လည်း အဝစားမယ်၊ ညီမလေးလည်း အဝစား။ ဟီး....ဟီး ပျော်လိုက်တာ”တဲ့။ နီတွတ်အဖြစ် မြင့်မြတ်၊ နွေးနွေးအဖြစ် မင်းသမီးသစ်လေး ပိုးအိအိခန့်တို့က သရုပ်ဆောင်ထားကြတယ်။

နီတွတ်တို့အမေ အသုဘကူငွေက ရက်လည်ဆွမ်းကျွေးပြီးတဲ့အချိန်မှာ ငွေသားတစ်သောင်းကျော် ပိုနေတော့ အိမ်နီးချင်း ဒေါ်စန်းက အရင်းအနှီးလုပ်ပြီး အကြော်ကြော်ရောင်းဖို့ အကြံပေးတယ်။ ဒီလိုနဲ့ နီတွတ်တို့မောင်နှမ အကြော်သည်ဘဝကို ရောက်ကြရတယ်။ ဒေါ်စန်းက နီတွတ်တို့မောင်နှမကို အကူအညီပေးသလောက် ဒေါ်စန်းရဲ့ယောကျ်ားကြီး ဦးအုန်းက မူးပြီး လာလာရစ်တတ်တယ်။

တစ်နေ့မှာ နွေးနွေး အကြော်ကြော်နေတုန်း ဒေါ်စိန်မေတို့သား ဒေါ်နဲ့မောနဲ့ ရောက်လာပြီးတော့ အိမ်လခ မပေးနိုင်တာ သုံးလရှိပြီ၊ ဒီနေ့မပေးနိုင်ရင် အိမ်ပေါ်ကဆင်းတဲ့။ ဈေးဝယ်၊ အကြော်လာစားကြတဲ့ ယောကျ်ားသားတွေရှေ့မှာ အပြောခံရတော့ နွေးနွေး ရှက်သွားတယ်။ ဒေါ်စိန်မေရဲ့သမီးကလည်း ကို

ကိုလန်နေတာပဲ။ အကြော်လာစားတဲ့သူတွေရှိနေလို့ နောက်နေ့မှလာပါလို့ နွေးနွေးတောင်းပန်တဲ့အတွက် ဒေါ် စိန်မေတို့သားအမိက အတန်တန် သတိတွေပေးပြီး ပြန် သွားတယ်။ ဝမ်းနည်းပြီး မျက်ရည်ကျနေတဲ့ နွေးနွေးကို နီတွတ်က ဘာပြောလဲဆိုတော့ “ညီမလေး မီးခိုးတွေ ဝင်လို့ မျက်ရည်ကျတာလား”တဲ့။

ဒေါ်စိန်မေတို့သားအမိ သောင်းကျန်းလွန်းတဲ့ အတွက် နီတွတ်တို့မောင်နှမကို သနားပြီး ဒေါ်စန်းက သူတို့အိမ်ကို ခေါ်ထားလိုက်တယ်။ ဒေါ်စန်းမှာ သား တစ်ယောက်ရှိတယ်။ ကျော်လွင်တဲ့။ သူက လူကောင်း။ နီတွတ်တို့မောင်နှမကို သွေးသားလို စောင့်ရှောက်တယ်။ ဆိုးတာက ဒေါ်စန်းယောကျ်ား ဦးအုန်း။ အရက်မူးလာ ရင် သောင်းကျန်းတော့ သူ့ပဲကြောက်နေရတာ။ တစ် နေ့ နီတွတ်တို့မောင်နှမ ထမင်းစားနေတုန်း ဦးအုန်း မူးပြီးပြန်ရောက်လာတယ်။

ဘူးတဲ့။ နီတွတ်



www.burmeseclassic.com



စားလက်စထမင်းကိုရပ်ပြီး သွား နှိုပ်ပေးရတယ်။ မျက်လုံးက တော့ ထမင်းပန်းကန်လေးကို ငေးလို့။ နွေးနွေးလည်း ဒီမြင် ကွင်းကိုကြည့်ပြီး မျက်ရည်လည် နေရရှာတယ်။

ညက မိုးလေးတစ်ဖြိုက်နှစ် ဖြိုက်ရွာလိုက်တယ်။ မနက်လင်း တော့ နီတွတ်က ပိန္နဲပင်ကြီးခြေ ရင်းက မြေကြီးကို ကုန်းနမ်းနေ တယ်။ နွေးနွေးကမေးတော့ မြေကြီးက ဘာနံ့လေးလဲ မသိဘူး၊ မွှေးမွှေးလေးတဲ့။ အဲဒီတော့ နွေးနွေးက ပြော ပြရှာတယ်။ အဲဒါ "မြေသင်းနံ့" တဲ့။

အဲဒီပိန္နဲပင်ကြီးခြေရင်းက မြေကြီးက မွှမွှလေး၊ နီ တွတ်က ကြွက်သေတစ်ကောင် ယူလာပြီးမြှုပ်တယ်။ သစ်ချက် [illegible] နေတော့ အပင်က ပိုကြီးမလာဘူးလို့ [illegible]ပြတယ်။ ပိန္နဲပင်ကြီးက ကြီးလွန်းတော့ [illegible]နိုင်ရဘူး။ ခွေးသေ၊ ဝက်သေတွေ



နွေးနွေးကပြောတာကို နီတွတ်က ခေါင်း တညိတ်ညိတ်လုပ်ပြီး မှတ်နေတယ်။


နီတွတ်တို့မောင်နှမ အကြောင်းရောင်းတော့လည်း အနိုင်ကျင့်တဲ့လူကများနေတယ်။ ဦးအုန်း မူးပြီးသောင်း ကျန်းတော့လည်း ရေရှည်မဖြစ်။ ဒီတော့ ကျော်လွင်က သူအလုပ်လုပ်နေတဲ့ စိုက်ပျိုးရေးခြံမှာ အလုပ်လုပ်ဖို့ ပြောပေးမယ်ဆိုပြီး စိုက်ပျိုးရေးခြံကို ခေါ်သွားတယ်။ ခြံရှင် ဦးအေးဇော်က စိတ်ကောင်းရှိတယ်။ သူ့မှာ ဇော် ထွန်းဆိုတဲ့သားတစ်ယောက်ရှိတယ်။ နီတွတ်က ကျပ် မပြည့်တော့ ဇော်ထွန်းက လက်မခံချင်ဘူး။ ဒါပေမဲ့ ကျော်လွင်က သူတာဝန်ယူထိန်းမယ်လို့ အာမခံတယ်။ ဦးအေးဇော်ကလည်း နီတွတ်တို့မောင်နှမကို သနားပြီး သူ့သားဇော်ထွန်းကို ဖျောင်းဖျပြောဆိုပြီး ခြံထဲက အလုပ်သမားတန်းလျားမှာနေဖို့ စီစဉ်ပေးလိုက်တယ်။ ဘာပဲပြောပြော ဒီမောင်နှမ အရိပ်ကောင်းတစ်ခုကို ရ သွားပြီပေါ့။

နေ့ခင်းဘက် ခြံအလုပ်တွေ လုပ်ရတော့ ပင်ပန်း ပြီး ညဘက် အိပ်ရာပေါ်လှဲရင်း နွေးနွေးစဉ်းစားနေ တယ်။ သူစဉ်းစားနေတာကို နီတွတ်ကို ပြောပြလိုက် တယ်။ ဘာလဲဆိုတော့ သူတို့အလုပ်လုပ်ပြီး ရတဲ့ငွေ လေးတွေကို စုထားမယ်။ ပြီးရင် ကိုယ်ပိုင်မြေကွက်လေး တစ်ကွက်ဝယ်မယ်ပေါ့။ အဲဒီတော့ နီတွတ်က "ကောင်း တယ်၊ ကောင်းတယ်၊ ကိုယ်ပိုင်မြေကွက်ရှိရင် တို့မောင် နှမကို ဘယ်သူမှ နှင်ထုတ်လို့မရတော့ဘူး။ နီတွတ်တို့ ချစ်တဲ့လူလာရင်လည်း တည်းဖို့နေရာပေးနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com





ဖျာခင်းပြီး ခေါင်းအုံးချပေးနိုင်တယ်''တဲ့။ စိတ်ကူးတွေယဉ်လို့ပေါ့။ စိုက်ပျိုးရေးခြံမှာ ပြဿနာတစ်ခုရှိတယ်။ အဲဒီက ဘာလဲဆိုတော့ ခြံရှင်ဦးအေးဇော်ရဲ့ချွေးမ မူယာ၊ ဇော်ထွန်းရဲ့မိန်းမပေါ့။ သူက ခုခေတ် စကားနဲ့ပြောရရင် Sexy ပေါ့။ ကိုယ့်ယောကျ်ားနဲ့တင် မတင်းတိမ်နိုင်တဲ့ မိန်းမစားမျိုး။ သူ့ကြောင့် အလုပ်ပြုတ်သွားရတဲ့ ယောကျ်ားသားအလုပ်သမားတော်တော်များတယ်။ ကျော်လွင်ကိုလည်း ရိတိတိ ရေလာမြောင်းပေးတွေ လုပ်လိုက်သေး။ ကျော်လွင်က မပြစ်မှားတော့ ကျပ်မပြည့်တဲ့ နီတွတ်ဘက်ကို လှည့်လာတယ်။

တစ်နေ့မှာ အမွေးစုတ်ဖွားခွေးလေးတစ်ကောင် ခြံထဲဝင်လာတော့ နီတွတ်က ချစ်လို့ဆိုပြီး မွေးထားလိုက်တယ်။ ရေချိုးပေးတယ်၊ အစာကျွေးတယ်၊ စကားတွေ ပြောတယ်။ သူ့ဟာနဲ့သူကတော့ ဟုတ်လို့၊ ဖြစ်ချင်တော့ ခွေးလေးက

www.burmeseclassic.com

www.burmeseclassic.com



ဇော်ထွန်းတို့အခန်းထဲ ဝင်သွားတယ်။ ခွေး မချစ်တတ်တဲ့ ဇော်ထွန်းက ခွေးကိုကန်ထုတ်တာပေါ့။ နီတွတ်က ခွေးလေးကို မရိုက်ဖို့ပြောတော့ ဇော်ထွန်းက နီတွတ်ကိုပါ နားရင်းအုပ်ပြီး နောက်ကို ခွေး သူ့ဆီမလာစေနဲ့လို့ ပြောလွှတ်တယ်။ နီတွတ် ကြောက်ပြီး ဖျားတောင်ဖျားတယ်။ ဆေးရုံတင်လိုက်ရတယ်။ ကျော်လွင်တို့၊ နွေးနွေးတို့က ဝိုင်းပြီး ပြုစုကြရတာပေါ့။

နီတွတ် ဆေးရုံကဆင်းလာပြီးတော့ ခွေးလေးစုတ်ဖွားနဲ့ ဆော့နေတယ်။ ခွေးလေးကို နီတွတ်နာမည်ပေးပုံ ကြည့်ဦး။ မင်းနဲ့ငါနဲ့က ဘဝတူတွေတဲ့။ အဲဒီတော့ ငါ့နာမည် နီတွတ်ဆိုရင် မင်းနာမည်က တွတ်နီပေါ့တဲ့။ နွေးနွေးက စားဖို့သောက်ဖို့ ချက်ပြုတ်ပြီးတာနဲ့ နီတွတ်ကို မှာစရာရှိတာမှာပြီး ခြံအလုပ်လုပ်ဖို့ ထွက်သွားတယ်။ အဲဒီမှာ မူယာရောက်လာတယ်။ နီတွတ်က ခွေးလေးကို အမွှေးလေးတွေ ပွတ်ပေးနေတယ်။ မူယာက "ဘာလို့ ခွေးလေးကို ပွတ်ပေးနေတာလဲ"တဲ့။ "ချစ်လို့ပေါ့" လို့ နီတွတ်ကပြန်ဖြေတယ်။ "အဲဒါဆို မမကိုလည်းချစ်ရင်ပွတ်ပေး"တဲ့။ "မမမှာ အမွှေးမှမရှိတာ"တဲ့။ "မမမှာ အမွှေးရှိတယ်လေ"တဲ့၊ "ဘယ်မှာလဲ"ဆိုတော့ "ဒီမှာတဲ့" သူ့ခေါင်းက ဆံပင်ကိုပြတယ်။ ပြီးတော့ နီတွတ်ကိုဖက်ပြီး.....နီတွတ်တအားကြောက်သွားတယ်။ မူယာ့ကိုဆောင့်တွန်းလိုက်တာ မူယာတန်းလျားပေါ်က လိမ့်ကျပြီး လှေကားကျောက်တုံးနဲ့ ခေါင်းနဲ့ဆောင့်မိပြီး သေသွားတယ်။

နီတွတ် ပျော်သွားတယ်။ ပိန္နဲပင်ကို အစာကျွေးဖို့ အသေကောင်ကြီးကြီးရပြီတဲ့။ ဒီဇာတ်လမ်းမှာ စိတ်ထားကောင်းတဲ့ ခြံပိုင်ရှင် ဦးအေးဇော်အဖြစ် စာရေးသူ ဦးဝင်းမြိုင်က သရုပ်ဆောင်ထားပါကြောင်း။ ။

ဦးဝင်းမြိုင် (သရုပ်ဆောင်)


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
<u>ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။</u>

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀ ၂၅၄၃၆ ၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com



ငွေအလျှံ

# တိမ်လိုလေလိုလူ

ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com


ဦးရန်ဝေး၏ပတ်ဝန်းကျင်က ဦးရန်ဝေး လက်ထပ်သည့်သတင်းမှာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွား၍ အားလုံးမှာ အံ့သြနေကြသည်။ သူ လက်ထပ်သည့် မိန်းကလေးမှာ တက္ကသိုလ်တစ်ခုမှ ကထိကဆရာမ တစ်ဦးဖြစ်နေသည့်အပြင် ချောမောလှပသူ၊ ပုရိသယောကျ်ားတိုင်းက ငေးမောရသည့်အထိ ဆွဲဆောင်မှုရှိသူတစ်ဦးလည်းဖြစ်၏။ သို့သော် ဝတ်စားဆင်ယင်မှုမှာ ခေတ်ဆန်ဆန်အလှဖြင့် ရိုးလွန်းသူမျိုးမဟုတ်ပေ။

ဦးရန်ဝေးသည် ပြင်ပစီးပွားရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ စာစီစာရိုက်နှင့် ဒီဇိုင်းအမျိုးမျိုးကို ကွန်ပျူတာပညာရှင်များကို ငှားရမ်းထား၏။ မိတ္တူကူးစက်များအပြင် စာရေးကိရိယာအမျိုးမျိုးကို ရောင်းချထားသေး၏။ သည်တော့ သူ့ဆိုင်တွင် အရောင်းစာရေးမများ၊ ကွန်ပျူတာရိုက်သူများ၊ မိတ္တူကူးသူများ စသည်ဖြင့် ဝန်ထမ်း (၇)ဦးရှိ၏။

ဦးရန်ဝေးမှာ စီးပွားရေးတွင် အမြော်အမြင်ရှိသူဖြစ်၍ မီးစက်ပါထားရှိခဲ့ရာ သူ့ဆိုင်သည် မီးလင်းမှ မီးချုပ်အထိ လုပ်ကိုင်ခဲ့ရ၏။ သည်တော့ စီးပွားရေးပြေလည်ပြီး အိမ်ထောင်ရေးမှာ သာယာစိုပြည်နေတော့သည်။

"ဦးရန်ဝေးတို့များဗျာ ဖနီးချောလေးက အနားမှာရှိနေတော့ အားပိုတက်တာပေါ့နော်၊ ကုသိုလ်ကောင်းလိုက်တာဗျာ"

"ခင်ဗျားက မတန်မရာကို ယူခဲ့တာပဲကိုး၊ ဂုဏ်ယူပါတယ် ဦးရန်ဝေးရာ၊ ကျုပ်တို့ကိုလည်း နည်းလမ်းပေးပါဦးလား"

"ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲဗျာ၊ မနာလိုမဖြစ်ကြစမ်းပါနဲ့"

ဦးရန်ဝေး၏ မိတ်ဆွေအပေါင်းအသင်းများက ဤသို့ချီးကျူးထောပနာပြုကြသည်။ ဒေါ်မာလာမေကို လက်ထပ်ခဲ့သည့်အတွက် ဦးရန်ဝေးမှာ မိတ်ဆွေသင်္ဂဟများကြားတွင် ဂုဏ်တက်ခဲ့သည်က အမှန်ပါ။

"အေးဗျာ၊ ခင်ဗျားလို အသက်ငါးဆယ်ကျော်၊ လူပုစိတ်တိုသူက ဒေါ်မာလာမေလို တည်ငြိမ်အေးဆေးတဲ့ မိန်းကလေးမျိုးကို ပိုင်ဆိုင်နိုင်တာ အံ့သြပါရဲ့ဗျာ၊ လမ်းမှားပြီး ရောက်လာလို့ပဲဖြစ်ရမယ်"

"ကြိုက်သလိုသာ ပြောကြပါတော့ဗျာ၊ ကိုယ်စွမ်းကိုယ်စရှိလို့ ပိုင်ဆိုင်နိုင်တာပေါ့၊ သူများကိုချည်း အားကျမနေကြနဲ့လေ၊ ကိုယ်တိုင်လည်း ကြိုးစားကြဦးမှပေါ့"

မိတ်ဆွေများ၏စကားကြောင့် ကျေနပ်ခဲ့ရ၏။ သို့ပေမယ့် အတွေးထဲတွင် အမြဲတမ်းရောက်လာတတ်သူ ဦးကျော်ခေါင်က သူ့အား အပြစ်မြင်နေဆဲပါ။

"ဒီတစ်ယောက်ရော မင်းစိတ်တိုင်းကျဖြစ်ရဲ့လား၊ ပြောပါဦး ရန်ဝေး၊ မှင်းလိုလူတော့ လက်ဖျားခါပါရဲ့"

ဦးကျော်ခေါင်၏စကားက ဦးရန်ဝေး၏အားနည်းချက်ကို ထိုးနက်သွားခဲ့သည်။ အကြောင်းသိသူ အချင်းချင်းဖြစ်၍ ထိုစကားကိုတော့ ဦးရန်ဝေးမှာ ပြန်လည်မချေပနိုင်ခဲ့ချေ။ ချေပခွင့်မရှိနိုင်အောင်လည်း သူ့လုပ်ရပ်က သက်သေပြနေ၏။

"မိန်းကလေး ထည်လဲတွဲပြီး သစ္စာမရှိသူရဲ့ နှလုံးသားကို သစ္စာရှင် ဘယ်မိန်းကလေးမှ ကြာရှည်လက်တွဲကြမှာမဟုတ်ဘူး ရန်ဝေး၊ မင်းကြောင့် မျက်ရည်ကျခဲ့၊ နာကြည်းခဲ့တဲ့ မိန်းကလေးတွေ မရေမတွက်နိုင်တော့ပါဘူး၊ သူတို့ရဲ့မျက်ရည်တွေနဲ့ ခြေဆေးပြီး အနိုင်ပိုင်းခဲ့တာတွေကို ခင်ဗျားမှတ်မိရင် မာလာမေအပေါ် အဆုံးရှုံးမခံရအောင် ဘယ်လိုအရာနဲ့ ကာကွယ်နိုင်မလဲ"

"မာလာ့ကို အသိမပေးကြပါနဲ့ဗျာ၊ ကျုပ် တောင်းပန်ပါတယ်၊ ကျုပ်လေ.....ကျုပ် မာလာ့အပေါ် တကယ်ချစ်တာပါ"

ဦးကျော်ခေါင်က ခါးထောက်လျက် လက်ညှိုးငေါက်ငေါက်ထိုးကာ သူ့အားရန်တွေ့နေပြန်သည်။

"ကျုပ်ပြုမိတဲ့ အမှားတွေကို

www.burmeseclassic.com

www.burmeseclassic.com




**မိန်းကလေးဘက်က စလာသည့် ဇာတ်လမ်းအား ထုံးစံအတိုင်း ဝင်ရောက် သက်သက်ပါ။ သို့သော် သွယ်သွယ်လွမ်း၏ ကွန်ရက်မှ ရုန်းမထွက်နိုင်လောက်အောင် . . .**

မာလာမေ့ကို မပြောကြပါနဲ့ဗျာ၊ ကျုပ်ကို သနားကြပါနော်"

လူးလွန့်အော်ဟစ်ကာ ချွေးစေးများပြန်လာ၏။ ဦးကျော်ခေါင်၏ ဝင်းဝင်းတောက် မျက်လုံးအကြည့်များက နတ်ဆိုးတစ်ဦးနှယ် သူ့ကို ခြိမ်းခြောက်နေကြသည်။

"မင်းဟာ မိန်းမတွေကို ကစား စရာအရုပ်တစ်ရုပ်လို သဘောထား တတ်သူပဲ၊ အားလုံးဟာ မင်းရဲ့ အောက်မှာ ခေါင်းငုံ့ငြိမ်ခံနေကြတယ် များ ထင်နေသလား ရန်ဝေး၊ သူတို့တွေဟာ မတတ်သာလို့ အရှက် တရားကြောင့် မင်းရဲ့လက်တွင်းကို သက်ဆင်းခဲ့ကြသူတွေပါဗျာ၊ စာနာ စိတ်ကလေးတော့ ထားဦးမှပေါ့"

"ကျုပ်က သူတို့ကျေနပ် အောင် အားလုံးကို လုပ်ပေးခဲ့တာ ပဲဗျာ"

မျက်နှာငယ်ငယ်ဖြင့် ဦးကျော် ခေါင်အား တောင်းပန်ခဲ့ပေမယ့် ဦးကျော်ခေါင်၏ ဟားတိုက်ရယ်မော သံက နားစည်ကွဲမတတ်ပင်။

"ဟား....ဟား.....ဟား၊ ဘာ ဗျ မင်းက အရာရာတိုင်းကို ငွေနဲ့ ဖြေရှင်းလို့ရမယ်များ ထင်နေလား၊ မင်းရဲ့အပြုအမူဟာ လူမဆန်တဲ့ လုပ်ရပ်ဗျ၊ ယုတ်မာရက်စက်ပြီး ငွေနဲ့ တဏှာကိုဝယ်နေတဲ့ တဏှာ ကျွန်၊ ခင်ဗျားရဲ့ရုပ်ကို ပြန်ကြည့်ဦး၊ တဖြည်းဖြည်းနဲ့ တဏှာရုပ်ပေါက် နေပြီ"

မှန်ရှေ့သို့ပြေးကြည့်ပြီး သူ့ မျက်နှာအား လက်ဖြင့်ကမန်း ကတန်း စမ်းကြည့်မိ၏။ အဆီပြန် ဖုထစ် ချိုင့်ဝင်နေသည့်မျက်နှာ ကြောင့် ကြောက်လန့်သွားရသည်။

"မင်းရဲ့ကိုယ်ထဲမှာ မိန်းမတွေ ရဲ့ သွေးပေါင်းစုံ စီးဝင်နေကြပြီ ရန် ဝေး၊ မကြာခင်မှာ ရောဂါဆိုးတစ်ခု ခုနဲ့ မင်း တစ်နေ့သေလိမ့်မယ်၊ ဒီ တော့ မာလာမေကို ရောဂါဆိုးတွေ ပေးမထားခဲ့ပါနဲ့ကွာ၊ မာလာမေဟာ မင်းရဲ့ဘဝထဲကို မသိနားမလည်ဘဲ ဝင်ရောက်လာတဲ့ သန့်ရှင်းတဲ့ မိန်း ကလေးပါ ရန်ဝေးရယ်"

"ဟင့်အင်း၊ ကျုပ်မှာ ဘာ ရောဂါမှမရှိဘူး ဦးကျော်ခေါင်"

သူ့ထံမှငြင်းဆန်စကားကြောင့် ဦးကျော်ခေါင်က ဟန်ပါပါတစ်ချက် ပြုံးလိုက်၏။

"မင်းက အပျိုစင်တွေကိုမှ ပစ် မှတ်ထား လုပ်ရှားခဲ့သူဆိုတော့ ရောဂါမရှိဘူးလို့ ထင်နေမှာပေါ့ လေ၊ မင်းလို အခွင့်အရေးသမား မျိုးကို သဘာဝတရားကြီးက အပြစ် ပေးပါလိမ့်မယ်၊ စောင့်သာကြည့် ပေါ့၊ ဘုရားရိုက်ရင် ပိုနာတတ် တယ် ရန်ဝေးရေ"

အတွေးမှ ရပ်လိုက်ချိန်တွင် ဇောချွေးများဖြင့် ကျစ်ရစ်ခဲ့ရသည်။ သူနှင့်အတူ အိပ်မောကျနေသည့် မာလာမေ၏ ဝင်းမွတ်သောအသား အရေနှင့် မျက်နှာလေးကို ငေးမော ကြည့်နေမိ၏။ ထိုသို့ကြည့်လေ ဆုံး ရှုံးရမည်ကို ပို၍ကြောက်လေ ဖြစ် နေရသည်။

"အတိတ်က မကောင်းတဲ့ အရိပ်ဆိုးတွေကို အပြီးအပိုင် ထုတ် ပယ်ပစ်လိုက်ပါပြီ မာလာရယ်၊ အထီးကျန်တဲ့ ကိုယ့်ဘဝကို မထား ခဲ့ပါနဲ့ကွယ်"

မာလာမေ နှုးသွားမည်ကိုစိုး၍

www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ဝေးသည် ခြင်ထောင်ကို အသာအယာမကာ အိမ်ရှေ့သို့ ထွက်လာမိသည်။ ဝရန်တာတွင်ရပ် ကျက် တိတ်ဆိတ်သော အပြင်ကို ငေးမျှော်ကြည့်နေလိုက်၏။ ပတ်ဝန်း ကျင်သည် အိပ်မောကျနေကြသည်။ တစ်ဖက်တစ်ချက်စီမှ လမ်းမီးတိုင် များ၏ ဝါကျင့်ကျင့်အလင်းရောင် ကြောင့် လမ်းပေါ်တွင် လူသွားလူ လာ ကင်းမဲ့နေသလို ကားသံများပါ မကြားရချေ။ တစ်ချက်တစ်ချက်တွင် ပေါ်ထွက်လာသော ပုရစ်သံများသာ ကြားနေရ၏။

"ဩော်.....တစ်ချိန်က ငါပြုမိ တဲ့ အမှားတွေက ငါ့နောက်ကို အရိပ်လိုလိုက်ပါနေကြတာပါလား၊ အမှားတွေကို ရပ်တန့်လိုက်ပေမယ့် အရိပ်မည်းက ပျောက်မသွားဘူး၊ ငါ့ရဲ့ဘဝတစ်လျှောက်လုံးမှာ ဖျောက် မရတဲ့ အရိပ်မည်းတွေပါပဲလား"

သူကိုယ်တိုင် အမှားကိုသိမြင် တတ်မှ မှားမှန်းသိရတော့သည်။

✦✦✦

ဦးရန်ဝေးမှာ သူတွေ့ဖူးသော မိန်းမများထက် မာလာမေကို ပိုချစ် သည်ဟု ထင်မိ၏။ မာလာမေက လည်း သူ့အပေါ် ဇနီးကောင်းတစ် ယောက်ပီပီ ဂရုတစိုက်နှင့် ပြုစု ယုယတတ်သည်။ အိမ်ထောင်သက် ကြာသည်နှင့် တစ်ဦး၏သဘောကို တစ်ဦးကနားလည်ကာ ခိုင်မြဲသော အိမ်ထောင်တစ်ခုကို လက်တွဲတည် ဆောက်ခဲ့ကြ၏။

"မာလာလေ ဦးရန့်ရဲ့အတိတ် အကြောင်းကို မသိချင်တော့ပါဘူး၊ ဒါပေမဲ့ မာလာနဲ့လက်ထပ်ပြီးတဲ့အချိန် ကစလို့ ဦးရန်မှာ အရင်ကအကျင့် စရိုက်တွေကို ဖျောက်စေချင်တယ်"

"စိတ်ချပါကွယ်၊ မာလာလေး ရှိနေမှ ကျန်တာတွေ မလိုတော့ပါ ဘူး"

"ပြောတာပဲ၊ နောက်မှ မာလာ့ ကို ပစ်ထားခဲ့ရင် မာလာ့နှလုံးသား က ခံနိုင်ရည်မရှိဘူးနော်"

"ဘယ်တော့မှမပစ်ဘူး၊ စိတ် ချ"

"မာလာ့ကို စိတ်ဆိုးအောင်ပဲ လုပ်ပါ၊ စိတ်နာအောင်မလုပ်ပါနဲ့ ဦးရန်ရယ်"

မာလာမေ၏ အမှာစကား လေးကို ဦးရန်ဝေးက အပြုံးဖြင့် ခေါင်းညိတ်ပြ၏။ သူ့အဖို့ မာလာ မေသည်သာ နောက်ဆုံးအချစ်၊ နောက်ဆုံးသံယောဇဉ်ဟု သတ် မှတ်ထားပြီးသားပါ။ မာလာမေ ကိုယ်တိုင်ကလည်း ဦးရန်ဝေးအပေါ် ယုံကြည်စိတ်ထားရှိခဲ့သည်။ သံသယအတွေးမျိုးပင် မရှိခဲ့ချေ။

အိမ်ထောင်သက် သုံးနှစ် အကြာတွင် ဦးရန်ဝေးဘဝထဲသို့ သွယ်သွယ်လွှမ်းအမည်ရှိ မိန်း ကလေးတစ်ဦး ဝင်ရောက်လာ၏။ ငယ်သော၊ လှည်သော သွယ်သွယ် လွှမ်းမှာ ဦးရန်ဝေးအား အချိန်ကြာ ကြာ မလှုပ်ရှားလိုက်ရပေ။ နဂိုက ငုပ်လျှိုးနေသော ဗီဇသည် သွယ် သွယ်လွှမ်းနှင့် တွေ့သည့်နောက် ပြန်လည်ပေါ်ထွက်လာတော့သည်။

"အလွမ်းလေ ဒေါ်မာလာမေ ကို ပြတ်နိုင်ရင် ဦးရဲ့ဘဝထဲကို ဝင် လာရဲပါတယ်နော်၊ ဦးက အလွမ်း ကို ဒေါ်မာလာမေလောက် မချစ်ပါ ဘူး"

"ဘယ်လိုပြောလိုက်တာလဲ ကလေးရယ်၊ ဒီလောက်သွက်လက် ချက်ချာတဲ့ အလွမ်းလေးကို ဦးက သိပ်ချစ်တာပေါ့၊ ငုံထားမတတ်ပါပဲ ကွာ"

"ဟင့်.....ဒါဆို ဒေါ်မာလာမေ ကို ပြတ်စဲလိုက်တော့ပေါ့၊ ဦးမှာ အလွမ်းထက်အရေးကြီးတာ ဘာ များရှိသေးသလဲ"

"ဩော်.....မာလာက အပြစ် မှမရှိတာပဲကွယ်"

"ဟင်း.....ဒါဆိုရင် အလွမ်း က ဦးရဲ့ပျော်တော်ဆက်ဘဝနဲ့ ဒီ အတိုင်း တစ်သက်လုံးနေသွားရမှာ လားဟင်၊ အလွမ်းဘက်ကိုလည်း ငဲ့ ကြည့်ပါဦးနော်၊ အထောက်ပံ့ခံဘဝ မျိုးနဲ့တော့ နေမသွားနိုင်ဘူး၊ တရား ဝင်ပဲဖြစ်ရမယ်"

ဦးရန်ဝေးမှာ အစက မိန်း ကလေးဘက်က စလာသည့် ဇာတ် လမ်းအား ထုံးစံအတိုင်း ဝင်ရောရုံ သက်သက်ပါ။ သို့သော် သွယ်သွယ် လွှမ်း၏ ကွန်ရက်မှ ရုန်းမထွက်နိုင် လောက်အောင် သူ့အဖို့ ဆုပ်စူး စားရူး ဖြစ်ခဲ့ရ၏။ မာလာမေကို ပြတ် စဲရန်ကိစ္စသည်လည်း လုံးဝမဖြစ်နိုင် ပေ။ ထိုကိစ္စကို မာလာမေသိပါက အကြီးအကျယ် ပေါက်ကွဲသွားနိုင် သည်။ ပြီးတော့တစ်လင်တစ်မယား ဥပဒေကလည်းရှိနေ၏။ ဦးရန်ဝေး

www.burmeseclassic.com

အတွက် အခက်တွေ့နေရသည်။

သည်တော့ သွယ်သွယ်လွင်ကို ကျေနပ်စေရန် ငွေဖြင့်ထိန်းနေခဲ့ရ၏။ သူ့ဘက်က ငွေထွက်လေ သွယ်သွယ်လွင်က လောဘဖက်လေဖြင့် မကြာခင်တွင် သွယ်သွယ်လွင်အကြောင်းကို သိလာရတော့သည်။ သူ့အဖို့ ခွာမရဖြစ်လောက်အောင် သွယ်သွယ်လွင်က လည်၏။ မြိမ်းခြောက်ခဲ့၏။

"ဦးနော် အလွမ်းက ဒေါ်မာလာမေ မဟုတ်ဘူး။ ဒီနေရာမှာထိုင်ဆိုတိုင်း ထိုင်နေမယ့် မိန်းကလေးမျိုးမဟုတ်တာ ဦးသိပါတယ်နော်၊ အလွမ်းကို ခွာဖို့ကြံရင် အသိပဲ၊ အသရေဖျက်မှု၊ ကာယိန္ဒြေဖျက်မှုနဲ့ တရားစွဲမှာပဲ၊ အလွမ်းမှာအထောက်အထားအားလုံးရှိတယ်"

လည်လွန်းသည့်ဘီး ချေးသင့်သည့်အဖြစ်မျိုးပဲ ဖြစ်နေသည်။ ဦးရန်ဝေးသည် သွယ်သွယ်လွင်၏ စိတ်ဓာတ်အား သိရသည့်နောက် သူ့လုပ်ရပ်ကို မှားသွားမှန်းသိလိုက်ရပြီပဲဖြစ်တော့သည်။

"အင်း.....အလွမ်းကို လျှော့တွက်ခဲ့မိတာ ငါ့အမှားပါလား။ ဒီမိန်းကလေးဟာ ငါ့အကြောင်းကိုသိပါလျက်နဲ့မခေါ်ဘဲဝင်လာခဲ့ကတည်းက သူဟာ ငါ့ရဲ့ပိုင်ဆိုင်မှုတွေကို မက်မောလို့ပဲပေါ့၊ ငယ်တော့လည်း ဝတ်ချင်စားချင်၊ လှချင်ပချင်စိတ်ကြောင့် ငါ့ကိုချဉ်းကပ်ခဲ့တာပါလား။ သူက ငါ့ပိုင်ဆိုင်မှုတောင် အပိုင်လိုချင်တဲ့သူ၊ သူ့ကို တရားဝင်လက်ထပ်လို့မဖြစ်ဘူး"

ဦးရန်ဝေးသည် တဖြည်းဖြည်းနှင့် သွယ်သွယ်လွင်ကို ကြောက်လာသလို မာလာမေနှင့် ထိပ်တိုက်မတွေ့မိစေရန်လည်း ရှောင်တိမ်းနေရသည့်ဒုက္ခက မသေးခဲ့ချေ။ သည်တော့ သွယ်သွယ်လွင်နှင့် တစ်အိုးတစ်အိမ် မနေရသည့်တိုင် သွယ်သွယ်လွင် ကျေနပ်စေရန် အစစလိုအပ်သမျှ ထောက်ပံ့ပေးနေခဲ့၏။

+++

ဦးရန်ဝေး၏ ဖောက်ပြန်သည့်သတင်းကို ကြားရစဉ်အချိန်တွင် မာလာမေတစ်ယောက် အံ့သြသွားရသည်။ ပြီးနောက် ခံပြင်းမှုမျက်ရည်များက ပါးပြင်တစ်လျှောက် စီးကျလာကြ၏။ အဆက်မပြတ်ငိုနေသော မျက်ရည်များကို မသုတ်နိုင်ဘဲ ရှက်စိတ်၊ ဝမ်းနည်းစိတ်များဖြင့် ယူကျုံးမရ ဖြစ်ခဲ့ရတော့သည်။ မာလာမေ့သူငယ်ချင်းများက မခံနိုင်ဖြစ်နေကြ၏။

"မင်းမို့ ဒီလူကိုယူတယ် မာလာ၊ ဒီလူက မိန်းမကိစ္စဆို တစ်ဖက်ကမ်းခတ် တတ်မြောက်တဲ့သူ၊ မင်းကိုအရမ်းနှမြောတယ်"

"လောကကြီးမှာ ဆိုးဆိုးပေပေ ဖောက်ပြန်တာထက် အေးဆေးငြိမ်သက်ပြီး ဖောက်ပြန်တာက ပိုဆိုးတယ်ကွ၊ ကျွန်တော်လည်း ယောကျ်ားပါပဲ၊ ဒါပေမဲ့ ကိုယ့်ဂုဏ်သိက္ခာကျလောက်အောင် တဏှာကျွံတာမျိုးကိုတော့ လူ့အသိုင်းအဝိုင်းမှာ လက်မခံကြပါဘူး၊ ဒါမျိုး ဘယ်တော့မှမလုပ်ဘူး"

မာလာမေနှင့် နီးစပ်သူများထံမှ ကြားခဲ့ရခြင်းဖြစ်သည်။ ဦးရန်ဝေးနှင့် နီးစပ်သူများကတော့ တိတ်ဆိတ်မှုနှင့် နှုတ်မဟရဲကြပေ။ သို့ပေမယ့် သူတို့၏အကြည့်များအား မာလာမေက နားလည်နေမိ၏။ ထို့ကြောင့် မာလာမေသည် ဦးရန်ဝေးအပေါ်တွင် သံသယစိတ်များ တိုးပွားလာရတော့သည်။

"မာလာ့အပေါ်ရက်စက်တတ်သူပါလား၊ မာလာ့မှာ ဘာအပြစ်တွေရှိလို့ ရက်စက်နိုင်တာလဲ ဦးရန်ရယ်၊ မာလာ့လို မိန်းကလေးမျိုးဟာ အရှုံးပေးထားတဲ့ နှလုံးသားရှိနေပြီးသားပါကွယ်"

အိမ်မှထွက်ခါနီးတွင် အလှအပပြင်ဆင်ကာ ဖြီးလိမ်းနေတတ်သည့် ယောကျ်ားအပေါ် အကဲခတ်မိ၏။ အဝတ်အစားကို နေ့စဉ်လဲတတ်သည်။ ငွေသုံးကြမ်းလာသည်။ အမြဲတမ်းလိုလို အပြစ်ရှာနေတတ်သေးသည်။

"မိန်းမတစ်ယောက်ရဲ့ဘဝဟာ ကိုယ့်ဘဝတစ်ခုလုံးကို သူစိမ်းယောကျ်ားတစ်ဦးရဲ့လက်ထဲကို ပေးအပ်လိုက်ပြီဆိုကတည်းက ဘဝဟာ ရှုံးနိမ့်ခဲ့ပြီးသားပါပဲ၊ အရှုံးပေးပြီးသား မိန်းမတစ်ယောက်ကို ဆက်ပြီးအနိုင်မယူချင်ပါနဲ့တော့ ဦးရန်ရယ်"

ခံစားမှုများ မထိန်းချုပ်နိုင်သည့်အခါတွင် မျက်ရည်များအဖြစ် မာလာမေ၏ မျက်ဝန်းအိမ်ထဲမှ ထွက်ကျလာရသည်။ သူမ၏နှလုံး

www.burmeseclassic.com

www.burmeseclassic.com


ားထဲမှ ဖြစ်တည်လာသောအချစ်ကြောင့် ဦးရန်ဝေးအား ချစ်မိခဲ့ခြင်းမှာ မှားသွားကြောင်း သိလိုက်ရ၏။ တိုက်ခန်းတံခါးကို သော့ခတ်နေစဉ် တစ်ဖက်အခန်းမှ မိန်းကလေးက ခေါင်းလေးပြူကာ တံခါးဖွင့်ကြည့်လိုက်သည်။

"ဩော်.....အစ်မကိုး"

မိန်းကလေး၏ အာမေဍိတ်စကားကြောင့် မာလာမေက တိုးတိတ်စွာမေးလိုက်ရာ သူမ ထင်သည့်အတိုင်းပင် မေးခွန်းတွင် အဖြေကပါပြီးသားဖြစ်နေ၏။

"ဦးလေးဆို ခေါ်ရမှာ အားနာလို့ပါ၊ ဟိုတစ်နေ့က ဦးလေးနဲ့ ကောင်မလေးတစ်ယောက်ကို စားသောက်ဆိုင်မှာ တွေ့ခဲ့တယ် အစ်မ၊ ပြန်မပြောနဲ့နော်"

"မပြောပါဘူးကွယ်"

"အဲဒါ အစ်မသိအောင် ပြောပြချင်တာပါ၊ လင်မယားကြား ပြဿနာဖြစ်မှာလည်း စိုးရိမ်တယ်၊ ညီမကို ဘယ်လိုမှမထင်နဲ့နော်"

"မထင်ပါဘူးကွယ်၊ ကျေးဇူးတင်ပါတယ်နော်"

**ခုချိန်ထိ**
**အသိတရားမရဘဲ**
**တဏှာကျွန်ဖြစ်နေတဲ့**
**ရှင့်ကိုသာ**
**သနားတာ၊**
**ယောကျ်ားတွေအလယ်မှာ**
**မိန်းကလေး**
**ထည်လဲတွဲတာမျိုးကို**
**ဂုဏ်ယူနေပြီး မြှာပွေတာကို**
**ကျေနပ်နေတဲ့**
**...**



တည်တည်ငြိမ်ငြိမ်တုံ့ပြန်မှုကို မိန်းကလေးက အံ့ဩနေမည်ပင်။ မာလာမေက တံခါးကိုပိတ်ပြီး လှေကားပေါ်မှ တစ်ထစ်ချင်းဆင်းလာတော့သည်။ ပတ်ဝန်းကျင်မှစကားများက ယုံမှားသံသယဖြစ်စရာမလိုပါ။ သူမအဖို့ အံ့ဩခြင်းလည်း မရှိတော့ပေ။ သို့သော် ကျေးဇူးတင်စကားအား ရင်ထဲမှ မျက်ရည်သွယ်သွယ်ကျရင်း အားယူပြောခဲ့မိသည်။ မနေ့က ဦးရန်ဝေးဒေါသစကားအား အတွေးထဲဝင်လာပြန်၏။

"မင်းနဲ့နေရတာ ရေခဲတုံးကြီးနဲ့ နေရသလိုပဲ၊ ဘယ်တော့မှသွက်သွက်လက်လက်မရှိဘူး၊ နေရာတိုင်း အေးစက်စက်နဲ့၊ ငါ့ကိုချစ်လို့ယူထားတာမှဟုတ်ရဲ့လား မာလာ"

အရင်ကဆို ဣန္ဒြေရှင် မိန်းကလေးမို့ ချစ်တယ်ဆိုတဲ့စကားများ ဘယ်ရောက်သွားပြီမသိတော့ပါ။ မာလာမေ ဝမ်းနည်းသွားမိသည်။

"အမြဲတမ်း သံသယမျက်လုံးတွေနဲ့ ငါ့ကိုလာမကြည့်နဲ့နော်၊ ရိုးရိုးသားသားနေတဲ့ဘဝကို ဆိုးအောင်လာမဆွနဲ့၊ ပညတ်ချက်အမျိုးမျိုးတွေနဲ့ လွှမ်းမိုးချုပ်ကိုင်လာရင်တော့ ထားခဲ့ပြီး ထွက်သွားမှာပဲ"

ကိုယ့်ယောကျ်ားအပေါ် စိုးရိမ်စိတ်မျက်လုံးမျိုးနှင့်ပင် မကြည့်ရတော့ဘူးလားဟု မေးလိုက်ချင်တော့သည်။ တဖြည်းဖြည်းနှင့် ဦးရန်ဝေးသည် မည်သို့သော လူစားမျိုးဖြစ်သည်ကို မာလာမေ သိလာရတော့၏။

"ပြောလိုက်ရင် မျက်ညိုကျ

www.burmeseclassic.com

www.burmeseclassic.com

ဖို့ပဲသိတယ်၊ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ၊ မပေါင်းချင်ရင်ကွာလိုက်၊ ဒုက္ခမခံနဲ့ မင်းဘက်က ဆုံးဖြတ်ပြီးရင် ငါ့ဘက်က ကွာရှင်းဖို့အချိန်မရွေးပဲ၊ တောက်.....စိတ်ညစ်ဖို့ကောင်းလိုက်တာ"

မာလာမေတစ်ယောက် စိတ်မကောင်းဖြစ်ရှုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပါ။ ဦးရန်ဝေးသည် သူမအား လှည့်မကြည့်ဘဲ တံခါးကိုဆောင့်ပိတ်၍ ထွက်သွားတော့၏။ အကြင်နာမေတ္တာစိတ်များ ကုန်ခန်းနေပြီလားဟု မေးလိုက်ချင်တော့သည်။ ထိုအကြောင်းများကို ပြန်စဉ်းစားမိရင်း မာလာမေ မျက်ရည်ဝဲလာရသည်။ မျက်ဝန်းထဲကမျက်ရည်များကို မည်သူမျှမသိကြသော်လည်း တိတ်တဆိတ်ခံစားချက်က ထုထည်ပမာဏ ကြီးမားလာရသည်ကို သိမိ၏။ လင်ယောကျ်ားတစ်ယောက်၏ ဖောက်ပြန်ခြင်းခံရသူဇနီးမှာ သောကတစ်ရပ်ကို ရင်ဝယ်ပိုက်ရုံကလွဲ၍ ပျော်ရွှင်စရာဘဝတစ်ခုကို ပြန်မရနိုင်တော့ပေ။ မည်သည်ပဲ ပြုမူပါစေ သံပတ်ပေးထားသည့် စက်ရုပ်ပမာ နှလုံးသားက ခံစားမှု မရှိနိုင်တော့ချေ။ ဦးရန်ဝေးနှင့်အတူနေသည့်တိုင် မာလာမေမှာ စိတ်ပျော်ရွှင်ခြင်း မရှိတော့ကြောင်း သိနေမိသည်။

"မာလာဟာ ငွေထက် နှလုံးသားကို အလေးထားတဲ့ မိန်းမတစ်ယောက်ပါ ဦးရန်ရယ်၊ ကိုယ်ချစ်သလို တန်ပြန်သက်ရောက်မှုမရှိမှတော့ မာလာ့ကို ကွာရှင်းခွင့်သာပေးပါတော့၊ ဦးရန်ရဲ့နှလုံးသားတုနဲ့ ပေးအပ်လာတဲ့ အချစ်မျိုးကို မာလာ မပိုင်ဆိုင်ချင်ဘူး၊ ဦးရန် စိတ်တိုင်းကျ ပြုမူပါတော့ကွယ်"

မာလာမေသည် ကွာရှင်းစာချုပ်ကို ဝယ်ယူလက်မှတ်ထိုးပြီးနောက် ဦးရန်ဝေးထံ အရောက်ပို့ခိုင်းကာ သူမ မြတ်နိုးတွယ်တာ ချစ်ရပါသော ဦးရန်ဝေးအား စွန့်ခွာထွက်သွားရန် ဆုံးဖြတ်လိုက်တော့သည်။

"သစ္စာတရားနဲ့ ထိန်းချုပ်မရနိုင်တဲ့ လူတစ်ယောက်ကို ဥပေက္ခာတရားနဲ့ပဲ လွတ်လပ်ခွင့်ပေးလိုက်ပါပြီ၊ ဦးရန် စိတ်ချမ်းသာသလို နေပါတော့ရှင်၊ မာလာ့ကို ခွင့်လွှတ်ပါ"

✦✦✦

ဦးရန်ဝေးသည် စားပွဲပေါ်မှ ကွာရှင်းစာချုပ်လေးကို ဖတ်မိသည်နှင့် သွယ်သွယ်လွှမ်းရှိရာသို့ အပြေးအလွှား ရောက်လာတော့သည်။ သူ့အဖို့ မာလာမေ ထွက်သွားခြင်းသည် ဝမ်းနည်းစရာဟု မမြင်မိပေ။ သည်တော့ သွယ်သွယ်လွှမ်းကို ကြိုဆိုရုံသာရှိတော့၏။

"ဩော်....ဦးက အလွှမ်းကို အတူတူနေဖို့ လာခေါ်တာပေါ့နော်"

"ဟုတ်တယ်လေ၊ ဒါဟာ တို့နှစ်ယောက်ရဲ့ မျှော်လင့်ချက်ပန်းတိုင်ပဲမဟုတ်လား"

သွယ်သွယ်လွှမ်းသည် သူ့ထံ နှုတ်ခမ်းကို မဲ့ရွဲ့ကာ ကြည့်လိုက်၏။

"ဦးက စိတ်ကူးယဉ်သမားပဲကိုး၊ ဒီမှာ ဦးရန်ဝေး၊ ရှင့်လို မိန်းမပွေရှုပ်တဲ့ ယောကျ်ားတစ်ယောက်ကို အလွှမ်းတို့က ဆယ်သက်မမျှော်လင့်ဘူး သိလား"

"မင်း ဘာတွေပြောနေတာလဲ အလွှမ်း၊ ဦးဘာမှနားမလည်တော့ဘူး"

"အလွှမ်းပြောနေတာတွေကို ဦးက မသိချင်ယောင်ဆောင်နေတာပါနော်၊ ဦးမှာ အလွှမ်းအပြင် မိန်းကလေးများစွာကို မမှတ်မိတော့ဘူးလား၊ သူတို့ကို ဘယ်သွားထားဦးမှာလဲ၊ နှလုံးသားမတည်ငြိမ်၊ သစ္စာတရားမရှိတဲ့ ယောကျ်ားမျိုးကိုလက်ခံရင် မြွေပွေး ခါးပိုက်ပိုက်ထားသလိုဖြစ်မှာပဲပေါ့ရှင်၊ ဟင်း.....ဟင်း၊ အလွှမ်း မမိုက်ရဲဘူး"

သွယ်သွယ်လွှမ်းသည် သိုးရေခြုံသော ဝံပုလွေမဟု ဦးရန်ဝေးက သိသွားရသည်။ သူ့အား ဟန်ဆောင်လှည့်ဖြားနေခြင်းသက်သက်သာ။

"မိန်းမတွေဟာ ဦးရဲ့ကစားစရာ ကျားကွက်တွေမဟုတ်ပါဘူး၊ ရှင့်ကိုချဉ်းကပ်ခဲ့တာလည်း ကျွန်မ သူငယ်ချင်း တင့်တင့်အတွက်ပါပဲ၊ တင့်တင့်ဟာ ရှင့်ရဲ့အသုံးတော်ခံ မိန်းကလေးတစ်ယောက်ဖြစ်ခဲ့လို့ ရှင့်ရဲ့စေစားရာ အရုပ်တစ်ရုပ်ပါနော်၊ ငွေနဲ့နှစ်သိမ့်ပြီး မကြာခင်မှာ ဒေါ်မာလာမေကို လက်ထပ်လိုက်လို့ ရှင့်အပေါ် အခဲမကြေစိတ်နဲ့ ကျွန်မကို လက်စားပြန်ချေခိုင်းတာပဲ သိလား"

"ဟင်...မင်း...မင်း သိပ်ကို

အောက်တန်းကျပါလား အလွမ်း”

သွေးရူးသွေးတန်းဖြစ်နေသော ဦးရန်ဝေးအား သွယ်သွယ်လွမ်းက တားတိုက်၍ ရယ်မောပစ်လိုက်သည်။

“ရှင်သာ အောက်တန်းကျသူပါ ဦးရန်ဝေးရယ်၊ ဘာကြောင့်လဲဆိုရင် ရှင့်အပေါ်သိပ်ချစ်တတ်တဲ့ ဒေါ်မာလာမေလို မိန်းကလေးမျိုးကိုတောင် ရှင်က ရက်စက်ယုတ်မာနိုင်သေးတာပဲလေ၊ ကျွန်မတို့ လိုချင်တာလည်း ဒေါ်မာလာမေရဲ့ ကွာရှင်းစာချုပ်ပါပဲ၊ ရှင်နောင်တရပြီး ရင်ကွဲနာကျစေရမယ် သိလား။ ရှင့်ဘေးမှာ ဒေါ်မာလာမေ မရှိတော့တာ မြင်ချင်တယ်၊ ဒါကြောင့်မို့ ရှင့်ကို အယုံသွင်းပြီး ရင်ထဲကမပါတဲ့ လုပ်ရပ်မျိုးတွေ လုပ်နေရတာပဲ၊ ဟင်း.....ဟင်း။ အခုတော့ ရှင်ဘာတတ်နိုင်သေးလဲ ဦးရန်ဝေး”

“မင်းကိုသိပ်ကြောက်သွားပြီ သွယ်သွယ်လွမ်း၊ ငါ့ဘဝကို ထပ်ပြီး မနိုပ်စက်ပါနဲ့တော့ကွာ၊ လွတ်ရာကျွတ်ရာလမ်းကိုသာ မင်းလျှောက်သွားပါတော့”

“အဲဒါ ဦးရဲ့အပူမပါပါဘူး၊ ကျွန်မကိစ္စပါရှင်၊ ခုချိန်ထိ အသိတရားမရဘဲ တဏှာကျွန်ဖြစ်နေတဲ့ ရှင့်ကိုသာ သနားတာ၊ ယောကျ်ားတွေအလယ်မှာ မိန်းကလေးထည်ထဲတွဲတာမျိုးကို ဂုဏ်ယူနေပြီး မြှောက်တာကို ကျေနပ်နေတဲ့လူစားမျိုး၊ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာကို တဏှာနဲ့ထဲနိုင်တဲ့ သစ္စာမရှိသူကို ဘယ်မိန်းမမှ မနှစ်သက်ဘူး ဦးရန်ဝေးရေ၊ လာရာလမ်းအတိုင်းသာ ပြန်ကြွပါတော့”

မာလာမေ၏ ကွာရှင်းစာချုပ်လေးအား တင်းကျပ်စွာဆုပ်ကိုင်လျက် သွယ်သွယ်လွမ်းနှင့်ဝေးရာသို့ ခပ်သွက်သွက် ထွက်လာခဲ့မိ၏။ ခုချိန်မှ မာလာမေအား သတိတရဖြင့် ရှာဖွေလိုစိတ် ပြင်းပြနေတော့သည်။ သူ့လက်ထဲမှ ကွာရှင်းစာချုပ်ကို မုန်းတီးစွာ စုတ်ဖြဲပစ်လိုက်တော့၏။

“သွား...သွားကွာ၊ ဒီစာချုပ်ဟာ မာလာနဲ့ငါ့ကို ဝေးဖို့ဖန်တီးထားတဲ့ သက်သေတစ်ခုပဲ၊ မာလာ့ကို မစွန့်လွှတ်နိုင်ဘူး။ မကွာရှင်းနိုင်ဘူး။ ငါချစ်တာ မာလာမေပါ”

ဦးရန်ဝေးက စိတ်မကျန်းမာသူတစ်ယောက်ကဲ့သို့ ပြုမူပြောဆိုနေ၏။ စာချုပ်အပိုင်းအစများမှာ မြေပေါ်တွင်ပြန့်ကျဲလျက် ဟိုတစ်စ၊ ဒီတစ်စ ပြန့်လွင့်နေကြတော့သည်။ မာလာမေရှိရာသို့ ဖုန်းဆက်သော်လည်း စက်ပိတ်ထား၏။

“မာလာ ကိုယ့်ဘဝထဲကိုပြန်ဝင်လာပါတော့ မိန်းကလေးရယ်၊ ကိုယ့်အမှားတွေကို သိမြင်လာရပါပြီကွာ၊ မာလာမနှစ်သက်တာတွေကို ရှောင်ပါ့မယ်၊ မင်းရဲ့သစ္စာတရားကို ကိုယ်သိခဲ့ပါပြီကွယ်၊ မာလာရေ... မာလာ၊ အီး..ဟီး..ဟီး...ဟီး”

ပလက်ဖောင်းပေါ်တွင် ငိုကြွေးနေသည့် ဦးရန်ဝေးအနီးသို့ ဦးကျော်ခေါင်၏ကားက ထိုးရပ်လာ၏။ ကားပေါ်မှ ဦးကျော်ခေါင် ဆင်းလာသည်။

“ဟာ.....ဟော့ကောင် ရန်ဝေး၊ မင်း ဘယ်တွေလျှောက်သွားနေတာလဲ၊ မင်းကိုလိုက်ရှာနေတာကွ၊ ဖုန်းဆက်တော့လည်း ဖုန်းမကိုင်၊ မင်း ဘာဖြစ်နေတာလဲ”

“ကျော်ခေါင် သူငယ်ချင်း။ ကိုယ်သိပ်မှားသွားပြီကွာ၊ သစ္စာတရားကိုပစ်ပယ်ပြီး မာလာ့အပေါ် ပစ်ပစ်ခါခါ လုပ်မိတယ်၊ အခု မာလာ ကျုပ်ကိုမုန်းသွားပြီကွာ၊ ကျုပ်ဘဝထဲက မာလာ ထွက်ပြေးသွားခဲ့ပြီ၊ ကျုပ်ကိုကွာရှင်းလိုက်ပြီဗျာ”

ဦးကျော်ခေါင်သည် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ထိုသို့ဖြစ်လာမည်ကိုကြိုသိနေ၏။ သည်အတွက်ကြောင့်လည်း သူငယ်ချင်းဖြစ်သူအပေါ် သစ္စာရှိရန် ဆုံးမနေခြင်းပင်။

“မင်း ဒီမှာထိုင်ငိုနေလို့ ဖြစ်မလား။ မာလာမေကို လိုက်ရှာဦးမှပေါ့၊ သူ သွားတတ်တဲ့နေရာ၊ အဆက်အသွယ်ရှိတဲ့နေရာမျိုးကို မေးကြည့်ပေါ့ကွာ”

“ဟာ.....ဟုတ်တယ်ဗျာ၊ ကျုပ်မေ့နေတယ်”

ဦးရန်ဝေးက မာလာမေရှိနိုင်မည့်နေရာသို့ ဖုန်းဖြင့်လျှောက်မေးနေစဉ် ဦးကျော်ခေါင်ရင်ထဲတွင်တော့.....

“အခုတော့ မင်းသိပြီမဟုတ်လား ရန်ဝေးရာ၊ သစ္စာမဲ့သူတို့သွားရာလမ်းဟာ နောက်ဆုံးတော့ ပူလောင်ခြင်းတွေနဲ့ အဆုံးသတ်ရပြီမဟုတ်လား။ မာလာမေကို ပြန်တွေ့ပါစေ၊ မာလာမေက မင်းကို ခွင့်လွှတ်နိုင်ပါစေလို့ ဆုတောင်းပေးတယ် ရန်ဝေး”

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခေါင်က မိတ်ဆွေကောင်းပီသစွာဖြင့် စောင့်ကြပ်ပေးသည်။ သူငယ်ချင်းအတွက် အကူအညီပေးရန် အသင့်စောင့်ပေးနေ၏။ နာရီဝက်ကျော်အကြာတွင်...

"မာလာမေ အလုပ်မဆင်းဘူးတဲ့ ကျော်ခေါင်၊ ဒုက္ခပဲကွာ"

"ဒါဆိုအိမ်မှာများရှိနေမလား၊ ပြန်ရှာကြစို့ကွာ"

"မိန်းမရာ ဘယ်များထွက်သွားပါလိမ့်၊ မင်းကို ကျေနပ်အောင် ဦးရန်တောင်းပန်ပါ့မယ်၊ မင်း ဦးရန်ဘဝထဲက ထွက်ပြေးမသွားပါနဲ့ကွာ"

"ကဲ.....တွေ့မှ အဲဒီစကားပြောတော့ကွာ၊ နေညိုတော့မယ်၊ မြန်မြန်ရှာတွေ့မှဖြစ်မှာပေါ့၊ ကဲ...ကားပေါ်တက် ရန်ဝေး"

+++

ဦးကျော်ခေါင်က အလျင်မလိုဘဲ ကားမောင်းရာတွင် မှန်မှန်လေးမောင်းနှင်နေရာ ဦးရန်ဝေးက စိတ်မရှည်ချင်တော့ပါ။

"မင်း စိတ်ကိုငြိမ်ငြိမ်ထားစမ်းပါ ရန်ဝေးရာ၊ အခုမှ မာလာမေကို စိတ်ပူတတ်နေပြီမဟုတ်လား၊ နောက်ဆုံးတော့ အချစ်စစ်ကို မင်းတွေ့နေရပြီမဟုတ်လားကွာ"

"ဟုတ်ပါတယ်ကွာ၊ မင်းပြောချိန်ကသာ ကျုပ်စိတ်ကို ပြတ်သားနိုင်ရင် သိပ်ကောင်းမှာပါ၊ ကျုပ် သိပ်မှားသွားပြီ"

"ပြန်ပြင်ချိန်ရှိပါသေးတယ် ရန်ဝေးရာ၊ မာလာမေနဲ့တွေ့ရင် မင်းလုပ်ရပ်ကို တောင်းပန်လိုက်ပေါ့၊ သူလည်း ခွင့်လွှတ်လိမ့်မယ်လို့ ငါထင်တယ်၊ တကယ်တော့ မင်းဟာ တိမ်လိုလေလို လူစားမျိုးပဲ၊ တစ်နေရာတည်းမှာ ရပ်တည်ချင်စိတ်မရှိတဲ့ မင်းရဲ့လုပ်ရပ်က မင်းကို နောင်တရစေပြီမဟုတ်လား၊ အချစ်ဆိုတာလည်း ဒီအတိုင်းပဲ ရန်ဝေး၊ အိမ်ထောင်တစ်ခုကို သစ္စာတရားနဲ့ထိန်းချုပ်ထားတတ်ရင် ဘေးပယောဂတွေ ဘယ်လိုပဲ ဝင်ရောက်လာပါစေ ကိုယ့်ဂုဏ်သိက္ခာ ဘယ်တော့မှမထိခိုက်တော့ဘူးကွ၊ ဒါမှ ယောကျ်ားကောင်းတစ်ယောက်ရဲ့ အရည်အချင်းအစစ်အမှန်ပဲ၊ မင်းဟာ ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုတဲ့စကားကို အရည်အချင်းတစ်ခုလို့ ထင်နေတဲ့သူပဲ မဟုတ်လား"

ဦးရန်ဝေးသည် နှုတ်ဆိတ်ငြိမ်သက်နေရာက ဝန်ခံလိုက်၏။

"ဟုတ်ပါတယ် ကျော်ခေါင်ရာ၊ မိန်းမတွေကို အထင်သေးဆက်ဆံမိတာ ကျုပ်အမှားပါ၊ ဒါဟာလည်း ကျုပ်ဘဝ၊ ကျုပ်အတွေ့အကြုံ၊ ကျုပ် စိတ်နာခဲ့ရတဲ့ မိန်းမတစ်ယောက်ကြောင့် မိန်းမတွေအပေါ် ကျုပ်က လှည့်စားချင်မိတယ်၊ သူတို့ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရင် အန္တရာယ်မရှိဘူး မဟုတ်လား"

"မင်းစိတ်ကသာ အဓိကပါ ရန်ဝေးရာ၊ ဘယ်သူ့ကိုမှ အပြစ်မတင်ပါနဲ့တော့၊ အမှားရှိရင် အမှန်သိရမယ်၊ မင်းခေါင်းထဲ ထည့်ထားရမှာက မင်းစိတ်နာခဲ့တဲ့ မိန်းမကို အနိုင်ယူနိုင်ရမယ်၊ မင်းရဲ့အိမ်ထောင်ရေး သာယာပျော်ရွှင်ချမ်းမြေ့နေတာမျိုး သူတို့သိအောင် နေပြရမယ်၊ မင်းတို့အိမ်ထောင်ရေး သာသာယာယာဖြစ်မှ သူတို့စိတ်ထားတွေ မှားမှန်းသိကြမှာပေါ့၊ ဒီအတိတ်အကြောင်းတွေကိုသိလို့ ငါက မင်းကို ပြုပြင်ပေးနေတာ၊ မင်းရဲ့အတိတ်ကမိန်းမဟာ မင်းဘဝပျက်စီးတာမျိုးကို လက်ခုပ်ဩဘာပေးဖို့ စောင့်ကြည့်နေတာကွ၊ အဲဒါကို မင်းသိရဲ့လား"

"အမှန်အတိုင်းဝန်ခံရရင် ကျုပ်နှလုံးသားထဲမှာ သူမရှိတော့ဘူး၊ တွေ့လည်းမတွေ့ချင်ဘူး၊ စဉ်းလည်းမစဉ်းစားဘူး"

"ဟာဟ.....မင်းက မိန်းမတွေကို လျှော့တွက်တာကိုး၊ အခုတော့ မင်းခံခဲ့ရပြီမဟုတ်လား၊ ပြီးတော့ မင်းမှာ လစ်ဟာတာတွေအများကြီးပဲ၊ စီးပွားရေးဆိုရင်လည်း စီးပွားရေးနဲ့တူအောင် လုပ်ရတယ်ကွ၊ ဘယ့်နှယ် မင်းအလုပ်ထဲကို ကြည့်လိုက်ရင် မင်းက အကုန်လုံးမျက်နှာလွှဲခဲပစ်လုပ်တာပဲ၊ အလုပ်ရှင်တစ်ယောက်ဖြစ်ပြီး ကိုယ့်လက်အောက်က ပြစ်တင်ပြောဆို ကဲ့ရဲ့နေကြတာ မင်းမသိဘူးမဟုတ်လား၊ ဘယ်လောက်ဂုဏ်သိက္ခာကျသလဲ၊ ရှက်တတ်ရင်လဲသေဖို့ကောင်းနေပြီ"

ဦးကျော်ခေါင်ပြောသည့်အတိုင်းပင် မိတ္တူစက်မှရသည့်ဝင်ငွေမှာ တဖြည်းဖြည်း ကျဆင်းလာ

ပေါ်။ ကွန်ပျူတာပြုပြင်စရိတ်၊ မီးစက်စရိတ် ပိုများလာသည်။ စီးပွားရေးကျလာကာ ယခုဆိုလျှင် ဆိုင်တွင် ဝန်ထမ်းသုံးဦးသာရှိတော့၏။ စီးပွားရေးမနိုင်မာခြင်း၊ ဘဝအာမခံချက်မရှိခြင်းတို့ကြောင့် တခြားတွင် အလုပ်ပြောင်းရွှေ့လုပ်သွားကြသည်။ ၎င်းသည်ကိုလည်း ဦးရန်ဝေးက 'မနေချင်ထွက်သွားကြ'ဟု သဘောထားကာ အလုပ်ကိစ္စ ခေါင်းထဲမထည့်ခဲ့ပေ။ စိတ်ညစ်ပြီး အပြင်တွင်သာ အချိန်ကုန်နေခဲ့သည်။

"မင်း အသက်အရွယ်လည်း ရလာပါပြီကွာ၊ နောင်ရေးမျှော်တွေးစေချင်တယ်၊ မင်းရဲ့လိုအပ်ချက်တွေ ငါကူညီမယ်၊ အခု မင်းလုပ်ရတော့မှာက စီးပွားရေးပြန်ကောင်းအောင် လုပ်ဖို့နဲ့ အိမ်ထောင်ရေးသာယာအောင် နေထိုင်သွားဖို့ပဲ၊ ငါပြောတာ သဘောပေါက်တယ်နော်"

"သဘောပေါက်ပါတယ် သူငယ်ချင်းရယ်၊ မင်းဟာ ကျုပ်ရဲ့မိတ်ဆွေစစ်တစ်ယောက်ပါပဲ၊ ကျေးဇူးတင်တယ်ကွာ"

"အခုလို မင်းချက်ချင်း သဘောပေါက်တာကိုပဲ ကျေးဇူးတင်ရမှာပါ၊ မာလာမေနဲ့ အမြန်ဆုံးပြန်တွေ့ပါစေလို့ ငါဆုတောင်းပေးပါတယ်ကွာ"

ဦးရန်ဝေး၏မျက်နှာပေါ်တွင် အပျော်အပြုံးမျိုးကို တွေ့မြင်နေရသည်။ အမှားကိုသိမြင်လာသူတစ်ယောက်အတွက် အနာဂတ်ကောင်းပါစေဟုသာ ဦးကျော်ခေါင် ဆန္ဒပြုမိ၏။

"ဖြည်းဖြည်းဆင်းပါကွာ၊ မာလာမေ အိမ်ထဲမှာရှိဖို့ သေချာတယ်"

"ကျုပ်ရင်ထဲမှာ ဘယ်လောက်ပူပန်သောက ရောက်နေသလဲဆိုတာ ခင်ဗျားသိပါတယ်နော်"

ဦးရန်ဝေးသည် ကားရပ်သည်နှင့် တိုက်လှေကားပေါ်သို့ အပြေးအလွှားတက်သွား၏။ ဦးကျော်ခေါင်လည်း ကားရပ်နားရန်နေရာဝင်ယူပြီးသည်နှင့် ဦးရန်ဝေးရှိရာသို့ တဖြည်းဖြည်းတက်ရောက်သွားသည်။ ခြေတစ်လှမ်း လှမ်းသည်နှင့်အမျှ ဦးကျော်ခေါင်၏ ရင်ထဲတွင်လည်း စိတ်လှုပ်ရှားနေရ၏။ Lock ချမထားသော တံခါးအတွင်းသို့ ဝင်လိုက်သည်နှင့်.....

"ဟင်.....ဘယ်လိုဖြစ်တာလဲ ရန်ဝေးရာ"

ဦးရန်ဝေးသည် မာလာမေ၏ ခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားပြီး ငိုကြွေးနေ၏။ မာလာမေ၏ သက်မဲ့ခန္ဓာကိုယ်လေးမှာ လောကကြီးကို အရှုံးပေးသွားသည့်နှယ် ငြိမ်သက်နေ၏။ ကြမ်းပြင်ပေါ်တွင် ဆေးပုလင်းနှင့် ဆေးပြားများအား ဖရိဖရဲ တွေ့ရသည်။

"သွားပြီ ကျော်ခေါင်၊ ငါ့ရဲ့အနာဂတ်၊ ငါ့ရဲ့ရည်ရွယ်ချက်၊ ငါ့ရဲ့ဘဝ သေဆုံးသွားရပါပြီကွာ၊ တံခါးသော့ဖွင့်ဝင်လိုက်ချိန်မှာ မာလာဟာ အိပ်ဆေးအလွန်အကျွံသောက်ထားတဲ့ လက္ခဏာပါပဲ၊ ကြမ်းပြင်ပေါ်မှာ လဲကျသေဆုံးနေခဲ့ပြီကွာ"

"ငါတို့မျှော်လင့်ချက် ပျောက်ကွယ်သွားပြီပေါ့ကွာ၊ မာလာမေဟာ စိတ်ခံစားမှုပြင်းထန်တဲ့ မိန်းကလေးဖြစ်မှန်း ဘယ်သူမှ မသိခဲ့ကြပါလား၊ နှမြောစရာပေါ့ကွာ၊ လူကိုသတ်သေစေနိုင်တဲ့ အချစ်မှုခင်းမျိုးလည်း ရှိကြပါလား၊ မာလာမေဟာ မင်းကြောင့် စိတ်ခံစားမှုဖြစ်ပြီး စိတ်မထိန်းချုပ်တော့ သူ့ကိုယ်သူသတ်သေသွားရတာပဲ ရန်ဝေး၊ စိတ်နဲ့သတ်လိုက်တဲ့ လူသတ်မှုပဲကွာ"

"ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်တော့ဘူး ကျော်ခေါင်၊ ကျုပ်ကြောင့် မာလာဆုံးခဲ့ရတာ၊ မာလာ့ကိုကျုပ်သတ်လိုက်တာပါဗျာ"

ဦးကျော်ခေါင်သည် ဦးရန်ဝေး၏ပခုံးပေါ်လက်တင်ကာ နှစ်သိမ့်ပေးလိုက်ရင်း.....

"မင်းရောငါပါ အကောင်းဆုံးကို မျှော်လင့်ခဲ့ကြတာပဲကွာ၊ မာလာမေ အခုလိုလုပ်လိမ့်မယ်လို့ ထင်မထားမိဘူး၊ ကံတရားအတိုင်းပဲပေါ့ ရန်ဝေးရာ"

ဦးကျော်ခေါင်သည် မာလာမေ သေဆုံးခြင်းအတွက် သက်ဆိုင်ရာသို့ အကြောင်းကြားလိုက်သည်။ ဦးရန်ဝေးအတွက် စိတ်မကောင်းဖြစ်ရသော်လည်း သူလည်းနှစ်သိမ့်ပေးရုံမှတစ်ပါး အခြားမရှိတော့ချေ။

**လေးစားစွာဖြင့်**
**နွေအလွန်**

www.burmeseclassic.com

www.burmeseclassic.com





# လှမိုး (ပညာရေး)

## မောရစ်ကောလစ်နှင့် မြန်မာတော်ဝင်မင်းသမီး

မြန်မာလူမျိုးတို့အကြောင်းအရာများကို ခရေစေ့တွင်းကျသိရှိနိုင်ရန် ခက်ခဲသော်လည်း တစ်ခါတွင်ကား အတော်အသင့်သိရှိနိုင်ရန် အခွင့်ကြုံလာခဲ့ပါသည်။ ၁၉၂၈ ခုနှစ် ကုန်ဆုံးကာနီး တစ်နေ့တွင် ကျွန်တော်သည် အိမ်ခန်းထဲ၌ထိုင်နေစဉ် မော်တော်ကားတစ်စီးသည် ကျွန်တော့်ခြံဝင်းအတွင်း ဝင်လာပြီးနောက် ဆင်ဝင်အောက်တွင် ရပ်ခဲ့သည်။ ထိုမော်တော်ကားပေါ်မှ အမျိုးသမီးတစ်ဦးဆင်းလာသဖြင့် ကြိုဆို၍ ဧည့်ခန်းအတွင်း ခေါ်ဆောင်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးသည် ထူးထူးခြားခြား ပီသလှသော အင်္ဂလိပ်ဘာသာဖြင့် "မလတ်ဆိုတာ ကျွန်မပါ"ဟု ကျွန်တော့်အား မိတ်ဆက်စကားပြောလိုက်ပါသည်။ "မလတ်"မှာ နာမည်ကျော်ကြား လူသိများနေသော်လည်း ကျွန်တော် တစ်ခါမှ လူကိုယ်တိုင် မမြင်ဖူးပါ။ သူ့အကြောင်း သူပြောကိုယ်ပြော ပါးစပ်ဂေဇက်သတင်းများကို ကြားခဲ့ဖူး၏။ လင်းပင်မင်းသမီး ထိပ်တင်မလတ်သည် သီပေါမင်း၏ညီတော် လင်းပင်မင်းသားကြီး၏ ဒုတိယသမီးတော်ဖြစ်သည်။ ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံအား သိမ်းယူသောအခါ သီပေါမင်းအား ဘုံဘေနယ်သို့ပို့၍ လင်းပင်မင်းသားအား မူကား အလဟာဘတ်မြို့သို့ ပို့ထားလေသည်။ ဂျာမနီမှ အိမ်ရှေ့မင်းသားသည် ပထမကမ္ဘာစစ်ကြီး မဖြစ်မီက အိန္ဒိယနိုင်ငံသို့ အလည်အပတ် ရောက်လာခဲ့၏။ ထိုအချိန်တွင် မလတ်မှာ အသက် ၂၀ ပင် မပြည့်သေးပေ။

လင်းပင်မင်းသားကြီးမှာ အလဟာဘတ်မြို့၊ ကလပ်တစ်ခုတွင် အသင်းသားအဖြစ် ဝင်ထား၏။ သို့ဖြစ်၍ အသင်း၏ ညေ့ခံပွဲများကို မကြာခဏ တက်ခဲ့ရသည်။ ထိုအသင်းသည် အလဟာဘတ်မြို့သို့ ရောက်ရှိနေသော ဂျာမနီမင်းသားအား ဖိတ်ခေါ်၍ ညေ့ခံကြရာ ညေ့ခံပွဲသို့ လင်းပင်မင်းသားကြီးနှင့် သမီးတော် မလတ်အား ဖိတ်ခေါ်ခဲ့ကြ၏။

ဤတွင် လင်းပင်မင်းသမီး မလတ်နှင့် ဂျာမနီမင်းသားတို့သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ခဲ့ကြသည်။ လင်းပင်မင်းသမီးမှာ ထူးခြားလှပသော မင်းသမီးဖြစ်ရကား ဂျာမန်မင်းသားက စိတ်ဝင်စားသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာခဲ့သည်ဟု ဆိုကြ၏။

ထို့နောက် နီပေါနိုင်ငံ၏ ထီးမွေနန်းမွေခံ အိမ်ရှေ့မင်းသားတစ်ဦးနှင့် ချစ်ခင်စုံမက်ကြရာမှ စေ့စပ်ကြောင်းလမ်းသည့် အခြေအနေသို့ ရောက်လာခဲ့သည်။ နီပေါနိုင်ငံသားများသည် ဗြဟ္မဏမျိုးနွယ်ဝင်များဖြစ်၍ ဗုဒ္ဓဘာသာဝင် လင်းပင်မင်းသမီးနှင့် စေ့စပ်ကြောင်းလမ်းခြင်းကို သဘောမတူသူများရှိသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ ထိုသူများကလည်း ဂုဏ်းတို့ထီးမွေနန်းမွေခံ အိမ်ရှေ့မင်းသားနှင့် လင်းပင်မင်းသမီးတို့၏ ချစ်မှုချစ်ရေးကို ကန့်ကွက်ကြသည်ဟူသော သတင်းများလည်း ထွက်လာ၏။ နီပေါမင်းသားမှာလည်း အဆိပ်ခတ်၍ လုပ်ကြံခံရသည်ဟုဆိုသည်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသည်နှင့် ဗြိတိသျှအာဏာပိုင်များသည် လင်းပင်မင်းသားမိသားစုအား မန္တလေးသို့ ပြန်ခွင့်ပြုခဲ့သည်။ လင်းပင်မင်းသားကြီးတွင် သားတော်တစ်ပါးရှိခဲ့သည်မှာလည်း သိရ၏။ မိသားစု မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသောအခါ အခြေအနေအရပ်ရပ်မှာ ပြောင်းလဲနေပြီဖြစ်သည်။ ထီးကျိုးစည်ပေါက်၊ ထီးဆက်နန်းဆက် ပြတ်ခဲ့ပြီဖြစ်၍ တော်ဝင်အနွယ်တော်များကို မြန်မာလူထုသည် မေ့လျော့စပြုခဲ့ပြီဖြစ်သည်။ မျိုးဆက်သစ်တို့ကလည်း တော်ဝင်မင်းဆွေမင်းမျိုးများအား ရှေးယခင် လက်ထက်တော်များကဲ့သို့ အလေးအမူ တရိုတသေ မရှိကြတော့။

တော်ဝင်မင်းဆွေမင်းမျိုးအများမှာ ညှိုးညှိုးငယ်ငယ်၊ ချို့ချို့တဲ့တဲ့ နေကြရသည်။ ထိုကာလက လူအများက အထက်တန်းစားဟု သတ်မှတ်သော လူတန်းစားမှာ ဗြိတိသျှအစိုးရ၏ အမှုထမ်းများသာဖြစ်ကြသည်။ အလာဟာဘတ်မြို့တွင် နေထိုင်စဉ်က ထိပ်တန်းတွင် နေခဲ့ရ၍ မိမိဇာတိ မြန်မာနိုင်ငံရောက်မှ မထင်မရှား ညှိုးညှိုးငယ်ငယ် နေကြရသဖြင့် လင်းပင်မိသားစုမှာ များစွာအားငယ်ကြသည်။ ထိုစဉ်က အထက်တန်းစားဟု သတ်မှတ်ထားသော ဗြိတိသျှအစိုးရအမှုထမ်း အရာရှိ၊ အရာခံများကလည်း တော်ဝင်အနွယ်တော်များနှင့် ပေါင်းသင်းဆက်ဆံလျှင် ဗြိတိသျှအာဏာပိုင်များ၏ ငြိုငြင်မှု ရှိနိုင်သည်ဟု ယူဆထားကြရာ မင်းဆွေမင်းမျိုးများနှင့် ခပ်ကင်းကင်းနေကြသည်။ သို့ဖြစ်၍ ထိပ်တင်မလတ်တို့သည် "ရတနာသိင်္ဂ"အမည်ရှိသောနေအိမ်တွင် ပတ်ဝန်းကျင်နှင့် ခပ်ကင်းကင်း၊ ခပ်ကွာကွာ နေကြရသည်ဟု သိရ၏။

မလတ် မည်သည့်ကိစ္စဖြင့် ကျွန်တော့်အိမ်သို့လာရောက်သည်ကို မတွေးတတ်အောင် ဖြစ်နေတော့၏။ ကျွန်တော့်ညေ့ခန်း ဆိုဖာပေါ်တွင် မလတ်သည် ထိုင်ပါသည်။ ပိုးထဘီဝတ်ထားပြီး ပိုးအင်္ကျီအပြာ ဝတ်

www.burmeseclassic.com



ထားခြင်းမှာ သူ၏အသားဝါနှင့် အထူးလိုက်လျောလှ၏။ နူးညံ့သောလက်များ၊ တောက်ပသော မျက်လုံးများသည် တစ်ခါမြင်ဖူးရုံနှင့် မမေ့နိုင်သော ရုပ်ဆင်းအင်္ဂါရှိသူဟုလည်း ထင်မိပါသည်။ ထို့နောက် မလတ်သည် ဆက်လက်၍ "မှတ်ပုံတင်အရာရှိအဖြစ်နှင့် ကိစ္စကလေးတစ်ခုရှိလို့ပါ"ဟုဆိုသည်။

ဤတွင် ကျွန်တော့်ထံ မလတ်လာသည့်ကိစ္စကို ရိပ်မိပါသည်။ ထိုစဉ်ကာလက ကျွန်တော့်တာဝန်မှာ ဖွားစာရင်း၊ သေစာရင်းနှင့် ထိမ်းမြားလက်ထပ်ခြင်းများကို မှတ်ပုံတင်ပေးနိုင်ပါသည်။

မလတ်က ဆက်လက်၍ "ကျွန်မ လက်ထပ်ပွဲကို စီမံပေးစေလိုပါတယ်"ဟုပြောသည်။

ကျွန်တော်က "ကောင်းပါပြီခင်ဗျာ၊ မေးပါရစေဦး။ လက်ထပ်မှာက မြန်မာအမျိုးသားလား"ဟု မေးမိသည်။ မလတ်ကမူ "မဟုတ်ပါဘူးရှင်၊ အင်္ဂလိပ်အမျိုးသားတစ်ယောက်နဲ့ပါ"ဟုဖြေသည်။

ကျွန်တော်က "နာမည်ကိုသိပါရစေဗျာ"

"ဟာဘတ်ဘဲလာမီပါ"

မစ္စတာဘဲလာမီကို ကျွန်တော်ကောင်းကောင်းသိပါသည်။ သူသည် မြင်းပွဲဒိုင်ဖြစ်ပါသည်။ ဤကဲ့သို့ မြန်မာမင်း၏အနွယ်တော် လင်းပင်မင်းသမီးမလတ်နှင့် ဗြိတိသျှအမျိုးသားတို့ လက်ထပ်မည့်ကိစ္စကို ရန်ကုန်လူထု သိသူမှ သိကြပါလိမ့်မည်။


ကျွန်တော်က လက်ထပ်မည့်နေ့ကို အောက်တိုဘာလ ၁၉ ရက်နေ့ဟု သတ်မှတ်ပေးလိုက်သည်။ ထုံးစံအတိုင်းဆိုလျှင် ကျွန်တော့်ရုံး၌သာ လက်ထပ်ထိမ်းမြားကြပါသည်။ သို့သော် လင်းပင်မင်းသမီး မလတ်နှင့် မစ္စတာ ဘဲလာမီတို့ လက်ထပ်ပွဲကိုမူ သူ့အိမ်တွင်ကျင်းပမည်ဖြစ်ပါသည်။

ချိန်းဆိုထားသောနေ့တွင် ကျွန်တော်သည် မလတ်အိမ်သို့သွားရန် ပြင်ဆင်ထားခဲ့သည်။

မလတ်အိမ်တွင် ထိမ်းမြားမင်္ဂလာပွဲသို့ တက်ရောက်ရန် ဖိတ်ထားသော ဧည့်သည်များ မတွေ့ရပေ။ မှတ်မှတ်ရရ ထိုစဉ်က ပုလိပ်(ရဲ)မင်းကြီး (ယခု ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်)မစ္စတာမဲရီကင်ကိုမူ တွေ့ရသည်။ ဧည့်သည်တော် မစ္စတာမာနက်နှင့် မစ္စက်မာနက်တို့က သတို့သားနှင့် သတို့သမီးတို့အား လက်ထပ်ပေးကြသည်။ မြန်မာအမျိုးသား အထင်ကရပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားထားသည်ကို မတွေ့ရပါ။

လက်ထပ်ရန် အခါတော်အဖြစ် သတ်မှတ်ထားသည့်အချိန်မှာ ၄ နာရီ ၄၈ မိနစ်ဖြစ်၏။ ထိုအချိန်တွင် အိမ်အတွင်းတံခါးမှ လင်းပင်မင်းသမီးသည် ညီမတော် မင်းသမီးနှင့် မောင်တော် လင်းပင်မင်းသားတို့နှင့်အတူ ဝင်လာပါသည်။ ဝတ်စားထားပုံမှာ ရှေးက မြန်မာမင်းသမီးများ ဝတ်စားထားသည့်အတိုင်းဖြစ်ပါသည်။ ဆံပင်ကို ဆံမြိတ်ရှည်ချ၍ သဇင်ပန်းများ ပန်ထားပါသည်။ လည်ပင်းတွင်လည်း ပုလဲသွယ်များ ဆွဲထားပြီး ငြိမ်သက်တည်ကြည် ခံ့ညားစွာ ဝင်လာပါသည်။ သတို့သား မစ္စတာဘဲလာမီကမူ အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားပါသည်။

သူတို့နှစ်ဦး၏ လက်ထပ်ပွဲအစီအစဉ်မှာ ထူးခြားခြင်းမရှိပါ။ ကျမ်းသစ္စာကျိန်ဆို၍ လက်မှတ်ထိုးကြပြီး သူတို့နှစ်ယောက် ဖနီးမောင်နှံအရာသို့ ရောက်ကြသည့်အကြောင်းကို ကြေညာခြင်းဖြင့် လင်းပင်မင်းသမီး မလတ်နှင့် မစ္စတာဘဲလာမီတို့၏ ထိမ်းမြားလက်ထပ်ပွဲမှာ ပြီးဆုံးသွားခဲ့ပါသည်။



မောရစ်ကောလစ်

www.burmeseclassic.com

www.burmeseclassic.com


**မောရစ်ကောလစ်၏ အယူအဆမှာ ရှေ့သို့နှစ်ပေါင်းများစွာကျော်နေသည်ဟု သိရ၏။ ဗြိတိသျှအုပ်ချုပ်ရေးအရာရှိများသည် သူတို့၏ ခေတ်နောက်ပြန်ဆွဲနေသော အယူအဆအား မြှုပြင်ခြင်းမရှိပါက နေမဝင်သောအင်ပါယာကြီးဟု သမိုင်းအဆက်ဆက်ကြွေးကြော်သော ဗြိတိသျှတို့၏အင်ပါယာသည် တစ်စစီပြိုကွဲသွားပေလိမ့်မည်ဟု . . .**

အထက်ဖော်ပြပါစာပိုဒ်သည် ဗြိတိသျှအမျိုးသား အိုင်စီအက်အရေးပိုင်ဟောင်းနှင့် ကမ္ဘာကျော်စာရေးဆရာကြီး မောရစ်ကောလစ်ရေးသော "Trials in Burma" မြန်မာနိုင်ငံတွင် စစ်ဆေးခဲ့သော အမှုအခင်းများစာအုပ်မှ အခန်းတစ်ခန်းအား မြန်မာဘာသာပြန်ဆိုဖော်ပြထားခြင်းသာဖြစ်ပါသည်။

ယခုရေးသားဖော်ပြမည့် ဆောင်းပါးကို ရေးသားသူ ကျွန်တော်သည် မြန်မာနိုင်ငံအရေးပိုင်(ခရိုင်အုပ်ချုပ်ရေးမှူး)မောရစ်ကောလစ်ကို မမီလိုက်ပါ။ မြန်မာနိုင်ငံအရေးပိုင်ဘဝမှ အငြိမ်းစားယူသွား၍ စာပေလောကသို့ ခြေစုံပစ်ဝင်သောအချိန်တွင် ကျွန်တော်မှာ ပထမအရွယ်လူမည်သာသာဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ လွှမ်းမိုးလာသောအချိန်တွင် မြန်မာဘာသာပြန်စာအုပ်များကို လူလူသူသူ ဖတ်စပြုနေသော အလယ်တန်းကျောင်းသားတစ်ဦး ဖြစ်နေပြီဖြစ်ရာ အရေးပိုင်ဟောင်း မြန်မာအလိုတော်ရိ မောရစ်ကောလစ်ရေး၍ ကွယ်လွန်သူ စာရေးဆရာမကြီး ဒေါ်အမာ မြန်မာဘာသာပြန်ဆိုသော "မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ"နှင့် "စန္ဒမာလာ"စာအုပ်ကို ဖန်တစ်ရာတေအောင် ဖတ်ခဲ့ရသည်။

ထို့အတူ ထိုစဉ်ကာလက မြန်မာနိုင်ငံတွင် စောင်ရေအများဆုံးထုတ်ဝေရပြီး ဩဇာတိက္ကမ အကြီးမားဆုံးသတင်းစာကြီးဖြစ်သော သူရိယသတင်းစာကြီးတွင် နေ့စဉ်ဖော်ပြသည့် ဘာသာပြန်ဆိုသူ ကလောင်ရှင်ကိုမမှတ်မိသော မောရစ်ကော့လစ်ရေးသည့် "စောဒေဝီ"နှင့် "ယိုးဒယားဝှိုက်"မြန်မာဘာသာပြန်များကိုလည်း သဲသဲမဲမဲ ဖတ်မိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအရေးပိုင်ဟောင်း စာရေးဆရာ မောရစ်ကောလစ်ကို ကျွန်တော်တို့စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန်မလိုဟု ယူဆမိပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံအရေးပိုင်ဟောင်း အိုင်စီအက်(စ်)မောရစ်ကောလစ်သည် စာရေးဆရာလောကသို့ အလွန်နောက်ကျမှ ဝင်ရောက်လာခဲ့သူဖြစ်သော်လည်း စာရေးအား အလွန်ကောင်းသူဖြစ်ပါသည်။ သူစာရေးဆရာလောကသို့ ဝင်ရောက်လာသည့်အချိန်မှ ၁၉၇၂ ခုနှစ် ကွယ်လွန်သည့်အချိန်ထိ စာအုပ်ပေါင်း ၃၀ ကျော် ရေးသားထုတ်ဝေခဲ့သည်။ သူ့စာအုပ်များ အနက် အချို့သော စာအုပ်များမှာ ဂန္ထဝင်မြောက် စာအုပ်များဖြစ်သည်ဟု စာပေအကဲဖြတ်သူတို့က တညီတညွတ်တည်းဆိုကြ၏။ [သူ့စာအုပ်အချို့အား ကျွန်တော်တို့ မြန်မာစာရေးဆရာကြီးများဖြစ်သော ဆရာမကြီး ဒေါ်အမာ၊ ဦးခင်မောင်ကြီး (မိုးဝေ)၊ ဆရာကျော်အောင်၊ ဦးလှဒင်၊ ဆရာမြသန်းတင့်၊ ဗိုလ်အောင်စိန်၊ တောင်တွင်းဦးကိုကိုကြီးတို့က ဘာသာပြန်ထုတ်ဝေပြီးဖြစ်ပါသည်။]

မြန်မာနိုင်ငံအရေးပိုင်ဟောင်း အိုင်စီအက်(စ်)မောရစ်ကောလစ်မှာ သူနှင့်ခေတ်ပြိုင် အိုင်စီအက်(စ်)မြန်မာ အရာရှိများနှင့် သဘောထားတိုက်ဆိုင်သူမဟုတ်ပါ။ သူသည် မြန်မာအမျိုးသားများအပေါ် သံယောဇဉ်ရှိသူ၊ မြန်မာအလိုတော်ရိတစ်ယောက်ဖြစ်၏။ သူသည်

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှအိုင်စီအက်(စ်)အုပ်ချုပ်ရေးအရာရှိများ၏ မြန်မာလူထုအပေါ် ထာဝစဉ်အပေါ်စီးမှ ကြည့်တတ်ပုံကို စက်ဆုပ်သည်။ ထိုစဉ်ကာလက မောရစ်ကောလစ်၏ အယူအဆမှာ ရှေ့သို့ နှစ်ပေါင်းများစွာကျော်နေသည်ဟု သိရ၏။ ဗြိတိသျှအုပ်ချုပ်ရေးအရာရှိများသည် သူတို့၏ ခေတ်နောက်ပြန်ဆွဲနေသော အယူအဆအား ပြုပြင်ခြင်း မရှိပါက နေမဝင်သော အင်ပါယာကြီးဟု သမိုင်းအဆက်ဆက် ကြွေးကြော်သော ဗြိတိသျှတို့၏ အင်ပါယာသည် တစ်စစီ ပြိုကွဲသွားပေလိမ့်မည်ဟု အလျဉ်းသင့်သည့် အခါတိုင်း ထုတ်ဖော်ပြခဲ့သည်။ သို့ဖြစ်၍ ဗြိတိသျှမြန်မာနိုင်ငံတွင် တာဝန်ယူနေရသော အုပ်ချုပ်ရေးအရာရှိများနှင့် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးနှင့် ရောက်နေသော ဗြိတိသျှလူမျိုးအများစုကမူ မောရစ်ကောလစ်သည် လူ့ဂွစာ၊ အပေါင်းရအသင်းရခက်သူ၊ မလိုလားအပ်သော မြန်မာအလိုတော်ရိဟု သတ်မှတ်ထားသည်။


ဤကဲ့သို့ သတ်မှတ်ခြင်းခံရသော အရာရှိများကို ဝေးလံ၍ အသွားအလာခက်ခဲသော ရခိုင်ပြည်နယ်၊

လင်းပင်မင်းသားသည်
အိမ်ရှေ့စံကနောင်မင်းသားနှင့်
ကိုယ်လုပ်တော်ဆောင်ရသခင်ကြီး
ခင်ဖော့တို့မှ ထွန်းကားသော
သားတော်တစ်ပါးဖြစ်ပါသည်။
သူ့ငယ်နာမည်မှာ မောင်ဆွေဖြစ်၏။
အိမ်ရှေ့စံကနောင်မင်းသား ကျဆုံးရသည့်
မြင်ကွန်းမြင်းခုံတိုင်
အရေးတော်ပုံနှင့် . . .


ကိုလိုနီခေတ် ကျေးရွာတစ်ရွာ

www.burmeseclassic.com

www.burmeseclassic.com

တနင်္သာရီတိုင်း(ယခုတနင်္သာရီတိုင်းဒေသကြီး)ရှိ ချောင်ကျသော မဲဇာဟု ကင်ပွန်းတပ်ခံရသော မြန်မာနိုင်ငံတောင်ဘက်စွန်း မြိတ်ခရိုင်အရေးပိုင်အဖြစ် ပို့ခဲ့သည်။ မောရစ်ကောလစ်အဖို့ စိုင်ကော်၍ ချုံပေါ်ရောက်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုဒေသတွင် အရေးပိုင်အဖြစ် အမှုထမ်းနေစဉ် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများ ရရှိခဲ့ရာ သူ့အား ကမ္ဘာကျော်စာရေးဆရာကြီးအဖြစ် ရောက်စေခဲ့သည်။

သူရေးသော ကိုယ်ရေးအတ္ထုပ္ပတ္တိ တစ်စိတ်တစ်ပိုင်း စာအုပ်များ၊ သမိုင်းသုတေသနစာအုပ်များ၊ ဝတ္ထုများသည် သောက်သောက်လဲ ရောင်းချရသည့် စာအုပ်များဖြစ်သည်။ ယနေ့အထိ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေရဆဲဖြစ်၏။ သူအိုင်စီအက်(စ်)အရေးပိုင်အဖြစ်မှ အငြိမ်းစားယူ၍ စာပေလောကသို့ ခြေစုံပစ်ဝင်ပြီး ပထမဆုံး သူရေးသားသောဝတ္ထု "ယိုးဒယားပိုက်"(မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်သည်)စာအုပ်သည် သူ့အား အောင်မြင့်ပေါက်ရောက်သော စာရေးဆရာတစ်ယောက်အဖြစ် ပို့ဆောင်ပေးခဲ့၏။

ယနေ့ထိ ကျွန်တော် အကြိမ်ကြိမ် ပြန်ဖတ်ခဲ့ရသော မောရစ်ကောလစ်၏ ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သော "စန္ဒမာလာ"ဝတ္ထုမှာလည်း မြိတ်မြို့အား အခြေခံထား၍ ဗြိတိသျှအမျိုးသား ပန်းချီဆရာတစ်ဦးနှင့် မြန်မာတော်ဝင် အန္တယ်တော်တစ်ဦးတို့၏ လွမ်းမောတသဖွယ်အချစ်ကို ရေးသားဖော်ပြခဲ့ပါသည်။ ဤဝတ္ထုသည် မောရစ်ကောလစ် စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားခဲ့သောဝတ္ထုဟု ဆိုနိုင်သော်လည်း သူကအတွေ့အကြုံများကို အခြေခံထား၍ ရေးသားခဲ့သဖြင့် အသက်ဝင်နေသည်။ ထိုဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်တို့၏စရိုက်မှာ ပီပြင်လှသည်။ တကယ့်အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ် ဖတ်ရှုရသကဲ့သို့ ဖြစ်ရကား စာဖတ်သူများ လက်မှမချချင်အောင် ဆွဲဆောင်နိုင်သော ဝတ္ထုဖြစ်သည်။ စာဖတ်သူလူငယ်များအတွင်း အထူးဂယက်ရိုက်ခတ်ခဲ့သော စာအုပ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ ၁၉၄၈ ခုနှစ်အတွင်းက နှုတ်ခမ်းနီမလေးများ၏ အသည်းစွဲဟု ကင်ပွန်းတပ်ခံရသော စာရေးဆရာ တင့်တယ်သည် "ရှုမဝမဂ္ဂဇင်းကြီး"(မှားနိုင်ပါသည်)တွင် "ရွှေချစ်ငွေချစ်" အမည်ဖြင့် အခန်းဆက်ဝတ္ထုရှည်တစ်ပုဒ် ရေးသားဖော်ပြခဲ့ပါသည်။

ထိုဝတ္ထုတွင် "ရွှေ"နှင့်"ငွေ"ဟူသော မြန်မာအမျိုး

www.burmeseclassic.com

သား အမြွာလူငယ်နှစ်ဦးနှင့် ဗြိတိသျှအမျိုးသမီးတစ်ဦးတို့၏ လွမ်းမောတသဖွယ် အချစ်ဇာတ်လမ်းကို ရေးသားခဲ့သည်။ (ထိုဝတ္ထုကို နောင်အခါ လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေခဲ့ပါသည်။)ထိုဝတ္ထုကို စာရေးဆရာကြီးတင့်တယ်က "မောရစ်ကောလစ်သို့ ရည်ညွှန်းပါသည်" ဟု ရေးသားဖော်ပြခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာအလိုတော်ရိ မောရစ်ကောလစ် ရေးသားခဲ့သော မြန်မာသမိုင်းနောက်ခံဝတ္ထုများ၊ သူ့ဘဝအထွေထွေဟု ဆိုရမည့် သူ့ကိုယ်တွေ့ မြန်မာနိုင်ငံအကြောင်း ရေးသည့်စာအုပ်များသည် ကျွန်တော်တို့ ထဲထဲဝင်ဝင် မသိခဲ့ရသော ဗြိတိသျှတို့၏ ကိုလိုနီနယ်ချဲ့စက်ယန္တရားအကြောင်း ခရေစေ့တွင်းကျ ရေးသားဖော်ပြခဲ့ပေသည်။

လင်းပင်မင်းသားသည် အိမ်ရှေ့စံ ကနောင်မင်းသားနှင့် ကိုယ်လုပ်တော်ဆောင်ရသခင်ကြီး ခင်ဖော့တို့မှ ထွန်းကားသော သားတော်တစ်ပါးဖြစ်ပါသည်။ သူ့ငယ်နာမည်မှာ မောင်ဆွေဖြစ်၏။ အိမ်ရှေ့စံကနောင်မင်းသား ကျဆုံးရသည့် မြင်ကွန်းမြင်းခုံတိုင် အရေးတော်ပုံနှင့် ပတိမ်းမင်းသား အရေးတော်ပုံတို့ကြောင့် အိမ်ရှေ့မင်း၏ ကိုယ်လုပ်တော်များ၊ သားတော်သမီးတော်များမှာ ကစဥ့်ကလျား အတိဒုက္ခရောက်၍ ညှိုးညှိုးငယ်ငယ်နှင့် နေထိုင်ခဲ့ရသည်ဟုဆိုသည်။

ခရစ်နှစ် ၁၈၇၉ ခုနှစ်တွင် မန္တလေးနန်းတွင်းအရှုပ်အထွေး ပေါ်ပေါက်လာသောအခါ လင်းပင်မင်းသားသည် ရန်ကုန်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့သည်။ ရန်ကုန်တွင် ဗြိတိသျှအစိုးရက လစဉ်ထောက်ပံ့ကြေးပေး၍ ထိုစဉ်က ဆရာမှတ်ကြီးကျောင်းဟု နာမည်ကျော်နေသော စိန့်ဂျွန်းအမျိုးသားအထက်တန်းကျောင်း [ယခုလမ်းမတော် အမှတ်(၁)အထက်တန်းကျောင်း] တွင် ပညာသင်ကြားစေခဲ့သည်။

ခရစ်နှစ် ၁၈၈၁ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် လင်းပင်မင်းသားအား ထားဝယ်မြို့ပိုင်အဖြစ် ခန့်ထားခဲ့၏။ လင်းပင်မင်းသားသည် ဗြိတိသျှတို့ ယုံကြည်မှုရစေရန် မြို့အုပ်ရာထူးကို လက်ခံထားသော်လည်း ဗြိတိသျှတို့အား တော်လှန်ရန် ကြံရွယ်လျက်ရှိသည်။ သမိုင်းမှတ်တမ်းများအရ လင်းပင်မင်းသားသည် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် မော်လမြိုင်မှ တိတ်တဆိတ် ထွက်ခွာသွားခဲ့သည်။ ထို့နောက် ဖင်းမယ်မှတစ်ဆင့် ကျိုင်းတုံသို့ သွားရောက်ခဲ့၏။ ကျိုင်းတုံမှ မိုးနဲသို့ ရောက်ရှိသွားသည်။ ဤတွင် လင်းပင်မင်းသားနှင့် ရှမ်းစော်ဘွားများ စည်းရုံးမိကြပြီး လင်းပင်မင်းသား ခေါင်းဆောင်သော လင်းပင်ကွန်ဖက်ဒရေစီအဖွဲ့ကို တည်ထောင်သည်။ တဖြည်းဖြည်း အင်အားကောင်းလာသော လင်းပင်မဟာမိတ်အဖွဲ့အား ဗြိတိသျှနယ်ချဲ့သမားသည် ဖြိုခွဲရန် စီမံရတော့၏။

ဤတွင် ဗြိတိသျှအစိုးရသည် လင်းပင်မင်းသား စိန့်ဂျွန်းကျောင်းတွင် ပညာသင်ယူခဲ့စဉ်က ဆရာဖြစ်ခဲ့သော မစ္စတာစကော့အား နိုင်ငံရေးအရာရှိခန့်၍ ဗြိတိသျှစစ်တပ်နှင့်အတူ ရှမ်းပြည်နယ်သို့ စေလွှတ်ခဲ့သည်။ နောက်ဆုံးတွင် လင်းပင်မဟာမိတ်အဖွဲ့မှာ စစ်ရေးအရ ပြိုကွဲသွားခဲ့ရပြီး လင်းပင်မင်းသားမှာ လက်နက်ချခဲ့ရသည်။

ဗြိတိသျှအစိုးရသည် လင်းပင်မင်းသားအား ရန်ကုန်တွင် ခေတ္တထားခဲ့ပြီး ခရစ်နှစ် ၁၈၈၇ ခုနှစ်တွင် အိန္ဒိယသို့ ပို့ခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် လင်းပင်မင်းသားကြီးနှင့် မိသားစုအား မြန်မာနိုင်ငံသို့ ပြန်ခွင့်ပြုခဲ့သည်ဟုဆိုသည်။ သမိုင်းမှတ်တမ်းများအရ လင်းပင်မင်းသားကြီးနှင့် မြောက်သားတော်ရေနံ့သာခင်ခင်ကြီးတို့မှ သားတော်လေးပါး၊ သမီးတော်လေးပါး ထွန်းကားခဲ့ရာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော သမီးတော် ထိပ်တင်မလတ်မှာ အချောဆုံး၊ အလှဆုံး၊ အထက်မြက်ဆုံးဟု ဆိုကြပါကြောင်း။ ။

လှမိုး(ပညာရေး)

ကျမ်းကိုး-(၁) Trial in Burma-M.Collis
(၂) Journey Up-M.Collis
(၃) ကုန်းဘောင်အလွန် (ဒုတိယအုပ်)
မောင်သန်းဆွေ (ထားဝယ်)

www.burmeseclassic.com




# လျှမ်းထောက် သွေးစွန်းသော ကာလွဲ့တား

၁၉၄၂ ခုနှစ်၊ မေလ။

စီ ၄၇ (C 47) လေယာဉ်မှူးသည် မည်းမှောင်နေသော ချက်ကိုစလိုဗေးကီးယားနိုင်ငံ၊ ပရာဟာမြို့တော်မှ ဆစ်ခြေဖူးဆီသို့သွားသည့်အဝေးပြေးလမ်းမတစ်လျှောက်ကို မျက်ခြည်မပြတ် စောင့်ကြည့်လာသည်။ လဆုတ်ရက်ဖြစ်သဖြင့် ပိန်းပိတ်အောင်မှောင်နေသည်။ သို့သော် ပရာဟာမြို့နှင့် နီးလာနေသည်ကိုမူ သတိထားမိ၏။ မိနစ်အနည်းငယ်အတွင်း အဝေးပြေးလမ်းမကြီးတစ်နေရာမှ မှိတ်တုတ်မှိတ်တုတ် [illegible]အလင်းရောင်တန်း လေးသုံးတန်းကို တွေ့မြင်ရ၏။

ထိုသုံးပွင့်ဆိုင်း[illegible]သားသည် [illegible]သားများက ချက်မျိုးချစ်[illegible]ထံ လေထီးဖြင့် ဆက်သားများ၊ လက်နက်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဖောက်ခွဲရေးပစ္စည်းများ ချပေးရမည့်နေရာကို ပြသထားသော လျှို့ဝှက်အချက်ပြ [illegible] မီးရောင်တန်းများဖြစ်၏။

လေယာဉ်မှူးသည် သူ့ရှေ့ရှိ စက်ခလုတ်ခုံပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ လေယာဉ်ကြီးအတွင်းမှ အစိမ်းရောင် အချက်ပြမီးလုံး ပွင့်လာသည်။ အဆင့် ဖွင့်ထားသော လေယာဉ်တံခါးအနီးတွင် ရပ်နေသော ချက်ကိုစလိုဗေးကီးယားနိုင်ငံသား ဂျိုးဇက်ဂါဗ်ကနသည် အမှောင်ထုအတွင်း ခုန်ဆင်းလိုက်သည်။ သူ့ရဲဘော်နှစ်ဦးဖြစ်သော ဂျန်ကူဘာရစ်နှင့် ရဲဘော် ဗာဆစ်(စ်)တို့သည် တစ်ယောက်ပြီးတစ်ယောက် အမှောင်ထုအတွင်း ခုန်ဆင်းလိုက်ကြသည်။ သူတို့သုံးဦးသည် လေဟုန်စီးကာ ငြိမ့်ငြိမ့်ဆင်းလာသည်။

သူတို့အား ပေးအပ်လိုက်သောတာဝန်က ကြီးလေးလှသည်။ သူတို့သည် ဒေသခံ မျိုးချစ်တော်လှန်ရေး

www.burmeseclassic.com

www.burmeseclassic.com

သမားများနှင့် ဆက်သွယ်၍ ထိုစဉ်က ချက်ကိုစလိုဗေးကီးယားနိုင်ငံ၊ ပရာဟာမြို့မှ သားသတ်သမားဟု ဟိုးဟိုးကျော်နေသော နာဇီဘုရင်ခံ ဟေးဒရစ်(ချ်)အား လုပ်ကြံ သတ်ဖြတ်ရမည်ဖြစ်၏။

ချက်ကိုစလိုဗေးကီးယားနိုင်ငံမှာ ယခင်ဩစတြေးလျနိုင်ငံ၏ ပြည်နယ်များဖြစ်သော ဘိုဟီးမီးယား၊ မိုရာဗီးယားနှင့် ဆီလက်ဆီးယားတို့အပြင် ယခင် ဟန်ဂေရီ ပြည်နယ်များဖြစ်သော စလိုဗက်ကီးယားနယ်များကို စုပေါင်းကာ ချက်ကိုစလိုဗက်ကီးယားသမ္မတနိုင်ငံအဖြစ် ၁၉၁၈ ခုနှစ်ခန့်က တည်ထောင်ခဲ့၏။ ၁၉၃၉ ခုနှစ်တွင် နာဇီဂျာမနီနိုင်ငံသည် ထိုနိုင်ငံကို ဝင်ရောက်တိုက်ခိုက်၍ နာဇီဂျာမနီ တတိယနိုင်ငံတော်၏ အစောင့်အရှောက်ခံ ပြည်နယ်အဖြစ် သတ်မှတ်ထားခဲ့သည်။ နာဇီခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင် သူ၏စိတ်အချရဆုံး ညာလက်ရုံးဖြစ်သော ဂျာမနီနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ ဂက်စတာပိုခေါင်းဆောင် ဟေးဒရစ်(ချ်)အား ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၏ ဘုရင်ခံအဖြစ် ခန့်ထားခဲ့၏။

ဟေးဒရစ်(ချ်)သည်
မဟာမိတ်နိုင်ငံများ၏
စစ်ရေးခေါင်းဆောင်များ၊
နိုင်ငံရေးခေါင်းဆောင်များအား
ပြန်ပေးဆွဲရန်၊ လုပ်ကြံသတ်ဖြတ်ရန်
လျှို့ဝှက်ကြံစည်ခဲ့သူဟု ဆိုကြ၏။
သို့ဖြစ်၍ ဟေးဒရစ်(ချ်)မှာ
မလိုလားအပ်သော
ရန်သူနံပါတ်(၁)ဟု ...



ဟေးဒရစ်(ချ်)သည် နွယ်နွယ်ရရပုဂ္ဂိုလ်မဟုတ်ပါ။ နာဇီဂက်စတာပိုတပ်ဖွဲ့၏ အကြီးအကဲ ဟင်းမလား၏ လက်ရုံးလည်းဖြစ်သည်။ တတိယဂျာမနီနိုင်ငံတော် စတင် တည်ထောင်စဉ်က နာဇီဝါဒကို ဆန့်ကျင်သော ဂျာမန် တပ်မတော်အတွင်းမှ ဗိုလ်ချုပ်ကြီးများအားလည်း ကောင်း၊ ထိုစဉ်က ဂျာမနီနိုင်ငံ၏ မဟာမိတ်ဖြစ်သော ဆိုဗီယက်ပြည်ထောင်စု(ယခုရုရှား)၏ နာမည်ကျော် တပ် နီတော်ဗိုလ်ချုပ်ကြီးများအားလည်းကောင်း ဖယ်ရှားနိုင် ရေး လုပ်ဆောင်ချက်များကို အောင်မြင်ပေါက်ရောက် စွာ လုပ်ဆောင်နိုင်ခဲ့သူဖြစ်၏။ သူ့ဟန်အမူအရာမှာ သာ မန်လူများအဖို့ ခပ်အေးအေး၊ ခပ်တည်တည်၊ လူကြီး လူကောင်းတစ်ဦးဟု ထင်မှတ်ဖွယ်ဖြစ်၏။ သို့သော် သူ သည် ဘီလူးခေါင်းဆောင်းထားသော ရက်စက်ရာတွင် သရဖူဆောင်းသူတစ်ဦးသာဖြစ်ပေသည်။ သူ့အဖို့ ဖက် ဆစ်ဝါဒသာလျှင် ပထမ၊ ဖက်ဆစ်ဝါဒသာလျှင် ဒုတိယ၊ ဖက်ဆစ်ဝါဒသာလျှင် တတိယဟူသော အဘောထားရှိ သူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နာဇီဖက်ဆစ်ဝါဒ၏ ရန်သူမှန်သမျှ ကျူပင်ခုတ်၊ ကျူငုတ်မှမကျန်အောင် ရှင်းလင်းပစ်ရမည်ဟု ယုံကြည်ထားခဲ့၏။ သူ့အား တတိယဂျာမနီနိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းက ပေးထားသော အထူးတာဝန်တစ်ရပ်မှာ ဂျူးလူမျိုးများအားလုံးအား လူမျိုးတုံးဖျောက်ပစ်ရန်ဖြစ်သည်။ သူသည် ဒုတိယကမ္ဘာစစ်ကြီးအား အောင်မြင်ရန် သေချာနေသော ၁၉၄၁ ခုနှစ်ကစ၍ ဥရောပတိုက်၊ နိုင်ငံအသီးသီးရှိ ဂျူးလူမျိုးများအားလုံးအား အစုလိုက်အပြုံလိုက်သတ်ရန် တာဝန်ယူထားခဲ့သူဖြစ်၏။ ထိုဂျူးလူမျိုးများ မျိုးတုံးအောင်ဆောင်ရွက်ရေးအတွက် နာဇီခေါင်းဆောင်ကြီး ဟစ်တလာက အထူးအာဏာကုန်ပေးအပ်ထားခဲ့သည်ဟုဆိုသည်။

၁၉၄၁ ခုနှစ်၊ ဇွန်လတွင် နာဇီဂျာမန် ဖက်ဆစ်တို့သည် ယခင်က ချုပ်ဆိုထားသော မဟာမိတ်စာချုပ်ကို ချိုးဖောက်၍ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ယခုရုရှားနိုင်ငံ)အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဆိုဗီယက်တပ်နီတော်အဖို့ နာဇီဂျာမန်တို့၏ ရုတ်တရက် ထိုးစစ်ဆင်လာမှုကို ခုခံနိုင်ခြင်းမရှိဘဲ ဆုတ်ခွာခဲ့ကြရသည်။ နာဇီဂျာမန်တပ်မတော်အဖို့ လပိုင်းအတွင်း ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံအား ချေမှုန်းနိုင်လိမ့်မည်ဟု မျှော်လင့်ထား၏။ လီနင်ဂရက်၊ စတာလင်ဂရက်စသော မြို့တော်ကြီးများအား နာဇီတို့ ဝိုင်းဝန်းထားသည့်အခြေအနေသို့ ရောက်လာခဲ့၏။ သို့သော် ဆိုဗီယက်(ရုရှား)တို့အဖို့ မဟာမိတ်တို့၏ စစ်လက်နက်ပစ္စည်းကူညီမှုနှင့် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ၏ ဆောင်းရာသီဝင်ရောက်လာမှုကြောင့် ကမ္ဘာ့စစ်သမိုင်းတွင် တိုက်တိုင်းအောင် တပ်မတော်ကြီးဟု နာမည်ကျော်ကြား လူသိများခဲ့သော နာဇီဂျာမန်တပ်မတော်ကြီးမှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး ရှေ့သို့မတိုးနိုင်ခဲ့တော့။

ဤသို့အတွင်း နာဇီတတိယဂျာမနီနိုင်ငံတော်၏ ကြိုဖာခံနှင့် အစောင့်ရှောက်ခံ ဥရောပတိုက် အရှေ့ပိုင်းနိုင်ငံများသည် နာဇီဖက်ဆစ်တို့လက်အတွင်းမှ လွတ်မြောက်ရန် တော်လှန်ခဲ့ကြသည်။ ထိုနိုင်ငံများအတွင်း ချက်ကိုစလိုဗေးကီးယားနိုင်ငံမှ မျိုးချစ်တော်လှန်ရေးအင်အားစုများသည် မဟာမိတ်တို့နှင့် အဆက်အသွယ်ယူ၍ နာဇီဖက်ဆစ်တို့အား တော်လှန်ခဲ့သည်။ ချက်ကိုစလိုဗေးကီးယား မျိုးချစ်ပြောက်ကျားများအား စစ်လက်နက်၊ စစ်အသုံးအဆောင်များ အကူအညီပေးခြင်း၊ လျှို့ဝှက်သင်တန်းများပေးခြင်း၊ ဖောက်ခွဲနိုင်သည့် လက်နက်ကိရိယာများပေးခြင်းစသည့် မဟာမိတ်တို့၏ အကူအညီပေးမှုကြောင့် လမ်းပန်းအဆက်အသွယ်များ ပြတ်တောက်ခဲ့ရ၏။ ချက်မျိုးချစ်တော်လှန်ရေးသမားများသည် လမ်းတံတားများ၊ မီးရထားလမ်းများ၊ နာဇီရှေ့တန်းတပ်မတော်သို့ ပေးပို့ရန် စစ်လက်နက်ပစ္စည်းများ သယ်ဆောင်လာသော အထူးစစ်မီးရထားများအား ဖောက်ခွဲဖျက်ဆီးခြင်းစသော 'လုပ်ရပ်များကြောင့် နာဇီဂျာမန်တပ်များအဖို့ အထိနာခဲ့ရသည်သာမက ဆိုဗီယက်(ရုရှား)နိုင်ငံအတွင်း ထိုးဖောက်ဝင်ရောက်နေသော ဖီလ်မာရှယ်ပေါလပ်(စ်)ခေါင်းဆောင်သော ဂျာမန်တပ်မတော်ကြီးမှာ ဆိုဗီယက်တပ်နီတော်ထံ လက်နက်ချခဲ့ရ၏။ ဆိုဗီယက်တပ်နီတော်သည် ပြန်လည်ထိုးစစ်ဆင်လာနိုင်ခဲ့သည်မက ဂျာမန်တပ်များ ကစဉ့်ကလျား ဆုတ်ခွာလာခဲ့ရသည်။

ဤတွင် နာဇီထိပ်သီးခေါင်းဆောင်ကြီး ဟစ်တလာသည် သူ့လက်ရုံး သွေးဆာနေသော ယမမင်း ဟေးဒရစ်(ချ်)အား ချက်ကိုစလိုဗေးကီးယားနိုင်ငံ ဘုရင်ခံအဖြစ် တာဝန်ပေးခဲ့၏။ ဟေးဒရစ်(ချ်)ကလည်း ချက်ကိုစလိုဗေးကီးယားနိုင်ငံအား ခပ်ကြမ်းကြမ်းအုပ်ချုပ်ခဲ့သည်။ ဟေးဒရစ်(ချ်)သည် ဥပဒေများကိုလည်းကောင်း၊ ကြေညာချက်များကိုလည်းကောင်း သူ့ဆန္ဒအတိုင်းထုတ်၍ သူ့သဘောအတိုင်း ဖမ်းဆီးခြင်း၊ သေဒဏ်ပေးခြင်း၊ နာဇီဝါဒကို ဆန့်ကျင်သူမှန်သမျှ ချွေးတပ်စခန်းများသို့ ပို့ခြင်း၊ သူ့ဥပဒေကို ဆန့်ကျင်သူမှန်သမျှ ဖမ်းဆီး၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့၏။ သူ့အားဝေဖန်ပြစ်တင် ရေးသားကြသော သတင်းမီဒီယာများအား သေဒဏ်ပေးသည်အထိ ပြင်းပြင်းထန်ထန် အရေးယူခဲ့၏။ ထိုစဉ်က မှတ်တမ်းများအရ ချက်ပြည်သူအများ လေးစားရသော ပုဂ္ဂိုလ် ၁၃၀၀(တစ်ထောင့်တစ်ရာ)အား ရက်ရက်စက်စက် နှိပ်စက်၍ သတ်ဖြတ်ခဲ့သည်ဟု သိရ၏။

www.burmeseclassic.com



ချက်ကိုစလိုဗေးကီးယားဘုရင်ခံ ဂျာမန်နာဇီဂက်စတာပိုခေါင်းဆောင် ဟေးဒရစ်(ချ်)မှာ နိုင်ငံတကာမှ ပြည်သူများ၏ မနှစ်မြို့ဖွယ်ရာ၊ မလိုလားဖွယ်ရာ ရန်သူနံပါတ်(၁)တစ်ဦးဖြစ်လာသည်။ အတိတ်သမိုင်းကြောင်းများတွင်လည်း ဟေးဒရစ်(ချ်)သည် မဟာမိတ်နိုင်ငံများ၏ စစ်ရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များအား ပြန်ပေးဆွဲရန်၊ လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်ခဲ့သူဟု ဆိုကြ၏။ သို့ဖြစ်၍ ဟေးဒရစ်(ချ်)မှာ မလိုလားအပ်သော ရန်သူနံပါတ်(၁)ဟု ယူဆထား၏။ မဟာမိတ်ခေါင်းဆောင်များအဖို့ သူ့အား အစတုံးဖျောက်ဖျက်ပစ်ရန် စီစဉ်ရန် စဉ်းစားခဲ့ကြသည်။

စစ်ပြိုင်ခေါင်းဆောင်တစ်ဦးအား လုပ်ကြံသတ်ဖြတ်ရမည့်အရေးမှာ သမိုင်းတွင်မည့်ကိစ္စဖြစ်၏။ ထိုကိစ္စမှာ လူကြီးလူကောင်းမဆန်သော၊ သူရဲဘောကြောင်သော ကိစ္စဖြစ်ရကား မဟာမိတ်ခေါင်းဆောင်များအဖို့ အထူးအလေးထား၍ စဉ်းစားကြ၏။ သို့သော် ဟေးဒရစ်(ချ်)၏ ချက်နိုင်ငံတွင် ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း အုပ်ချုပ်နေမှုမှာ သွေးချောင်းစီးခဲ့ရပြီဖြစ်၏။

ဟေးဒရစ်(ချ်)၏ ရက်စက်မှုများသည် ခွင့်မလွှတ်နိုင်သော အခြေအနေသို့ ရောက်လာသည်။ ချက်ကို

နာဇီယမမင်း ဟေးဒရစ်(ချ်)အား ချက်မျိုးချစ်ပြောက်ကျားများ အောင်မြင်စွာ လုပ်ကြံသတ်ဖြတ်သည့် သတင်းအား အင်္ဂလန်နိုင်ငံ၊ ဘီဘီစီ အသံလွှင့်အစီအစဉ်မှ အသေးစိတ်ထုတ်လွှင့်သွားခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ချက်မျိုးချစ် ပြောက်ကျားရဲဘော်များက အောင်မြင်ပေါက်ရောက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့်သတင်းကို ကြားရသည်နှင့် တအံ့တသြ ဖြစ်ခဲ့ရတော့၏

• • •

နာဇီထိပ်သီးခေါင်းဆောင်များ



www.burmeseclassic.com

www.burmeseclassic.com


လိုပေးကီးယား မျိုးချစ်တော်လှန်ရေးအင်အားစုများကလည်း ပေးဒရစ်(ချ်)ကို ဖြစ်သည့်နည်းဖြင့် ဖယ်ရှားရန် တိုက်တွန်းလာကြ၏။ ပြည်ပရောက် ချက်မျိုးချစ်အင်အားစုများကလည်း ဗြိတိသျှနှင့် မဟာမိတ်တို့အား ပေးဒရစ်(ချ်)လုပ်ကြံရေးကို အလေးအနက်ထားရန် တိုက်တွန်းခဲ့ကြသည်။

ပေးဒရစ်(ချ်)အား လုပ်ကြံသတ်ဖြတ်ရန် တာဝန်ကြီးကို ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က တာဝန်ခွဲဝေယူခဲ့ရ၏။ ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် ချက်ကိုစလိုပေးကီးယားနိုင်ငံမှ စစ်ဘေးတိမ်းရှောင်လာကြသော ချက်အမျိုးသားအများစုကလည်း ပေးဒရစ်(ချ်)အား ဖယ်ရှားရန် လိုလားကြ၏။ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့အဖို့ ပေးဒရစ်(ချ်)အား လုပ်ကြံသတ်ဖြတ်ရန်မှအပ အခြားနည်းလမ်းမရှိတော့။

သို့ဖြစ်၍ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့သည် အင်္ဂလန်နိုင်ငံတွင် စစ်ဘေးရှောင် ချက်အမျိုးသားထဲမှ ဤအသက်ပေးရမည့် ကြီးလေးသော မဟာတာဝန်ကြီးကိုဆောင်ရွက်ရန် ချက်အမျိုးသားသုံးဦးအား စနစ်တကျ စိစစ်ရွေးချယ်ခဲ့ရ၏။ (ဤဆောင်းပါးအစတွင် ထိုသူသုံးဦး၏အမည်များကို ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။)


ဗြိတိသျှထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူများသည် ထိုသူသုံးဦးအား အင်္ဂလန်နိုင်ငံ၊ လူသူအရောက်အပေါက်နည်းသော ထောက်လှမ်းရေးစခန်းတွင် ရက်သတ္တပတ်ပေါင်းများစွာ လေ့ကျင့်ပေးကြသည်။ လေထီးဖြင့်ခုန်ဆင်းနည်း၊ လက်နက်ငယ်များ ကိုင်တွယ်ပစ်ခတ်နည်း၊ ဆက်သွယ်ရေးစက်များ ကိုင်တွယ်ဆက်သွယ်နည်း၊ လက်ပစ်ဗုံးပစ်ခတ်နည်းများကို စနစ်တကျလေ့ကျင့်ကြရ၏။ သူတို့သုံးယောက် လေထီးဖြင့်ဆင်းရမည့်နေရာ ချက်ကိုစလိုပေးကီးယားနိုင်ငံ၊ ပရာဟာမြို့ ဆင်ခြေဖုံး၊ လေတန်ရပ်ကွက်မနီးမဝေးရှိ လမ်းဘေးတစ်ဖက်တစ်ချက် ချုံနွယ်ပိတ်ပေါင်းများပေါက်နေသော လမ်း၏နေစ်ပုံစံတို့ကိုလည်း ထိုမျိုးချစ်ပြောက်ကျားသုံးဦးအား မှတ်မိစေရန် နေ့စဉ်ကြည့်ရှုကြစေသည်။ ချက်ကိုစလိုပေးကီးယားနိုင်ငံ၊ ပရာဟာမြို့တော်ဒေသခံ ပြောက်ကျားတို့၏ သတင်းပေးပို့ချက်အရ နာဇီဂက်စတာပို ယမမင်းနှင့် ချက်ကိုစလိုပေးကီးယားဘုရင်ခံ ပေးဒရစ်(ချ်)သည် နေ့စဉ် ရုံးတက်ရုံးဆင်းတွင်လည်းကောင်း၊ အထူးအစည်းအဝေးများ ကျင်းပပြီးစီးသည့်အခါတွင်လည်းကောင်း အထက်ဖော်ပြပါ ပရာဟာမြို့၊ လေတန်ရပ်ကွက်လမ်းအတိုင်း သူ့စံအိမ်တော်သို့ ပြန်သွားလေ့ရှိ၏။

ဤလမ်းရှိ ဂငယ်ကွေ့မှာ လမ်းဘေးဝဲယာတွင် တောင်ပူစာများရှိပြီး ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်လျက်ရှိ၏။ ဤနေရာရောက်သည်နှင့် ပေးဒရစ်(ချ်)လိုက်ပါလာသော စစ်သုံးမော်တော်ယာဉ်သည် စက်ရှိန်လျှော့၍ မောင်းလေ့ရှိသည်။ ထိုလေတန်ရပ်ကွက် ဂငယ်ကွေ့သည် လူနေအိမ်ခြေများနှင့် ဝေးကွာသည်သာမက ယာဉ်အသွားအလာ၊ လူအသွားအလာလည်းပြတ်သည်။ နာဇီဂက်စတာပိုအဖွဲ့၏ အထူးအစီအစဉ်အရ ဘုရင်ခံ ပေးဒရစ်(ချ်) မော်တော်ကားဖြတ်မောင်းစဉ်တွင် မည်သည့်ယာဉ်၊ မည်သည့်ပုဂ္ဂိုလ်မျှ ဖြတ်သန်းသွားလာခွင့်မပြု။ သို့ဖြစ်၍ ဘုရင်ခံ ယမမင်းကို လုပ်ကြံမည်ဆိုက ထိုဂငယ်ကွေ့သည် အဆင်ပြေဆုံးနေရာ၊ အသင့်တော်ဆုံးနေရာဟု ဒေသခံ ပြောက်ကျားအာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည်။

သို့ဖြစ်၍ ပေးဒရစ်(ချ်)အား လုပ်ကြံမည့်နေရာနှင့် အခြေအနေအရပ်ရပ်တို့ကို မြေပုံနှင့်တကွ အသေးစိတ်ရေးသားဖော်ပြ၍ ဗြိတိသျှအစိုးရထောက်လှမ်းရေးအဖွဲ့သို့ တင်ပြသည်။ ဤတွင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ကလည်း အထက်ဖော်ပြပါ လေတန်လမ်းစနစ်ပုံကို ပြုလုပ်၍ ပြောက်ကျားရဲဘော်သုံးဦးအား အသေးစိတ်လေ့လာစေပြီး လုပ်ကြံသည့်လေ့ကျင့်မှုများကိုလည်း နေ့စဉ် ပြင်းပြင်းထန်ထန် လေ့ကျင့်စေသည်။ ပေးဒရစ်(ချ်)ပါလာသည့် မော်တော်ကားအား မည်သည့်လက်နက်ငယ်များနှင့် ပစ်ခတ်ရန်၊ လက်ပစ်ဗုံးဖြင့် မည်သို့ပစ်ခတ်၍ မည်သို့ရှောင်ရန် စသည်များကို အထူးလေ့ကျင့်စေသည်။ အကြိမ်ကြိမ်လေ့ကျင့်၍ စိတ်ကျေနပ်လောက်သည့် အခြေအနေရမှပင် ချက်ဒေသခံပြောက်ကျားများနှင့် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့တို့၏ အစီအစဉ်အရ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ချက်အမျိုးသား ပြောက်ကျားရဲဘော်သုံးဦးအား ပရာဟာမြို့ ဆင်

www.burmeseclassic.com

www.burmeseclassic.com



ဂက်စတာပို
လူသတ်သမားများသည်
လူသားမဆန်သော
နည်းလမ်းအမျိုးမျိုးဖြင့်
ညှဉ်းပန်းနှိပ်စက်ခဲ့ကြပြီး
အစုလိုက်အပြုံလိုက်
သတ်ဖြတ်ခဲ့ကြသည်။
ကျေးရွာတစ်ရွာလုံး
မီးရှို့ဖျက်ဆီးခဲ့သည်။
ယခုအခါ
လိုင်ဒက်အမည်ရှိသော
ကျေးရွာလေးနေရာတွင်
...

ခြေဖုံးအနီးတွင် လေထီးဖြင့် ဆင်းသက်စေခဲ့၏။

မြေပြင်၌ အသင့်စောင့်နေသော ချက်ပြောက်ကျား များက လေထီးဖြင့်ဆင်းလာသော ရဲဘော်သုံးဦးအား အသင့်ဆီးကြို၍ ၎င်းတို့အား တောတွင်းစခန်းသို့ ခေါ်သွားကြသည်။ ခေတ္တအနားယူကြပြီး ထိုရဲဘော် သုံးဦးတို့အား နာဇီယမမင်း ဟေးဒရစ်(ခ်)အား လုပ်ကြံသတ်ဖြတ်မည့် အစီအစဉ်ကို အသေးစိတ် ဆွေးနွေးကြပြန်သည်။

ဟေးဒရစ်(ခ်)အား လုပ်ကြံသတ်ဖြတ်မည့် ရဲသုံးဘော်သည် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ပရာဟာမြို့ လေတန်ရပ်ကွက်အနီးရှိ "ဂ"ငယ်ကွေ့ ကုန်းအဆင်းလမ်းသို့ အကြိမ်ကြိမ်သွားရောက်စစ်ဆေး ကြည့်ရှုကြသည်။ ထို့နောက် နာဇီဂက်စတာပို ဘုရင်ခံ ဟေးဒရစ်(ခ်) မော်တော်ကား ဖြတ်သွားဖြတ်လာပြုသည့်အခြေအနေ၊ လိုက်ပါလာသည့် ကိုယ်ရံတော်အစောင့်စစ်သားများ စီးလာလေ့ရှိသော မော်တော်ဆိုင်ကယ်များ မောင်းနှင်လာသည့် အခြေအနေ စသည်တို့ကို အသေးစိတ် လေ့လာမှတ်သားကြသည်။

ဤသို့ဖြင့် လုပ်ကြံသတ်ဖြတ်ရမည့်နေ့သို့ ရောက်ရှိလာခဲ့၏။ ထိုနေ့သည် ရဲဘော်သုံးဦးအတွက် ကံကောင်းသည်ဟု ဆိုရမည်။ ရာသီဥတုမှာ အထူးသာယာ ကြည်လင်လျက်ရှိ၏။ ခြေခင်းလက်ခင်းသာသဖြင့် ယမင်း ဟေးဒရစ်(ခ်)အား လုပ်ကြံရန်အတွက် ဂငယ်ကွေ့တွင် အသင့်နေရာယူနေကြသည်။ ထိုဂငယ်ကွေ့

www.burmeseclassic.com

www.burmeseclassic.com

အနီးရှိ လိုင်းဒက်ကျေးရွာသူ၊ ကျေးရွာသားများ ထိုလမ်းမအနီး သွားရောက်ခြင်းမပြုကြရန် ဒေသခံပြောက်ကျားများက တင်းတင်းကျပ်ကျပ် တားဆီးထားကြသည်။ ပြောက်ကျားသုံးဦးအနက် နှစ်ဦးသည် လိုင်းဒက်ကျေးရွာသားများကဲ့သို့ အလုပ်ကိစ္စရှိသည့်အလား စက်ဘီးများကိုထောင်ထား၍ လမ်းသလားသည့်ဟန်အတိုင်း သွားလာနေကြသည်။

ယမမင်းဟေးဒရစ်(ချ်) ရုံးဆင်းသည်နှင့် သူ့စံအိမ်တော်သို့ ခါတိုင်းကဲ့သို့ ပြန်လာသည်။ သူ့အဖို့ ဂငယ်ကွေ့တွင် ကံကြမ္မာဆိုး မြှုံးနေခဲ့သည်ကို ဟေးဒရစ်(ချ်)က သိဟန်မတူ။ ခါတိုင်းကဲ့သို့ လိုက်ပါလေ့ရှိသော ကိုယ်ရံတော် မော်တော်ဆိုင်ကယ်နှစ်စီး ပါမလာ။ သူ့မော်တော်ကားတစ်စီးသာ ခပ်ဖြည်းဖြည်း မောင်းလာသည်။

နာဇီယမမင်း ဟေးဒရစ်(ချ်)၏ကားသည် ဂငယ်ကွေ့သို့ ရောက်လာသည်နှင့် ယခင်ထက်ပင် စက်ရှိန်ကို လျှော့လိုက်တော့၏။ ဤတွင် အသင့်စောင့်နေသော ရဲသုံးဘော်အနက် ပြောက်ကျားရဲဘော်တစ်ဦးက မော်တော်ကားအတွင်း လက်ပစ်ဗုံး ပစ်သွင်းလိုက်ပြီး ကျန်ရဲဘော်တစ်ဦးက စတင်းဂန်းသေနတ်ဖြင့် ပစ်ခတ်တော့သည်။

မော်တော်ကားမောင်းသူနှင့် ဟေးဒရစ်(ချ်)၏ကိုယ်ရံတော်မှာ နေရာတွင်ပင် သေဆုံးသွားကြ၏။ ကားနောက်ခန်းမှ လိုက်ပါလာသော ဟေးဒရစ်(ချ်)မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားပြီး မိနစ်အနည်းငယ်အတွင်း သေဆုံးသွားရတော့၏။

ဟေးဒရစ်(ချ်)အား လုပ်ကြံသတ်ဖြတ်သူ လေထီးဆင်းရဲသုံးဘော်မှာ လိုင်းဒက်ကျေးရွာ ဘုရားရှိခိုးကျောင်းတွင် ပုန်းအောင်းနေခဲ့ကြသည်။ နာဇီယမမင်း ဟေးဒရစ်(ချ်)အား ချက်မျိုးချစ်ပြောက်ကျားများ အောင်မြင်စွာ လုပ်ကြံသတ်ဖြတ်သည့်သတင်းအား အင်္ဂလန်နိုင်ငံ၊ ဘီဘီစီ အသံလွှင့်အစီအစဉ်မှ အသေးစိတ် ထုတ်လွှင့်သွားခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ချက်မျိုးချစ်ပြောက်ကျားရဲဘော်များက အောင်မြင်ပေါက်ရောက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့်သတင်းကို ကြားရသည်နှင့် တအံ့တသြ ဖြစ်ခဲ့ရတော့၏။ ထိုစဉ်က မှတ်တမ်းများအရ ဟေးဒရစ်(ချ်)၏ရှာပနအား နာဇီထိပ်တန်းခေါင်းဆောင်ကြီးများကိုယ်တိုင် တက်ရောက်ခဲ့ကြသည်ဟုဆိုသည်။

ဥရောပတိုက်နိုင်ငံအသီးသီးရှိ နာဇီဆန့်ကျင်ရေး အင်အားစုများကမူ ချက်မျိုးချစ်ပြောက်ကျားများ၏ စွမ်းဆောင်ချက်ကို ချီးမွမ်းကြသည်။ သို့သော် ဤချီးကျူးဖွယ်၊ ဦးညွှတ်ဖွယ်ကောင်းသောဖြစ်ရပ်သည် ဤတွင် နိဂုံးချုပ်မသွားခဲ့ပေ။

ဟေးဒရစ်(ချ်)ကွယ်လွန်ခဲ့ရပြီး နောက်တစ်နေ့တွင် နာဇီဂက်စတာပိုတပ်ဖွဲ့ဝင်များသည် လိုင်းဒက်ကျေးရွာတွင် သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသော ကျေးရွာသူကျေးရွာသား ကလေးလူကြီး ၁၅၀ဦးအား ဖမ်းဆီးခဲ့ကြသည်။ ထို့နောက် ယင်းကျေးရွာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအား ဝိုင်း၍ရှာဖွေခဲ့ကြသည်။

ဤတွင် ဘုရားရှိခိုးကျောင်းအတွင်း ပုန်းခိုနေသော ချက်မျိုးချစ်ပြောက်ကျားရဲဘော်သုံးဦးသည် ဘုရားရှိခိုးကျောင်းအတွင်းမှ ခုခံပစ်ခတ်ကြသည်။ လူအင်အား၊ လက်နက်အင်အား မမျှတသဖြင့် ရဲသုံးဘော်မှာ နိုင်ငံအတွက် အသက်ပေးလှူသွားခဲ့ကြရ၏။ လိုင်းဒက်ကျေးရွာသူ၊ ကျေးရွာသား ကလေး၊လူကြီး ၁၅၀ အား ဂက်စတာပို လူသတ်သမားများသည် လူသားမဆန်သော နည်းလမ်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့ကြပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။ ကျေးရွာတစ်ရွာလုံး မီးရှို့ဖျက်ဆီးခဲ့သည်။ ယခုအခါ လိုင်ဒက်အမည်ရှိသော ကျေးရွာလေးနေရာတွင် ဆူးပင်၊ ချုံပင်၊ ပေါင်းပင်များ ဖုံးအုပ်လျက်ရှိပြီး တစ်ချိန်က ကျေးရွာလေးတစ်ရွာ ရှိခဲ့သည်ဟူသော သဲလွန်စပင် ကျန်ရစ်ခြင်း မရှိတော့ပါကြောင်း။ ။

လှမ်းကောက်

ကျမ်းကိုး(၁) Himmler

(၂) History of The S.S

www.burmeseclassic.com

www.burmeseclassic.com

# နှင်းစက် (လားရှိုး)

# နံရံတစ်ချပ်ခြား



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြန်ပြီ၊ ဟိုရက်ကပေးထားတဲ့ ပိုက်ဆံအိတ်အသေးလေးကော ဘယ်ရောက်သွားပြန်ပြီလဲ၊ ပိုက်ဆံတွေကို ဒီလိုမကိုင်ပါနဲ့၊ ရောဂါများပါမယ်ဆိုတာကို"

"မေ့.....မေ့ပြီး....."

"ကဲ...ကဲ ရော့...ဒီထဲထည့်၊ ဈေးဝယ်ပြီးသားတွေလည်း ထည့်ဆွဲခဲ့လို့ရတယ်"

□

"လှန်းခဲ့ပြီးပြီ မမကြီး၊ နေ့ခင်းပိုင်းခြောက်တာနဲ့ မီးပူတိုက်ထားပေးပါ့မယ်နော်"

"ဩော်...အေး...အေး၊ ဟဲ့..ဒါနဲ့ ဇင်မာအေးရေ အသိတစ်ယောက်က ပန်းသီးတွေပို့သွားတာ မနည်းပါလား၊ အဲဒါ သုံးလေးလုံးလောက် ယူသွားချေဦး"

"ဟို.....နေပါစေတော့ မမကြီး"

ပန်းဘီတင်လိုက်နေရာကလှမ်းအော်ပြောနေတဲ့ မမကြီးနဲ့ ဇင်မာအေးတို့ကြား ကျွန်မဝင်ပြီး လက်ဆွဲအိတ်တစ်အိတ်ထဲ ပန်းသီးခပ်လှလှသုံးလုံးထည့်လိုက်ပါတယ်။

အားလည်းနာ၊ ဝမ်းလည်းသာနေပုံရတဲ့ ဇင်မာအေးတစ်ယောက် မျက်ရည်တွေလည်ပြီး ပန်းသီးအိတ်ကိုယူပါတယ်။ ကျေးဇူးတင်ကြောင်း အခါခါပြောပြီး လက်ထဲကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားတဲ့ ပိုက်ဆံလေးတွေကို ကျွန်မ မြင်သွားတော့ ဇင်မာအေးက လက်ကိုဝှက်လိုက်ပါတယ်။

ကျွန်မတို့ညီအစ်မရဲ့ ဆိုင်နာမည်တံဆိပ်နှိပ်ထားတဲ့ ပုံရိုက်ပလတ်စတစ်အိတ်ပျော့တစ်လုံးကိုပေးပြီး ချွေးတွေရွှဲနစ်နေတဲ့ ပိုက်ဆံလေးတွေနဲ့ ပန်းသီးအိတ်ကို ထည့်လိုက်ပါတယ်။

ဒီအချိန်မှာပဲ မရိုးနိုင်တဲ့ စောင်းမြောင့်သံတစ်ခုကို မကြားချင်လည်း ကြားရပါပြီ။

"လဲ့လဲ့ရေ သူများပေးကမ်းတာကိုယူရင် ဘာလဲဆိုတာ သိလား"

"သိတာပေါ့၊ သူတောင်းစား သူတောင်းစား"


ကြားရတာနဲ့တင် ဇင်မာအေးတစ်ယောက် ဈေးဘက်သို့ ပြေးသွားလေပြီ။

ကျွန်မ ဒေါသထောင်းခနဲ။

ဇင်မာအေးကို ပြောတာဆိုပေမယ့် ကျွန်မတို့အပ်ချုပ်ဆိုင်ကို ဇင်မာအေးလာတိုင်း စောင်းလိုက်၊ မြောင်းလိုက်တာလေ။ သူတို့နှစ်ယောက်တစ်ဆိတ်လွှန်လွှန်းနေပါပြီ။ ကြမ်းတမ်းတဲ့ အသုံးအနှုန်းတွေနဲ့။ ကိုယ်ချင်းစာတရား မရှိကြသူတွေမို့ရယ် မဟုတ်ဘဲ ကိုယ်ကျင့်တရားမကောင်းသူရယ်လို့ သတ်မှတ်ပြီး

**သင် ပြုသောကံ**
**ပဲ့တင်သံ**
**သင့်ထံပြန်လာမည်လို့**
**သူတို့ဆိုင်ရှေ့မှာ**
**ချိတ်ဆွဲထားပေမယ့်**
**သူတို့အပြုအမူတွေက**
**လူယဉ်ကျေးမှု**
**မဆန်ပါဘူး။**
**ကံကံ၏ အကျိုးဆိုတာ**
**ပြုသူအပေါ်မှာပဲ**
**အကျိုးသက်ရောက်**
**တတ်တာပါ**

...



www.burmeseclassic.com



တော့ လဲ့လဲ့ချို၊ သင်းသင်းချိုတို့ ညီအစ်မကို ကျွန်မတို့ညီအစ်မက မပေါင်းသင်းပါဘူး။

ဇင်မာအေးကို သုံးရက်တစ်ခါ ကျွန်မတို့အဝတ်တွေ လာယူလျှော်ပြီး မီးပူတိုက်ဖို့ လခနဲ့ငှားထားတာပါ။ တောက်တိုမည်ရအားလုံး ဇင်မာအေးကိုပဲ အကူအညီတောင်းရတာပါ။ ကျွန်မတို့ညီအစ်မနှစ်ယောက်ကိုလည်း ဇင်မာအေးက လေးစားကူညီရှာပါတယ်။

ဒါပေမဲ့ ခက်တာက ဇင်မာအေးကို ကျွန်မတို့ဆိုင်ရှေ့မှာ ရိုပ်ခနဲမြင်တာနဲ့ ရိုင်းရိုင်းစိုင်းစိုင်းစကားလုံးတွေသုံးပြီး ရန်စတတ်တာက နံဘေးကပ်လျက်မှာရှိတဲ့ ဆိုင်ခန်းကပါပဲ။

ကျွန်မတို့က နံရံတစ်ချပ်ခြားအခန်းကပ်လျက်ချင်းမို့ ပြဿနာမဖြစ်ချင်တာနဲ့ ရှောင်ပါတယ်။ သို့သော်လည်း မရပါဘူး။ ဇင်မာအေးကို အရောတဝင်နေတဲ့ ကျွန်မတို့ညီအစ်မကို ကြည့်မရပုံပါပဲ။

တစ်ခါတစ်ရံ ကွမ်းရွက်ဆေးထားတဲ့ ရေအညစ်အကြေးတွေကို လမ်းမပေါ်ပက်သလိုလိုနဲ့ ကျွန်မတို့ဆိုင်ရှေ့ ပက်ပစ်လိုက်တာမျိုး။ မမကြီးကတော့ ပြောပါတယ်။ ငါတို့ဆိုင်ရှေ့ ဖုန်သိပ်တာပေါ့တဲ့။ သင်ပြုသောကံ ပဲ့တင်သံ သင့်ထံပြန်လာမည်လို့ သူတို့ဆိုင်ရှေ့မှာ ချိတ်ဆွဲထားပေမယ့် သူတို့အပြုအမူတွေက လူယဉ်ကျေးမှုမဆန်ပါဘူး။ ကံကံ၏အကျိုးဆိုတာ ပြုသူအပေါ်မှာပဲ အကျိုးသက်ရောက်တတ်တာပါ။

ကျွန်မတို့က အပ်ချုပ်ဆိုင်အပြင် မြန်မာ့ရိုးရာဖြစ်တဲ့ ချည်ထည်တွေကိုပါ ရောင်းပါတယ်။ အဲလိုမျိုး ရေအညစ်အပတ်တွေနဲ့ပက်လိုက်ခြင်းကြောင့် ဆိုင်ရှေ့မျက်နှာစာမှာ ဆင်ထားတဲ့ အလှထားအရုပ်မပေါ်က အဝတ်အစားတွေ ညစ်ပတ်ကုန်တတ်ပါတယ်။

တစ်ခါကလည်း ညနေပိုင်းလာယူမယ်ဆိုတဲ့ အချိတ်ဝမ်းဆက်တစ်စုံကို ကျွန်မ အပြေးအလွှားပြန်ပြေးလျှော်ပြီး နေပူထဲ ငုတ်တုတ်ထိုင်စောင့်လှန်းလိုက်ရပါသေးတယ်။ စီးကွင့်ချ်တွေ အများကြီးနဲ့မို့ ဇင်မာအေးကို ပေးမလျှော်ခိုင်းရဲခဲ့ပါဘူး။ ဖြစ်ချင်တော့ အဲဒီအချိတ်ဝမ်းဆက်က အနက်ခံပေါ် အဖြူဖောက်။ ပိုးချည်ပါထိုးထားတော့ ဈေးကြီးကြီး။ လာချုပ်တဲ့ ဖောက်သည်အမျိုးသမီးက စီးပွားရေးလုပ်ငန်းရှင်။ အတိအကျ။

လားရှိုးမြို့ရဲ့ နေရောင်၊ ရာသီဥတု စသဖြင့် တစ်နေ့ခင်းလေးနဲ့တော့ ထိုဝမ်းဆက် ဘယ်လိုမှ ပြန်မခြောက်နိုင်ပါဘူး။ ကံကောင်းသွားတာက ထိုအမျိုးသမီးက နေပြည်တော် အစည်းအဝေးဆိုပြီး ချက်ချင်းထွက်သွားရတာမို့ ခရီးကနေပြန်ရောက်မှပဲ လာယူတော့မယ်တဲ့။

ကျွန်မမှာ ဒေါသကြောင့် မစားနိုင်၊ မအိပ်နိုင်။ မမကြီးက သူများအကုသိုလ်ကို ဝေမျှမယူဖို့ ပြောနေပေမယ့် မဖြေနိုင်ပါဘူး။ ဘာလို့များ အဲဒီလောက်ထိ ဒီမိန်းမနှစ်ယောက် ယုတ်မာကြပါလိမ့်ပေါ့။ ရန်ဖြစ်ပြန်တော့လည်း သူတို့နဲ့ တစ်တန်းတစ်စားတည်းထင်ပြီး ဝမ်းသာသွားကြတော့မှာ။ အဲလိုဖြစ်အောင်ပဲ လုပ်နေတာလားမသိ။

ဆိုင်ခန်းချင်းကပ်နေတာမို့ မမြင်ချင်ယောင်၊ မကြားချင်ယောင်ဆောင်ပြီး နေပြန်တော့ သူတို့ကို မှတ္တူမတန်လုပ်တာလို့ ထင်နေပါလိမ့်မယ်။ 'ရန်ကုန်သူတွေကအကြွား။ အလကားဟာတွေပါ'ဆိုတဲ့ စကားမျိုးကတော့ နေ့စဉ်ကြားနေရတဲ့စကား။

ကျွန်မတို့ညီအစ်မမှာ မိဘတွေမရှိတော့ပါဘူး။ ရန်ကုန်ကအိမ်ကို အိမ်ငှားတင်ပြီး လားရှိုးမှာ စီးပွားလာရှာကြတာပါ။ တတ်ထားကြတဲ့ ပညာကလည်း အင်္ကျီချုပ်တာဆိုတော့ အပ်ချုပ်ဆိုင်နဲ့ ရိုးရာချည်ထည်လေးပါ တွဲဖက်ရောင်းချလိုက်ပါတယ်။

လားရှိုးကို ဘယ်လိုရောက်လာရလဲဆိုတော့ အသိမိတ်ဆွေအစ်မတစ်ယောက်က ဖုန်းဆက်တယ်။ သူ့ဆိုင်နေရာလေးကောင်းတယ်၊ လားရှိုးကိုလာလေ့လာပြီး လုပ်ကိုင်စားကြည့်ပါလားဆိုတော့ မိဘမရှိတော့တဲ့ ကျွန်မတို့ ညီအစ်မမှာ ရေကြည်ရာ၊ မြက်နုရာ။

အဲဒီအစ်မက အလှကုန်ရောင်းတာပါ။ ဇာတိမြေဖြစ်တဲ့ နမ့်ခမ်းကိုပြန်မယ်ဆိုတော့ အဲဒီဆိုင်ခန်းကို ကျွန်မတို့ညီအစ်မက လွှဲယူငှားရမ်းလိုက်တာပါ။ သူလည်း နံရံတစ်ချပ်ခြားမို့ အတော်လေးသည်းခံနေထိုင်ရတယ်ဆိုပါတယ်။ တိုင်းရင်းသူမို့

www.burmeseclassic.com



စကားသံဝဲပါတယ်။

ဆိုင်ခန်းက ဆယ်ပေ၊ ပေသုံးဆယ်အရှည်ဆိုတော့ အနောက်ခန်းကို အိပ်ခန်းနဲ့ မီးဖိုချောင်ဖွဲ့ပြီး အရှေ့မှာတော့ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ဒီလိုပဲ ဈေးဆိုင်တစ်ဆိုင်ဖြစ်အောင် ဖွဲ့တည်ထားရတာပါ။ ဆိုင်ပိုင်ရှင်အဘွားကလည်း ကျွန်မတို့ညီအစ်မကို ခင်မင်ရှာပါတယ်။

အဲဒီမှာ စတွေ့တာက ဆိုင်ခန်းနံရံခြားကပ်လျက် ငါးခန်းပါ။ အခြားသုံးခန်းက ဆေးဆိုင်၊ ကုန်ခြောက်ဆိုင်နဲ့ ရွှမ်းခေါက်ဆွဲဆိုင်ပါ။ အဲဒီသုံးခန်းက ဘာမှမဖြစ်ဘဲ ဒီဘက်အခန်းတစ်ခန်းကသာ အလော့်အညော့်တွေ ချက်ပြုတ်လိုက်၊ ကွမ်းယာလာဝယ်သူတွေနဲ့ နာရက်စရာစကားတွေ ပြောလိုက်နဲ့ပါ။

သူတို့က ညီအစ်မအရင်း လဲ့လဲ့ချိုနဲ့ သင်းသင်းချိုလို့ ဆိုင်ရှင်အဘွားပြောပြလို့ သိရပေမယ့် ကျွန်မတို့ညီအစ်မက အရောမဝင်တော့ ဘယ်ဇာတိ၊ ဘယ်ဒေသကမှန်း မသိပါဘူး။ ကျွန်မတို့ ညီအစ်မအကြောင်းကိုတော့ တိတ်တဆိတ်စုံစမ်းနေပုံရပါတယ်။ သူတို့ရောင်းတာက ကွမ်းရွက်၊ ကွမ်းယာပစ္စည်းအပြင် ကွမ်းယာခုံပါ ပါတာမို့ သူတို့ဆိုင်မှာ လူအမြဲစည်ပြီး ကွမ်းယာဝယ်စားသူတွေနဲ့ အမြဲလိုလို ဆူညံနေတတ်ပါတယ်။

မိန်းကလေးတွေ ကွမ်းယာစားတာကို ကျွန်မ မကြိုက်ပေမယ့် သူ့ဝါသနာ၊ သူ့စရိုက်၊ သူ့အကြိုက်မို့ ဘယ်လိုမှ ဝေဖန်စွက်ဖက်ခွင့် ကျွန်မမှာ မရှိပါ။ ကျွန်မ နားလည်တာက ကွမ်းယာကို မိန်းကလေးတွေစားတာ မသင့်တော်ဘူး။ မျက်နှာအလှလည်းပျက်တယ်၊ ကွမ်းယာထဲမှာပါတဲ့ နှပ်ဆေးတွေ၊ ကွမ်းသီးတွေမှာ ဓာတုဗေဒတွေပါတာမို့ ပါးစောင်ကင်ဆာဖြစ်မယ်။ ဒီလောက်ပါပဲ။ မှိုသတ်ဆေးတွေလည်း ပါသေးရဲ့။

ကျွန်မတို့ညီအစ်မရဲ့ အဝတ်တွေလာလျှော်ဖို့ ဆိုင်ခန်းပိုင်ရှင်အဘွားကို စကားစပ်မိတုန်းက ကွမ်းစားတဲ့မိန်းကလေး မလိုချင်ဘူးနော်လို့ပြောပြီး ငှားရတာပါ။ မတော်လို့ ကွမ်းဝါးရင်း မီးပူတိုက်တဲ့အခါ အဝတ်အစားတွေပေါ် ကွမ်းယာဖတ်တွေ ပြုတ်ကျတဲ့အခါ၊ ဒါမှမဟုတ် ကွမ်းသွေးတွေ စွန်းပေကျံခဲ့ရင်ဆိုတဲ့သဘောမျိုးပါ။ မီးဆိုတာ မလောင်ခင်ကတည်းက တားထားမှ ဖြစ်မှာမဟုတ်လား။

ကံကောင်းစွာနဲ့ ဇင်မာအေးကို ရလိုက်ပါတယ်။ ရပ်ကွက်ထဲမှာ ဈေးခပ်ပေါပေါအိမ်ခန်းလေး ငှားနေရပြီး သားယောကျ်ားလေး နှစ်ယောက်ရှိတယ်။ အေးဆေးတယ်၊ အဝတ်လျှော်တာပြောင်တယ်။ ဒီလောက်နဲ့ပဲ ဇင်မာအေးကို အဝတ်လျှော်အကူအညီတောင်းခဲ့တာ တစ်နှစ်ကျော်ခဲ့ပါပြီ။

သို့သော်လည်း ရပ်ကွက်(၈)၊ မန်ဆူဈေးထဲ ဈေးလာဝယ်ရင်းနဲ့ လမ်းမတန်းပေါ်က ကျွန်မတို့ဆိုင်ကို ဝင်လာလည်တိုင်း အစောင်းမြောင်းခံရတာ ဇင်မာအေးပါ။ တကယ်တော့ လဲ့လဲ့ချိုတို့ညီအစ်မ ဥပမိရပ်ရည်ထက် ဇင်မာအေးက သာလွန်ပြီး ကြည့်ကောင်းပါသေးတယ်။

ကနဦး အကြောင်းမသိခင်ကတော့ ကျွန်မတို့ညီအစ်မမှာ လဲ့လဲ့ချိုတို့ညီအစ်မပြောတိုင်း နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



မိသေးတာပါ။ ကျွန်မတို့ညီအစ်မဆီ အဝတ်အစားတွေလျှော်ဖို့ လာယူ တဲ့ ဇင်မာအေးကိုမြင်တော့ လဲ့လဲ့ ချိုတို့ညီအစ်မ ကျွန်မတို့ဆိုင်ထဲဝင် လာပါတယ်။

"အစ်မတို့ သတိထားနော်၊ အဲ ဒီတစ်ယောက်က အကျင့်စာရိတ္တ မကောင်းဘူး၊ စကားလည်းရှုပ် တယ်၊ တော်ကြာ အစ်မတို့ အဖိုး တန်အဝတ်အစားတွေ ပျောက်ကုန် ဦးမယ်"

သူတို့စကားကို ကျွန်မက လက်ခံထားပြီး ဇင်မာအေးအခြေ အနေကို စောင့်ကြည့်စုံစမ်းရပါ တော့တယ်။ အဝတ်အထည်ကိစ္စနဲ့ ပတ်သက်ပြီး ဇင်မာအေးမှာ နာမည် ပျက်မရှိတဲ့အပြင် အဝတ်လျှော်တာ စေတနာပါတယ်လို့ နာမည်ကောင်း လက်မှတ်ရရှိထားသူမို့ လဲ့လဲ့ချိုနဲ့ သင်းသင်းချိုတို့က ဘာကြောင့်များ ဇင်မာအေးရဲ့ မကောင်းကြောင်း ပြောတာလဲလို့ ကျွန်မတို့ စဉ်းစားရ ပါပြီ။

ကျွန်မတို့ညီအစ်မက ဇင်မာ အေးအပေါ် အခင်အမင်မပျက်နေ တော့ လဲ့လဲ့ချိုတို့က တစ်မျိုးထပ် ကြံကြံဖန်ဖန်တွေပါတယ်။ ဇင်မာအေး လာတာကိုမြင်တိုင်း ဂျာနယ်မ၊ ဂျာ နယ်မတဲ့။ ဘာလဲ ဂျာနယ်မဆိုတာ။ ကျွန်မ စိတ်ဝင်စားသွားမိပါပြီ။ ကျွန်မက စာဆိုရင် ဂျာနယ်ကအစ သမ္မတဆယ်စောင်တွဲအထိ ဖတ် တတ်သူပါ။ ညနေမိုးချုပ် ဆိုင်သိမ်း လို့ ဘုရားဝတ်ပြုချိန်မှာတောင် တစ်ဖက်အခန်းနံရံကို တဒုန်းဒုန်းထု တာတို့၊ ဘုရားတရားကို အာရုံမပြု နိုင်အောင် စောင်းမြောင်းပြောဆိုနေ တာတွေဟာ အနေကြာလာတော့ လည်း ကျွန်မတို့ကို ချော့သိပ်နေ သလိုပါပဲ။

"ဇင်မာအေးက ဂျာနယ်မဆို တာကို တစ်ရပ်ကွက်လုံးသိအောင် ပြောလိုက်ရင် ဘယ့်နှယ့်နေမလဲ မသိဘူးနော်"

"အို.....ညီမလေးကလည်း။ ဒီကောင်မ လားရှိုးကနေ လွှင့်ထွက် သွားမှာပေါ့၊ ပြီးတော့ သူ့ယောကျ်ား သာ သိသွားရင်လေ.....အ[illegible] ဟင်း.....ပွဲကြီးပွဲကောင်းပဲ"

ကျွန်မ သက်ပြင်း[illegible]ချလိုက် မိပါတယ်။ ဒီလို[illegible]ားမျိုး ပြောခြင်း

**အညံ့အဖျင်း**
**စကားတွေကို**
**လူတကာသိအောင်**
**ကြေညာ**
**ပြောဆိုရတာလောက်**
**စိတ်ဓာတ်**
**အောက်တန်းကျတာ**
**မရှိပါဘူး။**
**သူများအကျိုး**
**ပျက်စီးရာ**
**ပျက်စီးကြောင်းကို**
**မပြောနဲ့၊**
**မလုပ်နဲ့၊**
**မကြံနဲ့ဆိုတာကို...**



www.burmeseclassic.com

ဘာ လဲ့လဲ့ချိုတို့က ကိုယ့်အဆင့်အတန်းကို ကိုယ်တိုင်ပဲ ဖွင့်လှစ်ပြလိုက်သလိုပါ။ သူတို့နေရာမှာ ကျွန်မသာဆိုရင်တော့ ဇင်မာအေး မကောင်းဘူးဆိုရင် မဆက်ဆံ၊ မပေါင်းသင်းရုံပါပဲ။

အညံ့အဖျင်းစကားတွေကို လူတကာသိအောင် ကြေညာပြောဆိုရတာလောက် စိတ်ဓာတ်အောက်တန်းကျတာ မရှိပါဘူး။ သူများအကျိုးပျက်စီးရာ ပျက်စီးကြောင်းကို မပြောနဲ့၊ မလုပ်နဲ့၊ မကြံနဲ့ဆိုတာကို အမြဲတမ်းလိုလို ကျွန်မ နှလုံးသွင်းဆင်ခြင်မိပါတယ်။

ဂျာနယ်မဆိုတဲ့ စကားတွေအတွက် အမှန်တရားတစ်ခု သိရမှုဖြစ်ပါတော့မယ်။ ကာယကံရှင်ဖြစ်တဲ့ ဇင်မာအေးကို တိုက်ရိုက်မေးမှသာ ၁၀၀ ရာခိုင်နှုန်း မှန်မှာပေါ့လေဆိုပြီး ဇင်မာအေးကို အေးချမ်းတိတ်ဆိတ်တဲ့ မြေအိုးမြို့ရှည်ဆိုင်ထဲခေါ်ပြီး မေးရပါတော့တယ်။

"တို့ကလည်း ဇင်မာအေးကို ညီမလေးလို သံယောဇဉ်ဖြစ်မိတော့ တစ်ဖက်အခန်းကနေ ဂျာနယ်မလို့ ပြောဆိုနေတာကို နားမခံသာဘူးပေါ့ကွယ်၊ အဲဒီဂျာနယ်မဆိုတာ ဘာကိုရည်ညွှန်းတာလဲ၊ ပြောပြပေးနိုင်မလား"

မမကြီးစကားဆုံးတော့ ဇင်မာအေး ငိုပါပြီ။ ကျွန်မက သူ့သားနှစ်ယောက်ကို အခြားစားပွဲဝိုင်းတစ်ဝိုင်းဆီခေါ်ပြီး စားချင်တာတွေ မှာကျွေးရပါတော့တယ်။ ဇင်မာအေး ငိုတာမြင်ရင် ကလေးတွေ ခံစားရမှာစိုးမိလို့ပါ။

"အဲဒီအကြောင်းတွေ သိရရင် ညီမကို အဝတ်တွေ ပေးမလျှော်ခိုင်းတော့ဘူးလားဟင်"

ပြောပြီး ဇင်မာအေး ထပ်ငိုပြန်ပါတယ်။ ပြောမယ့်သာပြောရတာပါ။ ဂုဏ်ဖော်တာတော့မဟုတ်ပါဘူး။ ဇင်မာအေးကို ကျွန်မတို့ပေးတဲ့လခက လူကြားကောင်းရုံတင်လေးပဲရှိတာပါ။ ပေးကျွေးနေတာက လခထက်မနည်းပါဘူး။ ဇင်မာအေးရဲ့ သားလေးနှစ်ယောက်က ရှစ်နှစ်အရွယ်နဲ့ လေးနှစ်အရွယ်ပါ။ ချစ်စရာလည်းကောင်းပါတယ်။

ဇင်မာအေးက အဝတ်လျှော်စားပေမယ့် ကလေးတွေကို သန့်သန့်ပြန့်ပြန့်ထားတာတော့ သဘောကျစရာပါ။ ဇင်မာအေးယောကျ်ားက လက်သမားဆရာနောက်လိုက် လူကြမ်းဆိုတော့ အသောက်အစားလေးတော့ရှိပါတယ်။ ကျွန်မတို့ကိုတော့ ရိုသေရှာပါတယ်။ သူရုတ်တရက် သေသွားခဲ့ရင် ဇင်မာအေးနဲ့ ကလေးနှစ်ယောက်ကို စောင့်ရှောက်ပေးပါလို့ ကျွန်မတို့ညီအစ်မကို တဖွဖွမှာတတ်ပါတယ်။ ဒီလိုနဲ့ပဲ ကျွန်မတို့မှာ ဇင်မာအေးတို့ မိသားစုနဲ့ သံယောဇဉ်တွေ တိုးလာရတော့တာပါ။

"ဇင်မာအေး မပြောချင်ရင် မပြောပါနဲ့လေ၊ ဒါပေမဲ့ သူတို့က ဂျာနယ်မဆိုတာ ဇင်မာအေးရဲ့ ယောကျ်ားကို ပြောမယ်၊ တိုင်မယ်နဲ့လေ"

"ပြောကြပါစေ မမကြီးရယ်၊ ကိုမျိုးဇော်ကို ညီမလေးနဲ့ မယူခင်ကတည်းက အဲဒီအကြောင်းတွေ ပွင့်ပွင့်လင်းလင်း ပြောပြပြီးသားပါ။ ညီမလေး ဝမ်းနည်းတာကလေ ညီမလေးရဲ့ အတိတ်ဆိုးကြောင့် ညီမလေးရဲ့သားနှစ်ယောက် အရှက်ရကြမှာကိုပါ၊ အဟီးဟီး.....အီး"

ဇင်မာအေးကို မမကြီး လက်ကိုင်ပဝါတစ်ထည် ထုတ်ပေးလိုက်ပါတယ်။ မမကြီးက သူ့ဆလင်းဘတ်ခ်ထဲ အရေးပေါ်သုံးရအောင် ပဝါအသေးလေးတွေ ဆောင်ထားတတ်ပါတယ်။ တစ်ခါကလည်း မန္တလေးကို အထည်ဝယ်ထွက်ရင်း ဘုရားကြီးမှာ ဘုရားဖူးတော့ ဘုရားဝင်းထဲ လျှောက်ပြေးဆော့နေတဲ့ ကလေးတစ်ယောက် ချော်လဲပြီး ခေါင်းပေါက်တာ မမကြီးရဲ့ ပဝါတစ်ထည် အသုံးကျခဲ့ပါတယ်။

"ကဲ.....ဒီမှာပြောမနေနဲ့တော့၊ အိမ်ကိုပဲသွားရအောင်၊ ငိုလည်းမငိုနဲ့တော့၊ ဒါနဲ့ အဲဒီဂျာနယ်ရှိသေးလား"

"ဟုတ်.....ဟုတ်ကဲ့ မမကြီး"

မြေအိုးမြို့ရှည်ဆိုင်ကနေ ဇင်မာအေးငှားနေတဲ့ အိမ်တန်းလျားဆီ ထွက်ခဲ့ကြပါတယ်။ တစ်ရပ်တစ်ရွာမှာ လာရောက်လုပ်ကိုင် စီးပွားရှာကြသူတွေအတွက် ရေကြည်ရာ၊ မြက်နုရာအဖြစ် ဒီလိုအိမ်ခန်းလေးတွေ ငှားဖြစ်နေထိုင်နိုင်တာကိုပဲ အိမ်ရှင်တွေကို ကျေးဇူးတင်ရမလိုပါ။

"ရေနံမြေအလုပ်သမားတွေရဲ့ ကိုလိုနီခေတ်က ဆယ်ပေမောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



**ဒီလူကြီးက ထောင်ကလွတ်ပြီဆိုတော့ လားရှိုးမှာရှိတဲ့ သူ့သမီးနှစ်ယောက်ဆီကို လာမှာပဲလေ၊ သူ့သမီးနှစ်ယောက်ကလည်း ရောဝတီတိုင်းဒေသကြီးက နေရပ်မှာ ရှက်လွန်းလို့၊ တစ်နည်းအားဖြင့် သူတို့ကိုယူမယ့် ယောကျ်ားလေးတွေမရှိလို့...**

---

အခန်းကျဉ်းလေးတွေကို သတိရလိုက်တာ မမကြီးရယ်''

ကျွန်မ လွမ်းလွမ်းဆွတ်ဆွတ်နဲ့ ယောင်ချာချာ ပြောမိတော့ မမကြီးက နင် အဲဒီအချိန်တုန်းက မွေးပြီမို့လားတဲ့လေ။

''ညီမက သုံးတန်းအထိပဲ ကျောင်းနေခဲ့ရတာမို့ မမကြီးတို့လို အသိဉာဏ်မကြွယ်ပါဘူး''

ပြောပြီး ..ဇင်မာအေး သံသေတ္တာတစ်လုံးကို ဖွင့်လိုက်တယ်။ မီးပူတိုက်ပြီးသား အဝတ်ခေါက်လေးတွေကို ကြမ်းပြင်ပေါ် ပုံစံမပျက်အောင် အသာအယာချရင်း ပရုတ်လုံးနဲ့ သင်းပျံ့နေတဲ့ ဂျာနယ်တစ်စောင် အခေါက်လိုက်အတိုင်း ယူထုတ်ပြပါတယ်။ ခုနှစ်၊ သက္ကရာဇ်ကိုကြည့်လိုက်တော့ လွန်ခဲ့သောဆယ်နှစ်စွန်းစွန်းကဂျာနယ်။

''အဲဒီတုန်းက ကျွန်မ ဘာမှနားမလည်သေးပါဘူး မမကြီးရယ်၊ အိမ်က မောင်လေး၊ ညီမလေးတွေအတွက် စပါးစိုက်၊ ကောက်ရိတ်လိုက်နေရတာပါ၊ ရွာထဲကလူတွေ သက်သေရှိပါသေးတယ်၊ အဲဒီလူကြီးမှာလေ ညီမအရွယ် သမီးပျိုနှစ်ယောက်ရှိပါလျက်နဲ့ သမီးချင်းကိုယ်ချင်းမစာနာဘဲနဲ့...အဟီး.... ဟီးအီး.....''

''ဟယ်.....ဇင်မာအေး မငိုနဲ့လေ၊ တခြားအခန်းတွေက ကပ်နေတာကို ကြားကုန်တော့ ဘယ်ကောင်းပါ့မလဲ၊ ဒီဂျာနယ်ကိစ္စကို မေ့ပစ်လိုက်''

''ညီမက မေ့ထားတာပါ၊ ဒီဂျာနယ်ကိုတောင် မီးရှို့ပစ်မလို့၊ ဒါပေမဲ့ အမှုလိုက်ပေးခဲ့တဲ့ ရှေ့နေကြီးက ညီမရဲ့ဘဝအတွက် လိုအပ်တာရှိရင် အသုံးလိုတတ်တယ်ဆိုတာနဲ့ ဒီဂျာနယ်ကိုလာပေးပြီး သိမ်းခိုင်းထားတာပါ''

''အေးပါအေ၊ တို့မှာလည်း ဇင်မာအေးအတွက် ဒေါသဖြစ်ရလွန်းလို့ပါ၊ အမှန်တရားတစ်ခုရှိနေတော့ နေထိုင်ရတာ စိတ်လုံတာပေါ့''

မမကြီးတစ်ယောက် ဂျာနယ်ကို ဆုပ်ကိုင်ထားပြီး ပြုံးလိုက်တဲ့ အပြုံးတစ်ခုဟာ လင်းလက်လှပလို့လေ။

+++

ထုံးစံအတိုင်း မနက်မိုးလင်းခဲ့ ပြန်တော့ ဆိုင်ဖွင့်ပြီး အဆာပြေ စားသောက်ဖို့ စီစဉ်ရပါတယ်။ ကော် ဗီဖျော်ထားပြီး အအေးခံထားတုန်း ဘုရားပန်းအိုး ရေလဲဖို့ ဆိုင်အရှေ့ က ရေပုံးရှိရာ ကျွန်မ လျှောက် သွားလိုက်ပါတယ်။

ဖျစ်ခနဲအသံနဲ့အတူ ကျွန်မရဲ့ ဘယ်ဘက်ခြေထောက်၊ ဖိနပ်၊ လုံ ချည်အနားစတွေမှာ ကွမ်းသွေးတွေ ညစ်ပတ်သွားရပါတော့တယ်။ ကွမ်း ယာစားသူတွေတိုင်း တာဝန်ယူသင့် တာက ကွမ်းသွေးကိစ္စပါ။ စည်း ကမ်းမဲ့မဲ့ ကွမ်းသွေးထွေးတတ်သူ တွေကြောင့် အများပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်ကြရတာ ပါ။

www.burmeseclassic.com



ခြေထောက်ညစ်ပတ်သွားရတဲ့ ကျွန်မမှာ ရွှတ်လက်စ ဂုဏ်တော် ကွန်ချာတောင်မှ ဘယ်ရောက်မှန်း မသိရတော့အောင် စိတ်ပျက်သွား မိပါတယ်။ ဘုရားပန်းအိုး မနက် တိုင်းရေလဲနေကျအချိန်ကိုစောင့်ပြီး လဲ့လဲ့ချို ရန်စလိုက်တာပါ။ ကျွန်မ ကြည့်လိုက်တော့ အောင်နိုင်သူကြီး တွေပမာ သူတို့ညီအစ်မတွေ ရယ် မောလို့။ သူတို့နဲ့ တုဖက်ပြိုင်ပြီး ရန်ဖြစ်ဖို့သတ္တိ ကျွန်မမှာ မရှိပါဘူး။

ကျွန်မ ဒေါသတွေကို ချုပ် တည်းပြီး မမကြီးဆီကို ဘုရားပန်း အိုး ရေလဲပြီး လှမ်းပေးလိုက်ပါ တယ်။ မမကြီးကတော့ ဘာမှပြော မနေနဲ့ အသာနေဆိုတော့ ကျွန်မ ရဲ့ခြေထောက်တွေကို ရေစင်နေ အောင်ဆေးပြီး လုံချည်တစ်ထည် ပြန်လဲရပါတယ်။ ချည်ထဘီလုံချည် သားတွေဟာ ကွမ်းသွေးစွန်းရင် ချွတ်ရခက်ပါတယ်။ သွားပြီပေါ့ လုံ ချည်တစ်ထည်ဆိုပြီး ကျွန်မ စိတ် မကောင်းနိုင်ပါ။

"ညီမလေးရေ တို့ဆိုင်ရှေ့က ဓာတ်တိုင်မှာ ဟောဒီဗီနိုင်း ချိတ်ဆွဲ ထားဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အကြောင်းကြားကြရအောင်"

မမကြီးက ပြောရင်းနဲ့ ဆိုင် ရှေ့ကဓာတ်တိုင်မှာ ဗီနိုင်းချိတ်ဖို့ အတွက် ဗီနိုင်းကို ဖွင့်ချလိုက်ပါ တယ်။

"ဘာဗီနိုင်းလဲ မမကြီးရဲ့၊ အကြီးကြီးပါလား"

"ဘာဗီနိုင်းရမလဲ ညီမလေး ... လွန်ခဲ့တဲ့ ဆယ်နှစ်စွန်းစွန်းက ရောဝတီတိုင်းဒေသကြီးမှာ မိ ကောင်းဖခင် သမီးပျိုလေးကို မတော်မတရား ကြံခဲ့တဲ့သူပေါ့၊ သမီးပျိုလေးနှစ်ယောက် မွေးထား တာတောင် သူများရဲ့သမီးပျိုလေး ရဲ့ အညွန့်ကို ချိုးရက်တယ်လေ၊ အဲ ဒီအခါတုန်းက မှုခင်းဂျာနယ်တစ် စောင်ရဲ့ မျက်နှာဖုံးမှာ ဓာတ်ပုံနဲ့ တကွ သတင်းအပြည့်အစုံ အကျယ် တဝင့် ပါခဲ့တာလေ"

"ဟယ်.....သမီးချင်းမစာနာ၊ ဒါနဲ့ မမကြီးကလည်း ရောဝတီတိုင်း ဒေသကြီးမှာ လွန်ခဲ့တဲ့ ဆယ်နှစ် ကျော်ကကိစ္စက အခုလားရှိုးမြို့နဲ့ ဘာဆိုင်လို့လဲ"

"ထောင်ခုနစ်နှစ်ကျနေစဉ်မှာ အဲဒီလူယုတ်မာရဲ့ သမီးနှစ်ယောက် က လားရှိုးမြို့ကို ရောက်လာကြ တယ်တဲ့"

"အဲဒီတော့....."

ကျွန်မတို့ညီအစ်မရဲ့အသံ ကြောင့် အနီးပတ်ဝန်းကျင်က ရှမ်း ခေါက်ဆွဲဆိုင်၊ ကုန်စုံဆိုင်ကလူတွေ ထွက်လာကြပြီး ဗီနိုင်းကို ဝိုင်းအုံ ကြည့်ကြပါတယ်။

လဲ့လဲ့ချိုနဲ့ သင်းသင်းချိုတို့ ညီ အစ်မရဲ့မျက်နှာ တစ်ချက်ပျက်သွား တာမြင်တော့ မမကြီးလက်ထဲက ဗီ နိုင်းကို ကျွန်မ လှမ်းယူပြီး လက် ထဲကနေ အများမြင်သာအောင် ထပ် မြှောက်ပြလိုက်ပါတယ်။

"သမီးသည်မိခင်၊ ဖခင်တွေ မြင်ထားကြမှဖြစ်မယ်၊ အခု ဒီလူ ကြီးက ထောင်ကလွတ်ပြီဆိုတော့ လားရှိုးမှာရှိတဲ့ သူ့သမီးနှစ်ယောက် ဆီကို လာမှာပဲလေ၊ သူ့သမီးနှစ် ယောက်ကလည်း ရောဝတီတိုင်း ဒေသကြီးက နေရပ်မှာ ရှက်လွန်း လို့၊ တစ်နည်းအားဖြင့် သူတို့ကိုယူ မယ့် ယောကျာ်းလေးတွေမရှိလို့ အခု လားရှိုးမှာ ဓာတ်မြှုပ်ပြီး ကွမ်းယာ ဆိုင်လာဖွင့်တယ်ကြားတယ်၊ အမှန် တရားဆိုတာ သူ့အလိုလို ရှိနေပြီး သားပဲလေ၊ ဖုံးကွယ်မှုဆိုတာ ခဏ ပဲရမှာပေါ့"

လဲ့လဲ့ချို ထိုင်ရာကထလာပြီး ကျွန်မလက်ထဲကဗီနိုင်းကို မယောင် မလည် လာကြည့်နေပါပြီ။ တစ်ခု ခုကို ပြောချင်နေဟန် နှုတ်ခမ်း တပြင်ပြင်နဲ့။ ကျွန်မအနားကိုတော့ မကပ်ရဲပါဘူး။ ဘာပြောမှာလဲ လဲ့ လဲ့ချို။ ဒီလူအုပ်ကြီးကို ဘယ်လို မှုသာဝါဒနဲ့ ရှင်းပြမှာတဲ့လဲ။ ပြော လိုက်စမ်းပါကွယ်။ ဇင်မာအေးကို ပြောခဲ့တုန်းကလိုပေါ့။

ပက်လက်လှန်အိပ်ပြီး တံတွေး ထွေးလိုက်ရင် အဲဒီတံတွေးက ဘယ် ကိုကျသွားမှာတဲ့လဲ။ ကိုယ်ချင်းစာ ကြည့်လိုက်ပါ။ ဇင်မာအေးက ပြည် ဖုံးကားချထားခဲ့တဲ့ အတိတ်က အရိပ်ဆိုးကို လဲ့လဲ့ချိုတို့ညီအစ်မက ဖော်ကောင်လုပ်ခဲ့သလား။ ဒါဖြင့် ဇင်မာအေးအပေါ်မှာ ပုဒ်မ(၃၇၆) အမှု ကျူးလွန်ခဲ့တဲ့ တရားခံက ဘယ်သူလဲ။

"အင်း.....ဘာပဲဖြစ်ဖြစ် သတိ ထားရမယ် မမကြီးရေ၊ ညီမတို့က မိန်းမသားနှစ်ယောက်တည်းမဟုတ် လား၊ နာမည်ပျက်လည်းရှိပြီးသား၊ ထောင်ထွက်ကလည်းဖြစ်ပြန်၊ ရော

www.burmeseclassic.com



ဝတီတိုင်းဒေသကြီးကိုပြန်ရင် မကျေနပ်တဲ့လူတွေက သတ်မှာစိုးတာနဲ့ သူ့သမီးတွေ အခုရှိတဲ့ လားရှိုးကို ရောက်လာနိုင်တယ်လေ၊ သတိတော့ထားမှ”

တကယ်တော့ တရားခံက ထောင်ထဲမှာပဲ ရောဂါတစ်ခုနဲ့သေဆုံးသွားခဲ့ပြီလို့ ဇင်မာအေးပြောပြခဲ့လို့ ကျွန်မတို့ သိခဲ့ရပြီးပါပြီ။

“တော်သေးတာပေါ့၊ သွယ်သွယ်နဲ့ နွယ်နွယ်တို့ညီအစ်မ ဗီနိုင်းပြထားမှ လူဆိုးလူကောင်း သိရတော့တာ၊ ဘုရား.....ဘုရား”

သမီးပျိုမိခင်တွေမှာ ရင်တမမ။ ပတ်ဝန်းကျင်ကလူတွေအားလုံး ဟာနဲ့ ဟင်ခနဲ။ ကျွန်မလက်ထဲက ဂျာနယ်ထဲကဓာတ်ပုံကို ပြန်ကူးထားတဲ့ ဗီနိုင်းကို တစ်ယောက်တစ်လှည့် ဝိုင်းကြည့်ကြပါတယ်။

မလုပ်ချင်ပါဘူး။ ကျွန်မကိစ္စလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဇင်မာအေးနဲ့ပတ်သက်ပြီး ကျွန်မတို့ကို ပါထိခိုက်လာပြီမဟုတ်လား။ ကံ ကံ၏အကျိုးဆိုတာ ရှိပါတယ်။

ခဏနေတော့ လှဲ့လှဲ့ချိုကောသင်းသင်းချိုပါ ဆိုင်ခန်းထဲပြေးဝင်သွားတာကို တွေ့လိုက်တဲ့နောက် တစ်နေ့လုံး သူတို့ကွမ်းယာဆိုင်ဘက်မှာ တိတ်ဆိတ်နေလိုက်တာလေ။ တံခါးပိတ်ပြီးထွက်သွားလိုက်၊ ဝင်လာလိုက်နဲ့။ သူတို့ရာဇဝင်နောက်ကြောင်းတွေ ပေါ်လာတဲ့ အပြင် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က သူတို့အဖေရဲ့ဓာတ်ပုံကိုပါ ဗီနိုင်းထုတ်ပြခဲ့တဲ့ ကျွန်မတို့ညီအစ်မကို ဘယ်လိုငြိုးတေးမလဲရယ်လို့ ကျွန်မမှာ ရင်တထိတ်ထိတ်။

ယုံကြည်ပြီးသားပါ။ ကျွန်မကတော့ လာမယ့်ဘေး ပြေးတွေ့လိုက်မှာပါပဲ။ သူတို့ညီအစ်မ ဘာတွေထပ်ပြီး ကောက်ကျစ်မလဲ။ ကောက်ကျစ်လိုက်ပါလေ။

+++

ပြောတော့ နံရံတစ်ချပ်ခြား။ သက်ရောက်မှုက အများကြီးပါ။ လှဲ့လှဲ့ချိုတို့ညီအစ်မ ပြောင်းသွားတော့ ကျွန်မတို့ကြောင့်များလားဆိုပြီး မလုံမလဲ ဖြစ်ခဲ့ရသေးတာပါ။

ညစဉ် ဘုရားဝတ်ပြုတိုင်း စောင်းမြောင်းသံတွေ မကြားရလို့ ပျင်းတောင်ပျင်းနေရသေးတာပါ။ မေ့သွားတာက အဲဒီဗီနိုင်းကြီးကို အဲဒီညက ဓာတ်တိုင်ကနေ ဖြုတ်သိမ်းရမှာကို မေ့သွားခဲ့လို့ ဘယ်သူတွေဖြုတ်ယူသွားမှန်း မသိခဲ့ရတာ။

ဇင်မာအေးလည်း တည်တည်ငြိမ်ငြိမ်နဲ့ ကျွန်မတို့ညီအစ်မကို ကျေးဇူးတင်ကြောင်း အခါခါပြောလေတိုင်း ကျွန်မမှာ အပြုံးတုနဲ့ ဟန်ဆောင်နေရတာ။ လှဲ့လှဲ့ချိုတို့ညီအစ်မ ဘယ်နေရာပြောင်းသွားမှန်းလည်း မသိပါဘူး။

ဟင်း.....တစ်ဖက်အခန်းက နံရံတစ်ချပ်ခြားဆိုင်ခန်းကို ဘယ်လိုလူတွေ ပြောင်းလာကြမှာပါလိမ့်။

နှင်းခက် (လားရှိုး)



www.burmeseclassic.com

www.burmeseclassic.com




# ရှင်လွှမ်းမယ်

အိပ်တန်းတက်ငှက်တို့အပြန်

www.burmeseclassic.com

www.burmeseclassic.com

အစ.....

ကားပေါ်မှအဆင်း ရွာသို့အဝင် ခြေလှမ်းတို့သည် သိသိသာသာနှေး သွားသည်။ နောက်ဆုံး ဆက် လျှောက်လို့မရသော ခြေလှမ်းတို့ သည် တုံ့ခနဲရပ်တန့်သွားသည်။ ဤ ရွာမှ ထွက်သွားတုန်းက တက်ကြွ သော လူငယ်နှစ်ယောက် အပြုံး ပန်းတဝေဝေနှင့်။ အခုတော့ တစ် ယောက်ပဲပြန်ရောက်လာနိုင်ကာ မျက်ရည်တဝေဝေ၊ သောကအဖြာ ဖြာနှင့်။ နေဝင်အိပ်တန်းတက် ငှက် တို့၏ အပြန်ခရီးက မလှပပါလား။

ဒီအချိန်ဆို မြဝတ်ရည်တစ် ယောက် သူ့အိမ်ဖြစ်သော အညာ ဒေသ ရွာလေးတစ်ရွာသို့ သက် ဆိုင်ရာက လိုက်ပို့သဖြင့် နေရပ်သို့ ရောက်လောက်ပြီ။ သူမကတော့...

+++

"အား.....အမေရေ ကယ်ပါ ဦး"

ဆယ်ပေပတ်လည်အခန်းထဲ၌ အမျိုးသမီးတစ်သိုက်ကတော့ အော် ဟစ်ညည်းညူနေသော မိန်းကလေး အတွက် ဘာလုပ်၍ လုပ်ရမှန်းမသိ တော့။ အော်ဟစ်နေသော မိန်း ကလေး၏ ခန္ဓာကိုယ်အောက်ပိုင်း၌ သွေးများမြင်မကောင်းအောင်ဆင်း နေသည်။ မကြာခဏ လဲပေးထား ရသော လုံချည်မှာလည်း ခဏတာ သာဖြစ်သည်။ မိန်းကလေးမှာ အမေ ရေ.....အဘရေအော်သံနှင့် ညှစ် လိုက်လျှင် ရေပုံးထဲမှရေများ သွန် ချသကဲ့သို့ သွေးများဟောခနဲဆင်း နေသည်။

"အား ကျွန်မကို ကယ်ကြပါ ဦး။ နာလိုက်တာ"

အိပ်ရာထက်မှ မိန်းမပျိုလေး က အိပ်ရာခင်းစကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ပြောနေသော်လည်း ဘေးနားက မိန်းမသားအချို့မှာ ဘာ လုပ်လို့ဘာကိုင်ရမှန်းမသိ။ သေချာ တာတစ်ခုကတော့ ဤအခြေအနေ ရောက်မှတော့ သူတို့လုပ်နိုင်တာ ဘာမှမရှိတော့ချေ။

သွေးသွန်တာများနေပြီမို့ မိန်းမပျိုလေးမှာ တဖြည်းဖြည်း ဖြူ ဖျော့ကာ အော်သံများမှာလည်း အားမရှိတော့။ သူနောက်ဆုံး အား ယူအော်နေမိတာကတော့.....

"ကျွန်မကို ဆေးရုံပို့ပေးကြပါ။ ကျွန်မ မခံနိုင်တော့ဘူး။ မမကြီး ရယ် ကျွန်မကို ဆေးရုံပို့ပေးပါနော်"

"မမကြီး စံပယ်ဖူးကို ဆေးရုံ ပို့ကြရအောင် မမကြီးရယ်"

မျက်နှာကို မိတ်ကပ်ရောင်စုံ ခြယ်၍ ဆံပင်များကို တွန့်လိမ် ကောက်ကွေးအောင် ကောက်ထား သော မြဝတ်ရည်သည် အသနား ခံသည့်မျက်နှာဖြင့် မမကြီးဆိုသူကို တောင်းဆိုလိုက်သည်။ သို့သော် မမကြီးဆိုသူသည် စံပယ်ဖူးကို သနားသလို တစ်ချက်ကြည့်လိုက် သော်လည်း.....

"ဘယ်ဖြစ်လိမ့်မလဲ မြဝတ် ရည်၊ စံပယ်ဖူးကို ငါတို့ ဆေးရုံပို့ ရင် သူကိုယ်ဝန်ဖျက်ချတာပါပေါ် သွားပြီး ငါတို့ပါ အမှုပြန်ပတ်နိုင် တယ်၊ နောက်ပြီး ဆေးရုံပေါ်မှာ သူ တစ်ခုခုဖြစ်ရင် ငါ့ဆိုင်ပါ နာမည် ပျက်မယ်၊ ဆေးရုံပို့ဖို့တော့ လုံးဝ မဖြစ်နိုင်ဘူး"

သနားကရုဏာနှင့် လောဘ ကြားမှာ လူသားတစ်ယောက်ရဲ့ လောဘကသာ အနိုင်ယူသွားခဲ့ သည်။ မိန်းမချင်း ကိုယ်ချင်းစာသည် ဟုဆိုကာ မည်သို့ပင် သနားကြင် နာစေကာမူ မိမိ၏အကျိုးစီးပွား အပျက်အစီး၊ အထိခိုက်မခံနိုင်တာ က လူသားတစ်ယောက်ရဲ့ လူ့ဗီသ ခြင်းသာဖြစ်သည်။

မမကြီးဆိုသည့် မိန်းမကြီးရဲ့ စကားအဆုံး မြဝတ်ရည်ရဲ့ဘေးမှာ စံပယ်ဖူးအတွက် လုံချည်နောက် တစ်ကွင်း လဲပေးနေသည့် ခန့်ခန့် ထံမှ စူးရဲသော အကြည့်တစ်ချက် ထွန်းသွားကာ လုံချည်ကို လျှင်မြန် စွာလဲပေးပြီး.....

"မမကြီး အဲဒီလို တာဝန်မဲ့

www.burmeseclassic.com


...ား မပြောပါနဲ့၊ အခု စံပယ်ဖူး သွေးတွေအရမ်းသွန်နေပြီ၊ အဲဒီ သွန်နေတဲ့သွေးတွေနဲ့ ညီမျှတဲ့သွေး သူ့ကိုအစားသွင်းပေးဖို့ လိုအပ်နေပြီ၊ မဟုတ်လို့ကတော့ ကိုယ်ဝန်ကိုချလို့မဟုတ်ဘဲ စံပယ်ဖူး သွေးသွန်လို့သေနိုင်တယ် သိလား"

"အောင်မယ် မိခန့်၊ ညည်းက ...ကို ဘယ်လိုလေသံနဲ့ပြောတာလဲ၊ မမကြီးဆိုတဲ့ငါက နင်တို့လို မိန်းကလေး မြောက်မြားစွာကို ကိုင်တွယ်လာတဲ့လူပါ။ ငါ့ကို အဲဒီလိုလေသံနဲ့ မပြောနဲ့၊ သဘောပေါက်လား"

"မှန်တာပြောတာ ဘာဖြစ်လဲ"

"ညည်း....."

ပြဿနာတစ်ခုလိုဖြစ်သွားကာ လူနာကိုမေ့သွားပြီး ရန်ဖြစ်တော့မလိုဖြစ်သွားသည်။ မမကြီးဆိုသူက နှုတ်ခမ်းတစ်လန် ပန်းတစ်လန် ရန်တွေ့နေသော ခန့်ခန့်ကိုရိုက်ဖို့ ရွေ့...လာစဉ် မြဝတ်ရည်မှာ မနေသာတော့ဘဲ ခန့်ခန့်နှင့် မမကြီးဆိုသူရဲ့ကြားထဲသို့ လျှင်မြန်စွာ ဝင်ရပ်လိုက်ကာ.....

"ခန့်က စံပယ်ဖူးကို စိတ်ပူလို့ပြောတာ၊ အပြောမတတ်တဲ့အတွက် ...ဝတ်ရည်တောင်းပန်ပါတယ်၊ မမကြီးမကြိုက်ဘူးဆိုရင် စံပယ်ဖူးကို ဆေးရုံပို့ဖို့ မပြောတော့ပါဘူး။ ဒါပေမဲ့ စံပယ်ဖူးကိုကုဖို့ ဆရာဝန်တစ်ယောက်တော့ ရှာပေးပါ မမကြီးရယ်"

မြဝတ်ရည်ရဲ့စကားကြောင့် မမကြီးဆိုသူက အရှယ်နှင့်မလိုက်ဖက်စွာ နီရဲအောင်ဆေးဆိုးထားသည့် နှုတ်ခမ်းကို မဲ့ရွဲ့ကာ ခန့်ခန့်ကို မျက်စောင်းထိုးပြီး.....

"အဲဒီလိုလုပ်စမ်းပါ၊ ဒါဆို ညည်းတို့နှစ်ယောက် စံပယ်ဖူးနားမှာ စောင့်နေကြ၊ ငါ အောက်ဘက်ကလူတွေကို သွားရှာပေးခိုင်းမယ်"

"ဟုတ်ကဲ့ပါ မမကြီး"

မမကြီးဆိုသူက ဖင်တခါခါ၊ ရင်တခါခါဖြင့် ထွက်သွားတာကို ကြည့်ပြီး ခန့်ခန့်တစ်ယောက်မျက်စောင်းလှမ်းထိုးကာ

"သေနာမကြီး၊ ငါတို့ကိုညှဉ်းသည်တွေနဲ့လွှတ်ပေးထားရင် ဒီလိုမျက်နှာပေးမဟုတ်ဘူး။ သူ့ခွင်ထဲရောက်တော့ လုပ်ထားပေါ့၊ ငါတို့ခွင်ရောက်လို့ကတော့ လက်ကောက်ဝတ်ဖို့သာပြင်ထား"

"မိခန့်....."

"ဟင်...မိဖူး၊ နင် အားတင်းထားနော်၊ ဘာမှမဖြစ်ဘူးသိလား၊ ငါ့ကို တစ်ယောက်တည်းမထားခဲ့စမ်းပါနဲ့ မိဖူးရယ်၊ နင်သာငါ့ကို အရင်ခွဲသွားရင် ငါသေလိမ့်မယ် သိလား၊ နင်ဘာမှမဖြစ်ရဘူးနော်"

ခန့်ခန့်သည် အပြင်ပန်းက ကြည့်လျှင် မာကျောသလောက် အတွင်းစိတ်ဓာတ်နူးညံ့ကာ ခပ်အေးအေးနေတတ်တာ မြဝတ်ရည်ကော၊ စံပယ်ဖူးပါအသိ။ သူ့ကိုတော့သွေးတိုးသွားမစမ်းလေနှင့်။ မြွေဟောက်တစ်ကောင်လို ထပေါက်ဖို့အဆင်သင့်ဖြစ်နေတတ်သည်။

စံပယ်ဖူးက အားမရှိသော လက်တစ်ဖက်နှင့် ခန့်ခန့်ရဲ့လက်ကို ဖျစ်ညှစ်လိုက်သော်လည်း ပျော့ခွေလျက်သာရှိသည်။ ဤသို့ဆိုလျှင် ဆေးရုံပို့ဖို့အစီအစဉ်သည် ဖြစ်လာနိုင်တော့မည်မထင်။

"ကံတရားက သိပ်ဆန်းကြယ်တယ်နော်၊ ဘယ်သူ့သောက်သောက် ဘာမှမဖြစ်တဲ့ဆေးက နင်နဲ့ကျမှ.....နင့်ကျမှ ဒီလိုဘာလို့ဖြစ်ရတာလဲ"

"မငိုစမ်းပါနဲ့ဟာ၊ ငါလေ...ငါတို့တစ်တွေလေ အမှားကြီးမှားခဲ့ကြတယ်နော်၊ ငါနေပြန်ကောင်းရင် စုမိသလောက် ပိုက်ဆံလေးနဲ့ ရွာမှာအရင်းလုပ်ပြီး ဈေးရောင်းကြရအောင်နော်"

စိတ်ကူးယဉ်ဆန်စွာ တစ်လုံးချင်းပြောနေသော စံပယ်ဖူးရဲ့အသံမှာ မပီတပီ။ မျက်နှာတစ်ခုလုံးပြုံးရွှင်နေပုံက အနာဂတ်အတွက်ပီတိဖြစ်နေပုံ။

မြဝတ်ရည်ထံမှ ရှိုက်သံထွက်လာစဉ် ခန့်ခန့်က မျက်နှာရိပ်ပြလိုက်သဖြင့် မြဝတ်ရည် တံခါးပေါက်ဘက်သို့ထွက်သွားကာ မျက်ရည်တွေကို လွတ်လွတ်လပ်လပ်ကျဆင်းခွင့်ပေးလိုက်ပါသည်။ ခန့်ခန့် စံပယ်ဖူးရဲ့လက်ကို ခပ်တင်းတင်းဆုပ်ကာ.....

"နင်အားတင်းထားနော်၊ မမကြီး ဆရာဝန်သွားခေါ်တယ်"

စံပယ်ဖူးတစ်ယောက် ဝေဒနာတွေကို သတိမရအောင်ထိန်း၍ အတိတ်နေ့ရက်များကို တွေးကြည့်နေသည်။ ဖြူစင်သန့်ရှင်း ဟန်ဆောင်မာယာများကင်းသော

www.burmeseclassic.com

www.burmeseclassic.com



အတိတ်နေ့ရက်လေးတွေကို တမ်းတရင်းနှင့် တွေးကြည့်နေခြင်းသာဖြစ်သည်။

+++

"မိုးကုတ်စက်ဝိုင်းအောက်မှာ.. ခါဦးမိုးတို့အကြိမ်ကြိမ်ပြို....ဝါဆို ဝသန်မိုးသည်းရင်ငိုမိတယ်...တို့နှစ်ယောက်အတူဖူးခဲ့တဲ...ကျိုက်ထီးရိုးဘုရားဆံတော်ရှင်....စေတီမှာတော့ တစ်နှစ်တစ်ခါဆုတောင်းမယ်..... လွမ်းဆွေးခြင်းဝဋ်....တပည့်တော်ကျေပါရစေ"

"ဟော့.....မိဖူး.....မိဖူးရေ"

တမျှော်တခေါ်ဝေးသော စပါးခင်းများတွင် မိဖူးရဲ့သီချင်းဆိုသံက ထွက်လာပြီး လူရိပ်လူရောင်မတွေ့ရသဖြင့် မိခန့် ဗျို့ဟစ်ခေါ်ရပါတော့သည်။

သို့သော် မိဖူးထံမှ ထူးသံကို မကြားရသဖြင့်.....

"မိဖူး သေနာမရေ၊ ဒီမှာ ငါလိပ်ခေါင်းတွက်တော့မယ်ဟေ့"

"ဘယ့်နှယ် အဲဒီလောက် အော်နေရတာတုန်း မိခန့်ရဲ့"

စံပယ်ဖူးက ခေါင်းတွင် မျက်နှာပါလုံသည့် ခမောက်ကိုဆောင်းထားပြီး လယ်ကန်သင်းတွေကြားရေအိုင်များထဲတွင် ငါးများရှိုက်နေခြင်းဖြစ်သည်။

"မိုးအဲဒီလောက်ခေါ်မနေနဲ့ဟေ့၊ ဟိုမှာ အနောက်တောင်အရပ်က မိုးညိုနေပြီ၊ တက်ခဲ့တော့"

ခပ်တိုတိုဝတ်ထားသောထဘီကို ခြေသလုံးပေါ်အောင် ခပ်သွက်သွက်လျှောက်လာရင်း မိခန့်က ပြောလေသည်။ တုတ်ခိုင်သောခြေထောက်က ခြေဗလာ ရွှံ့တွေနှင့် ပေပွနေပြီး ဖိနပ်မပါ။

"တက်လို့မရသေးပါဘူးအေ ဟင်းတစ်ခွက်စာမှမပါရင် ဒေါ်ညို မြကသိတဲ့အတိုင်း၊ ကျောပူတာကို ခံနိုင်တယ်၊ နားပူတာကို မခံနိုင်ဘူး ဟဲ့"

စံပယ်ဖူးတစ်ယောက် ပြော လည်းပြော၊ ဒိုင်းဝန်းကွင်းနှင့် ကောက်ရိုးပင်ကြားထဲ လိုက်ထိုးနေသည်။ တစ်ခါတလေ ရေများကို လက်ခုပ်နှင့် ခပ်ပက်ထုတ်သည့်အခါလည်း ပက်ထုတ်သည်။

"ပေး...ပေး၊ ငါကူပေးမယ်"

စံပယ်ဖူးလက်ထဲက ဒိုင်းဝန်းကွင်းကို လှမ်းယူကာ မိခန့်တစ်ယောက် ကျွမ်းကျင်သွက်လက်စွာ ငါးရှိုက်တော့သည်။ ရေပလုံစီတက်ကာ ငြိမ်သက်သွားသော ရေမျက်နှာအောက်ကို စိတ်နှင့်မှန်းကာ ဒိုင်းဝန်းကွင်းနှင့် စွပ်ခနဲထိုးချလိုက်သည်။

မိခန့်ရဲ့လက် မြှောက်တက်လာသောအခါ လက်သန်းလောက် ငါးလေးတွေ၊ လက်သူကြွယ်လောက်ငါးလေးတွေ အများကြီးပါလာသဖြင့် စံပယ်ဖူးက.....

"ဟယ်.....မိခန့်ရယ် တော် လိုက်တာ၊ ငါ့မှာ ငါးရှာတာ ...တော်ကြာနေပြီ၊ ငါးကို ...တိ ပတ်တိ မရသေးဘူးအေ"

အင်းအိုင်...ချောင်းပေါ်များ

www.burmeseclassic.com

www.burmeseclassic.com


သော အရပ်ဒေသမှာမွေးလာပြီး ငါးမရှာတတ်ပါလားဟု အပြစ်တင်ဖွယ်ရာဖြစ်သော်လည်း ကိုးတန်းစာမေးပွဲကျ၍ ကျောင်းဆက်မတက်ရခါမှ ငါးနှင့်၊ မြစ်ချောင်းအင်းအိုင်နှင့် ရင်းနှီးခွင့်ရသူရယ်ပါ။

စံပယ်ဖူးနှင့်ခန့်ခန့်က ငယ်ငယ်လေးကတည်းက အတန်းကျောင်းတက်တော့အတူတူ၊ ကျောင်းလစ်ပြီး ငါးနှိုက်တော့လည်း အတူတူ၊ စားအတူ၊ သွားအတူ၊ လာအတူ သူငယ်ချင်းများဖြစ်ပြီး ခြောက်တန်းနှစ်ရောက်မှ ကွဲတော့သည်။ ခန့်ခန့်က စာမေးပွဲကျသဖြင့် သူ့အဖေက ကျောင်းဆက်မထားတော့ချေ။ ကွဲကွာတယ်ဆိုတာကလည်း ကျောင်းတက်တုန်းသာဖြစ်ပြီး ကျောင်းပိတ်လျှင်တော့ တတွဲတွဲ။

မိဖူး ကိုးတန်းရောက်တော့ ဝို့သူငယ်ချင်း အထက်တန်းကျောင်းသူကြီးဟု မိခန့်တစ်ယောက် ဂုဏ်ယူရတာအမော။ သို့သော် မိဖူးတစ်ယောက် ကျောင်းမှာ အချစ်စာတွေနှင့်တွေ့ပြီး ကျောင်းစာမေးပွဲကျလေသည်။ နဂိုကတည်းက အကြောင်းတရားကိုရှာနေသော မိဖူးရဲ့မိထွေးက စာမေးပွဲကျရင် ကျောင်းကထုတ်လိုက်မယ်ဆိုတော့ အံကိုက်ဖြစ်သွားသည်။

"နေပါဦး မိဖူးရယ်၊ နင့်မှာဒီလောက်စာတော်ရက်နဲ့ စာမေးပွဲကျရလောက်အောင် ဘာလို့စိတ်လေရတာလဲ"

ငါးဖမ်းနေရင်း အတွေးက မိဖူးရဲ့ကျောင်းကိစ္စနှင့် နှလုံးသားရေးကိစ္စဆီ စိတ်ရောက်သွားကာ မေးလိုက်မိသည်။

"ငါတို့နှစ်ယောက် ငယ်ငယ်တုန်းက အော်တိုစာအုပ်မှာ အပြန်အလှန် ရေးပေးကြသလိုပေါ့ဟာ၊ အချစ်နဲ့တွေ့ရင် စာမေးပွဲကျ၊ စာနဲ့တွေ့မှ စာမေးပွဲအောင်ဆိုသလိုပေါ့ဟယ်၊ ရည်းစားမထားဖူးတော့ ပထမဦးဆုံးရည်းစားထားတဲ့အခါ ဘာလုပ်လုပ် သူ့မျက်နှာပဲမြင်နေတယ်၊ စာဖတ်လည်း သူ့မျက်နှာ၊ စာရေးတော့လည်း သူ့မျက်နှာနဲ့"

"ကောင်မ မျက်နှာကိုက ပြုံးဖြီဖြီနဲ့ စာမေးပွဲကျတာတောင်နည်းသေး။ ဒါနဲ့ ညည်းကောင်ကကော ညည်းလိုပဲ စာမေးပွဲကျသလား"

စံပယ်ဖူးက ခန့်ခန့်ရဲ့မေးခွန်းကြောင့် ခပ်ငေးငေးဖြစ်သွားကာ ခေါင်းယမ်းရင်း.....

"ဘယ်ကျပါ့မလဲ၊ သူ့အမေက ကျောင်းဆရာမ၊ သူက ကျူရှင်လည်းတက်တယ်၊ Guide လည်းခေါ်တယ်၊ သူ့အမေ ငါ့ဆရာမကတောင် ငါ့ကို ဒီအချိန်မှာ အဲဒီကိစ္စတွေ မစဉ်းစားနဲ့၊ ကျောင်းနေအရွယ်မှာ စာကလွဲပြီး ဘာမှအရေးမကြီးဘူးလို့တောင် ခေါ်ပြောသေးတယ်၊ နောက်တော့ သူကပါ စာမေးပွဲနီးပြီအကြောင်းပြရင်း ငါ့ကိုရှောင်လာတယ်ဟာ၊ ငါကတော့ ထိန်းမယ့်ကွပ်မယ့်သူ ဘယ်သူရှိတာမှတ်လို့၊ လွတ်လွတ်လပ်လပ်ကြီးကိုအသည်းကွဲပြလိုက်တာ၊ ငါကကျပြီး သူကအောင်သွားတယ်လေ"

ကိုယ်မရောက်ဖူးသော
ဒေသစိမ်းတွင်
ကိုယ်နားမလည်သော
ဘာသာစကားနှင့်
သူတို့ဘာခိုင်းမှန်းမသိ။
ကိုယ့်ကို
ဆဲဆိုနေတာလား။
ကိုယ့်အတင်းတုတ်နေတာလား
မသိသော
လူတွေရဲ့
လက်အောက်မှာ…

www.burmeseclassic.com

www.burmeseclassic.com

ငါးကလည်း ဟင်းတစ်ခွက်စာ ရပြီမို့ နှစ်ယောက်သား စကား တပြောပြောနှင့် ရွာဘက်ဆီသို့ လျှောက်လာခဲ့သည်။

"နင်ကလည်း လွန်ပါတယ် မိဖူးရယ်၊ နင့်မိထွေးက ပါးစပ်ပေါက်သာဆိုးတယ်၊ နင့်ကျောင်းကိစ္စနဲ့ ပတ်သက်ရင် ဘယ်တုန်းက ညည်းညူဖူးလို့လဲ၊ အခုလည်း ကျောင်းတော့ဆက်ထားချင်ပုံရတယ်၊ ဒါပေမဲ့ မနှစ်က မိုးများပြီး စပါးတွေပျက်စီးကုန်တော့ မမြတ်တဲ့အပြင် ကြွေးတောင်တင်လိုက်တော့ ဘယ်ထားနိုင်တော့မလဲဟာ"

"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း ဒေါ်ညိုမြတို့ကို ငါတတ်နိုင်သမျှကူဖို့ စဉ်းစားထားပြီးသားပါ"

ပြောလို့သာပြောနေရသည်။ စံပယ်ဖူး ကိုးတန်းတက်သည့်အချိန်ထိ စာကလွဲလျှင် ကလေးထိန်း၊ ထမင်းချက်တာလောက်ပဲ လုပ်ရသဖြင့် စပါးစိုက်၊ ငါးနှိုက်သည့် အလုပ်ကို သူလုပ်နိုင်ပါ့မလားစဉ်းစားနေမိသည်။

+++

ထင်သည့်အတိုင်းပင် မနှစ်က မိုးများ၍ စပါးများပျက်ကာ ဒီနှစ်ကျတော့ မိုးခေါင်၍ စပါးများမဖြစ်ထွန်း။ ရွာ၌စပါးစိုက်သည့် တောင်သူတော်တော်များများ ခွက်ခွက်လန်အောင် ရှုံးကြသည်။

မြစ်ရေကလည်း မိုးခေါင်သဖြင့် သိသိသာသာ ကျဆင်းသည်။ လယ်ကွက်ထဲ ရေနေဖို့ နေနေသာသာ မြေများ ပပ်ကြားအက်လိုက်ပုံက အဝီစိကိုတောင် လှမ်းမြင်ရတော့မည်။



စပါးကရှုံး၊ ငါးကမရတော့ တစ်ရွာလုံး အကျပ်တည်းဆုံးကာလ တစ်ခုပင်ဖြစ်တော့သည်။ ရာသီဥတု ဖောက်ပြန်ခြင်းမို့ ဘယ်သူ့အပြစ်၊ ဘယ်ဝါ့အပြစ်ဟု ဘယ်သူ့ကိုမှ လက်ညှိုးထိုးအပြစ်တင်၍မရ။ ကိုယ်မှအဆင်မပြေတာမဟုတ်။ တစ်ရွာလုံး အဆင်မပြေကြချေ။ ဒီကြားထဲ မိုးမတိုင်ခင်က စပါးမျိုးစေ့ အကြွေးယူထားသည်။ အကြွေးတင်မဟုတ်၊ အတိုးပါတက်လာတော့သည်။ ရွာသူရွာသားများအဖို့ ပေးစရာငွေကမရှိ၊ ပြေးစရာမြေမရှိ ဖြစ်နေတော့သည်။

ကျားကျားလျားလျား ယောကျ်ားသားအချို့ကတော့ မလေးရှား၊ ယိုးဒယား စသဖြင့် ကိုယ့်အဆက်အသွယ်အသီးသီးနှင့် အောက်လမ်းမှ နိုင်ငံခြားသို့ရောက်သွားကာ ရရာအလုပ်များကို လုပ်ကိုင်ကြသည်။

အချို့မိန်းကလေးများသည် သူတို့အစ်ကို၊ မောင်ဖားများ အခံရှိသဖြင့် လိုက်သွားဖို့ ကြိုးစားသော်လည်း အရင်ရောက်နှင့်ပြီးသားအစ်ကို၊ မောင်များက.....

"မိန်းကလေးတွေ ယိုးဒယား မလေးရှားကို လိုက်မလာကြနဲ့၊ ငါတို့ယောကျ်ားလေးတွေက ဒေါင်ကျ၊ ပြားကျ လုပ်စားလို့ရတယ်၊ လူပင်ပန်းဆင်းရဲရုံကလွဲရင် ဘာမှ ဘဝပျက်၊ နာမည်ပျက်စရာ မရှိဘူး။ ကိုယ့်နိုင်ငံမှာပဲ သင့်တော်

www.burmeseclassic.com

www.burmeseclassic.com


ရာလုပ်ကိုင်ကြ''

ဟု ပြောကြလေသည်။ အချို့က နားထောင်ကြသော်လည်း အချို့က ကိုယ်မပါလျှင် ဘယ်သူမှ ဘာမှလုပ်လို့မရဘူးဟုဆိုကာ လိုက်သွားဖြစ်အောင် လိုက်သွားကြသူတွေလည်းရှိသည်။

စံပယ်ဖူးနှင့် ခန့်ခန့်မှာတော့ ထိုသို့လိုက်သွားရလောက်အောင် ရင်းနှီးသော ယောကျ်ားလေးအသိမရှိသဖြင့် နယ်စပ်ဖြတ်ကျော်မိုးဝင်ပြီး လုပ်ရမည့်အလုပ်တော့ စဉ်းစား၍မရချေ။

ကုန်ကုန်ပြောရလျှင် ကိုယ်မရောက်ဖူးသော ဒေသစိမ်းတွင် ကိုယ်နားမလည်သော ဘာသာစကားနှင့် သူတို့ ဘာခိုင်းမှန်းမသိ။ ကိုယ့်ကို ဆဲဆိုနေတာလား၊ ကိုယ့်အတင်းတုတ်နေတာလားမသိသော လူတွေရဲ့ လက်အောက်မှာအလုပ်မလုပ်ချင်ပါ။

တစ်နေ့တော့ ခန့်ခန့်တစ်ယောက် စံပယ်ဖူးတို့အိမ်သို့ ရောက်လာပါသည်။

''မိဖူး ငါ အလုပ်တစ်ခု စပ်မိလာတယ်၊ အဲဒါ နင်စိတ်ဝင်စားသလားလို့ ငါလာမေးတာ''

''ဘာအလုပ်မို့လို့လဲ မိခန့်ရဲ့''

ဆန်ထဲက စပါးလုံး၊ ကျောက်ခဲများကို ရွေးနေသည့် စံပယ်ဖူးက မေးတော့.....

''ရန်ကုန်မှာ လုပ်ရမှာဟ၊ အလုပြင်ဆိုင်တဲ့၊ ပညာအရည်အချင်း မလိုဘူး။ စစချင်းတော့ သန့်ရှင်းရေးပေါ့၊ နောက်မှ တစ်ဆင့်ပြီး တစ်ဆင့် သင်ပေးမှာတဲ့၊ ပညာလည်းတတ်မယ်၊ လခလည်းရမယ်၊ ဘယ်လောက်မိုက်သလဲ၊ ငါတော့ စိတ်ဝင်စားတယ်ဟာ''

အထက်တန်းထိ ပညာအရည်အချင်းရှိသော စံပယ်ဖူးကတော့ အတတ်ပညာတစ်ခုကိုပိုက်ဆံမပေးဘဲတတ်မည်၊ လခလည်းရမည်ဆိုသောအလုပ်ကို သိပ်တော့မယုံလှချေ။ ထို့ကြောင့်.....

''ဟုတ်မှဟုတ်ရဲ့လားကောင်မရယ်၊ တော်ကြာ ပိုက်ဆံလိုချင်လို့ အလုပ်သွားလုပ်ပါတယ်ဆိုမှ လလည်းကုန်ရော သင်တန်းခဆိုပြီး လစာထဲကဖြတ်မှ ဟုတ်ပေ့ဖြစ်နေမယ်ဟေ့''

''ဩော် တကယ်ပါဆို၊ လခစား စရိတ်ငြိမ်းတဲ့၊ ငါကိုယ်တိုင် ဒေါ်ကြီးသောင်းနဲ့ ရန်ကုန်မှာ အလုပ်ကိစ္စလိုက်သွားရင်း စုံစမ်းခဲ့တာ၊ ဟောဒီမှာ ဖုန်းနံပါတ်တောင်ပေးလိုက်သေးတယ်၊ မယုံရင် ဆက်ကြည့်ပါလား''

မိခန့်ကိုယ်တိုင်ကိုယ်ကျ သွားစုံစမ်းပြီး ဖုန်းနံပါတ်တောင် ရအောင်ယူလာနိုင်သည်ဆိုလျှင်တော့ ဆိုးတော့မဆိုးလှ။

''ဟုတ်မဟုတ်ဆိုတာ လိုက်သွားကြည့်ပေါ့အေ၊ ညည်းလို ဖြူဖြူသေးသေး၊ ချောချောလှလှလေးက လယ်ကွင်းနဲ့ မအပ်စပ်လှပါဘူး၊ အလုပြင်ဆိုင်မှာဆို ကျကျနန နေရမှာအေ့''

မိထွေးဖြစ်သူ ဒေါ်ညိုမြကဝင်ပြောတော့ စံပယ်ဖူး အလိုလိုလက်ခံလိုက်မိပါတော့သည်။ ထို့ပြင် ရန်ကုန်ဆိုတာကလည်း သူတို့ရွာနှင့် အလွန်ဝေးလှသည်တော့မဟုတ်။ ထို့ကြောင့် မိခန့်နှင့် သွားကြမည့်ရက် တစ်ရက်သတ်မှတ်ကာ သွားဖို့ပြင်ဆင်လေတော့သည်။

✦✦✦

ဒီလိုနှင့် စံပယ်ဖူးတို့ ရန်ကုန်မှာရှိသော အလှပြင်ဆိုင်သို့ ရောက်လာခဲ့ကြသည်။ အလှပြင်ဆိုင်က အစ်မကြီးကလည်း ဖော်ဖော်ရွေရွေမို့ စံပယ်ဖူးတို့ ပျော်ကြသည်။ ထိုဆိုင်၌ သူတို့နှင့် မရှေးမနှောင်း ရောက်လာသူက မြဝတ်ရည်ဆိုသည့် အညာသူလေးဖြစ်သည်။ မြဝတ်ရည်သည် အသားညိုစိမ့်စိမ့်၊ ဆံပင်ရှည်ရှည်နှင့် အညာချော ချောသူဖြစ်သည်။

အရွယ်တွေကလည်း မတိမ်းမယိမ်းဆိုတော့ တကယ့်ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေပမာ ရင်းနှီးသွားတော့သည်။ ထုံးစံအတိုင်း နယ်မြို့ကလာကြသူများမို့ ရိုးရိုးယဉ်ယဉ်လေးတွေ ပြင်ဆင်ထားကြသဖြင့် ဆိုင်ရှင်အစ်မက

''လှပခြင်းဆိုတာ မိန်းကလေးတွေအတွက် ကျက်သရေပဲ [illegible] တို့ရဲ့၊ မိန်းကလေးဆိုတာက [illegible] မှာနေရင်တောင် အိမ်မှာ[illegible] ဘယ်သူမြင်တာမှတ်လို့[illegible] မဆင်နေတာမကောင်း[illegible] ကိုယ်ကိုယ် လှလှပပ [illegible] တစ်နေ့လုံး ဘာ[illegible]

www.burmeseclassic.com



တက်ကြွကြွ၊ လန်းလန်းဆန်းဆန်း ဖြစ်နေတာကွဲ့၊ ငါ့ညီမတို့ကော မလှချင်ကြဘူးလားကွဲ့''

မိန်းကလေးတို့ရဲ့သဘာဝမို့ လှချင်တာ လူတိုင်းပင်။ အားလုံးက လှချင်တာပေါ့ဟုပြောတော့ ဆိုင်ရှင်အစ်မက သဘောကောင်းစွာပြုံးရင်း.....

''အစ်မက ဟောဒီ ငါ့ညီမလေးတွေကို ချစ်လို့ပြင်ပေးမှာ၊ ဒါမှ အစ်မဆိုင်က ပြင်ပေးတဲ့ကောင်မလေးတွေက လှလှလေးဆိုတော့ လာပြင်တဲ့လူတွေကလည်း စိတ်ဝင်စားမှာပေါ့၊ မဟုတ်ဘူးလား''



စံပယ်ဖူးနှင့်ခန့်ခန့်က ဆံပင်အရှည်ကြီးမဟုတ်သဖြင့် ကောက်ကောက်ဖြောင့်ဖြောင့် ဘာမှမဖြစ်ပေမယ့် မြဝတ်ရည်တစ်ယောက် ဆံပင်ရှည်တွေဖြတ်ကာ ကောက်လိုက်ရသည့်နေ့၌ ငိုသေးသည်။ သူ့မှာ အားလုံးပြင်ဆင်ပြီး၍ လှပသွားတာတောင် ဝမ်းမသာနိုင်။ ဖြတ်လိုက်သော ဆံပင်တွေကို နမြောကာ ဝမ်းနည်းမဆုံးဖြစ်နေတာကိုတောင် စံပယ်ဖူးနှင့် ခန့်ခန့်က လှောင်ပြောင်၍မဆုံးချေ။

ထိုဆိုင်လေးမှာ သုံးလေးလခန့် လုပ်ပြီးသောအခါ စံပယ်ဖူးတို့သုံးယောက် အလှပြင်ခြင်းနှင့်ပတ်သက်၍ သိသင့်သလောက်သိကြပြီ။ လခလည်း မက်လောက်စရာမို့ ထိုဆိုင်မှာ ပျော်လာသည်။ တစ်နေ့ ဆိုင်ရှင်အစ်မကြီးက ဆိုင်ဖွင့်စမနက်ပိုင်းတွင် မျက်နှာညှိုးညှိုးနှင့် ဆိုင်ထဲသို့ဝင်လာသည်။

နှုတ်သွက်သော ခန့်ခန့်က အစ်မကြီးရဲ့လက်ထဲက ပိုက်ဆံအိတ်ကိုယူပြီး စားပွဲပေါ်သို့ သွားတင်ကာ.....

''မမ မျက်နှာလည်းမကောင်းပါလား၊ နေမကောင်းဘူးလား''

''မဟုတ်ပါဘူးကွယ်''

''နေမကောင်းတာမဟုတ်ရင်တော့ တစ်ခုခုတော့တစ်ခုခုပဲ၊ ဟဲ.. ဟဲ မမက ပျော်ပျော်နေတတ်တဲ့သူပဲ၊ စိတ်ညစ်စရာမတွေ့ဘဲနဲ့တော့ အဲ ဒီလိုဖြစ်မှာမဟုတ်ဘူး''

''အေးလေ၊ နောက်လည်း ပြောရမယ့်အတူတူ ပြောရတော့မှာပေါ့ကွယ်၊ မိချိုရေ...ဆိုင်ရှေ့ဘက် ညီမပဲစောင့်လိုက်တော့၊ ခန့်ခန့်တို့သုံးယောက် နောက်ဘက်လာကြ၊ မမ ပြောစရာရှိသေးတယ်''

အစ်မကြီးက စံပယ်ဖူးတို့ကို သူမရဲ့ သီးသန့်နားနေခန်းထဲသို့ခေါ်လာကာ.....

''အခု ဒီဆိုင်ဖွင့်နိုင်တယ်ဆိုတာကလည်း ညီမလေးတို့ကို မမသင်ပေးခဲ့သလို မမကိုလည်း အစ်မတစ်ယောက်က သင်ပေးလို့ အခုလိုဆိုင်ဖွင့်နိုင်တာကွဲ့၊ သူကမူဆယ်မှာဖွင့်တာလေ၊ ဆိုင်ကြီးက အကြီးကြီးပဲ၊ အကူကောင်မလေးတွေတင်ကို ဆယ်ယောက်လောက်ရှိတယ်၊ အခု မနေ့ညက အဲဒီအစ်မကြီးက ဖုန်းဆက်လာတယ်လေ၊ သူအကြီးအကျယ်နေမကောင်းလို့ ဆိုင်နှစ်လလောက် ပိတ်လိုက်ရတော့ တတ်တဲ့လူတွေကလည်း ဆိုင်ခွဲဖွင့်သွားကြပြီ၊ သင်နေတဲ့လူတွေလည်းပြန်

www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီဆိုတော့ ဆိုင်ပြန်ဖွင့်တဲ့အခါ တတ်တဲ့လူတွေမရှိတော့ သူ အရမ်းပင်ပန်းတယ်တဲ့''

''ဟုတ်တာပေါ့နော်၊ နေကောင်းခါစဆိုတော့''

စံပယ်ဖူးကဝင်ထောက်တော့ အစ်မကြီးက ခေါင်းအသာညိတ်တာ.....

''ဟုတ်တယ်၊ အဲဒါကြောင့်လည်း မမဆီ အကူအညီတောင်းတဲ့သဘောနဲ့ မမဆိုင်က တတ်တဲ့ ကောင်မလေး နှစ်ယောက်သုံးယောက်လောက်ကို လေးငါးလလောက် ခဏလွှတ်ပေးပါတဲ့၊ အဲဒီအတွက် လစာကိုလည်း မမပေးတာထက် နှစ်ဆပိုပေးပါ့မယ်တဲ့''

''ရှင်.....''

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရှင်ခနဲဖြစ်သွားသည်။ နှစ်ယောက်ဆိုလျှင် ဘယ်သူသွားမလဲဟု အသံတိတ်မေးနေကြသည်။ အစ်မကြီးက စံပယ်ဖူးတို့သုံးယောက်ရဲ့မျက်နှာကို ကြည့်ပြီး.....

''မမကလည်း အမှန်အတိုင်းပြောရရင် လိမ္မာတဲ့ ညီမလေးတို့ကို မလွှတ်ချင်ပါဘူး။ ဒါပေမဲ့ တစ်ဖက်ကလည်း ကိုယ့်ကိုပညာသင်ပေးထားတဲ့ အစ်မ မဟုတ်လား၊ ဒါကြောင့် ငါ့ညီမတွေဆီက အကူအညီတောင်းနေတာပါ''

တကယ့်ကို အကူအညီတောင်းသည့်လေသံနှင့်ပြောတော့ ငြင်း၍မကောင်းတော့ချေ။ နောက်ဆုံး သုံးယောက်စလုံး မူဆယ်သို့သွားဖို့ သဘောတူလိုက်တော့သည်။ အစ်မကြီးက ကိုယ်တိုင်လိုက်ပို့ပေးသည်။ စံပယ်ဖူးက ကားပေါ်ရောက်တော့ အစ်မကြီး မကြားစေရန်....

''အမှန်အတိုင်းပြောရရင် ငါ မလိုက်ချင်ဘူး မိခန့်၊ ရန်ကုန်မှာဆိုတော့ ငါတို့ရပ်ရွာနဲ့ ဒီလောက်ဝေးတာမဟုတ်ဘူး၊ အခု မူဆယ်ဆိုတာ တရုတ်ပြည်နဲ့အနီးလေး၊ ငါတို့ရွာနဲ့ အဝေးကြီးဟဲ့''

''ဪ.....နင်ကလည်းဟယ် အစ်မကြီး ငါတို့ကိုသင်ပေးထားတဲ့ ပညာကျေးဇူးကို ထောက်ဦးမှပေါ့ဟ၊ အလွန်ဆုံးနေရ လေးငါးလပဲတဲ့၊ ပြီးရင် ပြန်ကြမယ်ဟာ၊ မမဆီ မပြန်ဖြစ်ရင်တောင် ငါတို့ ပညာရပ်တစ်ခုကို တတ်မြောက်နေပြီပဲ၊ မငတ်တော့ပါဘူး''

ခန့်ခန့်ရဲ့မျက်နှာ၌ မျှော်လင့်ချက်ရောင်ခြည်များဖြင့် လင်းလက်နေသည်။ စံပယ်ဖူးကိုယ်တိုင် ခန့်ခန့်ရဲ့စကားကြောင့် အားတက်လာသည်။

✦✦✦

သို့သော် သူတို့အတွက် မျှော်လင့်ချက်ဆိုသည်မှာ အိပ်မက်ပမာ ဖြစ်ချေတော့သည်။ ထိုပြင် ထိုအိပ်မက်သည် ဘယ်သောအခါမှ လက်တွေ့အကောင်အထည်ဖော်နိုင်တော့မလဲ သူတို့သုံးယောက်စလုံးအမှန်တကယ် မသိတော့ပါ။

လောကကြီးတွင် သစ်ကောက်ဝါးကောက်သာ မြင်နိုင်သည်။ လူကောက်ကို ဘယ်တော့မှမမြင်နိုင် ဆိုသည့်စကားမှာ လွန်စွာမှန်လေသည်။ သူတို့ကို ပညာသင်ပေးခဲ့သော အစ်မကြီးသည် သူတို့ကို ရောင်းစားသွားခဲ့ကြောင်းကို နှောင်းမှသိခဲ့ရသည်။

သူတို့ကတော့ အလှပြင်ဆိုင်ကို ဖန်းပြကာ 'အသွေးအသားကို ဈေးကစား'နေသည့် လောကကြီးသားဖြစ်သည်။ ကိုယ့်လူမျိုးအချင်းချင်းကို သနားကြင်နာရကောင်းမှန်းမသိ။ ချိုချိုပျော့ပျော့နှင့် ပြောခဲ့သော မိန်းမကြီးအကြောင်းကိုတွေးမိတိုင်း တစ်စစီ ဆွဲစုတ်ပစ်ချင်ကြသည်။

မိမိတို့ထက်မိုက်သောသူ ဤလောက၌ မရှိတော့ချေ။ နယ်စပ်သို့ရောက်သည့်နေ့၌ပင် ဘယ်နေရာ၌ ဘာရှိမှန်းမသိရသေးခင် သုံးယောက်စလုံး အခန်းတစ်ခုထဲတွင် ပိတ်လှောင်ခံထားလိုက်ရကာ ပထမဆုံး ပန်းကောင်းအညွှန့်ကျိုးသည့်အချိန်၌ ကူပါကယ်ပါ ပြော၍မရ။ ကူသူမဲ့၊ ကယ်သူမဲ့ အခြေအနေတွင် မနေ့ကနဲ့ဒီနေ့ တခြားစီဖြစ်သွားတော့သည်။

သူမတို့ကဲ့သို့သောမိန်းကလေးတွေ ဆယ်ယောက်ခန့်ရှိသော်လည်း စကားပေးမပြော။ ထွက်ပြေး၍လည်းမရနိုင်။ တစ်တိုက်လုံးတွင် စောင့်ကြပ်သူအပြည့်။ ထွက်ပြေးလိုမိလျှင် သနားမည့်သူမရှိ။ ကြိုက်သလောက်နှိပ်စက်၊ ကြိုက်သလောက်ရိုက်နှက် ဘယ်သူ့မှဝင်ဆွဲလိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ပန်းကကြည့်လျှင် အလုပြင်ဆိုင်တိုက်ကြီးက နည်းတဲ့အမြင့်ကြီးမဟုတ်။ ဆိုင်တွင်ဖန်းပြထားသည့် ကောင်မလေးတွေကလည်း လှမှလှ၊ ချောမှချော။ ကောင်မလေးတွေကို ခေါ်ထုတ်သွားစရာမလို။ ရိုးရိုးခန်းလိုချင်သလား၊ အထူးခန်းလိုချင်သလား ကြိုက်တာပြော။ အားလုံးရစေရမည်။

နေ့၊ ရက်၊ လတို့သာ ကြာလာသည်။ ဤကဲ့သို့သော ဘ၀ဆိုးကြီးထဲ၌ မရောက်ချင်ဘဲ ရောက်ခဲ့ရသည့် သူတို့အဖို့ ဘယ်နေသားတကျ ရှိလိမ့်မည်နည်း။ စံပယ်ဖူးတစ်ယောက် အမှတ်တမဲ့ နေလိုက်မိရာ နှစ်လဆက်တိုက် ဓမ္မတာမလာတော့မှ ပြူးပြူးပျာပျာ ဖြစ်သွားတော့သည်။

နယ်စပ်သို့
ရောက်သည့်နေ့၌ပင်
ဘယ်နေရာ၌
ဘာရှိမှန်းမသိရသေးခင်
သုံးယောက်စလုံး
အခန်းတစ်ခုထဲတွင်
ပိတ်လှောင်ခံထားလိုက်ရကာ
ပထမဆုံး
ပန်းကောင်းအညွန့်ကျိုးသည့်
အချိန်၌
ကူပါကယ်ပါ
ပြော၍မရ
...



စစ်ကြည့်လိုက်သောအခါ ထင်သည့်အတိုင်း စံပယ်ဖူးတွင် ကိုယ်ဝန်ရှိနေပြီ။ မြဝတ်ရည်တစ်ယောက် ဒေါသမဖြစ်စဖူးဖြစ်ကာ.....

"နင် အရမ်းပေါ့ဆတာပဲ မီဖူးရယ်၊ နင် ငါတို့ထက်ပိုပြီး ပညာတတ်ပါတယ်၊ အဲဒီလောက်ဖြစ်သွားစရာ ဘာအကြောင်းမှကိုမရှိဘူး။ အခု အကောင်အထည်ပေါ်လာပြီ၊ အဲဒါ ဘယ့်နှယ်လုပ်ကြမလဲ"

စံပယ်ဖူး ငိုချင်နေလျက်နှင့် မျက်ရည်မကျဘဲ မြဝတ်ရည်ကိုတစ်လှည့်၊ မိခန့်ကိုတစ်လှည့်ကြည့်နေချိန် မိခန့်ကတော့ ခပ်ပေါ့ပေါ့ဟန်နှင့်.....

"ဘယ့်နှယ်လုပ်ကြမလဲမမေးနဲ့ မြဝတ်ရည်၊ ဒီလောကမှာ ဒီကိစ္စက ပြဿနာမဟုတ်ဘူး။ ငါလည်း ဟိုတလောက အဲဒီလိုဖြစ်လိုက်သေးတယ်၊ ဆေးသောက်လိုက်တော့ ပြီးသွားတာပဲ"

"အောင်မယ် ကောင်မ၊ အဲဒါကျတော့ ငါတို့မသိလိုက်ရပါလား"

စံပယ်ဖူးက မကျေမနပ်ပြောတော့ မိခန့်က မချိတရိပြုံးပြီး သက်ပြင်းချကာ

"ငါပြောပြတော့ကော နင်တို့ ဘာတတ်နိုင်မှာလဲ၊ ဘယ်သူတွေကကော တတ်နိုင်မှာလဲ၊ ငါလည်း နင်ပြောတဲ့အတိုင်း သူတို့ကို အကာအကွယ်ယူဖို့ ပြောသားပဲ၊ ဒါပေမဲ့ နွားငတ်ရေကျဖြစ်နေတဲ့သူတွေဆိုတော့ ဆယ်ယောက်မှာ ကိုးယောက်ကို သုံးဖို့ပြောလို့ရဘူး။ ဒီတော့ ငါ

တို့လည်း ငါတို့လုပ်နိုင်တာ လုပ်ရတာပဲလေ''

''မိခန့်ရယ်''

စံပယ်ဖူးသည် မိခန့်ကိုဖက်ပြီး ငိုချလိုက်မိသည်။ သူတို့ဘဝသည် ဘယ်တော့မှများ မျှော်လင့်ချက် မနက်ဖြန် ရောက်ရှိလာမည်နည်း။ မနက်ဖြန် သို့မဟုတ် ဘယ်သော အခါမှ လှပသောအနာဂတ်ကို ရရှိနိုင်မည်နည်း။

✦✦✦

''ဆရာဝန်ကလည်း ကြာလိုက်တာဟယ်၊ မိဖူးသက်သာလာပြီနဲ့တူတယ် မြဝတ်ရည်၊ သွေးသွန်တာလည်းရပ်သွားပြီ၊ လုံချည်နောက်တစ်ကွင်းလောက် လဲပါဦးဟဲ့''

ပြုံးပြုံးလေးနှင့်ငြိမ်နေသော မိဖူးမျက်နှာလေးကို တစ်ချက်လှမ်းကြည့်ပြီး ခန့်ခန့်ပြောတော့ မြဝတ်ရည် ငိုချလိုက်သည်။ ခန့်ခန့်တစ်ယောက် မိဖူးကို လှမ်းကြည့်ကာ အသံတိုးတိုးဖြင့် မြဝတ်ရည်ကိုလှမ်းခေါ်လိုက်သည်။


''ဟဲ့.....နင်ကလည်း ခုထက်ထိ ငိုလို့မပြီးသေးဘူးလားဟ၊ သေမယ့်လူဆိုရင် နင့်အသံနဲ့တင် အသက်ထွက်နေပြီ''

''ဟုတ်တယ်၊ သေနေပြီ မိခန့်၊ မိဖူး မျက်တောင်မခတ်တာကြာလှပြီ''

''ဘာရယ်.....''

ရှိုက်သံများဖြင့် ပြောလိုက်သော မြဝတ်ရည်အသံကြောင့် မိခန့် ကပျာကရာနှင့် မိဖူးရဲ့လက်ကလေးကို လှမ်းဆုပ်လိုက်သည်။ ပျော့သောလက်တို့က နွေးနေဆဲ။ ပြုံးနေသောမျက်နှာကတော့ ဘယ့်နှယ့်မှမနေ။





''ဟင့်အင်း မိဖူး၊ နင်မသေရဘူး၊ နင်နေကောင်းရင် တို့တစ်တွေ ဒီဘဝထဲကရုန်းထွက်ပြီး ရွာပြန်ကြမယ်ဆို၊ အခု ဘာလို့ ပြုံးပြုံးလေးနဲ့ ငါ့ကိုပစ်ထားခဲ့ရတာလဲ၊ ဟင့်အင်း.....နင် ဒီလိုနည်းနဲ့ ငါ့ကိုထားမသွားနဲ့၊ မထားသွားရဘူး၊ လောကကြီးကို ဒီလိုနည်းနဲ့ အနိုင်ပိုင်းမသွားပါနဲ့ မိဖူးရယ်''

''စိတ်လျှော့လိုက်ပါ မိခန့်ရယ်၊ တို့ဘဝတွေက အလင်းထဲမှာ ရပ်တန့်လို့မရတဲ့ ဘဝအမှောင်ထဲမှာပဲ အဆုံးသတ်သွားတာ တို့တစ်တွေ ဘာတတ်နိုင်မှာလဲ''

''ဘာလို့မတတ်နိုင်ရမှာလဲ၊ ဒါ ငါတို့နိုင်ငံရဲ့ နယ်နိမိတ်ပါ၊ လူတွေက နေပေမယ့် တရားဥပဒေက မနေပါဘူး၊ ငါတို့ သင်းတို့အဖွဲ့ကို တိုင်ရမယ်၊ သင်းတို့အားလုံးအဖမ်းခံရပြီး ထောင်ကျသွားကြပါစေတော်''

''မိခန့်.....မိခန့်၊ ငါ့ကိုတစ်ယောက်တည်းထားမသွားပါနဲ့''

မိခန့်သည် အသံနက်ကြီးနှင့် ကုန်းအော်ကာ အခန်းထဲမှ ပြေးထွက်သွားလေသည်။ တိတ်ဆိတ်သော အခန်းငယ်ထဲမှာ လူတစ်ယောက်နှင့်အတူရှိနေသော မြဝတ်ရည်ကတော့ ငိုသံတို့ တဖြည်းဖြည်း တိတ်သွားရင်း.....။ ■

www.burmeseclassic.com

www.burmeseclassic.com

# ဆုမွန်ဦး (ဟသာတ)

## အမုန်းငိုကာ



www.burmeseclassic.com

www.burmeseclassic.com


□

ဆောင်းဦးပေါက်ကာလတစ်ခုမို့ မြောက်ပြန်လေအေးလေးများက တစ်ချက်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်လိုက်၏။ ဂျာကင်အထူကြီးကို ဝတ်ထားတာတောင်မှ ကျောထဲစိမ့်၍အေးချင်လာသည်။ ပဲခူးမှထွက်လာချိန်တွင်တော့ လမ်းဘေးတစ်ဖက်တစ်ချက်တွင် နှင်းမြူများက လုံးဝမရှိ။ အကြွင်းမဲ့ ကင်းစင်နေကြသည်။ ထိုမှ ဘယ်ကနေဘယ်လို ထွင့်လာမှန်းမသိသည့် မြူနှင်းများက မှုန်မှုန်ဝါးဝါး ကျ၍လာရင်း တစ်ခါတစ်ရံ လမ်းကိုပင်မမြင်ရတော့။ ကားမီးနှစ်လုံးကိုဖွင့်၍ တဖြည်းဖြည်း မောင်း၍လာမိသည်။

တစ်ခါတစ်ခါတော့လည်း အသက်(၅၀)နီးပါးရှိလာသည့်တိုင် ဇနီးမယားဟူ၍ ဘဝတွင်မရှိလေသည့်အဖြစ်ကို ပြန်တွေးဖြစ်ပြန်သည်။ သည်အကြောင်းတွေ ခေါင်းထဲက မောင်းထုတ်ထားသည်မှာ ကာလနှစ်တွေ အတော်ကြာခဲ့ပြီ။

အနားမှဖြတ်၍ မောင်းသွားကြသည့် ကားကြီးကားငယ်များသည်လည်းကောင်း၊ ဝှေ့ယမ်းတိုက်ခတ်သွားကြသည့် ဆောင်းလေရိုင်းကြမ်းများကိုလည်းကောင်း သတိမမူရင်း ကားလေးကို သက္ကမောင်းလာ၏။ အရုဏ်ဆည်းဆာများက ပျို့စပြုလာပြီ။ ကောင်းကင်ကြီးသည် မည်းမှောင်နေရာမှ အလင်းစတချို့ မြင်နေရပြီဖြစ်၏။

အနက်ရောင်ကတ္တရာလမ်းမကြီးကိုပင်လျှင် ထင်ထင်ရှားရှား မြင်စပြုလာရပြီ။ နှင်းတို့ကား မကွဲသေး။

သိပ်သည်းကျလာလိုက်၊ ဝေဝါးပျောက်ကွယ်သွားလိုက်ကြနှင့် အလုပ်သွားသူတွေ၊ လုပ်ငန်းခွင်ဝင်သူတွေကိုတော့ ကားလေးကတရိပ်ရိပ်ချန်ထားရင်း ပြေးလွှားနေသည်။ နံနက် ၇ နာရီခန့်ရှိတော့ နံနက် ၃ နာရီခန့်ကတည်းက ထွန်းလာခဲ့သော ကားမီးအစုံကို ပိတ်လိုက်ရသည်။

"ဩော်.....မိုးတောင်လင်းနေပြီပဲ"

အသံမဲ့ရေရွတ်မှုတစ်ခုကို တစ်ဦးတည်းပြုလိုက်မိသည်။ ခရီးအတော်အတန်ရောက်လာတော့ ရွာလေးတစ်ရွာကို တွေ့ရသည်။ လမ်းဘေးတစ်လျှောက်တွင်တော့ မုန့်ဆိုင်လေးများ၊ လက်ဖက်ရည်ဆိုင်လေးများ ဟိုမှ သည်မှ တွေ့နေရ၏။ ပန်းသည်တချို့တွေ့ရတော့ အိမ်ပြန်ရောက်လျှင် ပန်းများလဲဖို့ သတိရလာသည်။ ထို့ကြောင့် ကားကိုလမ်းမပေါ်မှချလိုက်ရင်း ပန်းတန်းဆီသို့ မောင်းသွား၏။ ကားကို ရပ်လိုက်၏။ ပန်းသည်တွေ ဝိုင်းအုံလာသည်။

"ဆရာ ပန်းတွေရမယ်နော်၊ ပန်းတွေရမယ်"

"ကဲပါ ခဏလောက် ကျုပ်ကိုဖယ်ပေးပါ၊ ကျုပ် ခင်ဗျားတို့ပန်းတွေကို ဝယ်မှာပါ၊ ဝယ်ချင်လို့လည်း အခုလို ကားကိုရပ်ပြီးဆင်းလာတာပေါ့၊ ဒါနဲ့ ဒီပန်းလေးတွေက ဘယ်လောက်လဲဗျ"

"သုံးစည်းကို ငါးထောင်ပါ ဆရာ"

ပန်းပေါင်းစုံကိုခင်းရင်း ရောင်းချနေသောပန်းသည်တစ်ဦးက ဖြေ၏။

"ပန်းတွေက လတ်တော့လတ်ပါတယ်နော်"

**ရွာနာမည်လေးက ကဗျာဆန်လှသည်။**
**ရွာသည် ဘယ်လောက် သာယာသည်၊**
**ဘယ်လောက်လှပသည်တော့မသိ။ နာမည်လေးကြားရုံမျှဖြင့်**
**သက်ဆုံးတိုင်ဆိုသည်နှင့်အညီ**
**တစ်သက်လုံးနေထိုင်ချင်စိတ်တွေက ...**

www.burmeseclassic.com

www.burmeseclassic.com

"ဪ.....ဆရာရယ် စိတ်ချပါ၊ အကျန်ပန်းတွေ မရောင်းပါဘူး။ သမီးရေ ဟိုအဖူးများများ ပန်းသုံးစည်းကိုရွေးပြီး ဆရာ့ကိုပေးလိုက်"

အသက် ၅၀ ခန့်ရှိမည့် မိန်းမကြီးမှ သမီးဖြစ်သူ ကောင်မလေးကို ပြောလိုက်၏။ ကောင်မလေးက ပန်းများကိုလာပေး၏။ ပန်းဖိုးပေးစဉ် ပန်းသည်မိန်းမ၏ပါးမှ စံပယ်တင်မှဲ့လေးကို သွား၍မြင်ရင်း အတိတ်ကပျောက်နေသော လူတစ်ယောက်၏ ပုံရိပ်လွှာက တဖြည်းဖြည်း ပေါ်လာ၏။

"ဟင်...သူ....သူ ခေါင်ရမ်းများလား။ သူ့ရဲ့ဘယ်ဘက်ပါးပေါ်က အထင်းသားရှိနေတဲ့ စံပယ်တင်မှဲ့ကြီးက ခေါင်ရမ်းမှ ခေါင်ရမ်းအစစ်"

နောက်တစ်ကြိမ် သေချာအောင် ထပ်ကြည့်ပြန်သည်။ သက္က၏ ဒုတိယအကြိမ်အကြည့်ကိုတော့ ခေါင်ရမ်းဟုသူထင်နေသော မိန်းမက သတိပြုမိသွားသည်။

"ဘာဖြစ်လို့လဲ ဆရာ၊ ဆရာပေးတာ ငါးထောင်တန်လေ၊ ဟုတ်တယ်နော်"

"ဪ.....မဟုတ်ပါဘူး၊ ကျုပ်ပေးတာ ငါးထောင်တန်ပါ၊ ကျုပ် သတိရပါတယ်၊ ခင်ဗျားကကျုပ်ငယ်ငယ်က သူငယ်ချင်းမတစ်ယောက်နဲ့ တူလွန်းလို့ ကြည့်တာပါ"

"ဪ...ဟုတ်ကဲ့ရှင်၊ ဆရာနောက်ကိုလည်း ကြုံရင်အားပေးနော်"

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်က ဒီလမ်းတွေကို မကြာခဏသွားလာနေတာမို့ အားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

ခေါင်ရမ်းကပြုံး၍နှုတ်အဆက်ဒွိဟဖြစ်နေသော သက္က၏ဝေဝါးမှုများက ပုစ္ဆာတစ်ပုဒ်၏ အဖြေတစ်ခုလို အထင်းသားပေါ်၍သွားတော့၏။

"ဟာ.....ဟုတ်ပြီ၊ ခေါင်ရမ်းမှ ခေါင်ရမ်းအစစ်၊ တိုက်ဆိုင်လိုက်တာ ခေါင်ရမ်းရယ်၊ ပြုံးရင် သိသိသာသာပေါ်နေတတ်တဲ့ ဖြူဖြူဖွေးဖွေး သွားတက်လေးတစ်ခုက ခေါင်ရမ်းဆိုတာကို သက်သေပြနေတယ်၊ ဪ.....ငါ့ဘဝထဲက ခေါင်ရမ်းဆိုတဲ့ ပန်းလေးတစ်ပွင့် ဝေခဲ့တာ နှစ် ၂၀ ကျော်ခဲ့ပြီ၊ ဒါပေမဲ့ ခေါင်ရမ်းက အခုထိ လှတုန်းပတုန်းပါပဲလား။ ဒါပေမဲ့ သူနဲ့ယူသွားတဲ့ မင်းထိုက်စံဆိုတဲ့ သူ့ယောကျ်ားကရောမတွေ့မိပါလား၊ အင်း.....အိမ်မှာရှိနေမှာပေါ့၊ သူနဲ့အတူတူ ပန်းရောင်းနေတဲ့ စံပယ်ဆိုတဲ့ကောင်မလေးကတော့ သူ့သမီးတဲ့၊ ဟုတ်ပေမပေါ့လေ၊ ငါနဲ့ဝေးသွားကြတာ ခုဆို အနှစ် ၂၀ ဆိုတော့ သမီးတောင်အပျိုပေါက်ဖြစ်နေပြီပဲ"

✦✦✦

ထို့နောက် ကားကိုမောင်းရင်း ထွက်လာခဲ့သည်။ ပြည့်ဖုံးကားချ၍ထားသော အတိတ်၏ပုံရိပ်လေးများက အတွေးသစ်များနှင့် ခေါင်းထဲ



စီးဝင်လာပြန်သည်။

"သက်ဆုံးတိုင်"တဲ့။

ရွာနာမည်လေးက ကဗျာဆန်လှသည်။ ရွာသည် ဘယ်လောက်သာယာသည်၊ ဘယ်လောက်လှပသည်တော့မသိ။ နာမည်လေးကြားရုံမျှဖြင့် သက်ဆုံးတိုင်ဆိုသည်နှင့်အညီ တစ်သက်လုံးနေထိုင်ချင်စိတ်တွေက ပေါ်ပေါက်လာသည်။ စိုက်ပျိုးရေးဌာနဝန်ထမ်းတစ်ဦးရယ်မို့ သက်ဆုံးတိုင်ရွာသို့ ပြောင်းရွှေ့ရန်ကိစ္စက ပေါ်လာသည်။

တကယ်တော့ သည်ရွာလေးက ရောဝတီတိုင်းဒေသကြီးအတွင်းမှာရှိသည်။ နောက်တစ်နေ့နံနက်မှာပင် ခရီးထွက်ရန် စီစဉ်ရ၏။ ခရီးကိုတော့ ကားလမ်းခရီးဖြင့် ထွက်ခဲ့သည်။ ရန်ကုန်မှဆိုလျှင် ဝေးသည်ဟု ဆို၍မရ။ လေးနာရီခန့် ကားလျှင် ရောက်တော့သည်။ ကားပေါ်မှဆင်းတော့ ဆိုက်ကားတစ်စီး၌ ငှားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗျို့.....ဆိုက်ကားဆရာ"

စကားမဆုံးလိုက်ရ၊ ဆိုက်ကားက အနားသို့ရောက်လာသည်။

"ကျုပ်ကို စိုက်ပျိုးရေးရုံးလေး ပို့ပေးဗျာ"

"ဟုတ်ကဲ့ ဆရာ"

ရုံးရောက်တော့ ဝန်ထမ်းက များ၊ ၆ ဦးခန့်သာရှိသည်။ ကိုယ်တစ၍ မိတ်ဆက်လိုက်သည်။

"ကျွန်တော် သက္ကပါ၊ ဒီစိုက်ပျိုးရေးရုံးကို ပြောင်းလာတဲ့ ဝန်ထမ်းသစ်တစ်ဦးပါ"

"ဪ...ဟုတ်ကဲ့၊ ဆရာ့ရဲ့ ထရန်စဖာအကြောင်းကြားစာ ရုံးမိန့်ရထားပြီးပါပြီ၊ ထိုင်ပါခင်ဗျား"

"ဟုတ်ကဲ့"

"အင်း.....ဆရာက မြို့က ပြောင်းလာတာဆိုတော့ နေတာကတော့ ဒီရုံးက အခန်းတစ်ခန်းခန်းမှာ နေလို့ရပါတယ်၊ စားဖို့ကတော့ ဟိုရွာထိပ်က ထမင်းဆိုင်လေးမှာ လပေးဖြစ်ဖြစ်၊ တစ်နေ့တစ်ခါဖြစ်ဖြစ် ဝယ်စားလို့ရအောင် မိတ်ဆက်ပေးထားပါ့မယ်၊ တစ်ကိုယ်ရေတစ်ကာယပဲဗျာ၊ အဆင်ပြေမှာပါ"

ရုံးအုပ်ကြီး ဦးခင်မောင်က စီစဉ်ရင်း တရင်းတနှီးဆက်ဆံလာသည်။

ညနေရောက်တော့ ဦးခင်မောင် မိတ်ဆက်ပေးသော ခေါင်ရမ်းတို့ထမင်းဆိုင်လေးကိုရောက်၏။

"ဆရာ ထိုင်၊ ဘာနဲ့စားမလဲ"

"ဪ.....ငါးခူနှပ်ရှိလားဗျ"

"ရှိပါတယ်"

"ရှိရင်တစ်ပွဲပေးဗျာ၊ မြို့မှာ ကြက်သား၊ ဝက်သားတွေ နေ့တိုင်းစားနေရတာ မစားချင်တော့ဘူး၊ နယ်ရောက်မှပဲ ငါးကိုဝဝစားရမယ်"

သည်လိုနဲ့ ခေါင်ရမ်းတို့ဆိုင်လေးကို သက္ကနေ့စဉ်ရောက်သည်။

တစ်ခါကတော့ နှစ်ရက်လောက် မရောက်ဖြစ်။ သည်နေ့ ထမင်းစားရန်သွားတော့.....

"နေပါဦး၊ နှစ်ရက်လောက် ထမင်းလာမစားဘူး၊ ဆရာကိုယ်တိုင် ချက်စားနေတာလား"

"မချက်နိုင်ပါဘူး ခေါင်ရမ်းရယ်၊ အလုပ်တွေကျနေလို့ ခေါက်ဆွဲပြုတ်နဲ့ နှစ်ပါးသွားနေရတာလေ၊ ခုရက်က ခြံသမား၊ လယ်သမားတွေကို စိုက်ပျိုးရေးစရိတ်တွေ ထုတ်ပေးနေရလို့ အလုပ်အရမ်းများတယ်"



"ဪ.....ဒါဆိုလည်း ဆရာရယ် ခေါင်ရမ်းဆိုင်မှာ ချိုင့်ဆွဲစားပေါ့ ဟုတ်လား၊ မနက်တစ်ခါ၊ ညတစ်ခါ ခေါင်ရမ်း ရုံးကို ထမင်းချိုင့်လာပို့မယ်"

"အားနာစရာများ ဖြစ်နေမလား၊ ဒီလိုကူညီရင်တော့ ကျေးဇူးတင်ပါတယ်ဗျာ"

✦✦✦

နွေမိုးဆောင်းဟူသည့် ရာသီတစ်ခုရဲ့သံစဉ်က တစ်လပြီးတစ်လ ဥဒါန်းကျူးရင့် ကြွေလွင့်သွားသည်။ သက္ကသည်ပင် ခေါင်ရမ်းနှင့် ရင်းနှီးသွား၏။ မတူညီသော နှလုံးသားနှစ်ခု၏ လှုပ်ရှားသံများက မြစ်တစ်စင်းကဲ့သို့ ငြိမ့်ငြိမ့်ညောင်းညောင်း။ တစ်နေ့ ခေါင်ရမ်း ထမင်းချိုင့်လာအပေး.....

"ကိုယ် ခေါင်ရမ်းကို ဘဝတစ်ခုလုံးအတွက်ရည်ရွယ်ပြီး ချစ်ခဲ့တာပါ"

"အို.....ကိုသက္ကရယ်"

ချစ်လာပြီဆိုပြန်တော့လည်း နှစ်ကိုယ်တစ်ဘဝ ပေါင်းစပ်ဖို့အရေးသည် ချစ်သူများအတွက် ကမ္ဘာကြီးတစ်ခုလို ကြီးမားလာ၏။ လာမည့်နှစ် နွေဦးပေါက်တွင်မှ သက္ကတစ်ယောက် မြို့ကိုပြန်ရင်း မိဘတွေကိုခေါ်လာမည်။ ပြီးတော့ ခေါင်ရမ်းဟူသော ပန်းလေးတစ်ပွင့်နှင့် ချစ်ကမ္ဘာတစ်ခုထူထောင်မည်ဟု စိတ်ကူးထားသည်။

"ခေါင်ရမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ကိုသက္က"

"ကိုသက္ကတို့ လာမယ့်နှစ်မှာ လက်ထပ်ကြမှာဆိုတော့ မင်္ဂလာ ခန်းဝင်ပစ္စည်းတွေ စုဆောင်းထား ကြရင် ကောင်းမယ်ထင်တယ်၊ ခေါင် ရမ်းမိဘတွေလည်း သိနေတာပဲ"

"ရပါတယ် ကိုသက္ကရယ်၊ ကို သက္ကသဘောပဲပေါ့"

လခထုတ်ရက်လေးများတိုင်း နယ်မြို့ဒေသလေးသို့သွားကာ မွေ့ ရာ၊ ခြင်ထောင်၊ ခုတင်၊ မင်္ဂလာ ခန်းဝင်ပစ္စည်းတွေ ဝယ်ယူစုထားကြ သည်။

တကယ်တော့ ခေါင်ရမ်းတစ် ယောက် ကိုသက္ကကို ရွေးသာရွေး ချယ်လိုက်ရသော်လည်း မိမိ (၁၀) တန်းကျောင်းသူဘဝက အတန်းတူ မင်းထိုက်စံဆိုသည့် တစ်ရွာတည်း သား ချစ်သူရှိသည်။ မင်းထိုက်စံ သည် စရိုက်ကြမ်းသည်၊ လက် ကြောတင်းအောင် ဘာအလုပ်မှ မလုပ်၊ မိဘလုပ်စာထိုင်စားရင်း သူ ငယ်ချင်းတစ်သိုက်နဲ့ ဝေလေလေ လုပ်နေသည်။

ခေါင်ရမ်း၏မိဘများက မင်း ထိုက်စံကို သဘောမကျကြ။ သက္က တစ်ယောက် ခေါင်ရမ်းအား ချစ် ရေးဆိုလာသည်ကိုသိတော့ ရည် ရည်မွန်မွန် ခေတ်ပညာတတ် လူ ငယ်တစ်ယောက်မို့ မိဘတွေကပါ သဘောကျသည်။ ခေါင်ရမ်းကိုယ် ဘိုင်ကတော့ ဆိုးဆိုးပေပေ မင်း ထိုက်စံကိုမှ သံယောဇဉ်ပို၍တွယ် သလိုရှိ၏။

သို့သော် မိဘတွေ စိတ်ဆင်း ရဲမည့်အဖြစ်ကို မလိုချင်။ ထို့ကြောင့် သက္က၏အချစ်ကိုလက်ခံရင်း ဘဝ တစ်ခုမြှုပ်နှံဖို့ စိတ်ကူးထား၏။

+++

မင်းထိုက်စံတစ်ယောက် သည် နေ့ မြောက်ပိုင်းထန်းတောမှာ သူ ငယ်ချင်းများနဲ့ဆုံရင်း.....

"ဟကောင် မင်းထိုက်စံကြီး၊ အသောက်တွေပဲများမနေနဲ့ ကိုယ့် လူ၊ အမြည်းလေးလည်း စားဖို့လုပ် ဦး။ တော်ကြာ ကိုယ့်အမြည်းလေး ကို ကြားကားဆွဲသွားဦးမယ်"

"ဟေ့ကောင် သာထွန်းဦး ဘာ ပြောတာလဲကွ"

"ဘာပြောရမလဲ၊ မင်းချစ်သူ ခေါင်ရမ်းလေ ဟို မြို့က စိုက်ပျိုး ရေးအရာရှိလေးနဲ့ ငြိနေတာ မင်း မသိဘူးလား။ ခုလာမယ့် ဝါကျွတ် ရင်တောင် လက်ထပ်ကြတော့မှာ တဲ့ဗျ၊ ကိုယ့်လူ ပတ်ဝန်းကျင် ဒေသန္တရကိုလည်း နားစွင့်ဦးလေ"

"ရှိပါစေတော့ကွာ၊ ငါနဲ့ယူ လည်း သူ့မိဘတွေက သဘောတူ တာမှမဟုတ်ဘဲ၊ ခေါင်ရမ်းစိတ်ညစ် ရမှာပေါ့"

"ဒါဆို မင်းတကယ် ခေါင် ရမ်းကို လက်လျှော့လိုက်ပြီပေါ့၊ ဟုတ်လား"

"အေးပေါ့ကွာ၊ လက်လျှော့ရ မှာပေါ့၊ ငါဖွတ်ထိုးပြီးလုပ်ရင် ခေါင် ရမ်းဒုက္ခဖြစ်မှာ မကြည့်ချင်ဘူး"

"ဒါဆိုလည်း ပြီးရော ကိုယ့် လူ၊ ငါက သူငယ်ချင်းတစ်ယောက်

**သံသရာက**
**ငါ့ကို**
**အလှည့်ပေးလာတာပါပဲ။**
**အလှည့်ကျ**
**မနွဲ့ကြစတမ်းပေါ့လေ။**
**ငါတစ်ချိန်က**
**ရှက်ခဲ့ရတဲ့**
**အရှက်တွေ၊**
**ပြုံလဲခဲ့ရတဲ့**
**ငါ့ဘဝတွေ၊ မည်းညစ်ခဲ့ရတဲ့**
**ငါ့အချစ်တွေ။**
**မင်း ငါ့လိုခံစားဖို့**
**...**

www.burmeseclassic.com

www.burmeseclassic.com




အနေနဲ့ အချိန်မီသတိပေးတာ၊ အခု မနက်တောင် မင်္ဂလာလက်ဖွဲ့ပစ္စည်း တွေဝယ်ဖို့ မြို့သွားမလို့တဲ့၊ ငါ သတင်းရထားတယ်''

''ဟော့ကောင်ဇော်ကြီး၊ မင်း တကယ်ပြောတာလား''

''ဟ တကယ်ပါဆို၊ ကျား ကိုက်တာ အပေါက်လေးနဲ့လားလို့ မေးနေပြန်ပြီ''

တစ်ထွာသာသာ ဝါးခွက်ထဲက ထန်းရည်များကို မော့ချလိုက်သည်။ လည်ချောင်းမှ ရင်ထဲအထိ ထန်း ရည် ဖြူလွှလွှများက စီးဆင်းသွား၏။

''ဘယ်သူပါသေးလဲကွ၊ သူ့ ကောင်ရောပါသေးလား''

''မပါဘူး မင်းထိုက်စံ၊ သူ့ညီမ ဝမ်းကွဲ ခင်ဆုံတော့ ပါမယ်တဲ့''

''အေး၊ ဒါ အခွင့်အရေးပဲ၊ ငါ မြို့လိုက်သွားမယ်၊ ပြီးတော့ ခေါင် ရမ်းနဲ့တွေ့မယ်''

+++

''စဉ်းစားပါ ခေါင်ရမ်း၊ ဒီတစ် ကြိမ် ခေါင်ရမ်းဆုံးဖြတ်ချက်လွဲရင် ကိုယ်နဲ့တစ်သက်လုံးလွဲရတော့မှာ''

''မဖြစ်ပါဘူး ထိုက်စံရယ်၊ ငါ သူများကို မလှည့်စားချင်ဘူး၊ ပြီး တော့ ငါနဲ့ ကိုသက္ကနဲ့ ယူကြမယ့် အကြောင်းကလည်း တစ်ရွာလုံးသိ နေကြပြီ၊ ငါ့အတွက်နဲ့ ငါ့မိဘတွေ ပါ စိတ်ဆင်းရဲ၊ မျက်နှာပျက်ရမယ့် ကိစ္စ ငါမလုပ်ပါရစေနဲ့ ထိုက်စံရယ်''

''ခေါင်ရမ်းပြောတာတွေအား လုံး ငါလက်ခံပါတယ်၊ ဒါပေမဲ့ တစ် သက်လုံးဝေးကြရမယ့်ကိစ္စမို့ ပြော နေတာပါ ခေါင်ရမ်းရယ်''

''အေး....နင့်ကို ငါသဘော ပေါက်အောင်ပြောပြတာ၊ နင်လက် မခံရင်တော့ ငါ ဒီကောင့်လက်ထဲ နင့်ကိုအပ်ပါမခံနိုင်ဘူး၊ နင်တို့မင်္ဂလာ ပွဲ မပျက်ပျက်အောင် နှောင့်ယှက် မယ်''

''ဒီလိုလည်းမလုပ်ပါနဲ့ ထိုက် စံရယ်၊ နင်ငါ့ကို ချစ်တယ်မဟုတ် လား၊ နင်တကယ်ချစ်ရင် ငါတို့မိ သားစုတွေ စိတ်ချမ်းသာမယ့်ကိစ္စ နင်မကြည့်ရက်ဘူးလား''

''သူတို့စိတ်ချမ်းသာကြပေ မယ့် ငါတစ်သက်လုံး နင့်ကိုစွန့် လွှတ်ရလို့ စိတ်ဆင်းရဲနေရမှာ၊ ငါ့ ဘက်ကိုလည်း ပြန်ကြည့်ပေးကြဦး လေ၊ အို.....ရှုပ်ပါတယ်ဟာ၊ နင် ခု တစ်ခါတည်း ငါနဲ့လိုက်ခဲ့''

''ဟဲ့.....အဲ့လိုတော့ ဇွတ် မလုပ်နဲ့လေ''

''ဟဲ့....ထိုက်စံ၊ အဲဒီလိုကြီး တော့ အကျပ်မကိုင်နဲ့လေ၊ နင်တို့ အဲဒီလိုလုပ်သွားရင် ငါဘယ်လိုလုပ် ပြီး ရွာကိုပြန်ရတော့မလဲ''

ညီမဖြစ်သူ ခင်ဆုံကလည်း နားချသည်။ မရ။

''အို.....မလိုချင်ဘူးကွာ၊ ဒီ တစ်ခါ ငါလျှော့လိုက်ရင် ငါတစ် သက်လုံး ခံရတော့မှာ၊ ခေါင်ရမ်း ငါနဲ့ခုတစ်ခါတည်းသာလိုက်ခဲ့၊ ငါတို့ ခိုးပြေးကြမယ်''

+++

www.burmeseclassic.com

www.burmeseclassic.com

ထိုမှ တိုးတိုးတိတ်တိတ် တစ်ရွာလုံး သိနေခဲ့ကြသော သက္က၏ အတိတ်မှအချစ်ဇာတ်လမ်းများက တစ်ခန်းရပ်ခဲ့တော့၏။ သက္ကတစ်ယောက် အရှက်တကွဲအကျိုးနည်းဖြစ်သွား၏။ မင်္ဂလာဆောင်ရန် ခန်းဝင်ပစ္စည်းများပင် ဝယ်ထားပြီးမှ ချစ်သူက ချစ်သူဟောင်းနဲ့ ခိုးရာလိုက်ပြေးသွားကြသည်။

သက္က သက်ဆုံးတိုင်ရွာလေးမှ အပြီးဇာတ်သိမ်းပြန်လာခဲ့၏။ နှစ်ပေါင်း ၂၀ ကာလတစ်ခုက မှတ်တိုင်တစ်ခုမှာ ရပ်နေသည်။ သက္က ပင်လျှင် ယနေ့တိုင် လူပျိုကြီးဘဝနှင့် မပြောင်းလဲ။ ပြောင်းလဲတာဆိုလို့ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီတစ်ခုကို ထူထောင်ထားခြင်းပင်။

အတိတ်က ပုံရိပ်တွေပြီးဆုံးတော့ ရန်ကုန်အဝင်ကို ရောက်လာ၏။ ခုတော့ ပြေးသူကို မရှာဘဲတွေ့သည်။ အတိတ်၏ခါးသီးမှုပုံရိပ်တွေက လှိုင်းတွေလို တအိအိပြေးလာသည်။ ဩော်...ခေါင်ရမ်းရယ် မင်းလည်း ခုဆို ငါ့လိုအသက်(၅၀)နီးပါးရှိတော့မယ်။ ဒါတောင် အလှတွေက ရှိနေတုန်းပဲလေ။ မင်းကို ကြွေးဆပ်ဖို့ သံသရာက ငါ့ကိုအလှည့်ပေးလာတာပါပဲ။ အလှည့်ကျ မန္တဲ့ကြစတမ်းပေါ့လေ။ ငါတစ်ချိန်က ရှက်ခဲ့ရတဲ့ အရှက်တွေ၊ ပြိုလဲခဲ့ရတဲ့ ငါ့ဘဝတွေ၊ မည်းညစ်ခဲ့ရတဲ့ ငါ့အချစ်တွေ။ မင်း ငါ့လိုခံစားဖို့ ဆက်ဆက်စောင့်နေတော့နော်။ ဒါပဲ။

**အစကတော့**
**ရိုးသည်။ နောက်တော့**
**မရိုးတော့။**
**ဆန်း၍လာ၏။**
**တင့်ရှန်းသော**
**စံပယ်ပန်းလေးတစ်ပွင့်နှင့်**
**နှစ်ပေါင်းများစွာ**
**အထီးကျန်နေသော**
**နှလုံးသားတစ်ခုတို့**

• • •

✦✦✦

ဒုတိယအကြိမ်အဖြစ် သက္ကတစ်ယောက် ခေါင်ရမ်းတို့ပန်းဆိုင်လေးသို့ ရောက်ရှိသွားသည်။

"အလို.....ဆရာပါလား။ ဒါနဲ့ ဘယ်ကလှည့်လာတာလဲ"

"တမင်တကာ ပန်းဝယ်ဖို့လာခဲ့တာပါ"

"ဩော်..ကျေးဇူးတင်ပါတယ် ဆရာရယ်"

"ဒါနဲ့ စကားမစပ် မခေါင်ရမ်းတို့သားအမိ တခြားဘာလုပ်ငန်းတွေ လုပ်ကြသေးလဲ"

"ဘာမှမလုပ်ပါဘူး။ ဒီပန်းရောင်းတဲ့အလုပ်တစ်ခုပဲလုပ်ပါတယ်"

"အမျိုးသားကရော"

"အမျိုးသားက ဆုံးသွားတာ ငါးနှစ်ရှိပါပြီရှင်"

"ဩော်.....ဟုတ်လား"

"ဒါကြောင့် ဆရာရယ် ရန်ကုန်မှာ ကျွန်မသမီးလေးနဲ့လိုက်မယ့် အလုပ်အကိုင်လေးများရှိရင် ပြောပေးပါလား။ ဒီပန်းရောင်းတဲ့အလုပ်ကို သူ့ကိုမခိုင်းချင်ဘူး။ သမီးလေးက ဘွဲ့ရပြီးပြီလေ"

"ဩော်.....သူလေးလား၊ အဆင်ပြေရင် ကျွန်တော့်ကုမ္ပဏီမှာ လုပ်ပါလား၊ ကျွန်တော့်ကုမ္ပဏီမှာ သူ့လိုမိန်းကလေးတွေလည်း အများကြီးရှိပါတယ်"

"ဩော်.....ဆရာက ကုမ္ပဏီထောင်ထားတာလား။ ဒါဆိုအဆင်ပြေလိုက်တာ ဆရာရယ်"

"ဒီလိုလုပ်လေ၊ ခင်ဗျားတို့ အလုပ်နားတဲ့ရက်တစ်ရက်မှာ ကျုပ်ကုမ္ပဏီကို လာခဲ့ကြ၊ ကျုပ်လိပ်စာပေးခဲ့မယ်"

စကားဆုံးတော့ ဘုရားတင်ရန် ပန်းများဝယ်ရင်း သက္ကတစ်ယောက် ပြန်လာခဲ့သည်။

✦✦✦

"ကဲ.....ကဲ လာ၊ ထိုင်ပါ ခေါင်ရမ်း၊ သမီးနာမည်က....."

"စံပယ်ပါ"

"သမီးက ဘွဲ့ရပြီးပြီဆိုတော့ အလုပ်နဲ့ပတ်သက်ရင်တော့ အခု အခါ သိပ်မရှိနိုင်ပါဘူး။ တစ်ခုတော့ ရှိတယ်၊ နေဖို့က အဆင်ပြေပါ့မလား။ ရန်ကုန်ထဲမှာ မိန်းကလေး

ဘော်ဒါဆောင်တွေ အများကြီးရှိတယ်၊ အဲဒီမှာငှားပြီးနေပေါ့၊ အဲဒီလစာ ကျုပ်ပေးပါ့မယ်၊ ဒီရုံးမှာက ကျုပ်တစ်ယောက်တည်းရှိတာမို့ မသင့်တော်ဘူးလေ၊ ကဲ.....ဒါဆို အဆင်ပြေမလား"

"အဆင်ပြေပါတယ်"

"ဒါဆိုရင် မနက်ဖြန်ကစပြီး အလုပ်ဆင်းတော့နော်"

သမီးလေးအလုပ်ရသွားပြီမို့ ခေါင်ရမ်းတစ်ယောက် ကျေနပ်သွား၏။

"ကဲ ဒါဆို ခွင့်ပြုပါဦး ဦးစူဥ"

"ဟုတ်ကဲ့၊ ကောင်းပါပြီဗျာ"

ခေါင်ရမ်းတို့သားအမိ ပြန်သွားတော့ စူဥ(ခ) သက္ကတစ်ယောက် အသံမဲ့ ပြောကြားလိုက်၏။

"ခေါင်ရမ်းကို သံသရာကြွေး ဆပ်ချင်လို့သာလုပ်ရမယ်၊ တကယ်တော့ သူ့သမီးလေး စံပယ်ဆိုတာ တကယ့်ဘာမှ အပြစ်မရှိရှာတဲ့ မြေစာပင်လေးပဲ၊ မတတ်နိုင်ဘူးလေ၊ ဒါ တွေတွေးနေရင် ငါ့အစီအစဉ်တွေ ချွတ်ချော်ကုန်မယ်"



နောက်တစ်နေ့ရောက်တော့ စံပယ်တစ်ယောက် အလုပ်ဆင်းလာသည်။ တစ်ပတ်ခန့်ကြာတော့ စူဥတစ်ယောက် စံပယ်ကို မိမိ၏ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားလိုက်သည်။ အစကတော့ ရိုးသည်။ နောက်တော့ မရိုးတော့။ ဆန်း၍လာ၏။ တင်ရှန်းသော စံပယ်ပန်းလေးတစ်ပွင့်နှင့် နှစ်ပေါင်းများစွာအထီးကျန်နေသော နှလုံးသားတစ်ခုတို့ ငြိစွန်းကြတော့သည်။

တကယ်တော့ စံပယ်လေးသည် ဘာမျှမသိ။ သက္ကတစ်ဖြစ်လဲ စူဥ၏ အကွက်ကျကျ စီမံမှုတို့သာဖြစ်၏။ မိခင်ဖြစ်သူ ခေါင်ရမ်းမှာလည်း ဝမ်းရေးအတွက် ပန်းရောင်းနေရသူရယ်မို့ သမီးလေး၏ ဘဝရှေ့ရေးကိုတွေးကာ သူဌေးလေး စူဥနှင့်ကိစ္စကို သဘောတူလိုက်၏။ အလုပ်နားသောရက်လေးများရောက်တိုင်း စူဥ ခေါင်ရမ်းတို့၏ အိမ်လေးဆီသို့ ရောက်သွားတတ်၏။

သမီးလေး၏ ဘဝကံကောင်းပုံကိုကြည့်၍ ပီတိဖြစ်ရသူက ခေါင်ရမ်းရယ်သာဖြစ်လေသည်။ တစ်နေ့ စူဥနဲ့စံပယ်တို့ တွေ့ဆုံခိုက်.....

"စံပယ်"

"ဘာလဲ ဦး"

"ဦးတို့ သီတင်းကျွတ်ရင် လက်ထပ်ကြရအောင်နော်"

"ဒါဆို မေမေ့ကို ဦးပြောပေါ့"

"မေမေကခွင့်ပြုရင် သမီးစံပယ်က ဦးကိုတကယ်လက်ထပ်မှာလား"

"သမီးဘဝက မေမေ့စိတ်တိုင်းကျပါပဲ ဦး"

"ကောင်းပြီလေ၊ ဒါဆိုလည်း ဦး ခေါင်ရမ်းကို ပြောမှာပေါ့"

+++

အလုပ်ပိတ်သည့်နေ့လေးများ၌ စူဥတစ်ယောက် စံပယ့်ကို မြို့ထဲသို့ခေါ်သွားရင်း အိမ်ထောင်မှုပစ္စည်းများကိုစုသည်။ ဝယ်ယူပြီးသော ပစ္စည်းများကိုတော့ စံပယ်တို့အိမ်၌သာ ထား၏။

စူဥ၏ကုမ္ပဏီတွင်လည်း သီတင်းကျွတ်ရင် စံပယ်ဟူသော ကိုယ်ရေးအရာရှိကောင်မလေးနဲ့ တရားဝင်လက်ထပ်တော့မည်ဖြစ်ကြောင်း သတင်းလွှင့်ထား၏။

သည်နေ့ အအေးဆိုင်တစ်ဆိုင်တွင် ထိုင်မိတော့ စူဥက စံပယ့်ကို အနီရောင်ဘူးလေးတစ်ခုပေးသည်။

"ဘာလဲဟင် ဦး"

"ဖွင့်ကြည့်လေ စံပယ်ရဲ့"

စံပယ် ဖွင့်ကြည့်လိုက်သည်။ လက်ထပ်လက်စွပ်လေးတစ်ကွင်းဖြစ်သည်။ စံပယ် ပျော်သွား၏။ ထို့ကြောင့် စကားတစ်ခွန်းမေးလိုက်၏။

"ဦး စံပယ့်ကို တကယ်ချစ်တာနော်"

"တကယ်ချစ်တာပေါ့ စံပယ်ရဲ့၊ တကယ်ချစ်လို့လည်း ခုလိုလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပေါ့"

ကလေးတစ်ယောက်ရဲ့အပြုံးပီတိတွေနဲ့ ပျော်နေရှာသော စံပယ်လေးကိုကြည့်၍ စူဥ စိတ်မကောင်း။

www.burmeseclassic.com



တကယ်တော့ မိမိသည် ကိုယ်သတ်ရမည့်သူကို သတ်ကွင်းထဲသို့ မက်လုံးများစွာပေး၍ ခေါ်ဆောင်နေသည့်သို့ ခံစားရ၏။

စံပယ်၏မိခင် ခေါင်ရမ်း၏ အပြုအမူကြောင့် လက်စားချေရန် ကြံစည်နေရသော်လည်း စိတ်က မကောင်း။

တဖြည်းဖြည်း စံပယ်နဲ့စူဥတို့ လက်ထပ်ရမည့်ရက်က နီးလာ၏။ စူဥကတော့ သူလုပ်ရမည့်ကိစ္စများကို ပီပီပြင်ပြင်၊ ကျစ်ကျစ်လျစ်လျစ် လုပ်ဆောင်နေ၏။

လာမည့် လဆန်း(၅)ရက်နေ့တွင် တရားရုံး၌ လက်မှတ်ထိုးကြမည်ဟုလည်း စံပယ့်ကိုပြောထား၏။ လကုန်၍ လဆန်း (၅)ရက်နေ့သို့ ရောက်လာသည်။ စံပယ်နဲ့ခေါင်ရမ်းတို့ သတင်းစာကိုဖတ်မိ၏။ စူဥနဲ့ ဦး----+ဒေါ်----တို့၏ တစ်ဦးတည်းသောသမီး ကေသရီတို့ မော်လမြိုင်မြို့နယ်တရားရုံးတွင် လက်ထပ်ပြီးစီးကြောင်းသတင်းကို ဖတ်လိုက်ရ၏။

"သမီး.....သမီး ဘာတွေဖြစ်ကုန်တာလဲ သမီး"

"သမီးလည်း နားမလည်တော့ဘူး အမေရယ်"

"ဒါ.....ဒါ ငါ့သမီးလေးကို တမင်ချိုးတာပဲ၊ ရက်စက်လိုက်တာ စူဥရယ်"

စကားဆုံးတော့ စူဥတစ်ယောက် ခေါင်ရမ်းတို့အိမ်လေးဆီသို့ ကားဖြင့်ဝင်လာသည်။ စူဥကို တွေ့တော့ ခေါင်ရမ်း ဒေါသမီးတွေ တဟုန်းဟုန်းတောက်၍သွားသည်။

"ဟဲ့.....လူယုတ်မာ စူဥ၊ နင်ဒါ ဘာအချိုး ချိုးလိုက်တာလဲ၊ နင် လူကမွေးတာရောဟုတ်ရဲ့လား၊ နှမသားချင်းရော ရှိရဲ့လား"

ခေါင်ရမ်းအဖြစ်ကိုကြည့်၍ ရုပ်ဖျက်ထားသော စူဥက.....

"ဒီမှာ ဒေါ်ခေါင်ရမ်း၊ ကျုပ်ဘယ်သူလဲဆိုတာ သေချာကြည့်လိုက်ပါ"

"နင်ဘယ်သူလဲ၊ ပြော...ပြောစမ်း"

"ခင်ဗျားမမှတ်မိဘူးဆိုလည်း ပြောရမှာပေါ့ဗျာ၊ လွန်ခဲ့တဲ့အနှစ်(၂၀)လောက်က အရှက်တကွဲ အကျိုးနည်း နာမည်ပျက်ကျန်ရစ်ခဲ့ရတဲ့ သက္ကဆိုရင် ခင်ဗျား မှတ်မိမယ်ထင်တယ်၊ ဒီမယ် ခေါင်ရမ်း၊ ဝဋ်ဆိုတာ လည်တတ်တယ်ဆိုတာကို ကျုပ် ဒီလိုလုပ်ပြီး သက်သေပြခွင့်ရလို့ ကျေနပ်သွားပါပြီ၊ အပြစ်မရှိတဲ့ စံပယ်လေးကိုတော့ ကျုပ် တောင်းပန်ပါတယ်"


စံပယ်မှာ ငိုရှိုက်၍သာနေသည်။

"မင်းနဲ့ကျုပ် လက်ထပ်ဖို့ ပစ္စည်းတွေစုပြီးမှ မင်းထိုက်စံဆိုတဲ့ ရည်းစားဟောင်းနဲ့ ခိုးရာလိုက်ပြေးလို့ သောကမီးတွေ ဝေခဲ့ရတဲ့ သက္ကရဲ့ခံစားမှုဒုက္ခတွေ အခုလောက်ဆို ခင်ဗျား နားလည်နေပြီထင်ပါတယ်"

စကားဆုံးတော့ သက္ကတစ်ယောက် ကားပေါ်တက်ရင်း ခြံလေးထဲက မောင်းထွက်သွားသည်။ ခေါင်ရမ်းနဲ့ စံပယ်တို့နှစ်ယောက်ကတော့ တဖြည်းဖြည်းထွက်သွားသော ကားလေးကိုကြည့်လျက်....

ဆုမွန်ဦး (ဟင်္သာတ)

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com



များကြောင့် လူပေါ်သို့ နှင်းသိပ် မကျတော့။ စိုင်းနန္ဒက ငုတ်တုတ် ထိုင်နေသည်။ ကျွန်တော်က သဲမွှ မွှပေါ်မှာ ကျောခင်းချထားပြီး ဒူး များဆန့်ထုတ်ကာ အနားယူနေရ သည်။

"သမြုချောင်းဖျားမှာ တောလည်ရင် ဆတ်မပစ်လိုက်ရဘူး ဆိုတာ မရှိခဲ့ဘူး။ ကိုယ့်လက်က ညံ့လို့ မရလိုက်တာပဲ ရှိမယ် ဟု ..."

"စိုင်းနန္ဒ မင်းဘက်ထရီအိုး အားနည်းသွားပြီ၊ မီးသိပ်မလင်း တော့ဘူး"

အားနည်းလို့မဟုတ်ဘူး ဆရာ၊ မိုးလင်းပိုင်း နှင်းပိုကျလာတော့ မီး ရောင် ရှေ့မတိုးနိုင်လို့ မှုန်ဝါးဝါးဖြစ် လာတာ"

အချိန်မှာ ည (၁၂)နာရီကျော် စပြုနေပြီဖြစ်သည်။ စိုင်းနန္ဒနှင့် ကျွန် တော်သည် သားကောင်ကို မီးထိုး၍ပစ်ရန် သမြုချောင်းအထက်ပိုင်း ရောက်နေကြသည်။ စိုင်းနန္ဒသည် သူ၏ပခုံးတွင် လွယ်ထားသော ဘက်ထရီအိုးမှာ ဝါယာကြိုးဖြင့် ဆက်သွယ်ထားသည့် ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီး၏ အလင်းရောင် ဖြင့် သားကောင်ကိုရှာနေသည်။ ညဉ့်ဦးပိုင်းက ရှေ့ကိုက် (၁၀၀)ခန့် ကို ရှင်းရှင်းလင်းလင်းမြင်ရအောင် အလင်းအားကောင်းခဲ့သောမီးသည် ယခုဖြင့် ရှေ့ကိုက်(၂၀)ခန့်ကို အား စိုက်၍ ကြည့်နေရသည်။ အား ကောင်းစွာကျနေသောနှင်းကြောင့် ကိုယ်ပေါ်မှအဝတ်များပင် စိုထိုင်းစ ပြုနေပြီ။

"ခဏလောက်နားကြစို့"

နောက်မှလိုက်သူ ကျွန်တော် ကပြောတော့

"ရှေ့နားမှာ ဒီကုန်းဆင်းလိုက် ရင် သမြုချောင်းအစပ်ပဲ၊ ကွေ့ဖြစ် နေလို့ လေကွယ်တာပေါ့၊ အဲဒီမှာ နားမယ်"

ဆောင်းနှောင်းရာသီဖြစ်၍ သမြုချောင်းရေမှာ အနည်းငယ်သာ ရှိသည်။ ချောင်းကမ်းအစပ် သဲပြင် မွှမွှလေးပေါ်မှာ အနားယူလိုက်ကြ သည်။ ကုန်းအဆင်းဖြစ်၍ အပေါ် မှ ညွှတ်ကိုင်းလျက်ရှိသော ဝါးပင်

www.burmeseclassic.com

www.burmeseclassic.com




မှောင်စပျိုး (၇)နာရီခန့်မှာ ရွာ အထွက်လာခဲ့ခြင်းဖြစ်သည်။ ရွာ၏ ပတ်ဝန်းကျင်မှာရှိသော စိုက်ခင်းများမှာ ချေ(ဂျီ)၊ ဒရယ်များ ဝင်ရောက်စားလျက်ရှိနေမည်ကို သိပါသည်။ သို့သော်လည်း အကောင်ကြီးမျိုး "ဆတ်"ကိုပစ်ရန် ရည်ရွယ်ချက်ဖြင့် သပြုချောင်းဖျားအထိ တက်လာခြင်းဖြစ်သည်။ သပြုချောင်းဗိုလ်တဲ ချောင်းဝန်းကျင်မှာ ကုက္ကို၊ ကင်ပွန်း၊ ဆေးသံပရာ၊ ဇင်မွန်း၊ လင်းရော စသည့် သားကောင်များ ကြိုက်နှစ်သက်သည့် စားပင်များပေါများသလို ရာသီအားဖြင့်လည်း အသီးကြွေချိန် ဖြစ်နေသည်။ ထိုအကြွေသီးများကို ကောက်စားရင်း ဟိုမှဒီမှ သွားလာနေသော သားကောင်များ၊ အထူးသဖြင့် ဆတ်များကို အုပ်လိုက်ပင် တွေ့နေရကြောင်း သတင်းအခိုင်အမာရထားသည်။ အလယ်ရိုးမပေါ်မှ သစ်ခုတ်ဝါးခုတ်ပြီး လှည်းဖြင့် ဆင်းလာသူများက ပေးသော သတင်းဖြစ်သည်။ တရားမဝင် ခိုးခုတ်ရသည့်သစ်များဖြစ်၍ ညဘက်မှ ရွာရှိရာသို့ မောင်းလာရသော သစ်လှည်းသမားများမှ တောတွင်း လှည်းလမ်းတစ်လျှောက် တွေ့လာခဲ့သော သားကောင်သတင်းကို အမှန်အတိုင်းပေးကြခြင်းဖြစ်သည်။ ကျွန်တော့်ထက်ဝါရင့်သော မုဆိုးကြီးများကလည်း.....

"သပြုချောင်းဖျားမှာ တောလည်ရင် ဆတ်မပစ်လိုက်ရဘူးဆိုတာ မရှိခဲ့ဘူး၊ ကိုယ့်လက်ကည့်လို့ ရေလိုက်တာပဲရှိမယ်"

ဟု မကြာခဏ ပြောသံကြားဖူးခဲ့သည်။ အခုဖြင့် ကျွန်တော်တို့ နှစ်ယောက် မီးထိုးပြီး သပြုချောင်းဖျားဝန်းကျင် သားကောင်ရှာနေတာ ညတစ်ဝက်ကျော်ခဲ့ပြီ။ မည်သည့်သားကောင်မှ မတွေ့သေး။ ခက်နေပြီ။ မုဆိုးကြီးများ အလေးထားကြသော ဓလေ့ထုံးစံဖြစ်သည့် 'တောပိုင်တောင်ပိုင်ကြီးများကို တင်မြှောက်ပသပြီး သားကောင်တောင်းခြင်း'ကို တောတွင်းမဝင်မီ ပြုလုပ်ရန် ပျက်ကွက်ခဲ့လို့များလား။

✦✦✦

ကျွန်တော်သည် အမှတ်(၁) တိုင်းဗဟိုလေ့ကျင့်ရေးစခန်းမှာ နည်းပြတပ်ကြပ်ကြီးဖြစ်သည်။ ကျွန်တော်တို့တပ်မှ နှစ်မိုင်ခန့်သာဝေးသော ကျားချောင်းရွာတွင် စိုင်းနန္ဒ နေထိုင်ပါသည်။ သပြုသစ်တောကြိုးဝိုင်းအနီးတွင်ရှိသော ကျားချောင်းရွာပတ်ဝန်းကျင်တွင် ဝါးတောကြီးများ၊ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ကုက္ကိုစသော အပင်မျိုးစုံဖြင့် တောရိပ်တောင်ရိပ်ကောင်းလှသည်။ ရွာဝန်းကျင်မှာ လျှိုမြောင်တောင်ကုန်းများ၊ ချောင်းငယ်မြောင်းငယ်များ ပေါလှသည်။ ချေ၊ ဒရယ်၊ တောဝက်စသည့် သားကောင်များမှာ ရွာဘေးရှိ စိုက်ခင်းများမှာပင် တွေ့နိုင်သည်။ ပြောင်၊ စိုင်၊ ဆတ်စသည့် သားကောင်ကြီးများမှာ ရွာ၏အရှေ့ဘက် သုံးမိုင်ခန့်အကွာတွင် မြောက်မှတောင်အရပ်သို့ သွယ်တန်းနေသည့် ပဲခူးရိုးမတောင်ကြောနှင့် ဆက်စပ်လျက်ရှိသည့် သပြုကြိုးဝိုင်း၊ မာဂရီကြိုးဝိုင်းအတွင်း အများအပြား ကျက်စားနေထိုင်လျက် ရှိနေကြသည်။

သင်တန်းနည်းပြအဖြစ် ၁၉၇၂/၇၃ ခုကာလ ကျွန်တော်တာဝန်ထမ်းဆောင်နေချိန်တွင် စစ်နည်းဗျူဟာဘာသာရပ်နှင့် အကျုံးဝင်သည့် တောတောင်ဒေသ စစ်ဆင်ရေးများနှင့် သက်ဆိုင်သည့် လေ့ကျင့်ခန်းများကို ကျားချောင်းရွာဝန်းကျင်သို့ မကြာခဏ သွားရောက်လေ့ကျင့်ရသည်။ ကျားချောင်းရွာကဲ့သို့ပင် တပ်၏လေ့ကျင့်ရေးဒေသဝန်းကျင်ရှိ စမ်းကလေးရွာ၊ အလယ်ကုန်း၊ ဦးကျောက်ကုန်း၊ ငါးအိမ်ရ စသည့်ရွာများမှ ခြင်သမားများ ထောင်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်သူများ

www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးပြူးကိုင် မုဆိုးများနှင့် ရင်းနှီးလာခဲ့သည်။

အချို့ စစ်နည်းဗျူဟာ လေ့ကျင့်ခန်းများမှာ တောတွင်းမှာပင် ညဥ့်အိပ်ညဥ့်နေ လေ့ကျင့်ရသည်။ ထိုအခါများတွင် ခင်မင်နေသည့် ရွာသားက သူ၏စိုက်ခင်းအတွင်း အချိန်မှန်ဝင်စားတတ်သော တောဝက်၊ ချေ၊ ဒရယ်ကို ပစ်ခတ်ပေးပါရန် လာခေါ်တတ်သည်။ ကျွန်တော်ကလည်း သင်တန်းမှူးထံ ခွင့်တောင်း၍ လိုက်ပစ်ပေးသည်။ နောက်ပိုင်းမှာတော့ စိုက်ခင်းကိုဝင်စားသည့် သားကောင်တင်မက တောဘဲ တောတွင်း သဘာဝအလျောက်ပေါက်နေသော ယမနေပင်၊ ဖန်ခါးသီး၊ ဆီးဖြူသီး၊ ငွေးပင်၊ ဆေးသံပရာပင်စသော အပင်များ အသီးကြွေတိုင်း လာ၍ကောက်စားသော သားကောင်ဝင်လာချိန် မှတ်ထားပြီး ရွာသားက လာခေါ်သည်။ ကျွန်တော်က ရအောင်ပစ်သည်။

အမဲသားကောင်ကိုရှာ၍ ပစ်ခတ်ချင်သော မုဆိုးဝါသနာသည် စွဲမိပြီဆိုလျှင် ဖဲသမား ဖဲစွဲသည်ထက်ပင် ဆိုးကြောင်းကို မုဆိုးများမှသာ သိလိမ့်မည်။ ယခု ကျွန်တော်သည်လည်း အချိန်အားရတိုင်း တပ်တွင်းမှာမနေ။ ဒေသခံမုဆိုးများထံသို့ ရောက်နေလေ့ရှိသည်။ သားကောင်အမျိုးမျိုး၏ ဓလေ့စရိုက်၊ စားတတ်ကြသည့် သီးပင်သီးနှံ၊ မုဆိုးတို့ လိုက်နာရမည့်တောတွင်းစည်းကမ်းများကို ဝါရင့်မုဆိုးကြီးများထံမှ လေ့လာမှတ်သားပါသည်။

"ရွာအနီးဝန်းကျင်မှာ သားကောင်ကို ညဘက်မီးထိုးပစ်ရင် ကိုယ့်ကျည်ဆန်သွားမယ့်လမ်းကြောင်းရှေ့မှာ လူနေတဲရှိ၊ မရှိ သတိထား။ တချို့ ရွာမပြန်ဘဲ တောထဲမှာပဲ တဲဆောက်ပြီး နေတဲ့လူရှိတယ်၊ တဲဝန်းကျင်မှာ ချည်နှောင်ထားတဲ့ ကျွဲ၊ နွားရဲ့မျက်လုံးက ချေ၊ ဒရယ်မျက်လုံးလိုပဲ၊ မီးထိုးလိုက်ရင် အစိမ်းရောင်မို့ မှားပစ်တတ်တယ်"


"----"

"ရှီးမပေါ်တက်တက်၊ သစ်တောကြိုးဝိုင်းထဲဝင်ဝင် တောပိုင်၊ တောင်ပိုင်တွေ တင်မြှောက်ပြီးမှ သွားရင် အန္တရာယ်ကင်းတယ်၊ သားကောင်ရှာရတာလည်း လွယ်ကူတယ်၊ ထုံးစံရှိပါလျက်နဲ့ မလုပ်ရင် အချင်းချင်းမှားပစ်မိတာမျိုး၊ ဟင်းကောင်(ကျား)၊ နှာတို(မြွေ)၊ နှာရှည်(ဆင်)အန္တရာယ်ပေးတာမျိုး ကြုံရတတ်တယ်၊ နောက်ဆုံး လူကို အန္တရာယ်မပြုတောင် သားကောင်ရှာမတွေ့တာ၊ ပစ်လိုက်ရပေမယ့် ရှာ မရတာမျိုး ဖြစ်တတ်တယ်"

လို့ သင်ပေးကြသည်။

ကျွန်တော့်အား တောပိုင်၊ တောင်ပိုင်များကို တင်မြှောက်ပြီး သားကောင်တောင်းနည်းများလည်း ပြောပြကြပါသည်။ အရက်၊ ကြက်ဥ၊ ဆေးလိပ်၊ ကွမ်းယာ စသည်များဖြင့် တင်မြှောက်ပြီး သားကောင်တောင်းရသော်လည်း အချို့တောများမှာ သူတော်ကောင်းကြီးများစောင့်သည့်တောဖြစ်၍ ဆေးပြင်းလိပ် မီးညှိပေးရမည်သာဖြစ်ကြောင်းကို မှတ်သားရပြန်ပါသည်။

ကျားချောင်းရွာမှ ဦးတင်...



www.burmeseclassic.com


ဦးဟာန်ကျင်၊ ဦးအုန်းမြိုင်တို့မှာ စစ်ကြိုခေတ် အင်္ဂလိပ်လူမျိုး တောအုပ်၊ တောခေါင်းများ၊ လက်သပ်မွေးထားခဲ့သော မုဆိုးကြီးများဖြစ်သည်။ အတွေ့အကြုံရင့်သူများ၊ ဗဟုသုတပေးနိုင်သူများဖြစ်သော်လည်း အသက်ကြီးရင့်ကြပေပြီ။ နောက်တက်မုဆိုးများထဲမှ သက်တူရွယ်တူဖြစ်သော ကရင်ဒိုးထို၊ စိုင်းအောင်လှ၊ စိုင်းနန္ဒတို့နှင့် ရင်းနှီးစွာပေါင်းမိသည်။

ယနေ့နံနက်ပိုင်းကတည်းက ကွန်မန်ဒိုသင်တန်းသားများနှင့်အတူ တောထဲရောက်နေခဲ့သည်။

သင်တန်းမှူးက ကြပ်မတ်၍ သီးခြားစစ်ဗျူဟာ သင်ခန်းစာတစ်ခုကို ကျွန်တော်တို့နည်းပြများက လေ့ကျင့်ပေးနေခြင်းဖြစ်သည်။ ညနေ ၃ နာရီတွင် တပ်ရင်းသို့ပြန်ဝင်ရန် တောတွင်းမှထွက်လာကြသည်။

အပြန်လမ်းပေါ်မှာရှိနေသော ကျားချောင်းရွာဘုန်းကြီးကျောင်းမှာ ခဏရပ်နားထားသည်။ သင်တန်းမှူး ဗိုလ်ကြီးဝင်းနှင့် သင်တန်းအရာခံဗိုလ် ဆရာကြီးတို့ ကျောင်းပေါ်တက်၍ ဘုန်းကြီးအား ဝတ်ပြုနှုတ်ဆက်နေပါသည်။ ထိုအချိန် စိုင်းနန္ဒရောက်ရှိလာပြီး.....

"ဆရာ့ကို ပြောစရာရှိလို့"

"ဘာပြောမလို့လဲ၊ ငှက်ဖျားဖြတ်ဆေး တောင်းချင်လို့လား"

"ရှီးမပေါ်က သစ်ခွဲသားတွေတင်ပြီး ညဘက်ကြီးဆင်းလာတဲ့ ထူည်းသမားသုံးယောက် မနေ့က ကျွန်တော့်ကြခင်းဝင်နားရင်း ပြောသွားတယ်၊ ဆတ်တွေလှည်းလမ်းပေါ် ခဏခဏတွေ့သတဲ့၊ သပြုချောင်းဖျားဘက်မှာ ပိုများတယ်တဲ့၊ သူတို့ဆင်းလာတာ သုံးရက်ပဲရှိသေးတော့....."

သူ့စကားမဆုံးခင်.....

"သပြုချောင်းဖျားက ဒီကနေလေးမိုင်လောက်ဝေးတယ်၊ ငါလည်းသင်တန်းသားတွေနဲ့ သုံးလေးခေါက်ပဲ ရောက်ဖူးတာ၊ အသွားအပြန်ခရီးနဲ့ဆိုရင် စားပင်လိုက်ချောင်းဖို့ အချိန်မရှိတော့ဘူးကွ"

"ဒီလို ဆရာရဲ့၊ ကျွန်တော့်မှာ အားသွင်းထားတဲ့ ဘက်ထရီအိုးရှိတယ်၊ လူကြီးဆီခွင့်တောင်းပြီး ဆရာနေခဲ့၊ ဒီည လမိုက်ညပဲ၊ ကျွန်တော်နဲ့ဆရာ မီးလည်ထိုးပြီး ပစ်မယ်ဗျာ"

ကျွန်တော်က သင်တန်းမှူးထံ ခွင့်တောင်းသည်။ ကျွန်တော့်အား ယုံကြည်မှုရှိခြင်း၊ မနက်ဖြန်သည် စနေနေ့ဖြစ်ခြင်းတို့ကြောင့် ခွင့်ပြုပါသည်။ ညနေစာ ထမင်းစားပြီး မှောင်ရိပ်မသန်းခင် စိုင်းနန္ဒအိမ်မှ ထွက်ခဲ့သည်။

သူက ဘက်ထရီအိုးလွယ်ပြီး ရှေ့မှ ကျွန်တော်က သေနတ်ထမ်း၍ သူ့နောက်မှလိုက်သည်။ ရွာအထွက်လမ်းမှာရှိသော အမိုးဒေါ်သန်းစိန်အိမ် ဝင်ကြသည်။ အချိန်မရွေး အရက်ဝယ်လို့ရသော အမိုးအိမ်မှာ ယခု အရက်မရှိဖြစ်နေသည်။ စမ်းကလေးရွာမှာ မနက်ဖြန်ကရင်လေးရှာကော် မင်္ဂလာဆောင်ရှိနေသည်။ ယနေ့ည သူငယ်ချင်းများ သောက်စားရန်အတွက် စောစောကပဲ ရှိသမျှအကုန်ဝယ်သွားလို့တဲ့။ တပ်ကိုသွားယူဖို့ကလည်း မှောင်စပြုနေပြီ။ "ပြန်လာမှ ဝမ်းတွင်းသား၊ အာမိရမ်နဲ့ တောင်ပိုင်ကြီးတွေ တင်ကြစို့ကွာ"ဟုပြောပြီး ထွက်လာခဲ့ကြသည်။

+++

"ကြာကြာနားရင် အိပ်ငိုက်မိလိမ့်မယ်၊ မိုးလင်းပိုင်း အစာရှာတဲ့ကောင် တွေ့မှာပဲ"

"နှင်းကျတာ ပိုများလာပြီ၊ တောတင်ဖြစ်ရင် အချမ်းပြေပုလင်းပါလာမှာ၊ အခုတော့ အချမ်းရော အမောပါ မပြေဘူးဖြစ်နေတယ်"

ဟု စိုင်းနန္ဒက အသံတိုးတိုးဖြင့် မကျေနပ်ချက်ကို ရင်ဖွင့်သည်။ မကြားဟန်ပြု၍.....

"ရှာလိုက်ကြရအောင်၊ ဘယ်တောကို စဝင်မလဲ"

"သပြုချောင်းဘေးအတိုင်း အောက်ကိုဆင်းမှ၊ ဒါမှ ချောင်းထဲဆင်းရေစိမ်တဲ့ကောင်ရော၊ ချောင်းဘေးစိုက်ခင်းဟောင်းကို ဝင်စားတဲ့ကောင်ပါ တွေ့နိုင်တယ်"

စိုင်းနန္ဒကဦးဆောင်ပြီးဆက်ထွက်ခဲ့ကြသည်။ နံနက် (၂)နာရီ ကျော်ခဲ့ပြီ။

နှင်းစက်ကျသံ တဖြောက်ဖြောက်မှလွဲ၍ တိတ်ဆိတ်နေသည်။ စိုက်ခင်းဟောင်းတွင် အကြွင်းအကျန်သီးနှံများ၊ အသစ်ပြန်ထွက်လာသော ရွက်နုများစားရန်၊ စိုက်

www.burmeseclassic.com

www.burmeseclassic.com



ခင်းအသစ်ဖော်ဖို့ ဝါးများခုတ်ပြီး စုပုံမီးရှို့ထားသဖြင့် ဖြစ်လာသော ပြာနုနုများကိုစားရန်၊ ကုက္ကိုပင်၊ ယမနေပင်၊ ကင်ပွန်းပင်စသည်မှ အကြွေသီးများကိုစားရန်လာကြမည့် သားကောင်များကို ကုန်းကမူစောင်းများနှင့် လျှိုမြောင်များ၊ ချောင်းဘေးပါမကျန် လှည့်ပတ်ရှာကြသည်။ တပေါင်းကူးစ နွေဦးရာသီဖြစ်သော်လည်း ရိုးမ၏ ဆောင်းနှောင်းရာသီတွင် ကျဆင်းနေသော နှင်းထုဖွေးဖွေးကိုလည်း လက်နှိပ်မီးရောင်က လုံလောက်အောင် မထိုးဖောက်နိုင်။ ဝဲယာကို ဝှေ့ယမ်းပြီး သားကောင်ရှာနေသော စိုင်းနန္ဒ၏ လက်နှိပ်မီးရောင်သွားရာလမ်းကြောင်းကိုလိုက်ကြည့်နေရသော ကျွန်တော့်မှာ မျက်စိများဝေကာ ခေါင်းပင်မူးလာပါသည်။ တစ်ကောင်မှလည်းမတွေ့။ တောပိုင်တောင်ပိုင်များ မကြည်ဖြူလို့ထင်ရဲ့ဟု တွေးနေစဉ်.....

"ရှေ့မှာ.....ရှေ့မှာ"

စိုင်းနန္ဒ၏ လေသံသဲ့သဲ့ကြောင့် ကြည့်လိုက်တော့ မီးအလင်းတန်း၏အဖျားအစွန်တွင် နီရဲရဲ မျက်လုံးတစ်လုံးကို ခပ်ဝါးဝါးမြင်ရသည်။ ကိုက်(၄၀)ခန့်ရှိမည်။ ရိုင်ဖယ်၊ ကာဘိုင်၊ နှစ်လုံးပြူးသေနတ်နှင့်ဆိုလျှင် ချိန်တွယ်၍လွယ်ကူသဖြင့် လက်ရှိမြင်သည့်နေရာမှာ ပစ်၍မလွဲနိုင်ပါ။ သတ်လို သားကောင်ကြီးပစ်ရန် ကျွန်တော်က ဂျီသရီးဟု အများကခေါ်ကြသည့် ဘီအေ(၆၃)မောင်းပြန်ရိုင်ဖယ်ကြီး ယူလာခြင်းဖြစ်သည်။ ဤသေနတ်၏ ရှေ့ချိန်သီးအကာမှာ

တောမတင်ဘဲ
ထွက်လာလို့
တောခြောက်တာ
ဖြစ်မယ်၊
သားကောင်က
လူ့ဟန်ဆောင်
အော်တာ၊
ဒါပေမဲ့
ပစ်တဲ့နေရာမှာ
သတ်တို့၊ ဝက်တို့
အသေတွေ့ရ
တတ်တယ်လို့
...



www.burmeseclassic.com

www.burmeseclassic.com


နိုင်ဖယ်၊ ကာဘိုင်တို့လို ဘေးမှကာထားသည်မဟုတ်။ အပေါ်မှပိုင်းအုပ်၍ ကာထားသဖြင့် အလင်းရောင်အားနည်းလျှင် ရှေ့ချိန်သီး မြင်ရဖို့မလွယ်။ အပိုင်ပစ်ခတ်ဖို့ သားကောင်နှင့်နီးစေရန် ရှေ့သို့တဖြည်းဖြည်းကပ်သွားဖို့ စိုင်းနန္ဒကိုအချက်ပေးရသည်။ သားကောင်၏မျက်လုံးမှာ မြေကြီးအထက် တစ်ပေခန့်သာမြင့်၍ မြေပြင်မှာအိပ်ပြီး စားမြုံ့ခတ်နေတာလား။ ဘေးတစောင်းလှဲနေလို့ မျက်လုံးတစ်လုံးပဲမြင်ရတာလားမသိ။ မျက်လုံးက မစိမ်းတော့ ဆတ်တော့မဖြစ်နိုင်။ တောကြောင်ပဲလား။ ဘာကောင်ပဲဖြစ်ဖြစ် ဒါလာဘ်ဦးပဲ၊ ပယ်လို့မဖြစ်ဘူး။

စိတ်ချရသော အကွာအဝေးရပြီမို့ စိုင်းနန္ဒအား ရပ်စေပြီး မီးကိုပစ်မှတ်ပေါ်တည့်တည့် ထိုးပေးရန်အချက်ပြလိုက်သည်။ သေချာစွာချိန်၍ မောင်းခလုတ်ကို ညင်သာစွာဆွဲဖိလိုက်သည်။ မီတာ(၁၀၀)အကွာရှိ သံထု(၁/၄)လက်မကို ဖောက်ထွင်းနိုင်စွမ်းရှိသည့် အလေးချိန် ၁၄၅ ဒသမ ၈ ဂရိမ်ရှိသော ကျည်ဖူးသည် ပြောင်းထွက်ရှိန် (၂၆၂၅)ပေ/စက္ကန့်နှုန်းဖြင့် ပြင်းထန်ကျယ်လောင်သည့် “ဒိုင်း”ဟူသည့်အသံနှင့်အတူ.....

“အမယ်လေးဗျ.....”

“လုပ်ကြပါဦး.....”

“အမေရေ.....”

စသော ကြောက်လန့်တကြားအော်ဟစ်သံများ ပစ်မှတ်ရှိရာမှ ကြားလိုက်ရသည်။ မီးကိုမှိတ်ချလိုက်ပြီး ကျွန်တော့်လက်ကိုဆွဲ၍ စိုင်းနန္ဒသည် အားသွန်ပြေးပါတော့သည်။ တစ်ခဏနှင့် သပြုချောင်းထဲရောက်လာကြသည်။ နွေဦးရာသီမို့ ချောင်းရေမှာ အနည်းငယ်သာရှိပါသည်။ ချောင်း၏အောက်ဘက်ပိုင်းသို့ ဆယ်မိနစ်ခန့်ပြေးလာပြီးမှ ရပ်နားပါတော့သည်။

“ဒုက္ခရောက်ပြီ၊ ထောင်ကျတော့မှာပဲ၊ သေကုန်ကြပြီ”

စိုင်းနန္ဒက မောပန်းတုန်ယင်စွာ ပြောနေသည်။ ကျွန်တော်က...

“တောမတင်ဘဲထွက်လာလို့ တောခြောက်တာဖြစ်မယ်၊ သားကောင်က လူဟန်ဆောင်အော်တာ၊ ဒါပေမဲ့ ပစ်တဲ့နေရာမှာ ဆတ်တို့၊ ဝက်တို့ အသေတွေ့ရတတ်တယ်လို့ ငါကြားဖူးတယ်”

ထိုအခါ စိုင်းနန္ဒက.....

“တောခြောက်တာမဟုတ်ဘူးဗျ၊ တောမှောက်တာ၊ အခုတကယ့်လူအစစ်တွေ မှားပစ်မိပြီ၊ သေကုန်ပါပြီဗျာ”

“ဒီတောထဲ ဘယ်ကလူရှိမှာလဲကွ၊ မင်းစိတ်ထင်ရာ.....”

ကျွန်တော့်စကားမဆုံးမီ စိုင်းနန္ဒက.....

“တောင်ခြေက ဝါးခုတ်ပြီးပြန်ဆင်းလာတဲ့လူတွေ၊ သူတို့အော်လိုက်မှ ကျွန်တော် သတိထားမိတာ၊ အဲဒီနေရာက ကုက္ကိုပင်လှည်းစခန်းပဲ၊ တောမတင်မိခဲ့လို့ တောမှောက်တာပါ ဆရာရယ်”

“မင်းဟာ သေချာလားကွာ၊ မီးထိုးထားတာ နွားလည်းမရှိပါဘူး”


“ဒီလိုဗျ၊ မီးဖိုထားပြီး လူတွေဝိုင်းအိပ်တဲ့နေရာက ကုန်းမြင့်ပိုင်းပဲ၊ ဘေးအနိမ့်ပိုင်း ဝါးရုံတောထဲမှာ နွားတွေချည်ထားလေ့ရှိတယ်၊ မီးဖိုက မီးငြိမ်းသွားပေမယ့် ထင်းတုံးကြီးမှာ စွဲကျန်နေတဲ့မီးကို သားကောင်မျက်လုံးပဲဆိုပြီး မီးထိုးပြမိတာ၊ ဆရာပစ်လိုက်လို့ ထင်းတုံးကြီးလွင့်ထွက်သွားမှ မှားပြီဆိုတာသိလို့ မီးမှိတ်ပြီး ပြေးချလာတာ၊ ဘယ်လိုလုပ်ကြမလဲဗျ”

ကုက္ကိုပင်လှည်းစခန်းဆိုလျှင် ယခင်က ခရီးဝေးထိုးဖောက်ချီတက်ခြင်း(LRP)လေ့ကျင့်ရင်း သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



သားများနှင့် ရောက်ဖူးသည်။ မြေနေရာကျယ်ပြီး သန့်ရှင်းခြင်း၊ အရိပ်အာဝါသကောင်းခြင်း၊ ရေနီးခြင်းတို့ကြောင့် ခေတ္တစခန်းချကာ စစ်သည်များ တပ်စိတ်လိုက် ဟန်းကောနှင့် ထမင်းချက်စားအနားယူလေ့ရှိပါသည်။ တိုက်ကြီးမြို့ဝန်းကျင်ရှိ ကျိုက်စကိုင်း၊ ရင်းတိုက်ကွင်း၊ ဥတို၊ သနပ်ချောင်းစသည့် ရွာများမှ တောင်ပေါ်တက် သစ်ခုတ်၊ ဝါးခုတ်သော လှည်းသမားများပြန်ဆင်းလာလျှင် နေ့ခင်းဘက် အရိပ်ခိုသော၊ အချိန်လင့်သွားလျှင် ညအိပ်စခန်းချလေ့ရှိသော နေရာဖြစ်ကြောင်း တွေးမိပါသည်။ တောပိုင်တောင်ပိုင်များ ရက်စက်လွန်းပါလား။

ကဲ.....ဘာဆက်လုပ်သင့်သလဲ။

✦ ✦ ✦

"စိုင်းနန္ဒ တို့ များပစ်ခဲ့မိတဲ့နေရာကို ပြန်သွားကြည့်မယ်"

"ဟာ.....မဟုတ်တာ၊ သွားလိုက်ရင် ကျွန်တော်တို့ပစ်ခဲ့တာသိကုန်မှာပေါ့"

"ဟုတ်တယ်၊ အဲဒါကြောင့်ပြန်သွားမှာ၊ တောထဲဝင်ရင် ထုံးစံအတိုင်း တောတင်ရမှာ မလုပ်ခဲ့တဲ့အပြစ် တို့မှာရှိနေတယ်၊ တို့အပြစ်ကြောင့် တစ်ဖက်မှာ သေတဲ့လူက သေပြီ၊ ယောကျ်ားပဲ၊ ကိုယ့်အပြစ်ကိုယ်ရင်ဆိုင်မယ်"

"ဆရာကတော့ ရင်ဆိုင်ရဲမှာပေါ့၊ လူပျိုကိုး၊ ထောင်ကျရင် ကျွန်တော့်မှာ ကြွေးခင်းကလည်း မခုတ်ရသေးဘူး၊ အိမ်မှာလည်း မိန်းမနဲ့ ကလေးတွေကို....."

"ထောင်ကျရင် မင်းမပါစေရဘူး၊ ငါ့ဘာသာများပစ်မိတာလို့ ပြောမယ်၊ အပြစ်ခံရမှာချင်းအတူတူ ငါတစ်ယောက်တည်းပဲခံမယ်၊ လာ သွားကြစို့"

သပြုချောင်းရိုးအတိုင်း ပြန်တက်ခဲ့သည်။ သေနတ်ဒဏ်ရာ ရထားရုံဆိုလျှင်ဖြင့် ကျွန်တော့်မှာစုထားသည့်ငွေဖြင့် ကျိတ်၍ကုပေးမည်။ လူသေသွားလျှင်ဖြင့် ကျွန်တော့်အား ယုံကြည်ချစ်ခင်စွာ တောလည်ခွင့်ပြုပေးထားသော ဗိုလ်ကြီးဝင်းကိုမထိခိုက်စေရန် တစ်ဖက်မှ လူများ၏ဆန္ဒကို ကြိုသိဖို့လိုနေသည်။ ဆယ့်ငါးမိနစ်ခန့် လျှောက်လာပြီးချိန်တွင် ကုက္ကိုပင်လှည်းစခန်းမှ လူသံများ ကြားနေရသည်။ မီးရောင်များ လင်းထိန်နေသည်ကို သစ်ပင်များအကြားမှ မြင်နေရ၏။ အသံများမှာ တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်ပြီး အော်ဟစ်ရယ်မောနေသံများဖြစ်သည်။

တွေးထင်မိသလို အခြေအနေမဆိုးသဖြင့် ရဲရဲတင်းတင်းပင် သူတို့လူတွေ ဝိုင်းထိုင်လျက်ရှိသော မီးဖိုအနီး ကပ်လာခဲ့ပြီး.....

"လှည်းဆရာတို့၊ ကျုပ်တို့လည်း မီးလှုံပါရစေဗျာ"

**ရိုးမမှာနေတဲ့ ဟင်းကောင်ကြီး(ကျား)တွေ**

**ဦးတည့်ရာဆင်းပြေးတဲ့လမ်းက ဒီတောတွေပဲ၊ ဟင်းကောင်ကြီးတွေ၊**

**တောခွေးတွေရှိနေရင် သူတို့အနံ့တွေကြောင့် ဆတ်တို့၊ ချေတို့**

**အစာရှာမထွက်ကြတော့ဘူး၊ ဒီတော့ • • •**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံကြောင့် မီးဖိုကြီးပတ်လည်ရှိလူအားလုံး အသံတိတ်သွားကြသည်။ လူပေါင်း ခုနစ်ယောက်ခန့်ရှိမည်။ သေနတ်မှန်ထားသူလည်း မတွေ့ရ။ ထိုလူစုထဲမှ...

"ဟာ...ဆရာမြင့်ဆွေ၊ အံ့မာနန္ဒလည်းပါသကိုး၊ ဘာကောင်ရပြီလဲ"

အသံရှင်မှာ ဥတိုရွာသား ကိုလှသန်းဖြစ်သည်။ သူကလည်း ပြည်သူ့စစ်ရိုင်ဖယ်ဖြင့် တောလည်တတ်ပြီး ကျွန်တော်တို့ထက် မုဆိုးဝါရင့်သူဖြစ်သည်။ ခင်မင်ဖို့ကောင်းသူလည်းဖြစ်သည်။

"အသံတွေကြားရ၊ မီးရောင်လည်းမြင်လို့ ဒီဘက်လှည့်လာတာဗျ၊ နောက်ပြီး ဒီဘက်နားက သေနတ်သံလည်း ကြားမိသလားလို့"

ကျွန်တော်သိချင်သော အကြောင်းကိစ္စကို လှည့်ပတ်မေးလိုက်သည်။ ကိုလှသန်းမှာ မဖြေသေးဘဲ တဟားဟားရယ်ပါသည်။ သူ့လူများကလည်း ရယ်ကြသည်။

"ကျွန်တော်တို့လှည်းငါးစီးတောင်ခြေမှာ ဝါးတင်ပြီးဆင်းလာတာ၊ ဒီနေရာရောက်တော့ ည ၉ နာရီကျော်ပြီ၊ နွားတွေလည်းပန်းပြီ၊ မနက် အရုဏ်တက်မှ ဆက်ထွက်မယ်ဆိုပြီး ထင်းတုံးတွေလိုက်စု၊ မီးမွှေးပြီး ဝိုင်းအိပ်ကြတာ၊ မီးမွှေးဖို့စုတဲ့အမှိုက်ထဲမှာ ဆရာတို့တပ်က သင်တန်းလေ့ကျင့်တဲ့ ရဲဘော် ဒီမှာစခန်းချ ထမင်းချက်စားတုန်းက ထွက်ကျခဲ့တဲ့ ကျည်ဆန်ဖြစ်မှာပါ၊ အိပ်ပျော်တုန်း မီးဖိုထဲက ပေါက်ထွက်တဲ့အသံပေါ့၊ ကျယ်လိုက်တာဗျာ၊ လန့်ပြီးသေးထွက်ကျကြလို့ လူတွေပုဆိုးမီးကင်ယူရတယ်"

သူ့လူများ ရယ်ကြပြန်သည်။

စိုင်းနန္ဒက.....

"ကျွန်တော်တို့ ဒီနားတောတွေ တစ်ညလုံးမီးထိုးရှာတာ ဘာကောင်မှ မတွေ့ဘူး"

ကျွန်တော်ကလည်း.....

"ဟုတ်ပါ့ ကိုလှသန်းရယ်၊ သားကောင်ဒီလောက်ပေါတဲ့တော တစ်ညလုံးလိုလို မီးထိုးရှာတာ တစ်ကောင်မှမတွေ့ဘူး၊ အံ့ဩစရာပဲ"

ဝါရင့်မုဆိုးကြီး ကိုလှသန်း၏ အဖြေစကားကြောင့် တစ်ညလုံး ကျွန်တော့်ကို နှိပ်စက်လွှမ်းမိုးထားသော "တောမတင်ရင်သားကောင်ရှာမတွေ့၊ အချင်းချင်းမှားပစ်တတ်၊ ဘေးအန္တရာယ် ကြုံရတတ်သည်" ဆိုသည့် မှားယွင်းသောအစွဲကြီးမှ လွတ်မြောက်စေခဲ့ပါတော့သည်။

"လွန်ခဲ့တဲ့ သုံးလေးရက်က ဆရာတို့တပ်မှာ အမြောက်ပစ်တဲ့ လေ့ကျင့်ခန်းလုပ်တယ်လေ၊ ဗုံးသီးတွေ တောင်ပေါ်မှာ လုံခြုံရေးသတ်မှတ်ထားတဲ့ဆီ ကျပေမယ့် ပေါက်ကွဲသံကြီးတွေလန့်ပြီး ရိုးမမှာနေတဲ့ ဟင်းကောင်ကြီး(ကျား)တွေ ဦးတည့်ရာဆင်းပြေးတဲ့လမ်းက ဒီတောတွေပဲ၊ ဟင်းကောင်ကြီးတွေ၊ တောခွေးတွေရှိနေရင် သူတို့အနံ့တွေကြောင့် ဆတ်တို့၊ ချေတို့ အစာရှာမထွက်ကြတော့ဘူး၊ ဒီတော့ မီးထိုးရှာလည်း ဘယ်တွေ့မလဲ"တဲ့။

**ထွန်းကျော်ထူ**



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာသတင်း

## အဝတ်အစားကြောင့် လိင်ပိုင်းအနိုင်ကျင့်ခံရကြောင်း အဆိုတော်လေဒီဂါဂါက ပြောဆိုသရုပ်ဆောင်ခဲ့တဲ့ သတိပေးပြပွဲ



အမေရိကန်နိုင်ငံအတွင်းရှိ ကောလိပ်ဝင်းများအတွင်း ကျောင်းသူများအား လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်စော်ကားမှုများကိုဆန့်ကျင်လျက် မှတ်တမ်းတင်ရုပ်ရှင် The Hunting Ground အတွက် "မင်းကြုံရတော့မှ..."ဟု အဓိပ္ပာယ်ရှိသည့် Til It Happens to You ဓာတ်ဝင်တေးကို အဆိုတော်လေဒီဂါဂါက ဘဝအတွေ့အကြုံအပေါ်အခြေခံ၍ သီဆိုသရုပ်ပြခဲ့ကြောင်း သိရသည်။ ဒါရိုက်တာ ကာဘီဒစ်၏ The Hunting Ground အတွက်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



သီချင်းရေးသားပေးခဲ့မှုကို အဆိုတော်လေဒီဂါဂါက ဘီဗာလီဟေးလ်ရှိ ပင်နီဆူလာဟိုတယ်၌ ကျင်းပသည့် အခမ်းအနား၌ လေဒီဂါဂါက လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရပြီးနောက် နာလန်ထူနိုင်ရန် အချိန်ယူပြီးကြိုးစားခဲ့ရကြောင်း၊ ယင်းအတွေ့အကြုံများအပေါ် အခြေခံ၍ သီချင်းရေးသားကာ သီဆိုခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

လေဒီဂါဂါက ''ကျွန်မရဲ့ ဝတ်ပုံစားပုံ၊ နေထိုင်ပုံတွေဟာ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ချင်လာအောင် လှုံ့ဆော်သလို ဖြစ်နေတယ်၊ ဒါကြောင့် အနိုင်ကျင့်ခံရမှုမှာ ကျွန်မအပြစ်လည်းပါတယ်လို့ ခံယူပါကြောင်း''အဆိုတော် လေဒီဂါဂါက ပြောပြခဲ့သည်။

Ref: Internet






www.burmeseclassic.com

www.burmeseclassic.com



# အက်ဆစ်နဲ့ပက်ပြီး ရုပ်ဆိုးစေခဲ့ပေမယ့် မော်ဒယ်လ်အဖြစ် ရွေးချယ်ခံရသူ




အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများသည် ချစ်ရေးအဆိုခံရ၍ မိမိသဘောမကျသူဖြစ်သဖြင့် ငြင်းပယ်သည့်အခါ ချစ်ခွင့်ပန်သူက အခွင့်အရေးကောင်းကိုစောင့်၍ မိန်းမပျိုအလှပျက်စေရန် မျက်နှာကို အက်ဆစ်ဖြင့်ပက်ကြလေ့ရှိသည်။

ထိုအဖြစ်မျိုးများသည် အိန္ဒိယနိုင်ငံ၌ အများအပြား ပေါ်ပေါက်ခဲ့သည်။

ရုပ်ရည်ချောမောလှပသော မစွက်ဆားသည် အသက်(၃၂ နှစ်) အရွယ် အမျိုးသားက လက်ထပ်ခွင့်တောင်းသည်ကို ငြင်းပယ်ခဲ့သည့်အတွက် ရုပ်ရည်ပျက်ယွင်းပြီး အရုက်ရစေရန် မျက်နှာကို အက်ဆစ်ဖြင့်ပက်ခြင်းခံခဲ့ရသည်။


လက်စ်မီဆားဆိုသည့် မိန်းမလှလေးသည် ဘဝရည်မှန်းချက်ပျက်ပြားသွားခဲ့သော်လည်း သူမတို့ကဲ့သို့ အမျိုးသားများ၏ နှိပ်စက်မှုကို အရှုံးမပေးကြောင်း ပြသနိုင်ရန်အတွက် အိန္ဒိယနိုင်ငံ၏ အဝတ်အစားထုတ်လုပ်ရေးကုမ္ပဏီက သူမအား မော်ဒယ်လ်သရုပ်ဆောင်အဖြစ် ရွေးချယ်ခဲ့သည်။

ဘရန်းမော်ဒယ်လ်အဖြစ် လုပ်ဆောင်ပေးရန် ယခုအခါ မစွက်ဆားနှင့် ကုမ္ပဏီတို့ သဘောတူ စာချုပ် ချုပ်ဆိုခဲ့ကြပြီဖြစ်ကြောင်း သိရသည်။

Ref: Internet

www.burmeseclassic.com





# ချစ်သူအလောင်းနဲ့ လက်ထပ်ခဲ့တဲ့ သစ္စာရှင်ထိုင်းအမျိုးသမီး

BURMESE CLASSIC

ထိုင်းနိုင်ငံတွင် သေဆုံးသွားသောချစ်သူ၏ ဈာပနအခမ်းအနားတွင် ချစ်သူအပေါ် သစ္စာစောင့်သိသည့် ချစ်သူ ထိုင်းအမျိုးသမီးက "သေခြင်းမှာ မကွေကွင်းပါ" ဈာပနအခမ်းအနားတွင် သတို့သမီးဝတ်စုံကိုဝတ်၍ ချစ်သူအလောင်းနံဘေးတွင် ချစ်သူ၏လက်ကိုကိုင်ကာ မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည်။

သူမ၏ချစ်သူသည် လက်ထပ်နိုင်ရန် နေ့မနား၊ ညမနား အလုပ်လုပ်ပြီး ငွေရှာခဲ့ရာ အလုပ်ဒဏ်ပိ၍ နှလုံးရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ သတို့သမီးမှာ ပညာတတ်တစ်ဦးဖြစ်သည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး မတွေ့ရလျှင်မနေနိုင်သည့် အချစ်ကြီးချစ်သူချစ်သူများ ဖြစ်ခဲ့ကြသည်။

မင်္ဂလာဆောင်ရန်ငွေကိုရှာရင်း လုပ်ငန်းခွင်ထဲ၌ သေဆုံးသွားသောချစ်သူအမျိုးသားအား ၎င်း၏ဆန္ဒအလိုအတိုင်း တမလွန်ဘဝမှ သိမြင်စေရန် ချစ်သူမိန်းကလေးက သတို့သမီးဝတ်စုံကို ဝတ်ဆင်၍ ဈာပနအခမ်းအနားတွင်သကြိုဟ်ခြင်း မပြုမီ လူအများရှေ့မှောက်၌မင်္ဂလာပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

သေသူနှင့်ရှင်သူတို့၏ မေတ္တာတရားက သေခြင်းတရားသည် ကွဲကွာစေသည်ဆိုသောဆိုရိုးကို တွန်းလှန်၍ ချစ်ခြင်းမပျက်၊ ချစ်လျက်ဖြင့် သေမင်းက ဆွဲခေါ်သွားသောချစ်သူ၏ရုပ်ကလာပ်ဖြင့် လက်ထပ်ပွဲ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူ အမျိုးသား၊ အမျိုးသမီးတိုင်း စာနာ သနားစိတ်ဖြင့် မျက်ရည်ကျခဲ့ကြကြောင်း သိရသည်။

Ref: Intern

**ထက်ထက်**

www.burmeseclassic.com

www.burmeseclassic.com



# ၁၂ လရာသီ ဗေဒင်ဟောစာတမ်း



## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယုံကြည်ချက်အတိုင်း ရဲရဲဝံ့ဝံ့ ဆောင်ရွက်ပါ။ ရည်ရွယ်ချက်အောင်မြင်မည်။ စီးပွားရေးတိုးတက်မည်။ မနေမနား ဆောင်ရွက်မှုကြောင့် အခက်အခဲများကျော်လွှားနိုင်မည်။ မိတ်ဆွေသင်္ဂဟတိုးမည်။ အထောက်အကူကောင်းများရလိမ့်မည်။ အခက်အခဲဖြစ်က အောင်သပြေပန်း ဘုရားကပ်လှူပေးပါ။

ကျန်းမာရေး။ ။ အစားအသောက်မှားတတ်၊ အစာအဆိပ်သင့်တတ်သည်။
ပညာရေး။ ။ အနှောင့်အယှက်ကြားမှ အောင်မြင်မည်။
အချစ်ရေး။ ။ စိတ်တိုင်းကျချစ်သူမျိုး မဖြစ်နိုင်သေးပါ။
အိမ်ထောင်ရေး။ ။ အဆင်ပြေရန် ညှိနှိုင်းယူရမည်။

---

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



စီးပွားရေးတွင် ဆရာသမား အကြီးအကဲများထံမှ အကူအညီရမည်။ အလုပ်အကိုင်ထင်သလိုမဖြစ်သေးပေ။ ငွေကြေးမြုပ်နှံမှုများမည်။ ကိုယ်တိုင်အပင်ပန်းခံနိုင်မှ အောင်မြင်မည်။ တစ်ပါးသူအားကိုး၍မရပါ။ အယုံမလွယ်ရ။ ငွေချေးငှားသည့်သူ ရောက်လာမည်။ အခက်အခဲဖြစ်က ဘုရားတွင် ကံ့ကော်ညွန့် ကပ်လှူပေးပါ။

ကျန်းမာရေး။ ။ ခန္ဓာကိုယ်မှ ရောဂါတစ်မျိုးမျိုး ဖောက်ပြန်နေမည်။
ပညာရေး။ ။ အခက်အခဲရှိမည်၊ ကြိုးစားပါ။
အချစ်ရေး။ ။ ချစ်သူမရှိသူများ ကံကောင်းတတ်၏။
အိမ်ထောင်ရေး။ ။ မိသားစုစီးပွားအတွက် ကြိုးစားနေရလိမ့်မည်။

---

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



အလုပ်အကိုင်၊ စီးပွားရေး အောင်မြင်မည်။ သံသယစိတ်ထားလျှင် ရန်များလိမ့်မည်။ အရာရာကို လျှို့ဝှက်ကြံစည်လုပ်ကိုင်ပါ။ အိမ်တွင်းရေး တစ်ပါးသူအား ဖွင့်ပြောတိုင်ပင်ခြင်းမပြုနှင့်။ အားနည်းချက်အပေါ် နင်းချေသွားလိမ့်မည်။ အခက်အခဲဖြစ်က ဘုရားတွင် ဆီးညွန့်ကပ်လှူပေးပါ။

ကျန်းမာရေး။ ။ အစာအိမ်ရောဂါ သတိထားပါ။
ပညာရေး။ ။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားသင်ယူပါ။
အချစ်ရေး။ ။ အနိုင်ယူလိုသော ချစ်သူနှင့် တွေ့တတ်၏။
အိမ်ထောင်ရေး။ ။ သဘောထားမတိုက်ဆိုင်မှု များလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



စီးပွားရေးတွင် အောင်မြင်ကျော်ကြားမည်။ ဂုဏ်သိက္ခာတက်မည်။ မိတ်ဆွေကောင်းတွေ့မည်။ အကူအညီကောင်းများရလိမ့်မည်။ ရေထွက်ပစ္စည်းရောင်းဝယ်သူများ အကျိုးပေးမည်။ အခက်အခဲဖြစ်က ဘုရားတွင် ရေသက်စေ့ကပ်လှူလိုက်ပါ။

ကျန်းမာရေး။ ။ သာမန်ရောဂါမျိုးသာဖြစ်မည်။

ပညာရေး။ ။ အပေါင်းအသင်းကြောင့် အနှောင့်အယှက်ဖြစ်မည်။

အချစ်ရေး။ ။ မမျှော်လင့်ဘဲ ချစ်သူရလိမ့်မည်။

အိမ်ထောင်ရေး။ ။ အိမ်ထောင်ဖက်လွှမ်းမိုးခြင်းခံရလိမ့်မည်။

---

BURMESE CLASSIC

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပါ။ နည်းပညာသစ်များဖြင့် ဆောင်ရွက်လုပ်ကိုင်လျှင် ပိုမိုအောင်မြင်မည်။ စီးပွားကောင်းသည့်ကာလဖြစ်သည်။ ဖွဲ့ရှိရှိလုပ်ဆောင်ပါ။ ငွေကြေးအရင်းအနှီး အကျိုးတူပူးပေါင်းဆောင်ရွက်ရသည့် အစုစပ်လုပ်ငန်းမှ အကျိုးပေးမည်။ အခက်အခဲဖြစ်က သစ္စာပန်းများ ဘုရားတွင်ကပ်လှူပေးပါ။

ကျန်းမာရေး။ ။ အအိပ်အစားမမှန်ပါက ကျန်းမာရေးညံ့မည်။

ပညာရေး။ ။ ပျင်းရိစိတ်ကိုလျှော့ပါ။

အချစ်ရေး။ ။ ချစ်သူများမည်။ တစ်ဦးကိုရွေးချယ်လက်ထပ်ပါ။

အိမ်ထောင်ရေး။ ။ အိမ်ထောင်ဖက် ကျန်းမာရေးချူချာမည်။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းတွင် ပေါင်းသင်းဆက်ဆံရေးကောင်းခြင်းကြောင့် ကူညီသူပေါမည်။ စီးပွားရေးကောင်းမည်။ ဒုက္ခရောက်သူအား ကူညီခြင်းဖြင့် သင်ပါပြေလည်သွားလိမ့်မည်။ အကျိုးဆောင်လုပ်ငန်း၊ ရွှေ့နေ၊ သံတမန်လုပ်ကိုင်သူများ အထူးကောင်းမွန်မည်။ အခက်အခဲဖြစ်က စံပယ်ပန်း ဘုရားတွင်ကပ်လှူပေးပါ။

ကျန်းမာရေး။ ။ လေထိုး၊ လေအောင့်ဝေဒနာ သတိရှိပါ။

ပညာရေး။ ။ ဉာဏ်ကောင်းမည်။ ပျင်းရိမှုလျှော့ပါ။

အချစ်ရေး။ ။ ချစ်လိုက်၊ မုန်းလိုက် ဖြစ်နေလိမ့်မည်။

အိမ်ထောင်ရေး။ ။ ဘဝတိုက်ပွဲ ဆင်နွှဲနေရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



စီးပွားဓန ဥစ္စာတိုးတက်မည်။ ပြည့်စုံသောဘဝမျိုးနေရမည်။ ဖွဲ့ရှိရှိ လုပ်ကိုင်ဆောင်ရွက်မှုကြောင့် အများတကာထက် အောင်မြင်မည်။ သင့်အားမနာလိုသူများ လက်လျှော့သွားလိမ့်မည်။ တည်ငြိမ်မှန်ကန်စွာ ပြောဆိုလုပ်ကိုင်ပါ။ အခက်အခဲရှိက စွယ်တော်ပန်းကပ်လှူလိုက်ပါ။

ကျန်းမာရေး။ ။ စိတ်ဖိစီးမှုလျှော့ပါ။
ပညာရေး။ ။ ဉာဏ်ရည်ထက်မြက်နေမည်။
အချစ်ရေး။ ။ စိတ်ကူးယဉ်အချစ်ဖြစ်လိမ့်မည်။
အိမ်ထောင်ရေး။ ။ သာယာချမ်းမြေ့ရပါလိမ့်မည်။

---

## ပြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



စီးပွားရေးတွင် ရှုန်းကန်နေရလိမ့်မည်။ ငွေကြေးအရှုံးပေါ်မည်။ အလုပ်အကိုင်တွင် အခက်အခဲ၊ အနှောင့်အယှက် များမည်။ သွက်လက်မှုနှင့် ဆန့်ကျင်ဘက်အသွင်သို့ ပြောင်းလဲလာမည်။ ဘာသာရေး ပိုလုပ်လာလိမ့်မည်။ ဆွေမျိုးများအပေါ် မာနထားခြင်းမျိုးရှောင်ပါ။ အခက်အခဲဖြစ်က ငွေပန်းများ ဘုရားတွင်ကပ်လှူပေးပါ။

ကျန်းမာရေး။ ။ ဝမ်းဗိုက်၊ အစာအိမ် သတိပြုပါ။
ပညာရေး။ ။ အောင်မြင်မည်။
အချစ်ရေး။ ။ စိတ်ဝင်စားမှုအားနည်းမည်။
အိမ်ထောင်ရေး။ ။ ချစ်မြတ်နိုးသော်လည်း မျှော်လင့်ထားသောအိမ်ထောင်ဖက်မျိုး ဖြစ်မလာပါ။

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းတိုးတက်အောင်မြင်ရန် ဖွဲ့ရှိဖို့လိုသည်။ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်လာမည်။ စီးပွားရေးအကွက်မြင်ပြီး ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်။ ရာထူးနေရာ အထက်လူကြီးကူညီမစမည်။ ကောင်းမွန်သော ပြောင်းလဲခြင်းမျိုးဖြစ်မည်။ အခက်အခဲဖြစ်က ဘုရားတွင် ဂန္ဓမာပန်းများ ကပ်လှူလိုက်ပါ။

ကျန်းမာရေး။ ။ အားအင်ပင်ပန်းမှု ဝေဒနာမျိုး ခံစားရလိမ့်မည်။
ပညာရေး။ ။ ထင်မှတ်မထားသောအနှောင့်အယှက်မျိုးကြုံရလိမ့်မည်။
အချစ်ရေး။ ။ အနေအထိုင်ဆင်ခြင်ပါ။ စွပ်စွဲခံရလိမ့်မည်။
အိမ်ထောင်ရေး။ ။ သာယာချမ်းမြေ့မည်။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းအောင်မြင်မှုရမည်။ အစုရှယ်ယာလုပ်ကိုင်သူများ စိတ်အနှောင့်အယှက်ကြုံမည်။ တက်ကြွစွာဆောင်ရွက်လုပ်ကိုင်ပါ။ ငွေကြေးကံကောင်းခြင်း၊ ရည်မှန်းချက်ပြည့်ခြင်းမျိုးကြုံမည်။ ကတိမတည်သူမျိုးနှင့်တွေ့မည်။ အခက်အခဲဖြစ်က ဘုရားတွင် သစ်ခွပန်းကပ်လှူဆုတောင်းပါ။

ကျန်းမာရေး။ ။ သွေးသားရောဂါ ဂရုစိုက်ပါ။
ပညာရေး။ ။ ထူးချွန်မည်။
အချစ်ရေး။ ။ ချစ်သူအပေါ် သွေးအေးနေလိမ့်မည်။
အိမ်ထောင်ရေး။ ။ ရန်တကျက်ကျက်ဖြစ်နေမည်။

---

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



စီးပွားရေးတွင် မာနထားဆောင်ရွက်မှုကြောင့် အများနှင့်မတူဘဲ အောင်မြင်မှုရလိမ့်မည်။ ထင်ရာစိုင်းလိုစိတ်ကိုရှောင်ပါ။ ငွေကြေးပြည့်စုံလိမ့်မည်။ စိတ်ချမ်းသာမှုရလိမ့်မည်။ တစ်ပါးသူအားကိုးစိတ်မျိုးမရှိပေ။ ငွေကြေးစု ဆောင်းနိုင်မည်။ အခက်အခဲရှိက ဆီမီးကပ်လှူလိုက်ပါ။

ကျန်းမာရေး။ ။ ကျန်းမာရေး ပုံမှန်လုပ်ဆောင်ပါ။
ပညာရေး။ ။ အပေါင်းအသင်း သတိပြုပါ။
အချစ်ရေး။ ။ နီးစပ်သူနှင့် သံယောဇဉ်ဖြစ်တတ်၏။
အိမ်ထောင်ရေး။ ။ ရင်ထဲတွင်တစ်ယောက်၊ အပြင်တွင်တစ်ဦး ဖြစ်နေမည်

---

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်ရလိမ့်မည်။ ပတ်ဝန်းကျင်အသစ်နှင့် အဆင်ပြေမည်။ ပင်ပန်းသလောက် အကျိုးထူးရလိမ့်မည်။ ငွေကြေးဥစ္စာ၊ အိုးအိမ်၊ မြေဝင်မည်။ အလုပ်လောဘကိုလျှော့ပါ။ အခက်အခဲဖြစ်က အုန်းညွှန့် ဘုရားတွင်ကပ်လှူလိုက်ပါ။

ကျန်းမာရေး။ ။ အပူအအေးမမျှသောဝေဒနာမျိုးခံစားရမည်။
ပညာရေး။ ။ အတွေးအခေါ်၊ ဉာဏ်ပညာထက်မြက်မည်။
အချစ်ရေး။ ။ ချစ်သူပိုင်းပိုင်းလည်နေမည်။
အိမ်ထောင်ရေး။ ။ အိမ်ထောင်ဖက်ကို စိတ်တိုင်းမကျဖြစ်နေမည်။

ထက်၁